www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ၀၉ ၄၂၀၂၄၃၃၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ ဩဂုတ်
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
ဗျူး
ချောကလက်ငရဲ
ဗျူးစာပေ ၊ ၂၀၁၅။
၂၄၀ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ချောကလက်ငရဲ

ဗျူး

# ချောကလက်ငရဲ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

“တို့အရေး တို့အရေး”

“တို့အရေး တို့အရေး”

ဆိုင်းဘုတ်ကိုယ်စီကိုင်ပြီး အော်ဟစ်ဆန္ဒပြနေသူ လူအုပ်ကြီးကို ကြည့်ပြီး တံတိုင်းရဲ့ စိတ်ပျက်စွာဖြင့် ကျွတ်ခနဲ စုတ်သပ်လိုက်သည်။

“ကျွတ် ကားလမ်းတွေပိတ်ရတဲ့အထဲ လူတွေကလည်းကွာ အားအားရှိ ဆန္ဒတွေပဲပြနေကြတယ်”

ထိုလူအုပ်ကြီးကြောင့် ကားလမ်းတွေ ပိတ်ကြပ်ကာ ရှေ့ကို ကားဘီး သုံးလေးငါးဘီးစာ ရွေ့ဖို့ကိုပင် အချိန်တော်တော်ကြာစောင့်နေရသည့်အတွက်မို့ စိတ်ထဲမှာ သိပ်မရှည်ချင်တော့။

သည်နေ့ချစ်လှစွာသော ချစ်ဖနီးလေး မေ့သက်လျှာ၏မွေးနေ့ဖြစ်သည်။ အိမ်ကို စောစောပြန်ပြီး မိသားစုပါတီလေးလုပ်ကြမည်ဟု ကတိပေးခဲ့သူက ကိုယ်မို့ အိမ်ကိုအမြန်ရောက်ဖို့ စိတ်လောကာ ကားစတီယာရင်ကို ချွေးစေးထွက်မတတ် ကိုင်ထားရသော လက်မှာရှိကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်စွာ ငုံ့ကြည့်လိုက်သည်။

သည်ပုံအတိုင်းဆိုလျှင် မိနိုင်ပါတော့မလား။ ဗိုလ်ချုပ်ဈေးမှ ချစ်ဇနီးအကြိုက် HUGO BOSS ရေမွှေးနှင့် Body Lotion ကို ဝင်ဝယ်ခဲ့ပြီးပေမယ့် Birthday Cake နှင့် ပန်းစည်းကိုတော့ အော်ဒါမှာထားသည့်ဆိုင်တွင် ဝင်ယူရဦးမည်။ ယခုအတိုင်း ကားလမ်းပိတ်နေလျှင် ညနေခြောက်နာရီတောင် အိမ်ပြန်ရောက်ပါ့မလား။

အတွေးဖြင့်ထိုင်ပြီး စိတ်ရှုပ်နေမည့်အစား ကုန်ဈေးတန်းလမ်းဘက်က ဖြတ်တက်မည်ဟူသော စိတ်ကူးနှင့် ကားကို သေးယာဉ်ကြောမှဖြတ်၍ ဝင်လိုက်သည်။

နောက်ဘက်မှ ကားသမားတွေ မကျေမနပ် ပြောသံများကြားနေရသော်လည်း မသိချင်ယောင်ဆောင်နေလိုက်ရသည်။ ဒီလိုမှမလုပ်လျှင ဒီယာဉ်ကြောထဲမှာ မျောနေတာနှင့် အချိန်ကုန်မည်။

ထို့ကြောင့် ကားကို ကုန်ဈေးတန်းလမ်းဘက်မှ ဖြတ်မောင်းပြီး ကမ်းနားလမ်းအတိုင်း ဆင်းချသွားလိုက်သည်။ လူက ခုမှပင် စိတ်သက်သာရာရသွားသည်မို့ ကားမောင်းရင်း လေတစ်ချက်ချွန်လိုက်သည်။

တံတိုင်းရဲ့အကျင့်က ဒီလိုပါပဲ။ အကြပ်အတည်းတစ်ခုခုက လွတ်မြောက်လာတတ်လျှင် ယခုလို စိတ်လက်ပေါ့ပါးစွာ လေချွန်တတ်နေကျ။ ထိုအကျင့်က တံတိုင်းရဲ့တွင်ရှိသော အကျင့်စရိုက်အချို့ထဲမှ ချစ်စရာကောင်းသော အပြုအမူတစ်ခုဟု မေ့သက်လျာ ပြောဖူးသည်။

မေ့သက်လျာသည် တံတိုင်းရဲ့နှင့် လက်ထပ်ပြီး သားလေးရပြီးသည့် ယခုအချိန်ထိ တံတိုင်းရဲ့၏လှုပ်ရှားမှုတိုင်းကို အသေးစိတ်ဂရုစိုက်





နိုးမွမ်းတတ်သော တံတိုင်းရဲ့ တန်ဖိုးထားချစ်ရသည့် အချစ်ဆုံးချစ်ဇနီး။

တံတိုင်းရဲ့ဘဝတွင် စည်းစိမ်ဥစ္စာထက် ချစ်ဇနီးနှင့်သားရှိလျှင် ပြီးပြည့်စုံလုံလောက်နေသလို ခံစားရသည်။

တကယ်လည်း တံတိုင်းရဲ့သည် အချစ်ကိုတန်ဖိုးထားတတ်သော အချစ်တတ်ဆုံးသော ယောကျ်ားများထဲမှ ထိပ်ဆုံးက တစ်ယောက်ဟု ဆိုရမလိုပင်ဖြစ်သည်။

■ ■ ■

"ဟာ ဆော ဆောရီး"

ဆရာစံလမ်းရှိ အကေးရှားထဲသို့ ကိတ်မုန့်ယူရန် အလောတကြီး ဝင်လာခဲ့မိသော တံတိုင်းရဲ့သည် လူရွယ်တစ်ယောက်နှင့် အမှတ်မထင် ဝင်တိုက်မိခြင်းဖြစ်သည်။

အလောတကြီးတောင်းပန်လိုက်ပေမယ့် ဘယ်လိုမှ အချိန်မမီတော့လောက်အောင် လူရွယ်လက်ထဲမှ မုန့်လွတ်ကျသွားသည်။ တံတိုင်းရဲ့ အားနာလွန်းသဖြင့် ဘယ်လိုတောင်းပန်ရမှန်းပင် မသိတော့။

"ငါ့ညီ မုန့်က ကိုယ့်ကြောင့်ပြုတ်ကျသွားတာပဲ၊ ကိုယ် ပြန်လျော်ပေးပါ့မယ်ကွာ"

ထိုလူရွယ်မှာ မှန်အက်သွားသော မုန့်ကို နှမြောတသစွာ ကောက်ယူလိုက်ပြီး ပျာပျာသလဲ တောင်းပန်တိုးလျှိုးနေသော တံတိုင်းရဲ့ကို ယဉ်ကျေးသောအမူအရာဖြင့်ပင် ပြန်၍ ပြုံးပြလိုက်ပြီး

"ရပါတယ် အစ်ကိုရာ၊ ကျွန်တော်ကလည်း နမော်နမဲ့နိုင်ပြီး သေးဘီမကြည့်ဘဲ ထွက်လာမိတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကိုယ့်ကြောင့် ညီဖုန်းမှန်း ကွဲသွားတာဆိုတော့ ကိုယ့်မှာတာဝန်ရှိတယ်၊ ဒီတော့ ဒီလိုလုပ်၊ ခုလောလောဆယ် ကိုယ့်ဖုန်းကို ညီ ယူသွားလိုက်ပါ၊ ညီ့ဖုန်းဆင်းကဒ်ဖြုတ်ပြီး ကိုယ့်ကိုပေးလိုက်၊ ကိုယ် မှန်အသစ်ပြန်တပ်ပေးပြီးမှ ညီ့ဆီဆက်သွယ်လိုက်မယ်၊ ဒါမှမဟုတ် ကိုယ့်လိပ်စာကဒ်ယူထားပြီး လာယူပေးနိုင်မလား"

တစ်ယောက်ထဲ ဗျာများစွာ အစီအစဉ်ချနေသော တံတိုင်းရံကို ခပ်အေးအေး ပြန်ကြည့်ပြီး

"ရတယ်လေ အစ်ကို အဆင်ပြေသလိုပဲလုပ်ပါ၊ ပြန်မပြင်ပေးလည်းရပါတယ်၊ ကိစ္စမရှိပါဘူး"

သဘောကောင်းလွန်းသော နားလည်မှုကို ပျာပျာသလဲ ငြင်းဆန်ပြီး ပိုက်ဆံအိတ်ထဲမှ လိပ်စာကဒ်ကို ထုတ်ပေးလိုက်သည်။

"ဒါက ကိုယ့်ရုံးခန်းလိပ်စာကဒ်နဲ့ အိမ်လိပ်စာကဒ် အိမ်ကို လာယူပေးရင်တော့ ပိုအဆင်ပြေတယ် ညီ၊ ကိုယ် အကောင်းဆုံးပြင်ဆင်ပေးထားပါမယ်၊ အကယ်၍ မှန်က အော်ရေဂျင်နယ် မဟုတ်လို့ မကောင်းဘူးဆိုရင်လည်း ကိုယ် အသစ်တစ်လုံး ပြန်ဝယ်ပေးထားပါ့မယ်"

အများကို တာဝန်ပြန်ယူတတ်သော တံတိုင်းရံကိုကြည့်ပြီး ရင်လှိုင်းသစ်ကပင် ပြန်၍ တဖန်အားနာနေမလိုလို။

"ရပါတယ် အစ်ကိုရာ၊ အသစ်ပြန်ဝယ်မပေးပါနဲ့၊ ကျွန်တော် အစ်ကို့ရဲ့ဖုန်းကိုလည်း ယူမသွားပါဘူး။ အစ်ကိုသာ ဖုန်းမှန်လဲပြီးတာနဲ့ ကျွန်တော့်ဆီ ဖုန်းဆက်လိုက်ပါ၊ ကျွန်တော်ပဲ လာယူလိုက်ပါမယ်"

"အိုကေ ညီ ဒါဆို ကိုယ့်ကို ညီ့ဖုန်းနံပါတ်ကလေး တဆိတ်





လောက်ပြောခဲ့ပေး"

လူရွယ် သူ့ဖုန်းနံပါတ်ကို ရွတ်ပြပြီး တံတိုင်းရံအား မှန်ကွဲသွားသော သူ့ဟန်းဆက်ကို ပေးခဲ့ကာ နှုတ်ဆက်ပြီး ထွက်သွားသည်။

ရည်မွန်ပြီး သန့်ပြန့်ချောမောသော လူရွယ်၏နောက်ကျောကို ကျေးဇူးတင်စွာ ငေးကြည့်ရင်း စိတ်မောလူမောဖြစ်၍ ကျန်ခဲ့သူက တံတိုင်းရံပင်ဖြစ်သည်။

မေနှင့်ပတ်သက်လာလျှင် အမြဲတမ်း အလောတကြီး လုပ်တတ်သောအကျင့် စိတ်လှုပ်ရှားရင်ခုန်လွယ်သောအကျင့်တွေ မပျောက်သေးသရွေ့ ထိုသို့သော အမှားမျိုးတွေ ရံဖန်ရံခါ ကျူးလွန်မိနေဦးမှာပင်။

တံတိုင်းရံအတွက်တော့ မေဟာ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းနေဆဲ အလုနတ်သမီးတစ်ပါးလို စိတ်ပြတင်းမှာ တင်ကျန်နေဆဲပါ။

■ ■ ■

"သားရေ ဖေဖေ ပြန်လာပြီ ထင်တယ်"

စားသောက်ဆိုင်မှ လာပို့ထားသော စားစရာတွေကို စားပွဲပေါ်မှာ စနစ်တကျ ပြင်ဆင်ခင်းကျင်းနေတုန်းမို့ သားကိုသာ တံခါးသွားဖွင့်ပေးဖို့ အချက်ပေးစကားဆိုလိုက်သည်။

ဂိမ်းဆော့နေသော သားလေးက တံခါးဝဆီသို့ အပြေးတစ်ပိုင်း လျှောက်သွားပြီး တံခါးလက်ကိုင်ဘုကို မမီ့တမီ ခြေဖျားထောက်ပြီး လှည့်ဖွင့်ပေးလိုက်သည်။

"မေမေရေ ဖေဖေ ပြန်လာတာပါ"

"ဟိုင်း သားသားရဲ့မေမေ မောင့်ရဲ့အသည်းလေးရေ ပင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ဒေးပါ''

တံတိုင်းရဲ့ လက်ထဲတွင် မွေးနေ့လက်ဆောင်ထုပ် ပန်းစည်းနှင့် မွေးနေ့ကိတ်ဘူးကြီးဖြင့် ပြည့်နေသည်။

''ဟော့တော် မနိုင်မနင်းနဲ့ ဘာတွေဝယ်လာပြန်တာလဲ မောင်ရယ်''

''မေ့အတွက် မွေးနေ့လက်ဆောင်ရယ် ပန်းစည်းရယ်၊ ဒါက မောင်တို့မိသားစု ကိတ်မုန့်လှီးမယ်လေကွာ''

မိန်းမတစ်ယောက်အတွက် အစစအရာရာ လိုလေသေးမရှိ အလိုက်တသိဖြည့်ဆည်းပေးနိုင်သော တံတိုင်းရဲ့ကို လင်ယောကျ်ားအဖြစ် လက်တွဲခွင့်ရသည်မို့ မေ့ကိုယ်မေ့ ဂုဏ်ယူ၍မဆုံးနိုင်အောင် ရှိခဲ့သည်။

''မောင်ရယ် ဘတ်ဒေးကိတ်က မလိုပါဘူး၊ မေ့က ကလေးမှ မဟုတ်တာကို''

''ဟာကွာ ကလေးဟုတ် ဟုတ်မဟုတ်ဟုတ် မိသားစုပျော်ပွဲ ရွှင်ပွဲလေးအတွက် အထူးသဖြင့် သားလေးပျော်အောင် ဒီအစီအစဉ်က မထည့်လို့ မရဘူးလေကွာ''

''ဟုတ်တယ် မေမေ၊ သား ကိတ်မုန့်လှီးပြီး ဖေဖေနဲ့မေမေကို ခွံ့ကျွေးမှာ''

''အေး ဒါပေါ့ ဒါကြောင့် သားခွံ့ကျွေးတဲ့ကိတ်မုန့် စားချင်လို့ ဖေဖေက ဝယ်လာတာကွ''

အတိုင်အဖောက်ညီသော သားအဖနှစ်ယောက်ကို မျက်နှာလေး နှစ်ဖက်ပင့်ပြုံးကာ ပီရန်ကောဟူသောအကြည့်ဖြင့် ကြည့်ပြီး





''ကဲပါ ဒါဆိုလည်း ရေသွားချိုးတော့ သား သားက မိုက်ဆာ နေပြီ မောင်ရဲ့''

''မေမေ ဂျိုကာကြီးကလည်း မိုက်ဆာနေပြီတဲ့ မေမေရဲ့''

ရွှေအိုရောင်အမွေးရှည်ကြီးတွေဖြင့် ချစ်စရာကောင်းသော ခွေးလေးကိုပိုက်ပြီး ပြောလာသည့် သားကို တံတိုင်းရဲ့က ခေါင်းကလေး တစ်ချက်ဖိပြီး ပြော၏။

''သား ဂျိုကာ့ကို ချစ်တော့ချစ်သားရယ် ဒါပေမဲ့ အဲလောက်ကြီး မွေ့ဖက်မထားရဘူး။ သူတို့ကိုယ်ပေါ်က အမွေးတွေက အသက်ရှူလမ်း ကြောင်းထဲဝင်ရင် အန္တရာယ်ရှိတယ်နော်၊ သား အောက်ပြန်ချလိုက်၊ မေ့ရေ ဂျိုကာ့ကို အရင်ကျွေးလိုက်ပါကွာ''

''ကျွေးမယ် မောင် မောင်သာ ရေမြန်မြန်သွားချိုးတော့''

''အိုကေ''

မေ့ပါးကို တစ်ချက်နမ်းကာ ရေချိုးခန်းဆီသို့ ထွက်လာခဲ့လိုက် သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဘဝအမောတွေ ပြေစေဖို့ အိပ်ရာဝင်ရန်မေ့လျော့နေသော ကြယ်စုတွေဆီ သူတို့နှစ်ဦး ပြတင်းမှတစ်ဆင့် မော့ကြည့်ဖြစ်သည်။

"သားလေး အိပ်သွားပြီလား မေ့"

"အိပ်ပြီပေါ့ မောင်ရဲ့၊ ဒီနေ့ တစ်နေကုန်ဆော့ထားတော့ မောပြီးအိပ်သွားတာ၊ အဆော့ကလည်း အရမ်းသန်တယ် မောင်ရယ်၊ မောင်ငယ်ငယ်ကအတိုင်းပဲ ထင်တယ်"

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော သား၏နဖူးပြင်ကို မေ့ တစ်ချက်ငုံ့နမ်းသည့်အခါ တံတိုင်းရှံက သားအပေါ်ခြုံလွှာလွှမ်းပေးပြီး အဲကွန်းဖွင့်ပေးလိုက်၏။ ပြီးတော့မှ မေ့ပခုံးလေးကို ဖက်ပြီးပြောသည်။

"မောင်က အဆော့မသန်ဘူး မေ့ရဲ့"

"ဟင် မောင်က အဆော့မသန်ဘူးဆိုတော့ ဘာကိုပိုသန်လဲ"

မျက်ဝန်းဝိုင်းလေးဖြင့် မော့ကြည့်ပြီး မေးလာသော မေ့ပါးကို တရှိုက်မက်မက်နမ်းလိုက်ပြီး လေသံတိုးမျှင်းမျှင်းဖြင့်ပြော၏။





"မောင်က ငယ်ငယ်တုန်းက လုံးဝ အဆော့မသန်ဘူး၊ ကြီးတော့မှအချစ်သန်တာ"

မေ့ နှုတ်ခမ်းလေး ပြုံးယောင်သမ်းသွားကာ

"ဟောတော် အချစ်သန်တယ်တဲ့ ကြောက်စရာကြီး"

"ဒါဆိုရင် မောင်တို့ အခန်းထဲသွားမယ်လေ"

"ဟင် မောင်နော်"

"လာပါ ဒီနေ့ မောင် ဝယ်ပေးတဲ့ Lotion ကို မေ့ကိုယ်ပေါ်မှာ မောင်ကိုယ်တိုင် လိမ်းပေးချင်လို့"

မေ့ကိုယ်လေးကို ခွေ့ခနဲပွေ့ချီကာ တစ်ဖက်အိပ်ခန်းဆီသို့ ဝင်ခဲ့သည်။ မေ့ကို မွေ့ရာပေါ် မောင် အသာအယာချသောအခါ မေ့ ကြည်နူးမှုနှင့် ရင်တွေခုန်လာသည်။

မောင်က မေ့ကိုယ်ပေါ်မှ ညဝတ်ဂါဝန်ကို တဖြည်းဖြည်းချွတ်သည်။ ပြီးတော့ နှစ်လိုဖွယ်ပြုံးရင်း မေ့ဝမ်းဗိုက်သားဖွေးဖွေးကို တစ်ချက်နမ်းလိုက်၏။

ပြတင်းမှ မနိုတရှိ တိုးဆင်းလာသော လရောင်ခြည်တွင် မိန်းမသားတစ်ဦး၏ပကတိအလှတရားဖြင့် သင်းပျံ့နေ၏။

ဖြူဝင်းဖွေးနေသော မေ့အသားစိုင်များကို မောင် နှစ်လိုဖွယ်ကြည့်၍ ညင်သာစွာ ပွတ်သပ်ကာ

"မေ့အသားတွေက အရမ်းနူးညံ့တယ်နော်၊ တကယ်ကွာ မောင် မိန်းမက ပြစ်မျိုးမဲ့မထင်ဆိုတာမျိုးပဲ၊ မောင့်ဘဝမှာ ဘယ်တော့မှ အစား



www.burmeseclassic.com

www.burmeseclassic.com



ထိုးလို့ ရနိုင်တော့မှာ မဟုတ်ဘူး''

မောင့်အပြောကြောင့် မေ့ ပြုံးယောင်သမ်းရင်း ကျေနပ်သလို မျက်လွှာလေး ချသွား၏။

''ပြီးတော့လေ မေ့တစ်ကိုယ်လုံးမှာ အလှဆုံးနေရာက ဘယ်နေရာလဲ သိလား''

မောင့်အကြည့်ရောက်နေမည့်နေရာကို မှန်းဆကာ မေ့ ယောင်ရမ်းပြီး လက်ကလေးနှင့် ကွယ်မိသေးသည်။

''ဟာကွာ မောင် ဘာတွေပြောနေတာလဲ''

မေ့ကိုကြည့်ရင် အမြဲတမ်း ရှက်သွေးပိုနေတတ်တာကိုက တံတိုင်းရဲ့အတွက် စွဲမက်စရာတစ်ခုလို ဖြစ်နေသည်။

''ကဲပါ မောင်ကိုယ်တိုင် Lotion လိမ်းပေးမယ်''

''မေ့ ညနေက ရေချိုးပြီး လိမ်းထားသေးတယ် မောင်ရဲ့''

''မရဘူးကွာ နောက်တစ်ခါ မောင်ကိုယ်တိုင် ထပ်လိမ်းပေးမယ်''

ဘူးထဲမှ ခရင်ကိုထုတ်ယူပြီး မောင်က လက်ညှိုးကလေးနှင့် နေရာအနှံ့ လိုက်တို့ပြီး ညင်ညင်သာသာ သုတ်လိမ်း၏။ မေ့၏ပင့်သက်ချသံ တိုးတိုးလေး ကြားရသည်။

ညဏ်လကတော့ သူတို့နှစ်ဦးကို ကြိုဆိုနေပုံရပါသည်။

လည်တိုင်တစ်လျှောက် ပူနွေးရှိန်းမြသော မောင့်နှုတ်ခမ်းအတွေ့ကြောင့် မေ့ တစ်ကိုယ်လုံး ကြက်သီးဖျန်းဖျန်းထသွားသည်။





အိမ်ထောင်သက် (၈) နှစ်ကျော်လာသော်လည်း မောင်နှင့်တွေ့လျှင် အပျိုဖြန်းလေးလို ရင်ခုန်လာတတ်သည့် မေ့ကိုယ်မေ့လည်း ရှက်မိပါရဲ့။

''မေ့ကို မောင်အရမ်းချစ်တယ် သိလား။ မောင်လေ မေ့ကို ပိုင်ဆိုင်ခွင့်ရသောဘဝမှာ ကံအကောင်းဆုံးယောကျ်ားလို့ ကိုယ့်ကိုကိုယ် ဂုဏ်ယူနေမိတာ''

မောင့်အသံက တိုးညင်းသော်လည်း မေ့ ရင်တွေ တဒိတ်ဒိတ်ခုန်နေသည့်ကြားမှ သိမ်သိမ်မွေ့မွေ့ ကြားခဲ့ရ၏။

ညကောင်းကင်ရှိ ကြယ်တွေ၏တံခါးက တဖျပ်ဖျပ် ပိတ်သွားကြသည်။ လွတ်လပ်မှုနှင့် အလှည့်ကျပွင့်သော ပန်းရနံ့က အိပ်ခန်းတွင်းသို့ တိုးဝင်လာသည်။

လိုက်မောပြင်းပြသည့် အသက်ရှူသံတွေကြားတွင် မေ့၏ဗိုက်သားချပ်ချပ်ကလေး မှုးပွင့်၍နေသည်။

''ဝုန်း''

''ချလွင်''

ရုတ်တရက် ထမင်းစားခန်းမှ ထွက်ပေါ်လာသောအသံကြောင့် ပန်းလိုဝေနေသော အာရုံငါးပါးစလုံး မောင်ရိပ်ကျကုန်သည်။

''ဟင် ဘာ ဘာဖြစ်တာလဲ မောင်''

''မောင်လည်း ဘယ်သိပါ့မလဲ မေ့ရဲ့''

မေ့ခါးကို ဖက်ထားရာမှ တံတိုင်း ထပြီး အခန်းမီးပွင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးမှ ခုတင်အောက်ခြေတွင် ပုံလျက်ရှိနေသည့် ညဝတ်စုံကို ကပျာကယာ ကောက်စွပ်ပြီး အခန်းအပြင်သို့ ထွက်လိုက်သည်။

မေ့လည်း မောင့်နည်းတူ ညဝတ်ဂါဝန်ကို ကမူးရှူးထိုး ကောက်ဝတ်ကာ မောင့်နောက်သို့ လိုက်သွားလိုက်သည်။

အိပ်ရာထဲက ဆောင်းရာသီကတော့ လက်ဝဲရစ်ရစ်ပြီး အရောင်းအဝယ်များကာ ကျန်ရစ်၏။

■ ■ ■

"ဟာကွာ ဒီဂျိုကာကတော့ သေတော့မယ်"

ထမင်းစားခန်းထဲရှိ စားပွဲဝိုင်းပေါ်တွင် အုပ်ဆောင်းကြီးဖွင့်လျက် ဖန်ခွက်က ကြမ်းပြင်တွင် တစ်စစီကွဲကာ ပြန့်ကျဲနေသည်။

"ကဲ မေ့ရေ အရေးကောင်းရင် ဒိန်းဒေါင်းဖျက်ဆိုသလိုပါပဲ လားကွာ၊ ဒါတွေကို ဒီညပဲ အပြတ်ရှင်းမှရတော့မယ်၊ နို့မို့ဆို သားလေး မနက်အိပ်ရာနိုးရင် ခြေထောက်ဆူးသွားလိမ့်မယ်"

ပခုံးကို ဟန်ပါပါတွန့်ရင်း စိတ်မသက်မသာ ပြောလိုက်သော ချစ်လင်၏စကားကြောင့် မေ့ နှစ်သိမ့်ပြုံးလေး ပြုံးကာ

"မောင် သွားအိပ်တော့လေ၊ မေ့ပဲ ရှင်းလိုက်ပါတော့မယ်"

"ဟာ မေ့ကလည်း မလုပ်နဲ့၊ ဖန်ခွက်ကွဲစတွေ မေ့လက်ကို ရှူးကုန်မှာပေါ့"

"မရှူးအောင် သိမ်းမှာပါ မောင်ရဲ့"

"ဖယ်ပါ မောင်လုပ်ပါ့မယ်"





တစ်ယောက်ကိုတစ်ယောက် အကြင်နာတွေပိုကာ သူ လုပ်မယ်ကိုယ်လုပ်မယ်နှင့် အငြင်းပွားနေကြပြန်သည်။

"ဒါဆိုလည်း တူတူလုပ်မယ်ကွာ"

"မောင် သွားအိပ်ပါတော့ဆို၊ မနက်ကျရင် ကုမ္ပဏီလည်း သွားရမယ့်ဟာ၊ အိပ်ရေးပျက်မှာပေါ့ ညတောင် ဆယ်နှစ်နာရီထိုးတော့မယ်၊ မေ့စကားကို နားထောင်ပါ မောင်ရယ်"

"မေ့တစ်ယောက်ထဲ ပင်ပန်းမှာပေါ့၊ ဒါကြောင့် မောင်လည်း ဝိုင်းကူမယ်၊ ပြောမရရင် ဟောဒီနေရာမှာပဲ ချစ်စခန်းဖွင့်လိုက်မှာနော်၊ လူက ဟက်ကော့ကြီးဖြစ်နေတာ"

မေ့ပါးကို ခပ်ဖွဖွဆွဲလိမ်ပြီး အသာအယာပွတ်သပ်ရင်း ပြောလိုက်သည်မို့ မေ့ လန့်သွားသည်။

"ဟော့ မောင်နော် မေ့ အဲဒါမျိုး မကြိုက်ဘူး၊ ဟိုမှာ ဂျိုကာ ကြည့်နေတယ်"

"ဂျိုကာ ကြည့်တာ ပြဿနာမရှိဘူး၊ သူက ကြည့်ရုံပဲ ကြည့်တတ်တာ၊ မောင်တို့ကြောက်ရမှာက ဟောဒီဖန်ကွဲစတွေဗျ"

ပြောရင်း တံတိုင်းရဲ့ တဟားဟားနှင့် ရယ်သည်။ ဘာသဘောနှင့် ဒီလောက် ရယ်နေသည်ဆိုတာကိုတော့ မေ့လည်း သိပ်နားမလည်သည်မို့ မောင်နှင့်အတူ ဖန်ကွဲစတွေကို သတိထားပြီး တစ်ခုချင်းလိုက်ကောက်လိုက်သည်။

အားလုံး သိမ်းဆည်းပြီးသည်နှင့် အိပ်မည်လုပ်တုန်းရှိသေး



www.burmeseclassic.com

www.burmeseclassic.com



ဂျိုကာ၏တစ်ညှောင်ညှောင် အော်သံကြောင့် မောင် ဒေါသထွက်ရပြန်သည်။

"ကဲ ကြည့် မေ့ရေ ဒီကောင် မောင်တို့ကို မနာလိုဖြစ်ပြီး အမျိုးမျိုးနှောင့်ယှက်နေတာပဲ၊ မဖြစ်တော့ဘူး။ ဒီကောင့်ကိုပါ မိန်းမပေးစားမှရတော့မယ်"

မောင်က တစ်ခါတစ်ရံ ထိုသို့လည်း ကလေးဆန်တတ်ပြန်သည်။ မောင့်ကိုချစ်တဲ့အထဲမှာ အဲဒါလည်း ပါတာပေါ့။

■ ■ ■

## အခန်း (၃)

ဒီနေ့ သားဖျားနေ၍ မေ့ စိုးရိမ်စိတ်တွေဝင်ကာ တစ်မနက်လုံး ဗျာယာခတ်နေမိသည်။ မနေ့ညက ရေချိုးခန်းထဲဝင်ပြီး ရွှေချိုးကန်ထဲမှာ သင်္ဘောလှော်တမ်း ကစားသည်။ မေ့မှည့်ခန်းထဲမှာ လိုက်ကာတွေလဲပြီး တပ်ဆင်ပြီးသည့်အထိ သား ရေချိုးမပြီးသေး၍ ဝင်ကြည့်တော့ ရေထဲမှာ သူ့ကိုယ်တိုင်ထိုင်ပြီး သင်္ဘောလှော်တမ်း ထိုင်ကစားနေသော သားကြောင့် မေ့ကိုယ်တိုင် ရေကို ခပ်မြန်မြန်ချိုးပေးခဲ့ရသည်။

ခုရောက်တော့ သား ခုတင်ဘက်ဆီမှ ညည်းသံသဲ့သဲ့ကြား၍ မေ့ ထကြည့်တော့ သားကိုယ်တွေခြစ်ခြစ်တောက် ပူနေ၏။

"မေ့ ခဏလှဲလိုက်ပါလား၊ ညကလည်း မေ့ အိပ်ရေးပျက်ထားတာ၊ ကြာရင် မေ့ အိပ်ရာထဲလဲနေမယ်"

နဖူးစပ်မှ ဖရိုဖရဲဝဲကျနေသော မေ့ဆံစတွေကို သပ်တင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်နွေးနွေး အနမ်းတစ်ခုပေးရင်း ဆိုလိုက်သည့် စိုးရိမ်စကားကြောင့် မေ့ ကျေနပ်စွာဖြင့် မော့ကြည့်ပြုံးပြရင်း

"မောင်လည်း အိပ်ရေးပျက်တာပဲလေ၊ မေ့တစ်ယောက်တည်း အိပ်ရေးပျက်တာမှ မဟုတ်တာ"

"မောင်က ယောကျ်ားလေး ခံနိုင်ရည်ရှိပါတယ်"

"ဟင့်အင်း မေ့လည်း မောင့်လိုပဲ ဘာမှမဖြစ်ဘူး"

"ကြည့် မောင် ပြောသလို လိုက်ပြောနေတယ်"

"ကဲပါ မောင်ရယ် စကားနိုင်လုမနေနဲ့ ရုံးသွားရဦးမယ်မဟုတ်လား၊ ထ ရေချိုးဖို့လုပ်"

"မောင် ဒီနေ့ ရုံးမသွားတော့ဘူး၊ အရေးတကြီး လုပ်စရာ အလုပ်လည်းမရှိဘူးလေ၊ နောက်ပြီး ဒီနေ့ အိမ်ကို မောင့်အသိတစ်ယောက် လာမှာမို့ အိမ်ကိုပဲချိန်းလိုက်တယ်၊ နောက်ပြီး သားနဲ့ဒီနေ့ တစ်နေ့လုံးအတူနေမယ်"

မောင် ရုံးမသွားဘူးဆို၍ မေ့ စိတ်ထဲ ပျော်သလိုဖြစ်သွားသည်။

ဒါဆို ဒီနေ့တစ်နေ့လုံး မောင်ဟာ မေ့တို့သားအမိနားမှာ တစ်ချိန်လုံး ရှိနေမယ့်သဘောပေါ့။

"မောင် တကယ်ပြောတာလား"

"မောင် နောက်နေတယ်ထင်လို့လား"

"အင်း"

"မောင် တကယ်ပြောတာ၊ ခုတစ်လော အလုပ်တွေအရမ်းများ





နေတော့ မေ့တို့သားအမိနားမှာ မောင် အချိန်ပြည့်နေခွင့်မရခဲ့ဘူး။ ဒီနေ့တော့ သားလေးလည်း နေမကောင်းဘူးဆိုတော့ ရုံးသွားလည်း စိတ်မဖြောင့်မယ့်အတူတူ အိမ်မှာပဲနေလိုက်တော့မယ်ကွာ"

"ဒါဆို မောင် ဒီနေ့ ဘာစားချင်လဲ၊ မောင် စားချင်တာတွေ မေ့ချက်ကျွေးမယ်ကွာ"

"တကယ်လား"

"တကယ်ပေါ့ မောင်ရဲ့"

"ဒါဆို ဘယ်တော့မှ မရိုးတဲ့ မေ့သက်လျာ"

"ဟာ မောင်နော် ဘာတွေပြောနေတာလဲ၊ ညားခါစ လင်မယားလည်း မဟုတ်တော့ဘဲနဲ့"

မေ့ ရှက်ရွံ့စွာပြောရင်း မောင့်ပခုံးကို မနာအောင် ခပ်ဖွဖွထုလိုက်သည်။ မောင် တဟားဟားဖြင့် အော်ရယ်ကာ မေ့လက်သီးဆုပ်ကို ဖျတ်ခနဲ လှမ်းဖမ်းရင်း မေ့ကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။

ထို့နောက် မောင် လှိုက်လှိုက်လှဲလှဲ မေ့ကို နမ်းပြန်သည်။ တိတ်ဆိတ်ချင်ယောင်ဆောင်နေသော လေသည်ဆ နေရောင်မပါဘဲ ပွင့်သည်။

မောင့်အနမ်းတွေကို မေ့ တုံ့ပြန်လိုက်သောအခါ မောင့်လက်တွေက မေ့အကျီစတွေကို လိပ်တင်သည်။

"မောင် သားနိုးသွားလိမ့်မယ်ကွာ၊ ပြီးတော့ မီးဖိုခန်းကြီးမှာ"

မောင်က ဘာမှမပြောဘဲ မေ့ခါးကို လက်နှစ်ဖက်နှင့်သာ



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုရှိ Kitchen Counter ပေါ် မတင်သည်။

မက်မပြေနိုင်သော အချစ်တွေနှင့် မေ့နှင့်မောင် အံကြိတ်ချီတက်ခဲ့ကြသောလမ်းမှာ ပန်းတွေလည်း ဝေနေအောင် ပွင့်လေသည်။

■ ■ ■

လူခေါ်ဘဲလ်သံကြောင့် ဧည့်ခန်းထဲတွင် သတင်းစာထိုင်ဖတ်နေသော တံတိုင်းရဲ တံခါးထဖွင့်ပေးလိုက်သည်။

"ဝင်ပါ ညီ မင်းလာမယ်လို့ ဖုန်းဆက်ကတည်းက ကိုယ်ထိုင်စောင့်နေတာ အဲဒါနဲ့ နာမည် ဘယ်လိုခေါ်တယ်၊ ဟိုနေ့က နာမည်မမေးမိလိုက်ဘူး"

"ဩော် ကျွန်တော်နာမည် ရင်လှိုင်းသစ်ပါ အစ်ကို တံတိုင်းရဲ"

လိပ်စာကဒ်ထဲက နာမည်အတိုင်း တရင်းတနှီး ခေါ်လိုက်သည့် ရင်လှိုင်းသစ်ကို ရင်းနှီးနေစ်လိုစွာ ပြုံးပြရင်း အသစ်ပြန်ဝယ်ထားသော ဖုန်းကို လှမ်းယူပြီး ဆိုဖာခုံတွင် ဝင်ထိုင်လိုက်သော ရင်လှိုင်းသစ်ကို ကမ်းပေးလိုက်သည်။

"ရော့ ညီ ကိုယ် ဟန်းဆက်အသစ်ပဲ ဝယ်ထားလိုက်တော့တယ်၊ ညီ့ဖုန်းကို မှန်ကာတပ်ပြီးပေမယ့် စိတ်တိုင်းသိပ်မကျတာနဲ့ အသစ်ဝယ်လိုက်တာ"

ရင်လှိုင်းသစ် တော်တော်လေး အားနာသွားသလို ပျာပျာသလဲ ငြင်းကာ

"မဟုတ်တာ အစ်ကိုရာ၊ ကျွန်တော် ဖုန်းက ဘယ်လောက်မှ





တန်ကြေးမရှိပါဘူး။ သုံးနေတာလည်း ကြာပြီဆိုတော့ ပျက်သွားလည်း ကိစ္စမရှိပါဘူး၊ ဒါကြောင့် ကျွန်တော့်ဖုန်းအဟောင်းကိုပဲ ပြန်ယူလိုက်ပါမယ်"

ရိုးသားသော ရင်လှိုင်းသစ်ကို တစ်ခဏချင်း ခင်မင်သွားမိကာ မေ့ ကြိုတင်၍ ဖျော်ပေးထားသော ကော်ဖီခွက်ကို ရှေ့သို့တိုးပေးရင်း

"အားမနာပါနဲ့ ညီရယ်၊ ယူပါ ဩော် ရော့ ကော်ဖီသောက် ညီလာမယ်ဆိုလို့ အားလုံးကြိုပြီး ပြင်ဆင်ထားတာ"

ရင်လှိုင်းသစ်ကလည်း မငြင်း။

"ဟား အတော်ပဲ ကျွန်တော်လည်း ဒီနေ့လည် ကော်ဖီမသောက်ရသေးဘူး အစ်ကိုရ၊ အဲ ဟိုလေ ကျွန်တော် တွိုင်းလက်ခဏလောက်ဝင်လို့ရမလား"

"ဟာ ရတာပေါ့ ညီရဲ့၊ ဒီလျှောက်လမ်းအတိုင်း ဝင်သွားအဆုံးထိဝင်သွားပြီး ဘယ်ဘက်ကိုချိုးလိုက် ထမင်းစားခန်းတွေ့လိမ့်မယ်၊ ထမင်းစားခန်းဘေးမှာ ရေချိုးခန်းရော သန့်စင်ခန်းပါ တွဲထားတဲ့ အစိမ်းရောင် အခန်းတွေ့လိမ့်မယ်"

"ဟုတ်ကဲ့ အစ်ကို ကျေးဇူးပါ"

ဆီးသွားချင်နေတာ ကြာပြီမို့ ခပ်မြန်မြန်ပင် ထလိုက်ပြီး တံတိုင်း ညွှန်ပြရာ အခန်းဆီသို့ လျှောက်ဝင်လာလိုက်သည်။ ကျယ်ဝန်းသော အိမ်ကြီး၏ခမ်းနားသော အပြင်အဆင်ကို အားကျငေးမောရင်း ဟိုကြည့်သည်ကြည့်နှင့် သန့်စင်ခန်းရှေ့သို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီ ခါးပတ်ကြိုးကို ဖြေလျော့ရင်း အခန်းတံခါးကို ဆွဲဖွင့်ပြီး ခပ်မြန်မြန်ဝင်လိုက်သည်။ ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့် ခေါင်းမွှေးများပင်ထောင်ထမတတ် အံ့ဩမင်တက်သွားရသည့်အဖြစ်။

''ဟင်''

''အမလေး ရှင် ရှင် ဘယ်သူလဲ''

ရေပန်းအောက်မှာ ရေချိုးနေသော မေ့မှာ ရုတ်တရက်ဝင်လာသော သူစိမ်းယောကျာ်းတစ်ယောက်ကို ပြုန်းခနဲ မြင်လိုက်ရ၍ စတီးအဝတ်တန်းပေါ်မှ မွှေးပွသဘက်ကို ကပျာကယာ ဆွဲယူကာ ရေစိုနေသော ခန္ဓာကိုယ်ပေါ်ကို ဝရုန်းသုန်းကား ပတ်လိုက်ရသည်။

မျှော်လင့်မထားဘဲ မိန်းမတစ်ယောက်၏ ပကတိအလှတရားကို ရင်လှိုင်းသစ် တွေ့လိုက်ရ၍ တစ်ကိုယ်လုံး ထူပူကာ ကြောင်အမ်းအမ်းကြည့်နေမိ၏။

မေ့မှာတော့ ရှက်လွန်းသဖြင့် မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူလျော်နေသည်။

''အို သွားလေ ရှင်သွားတော့လေ''

''ဟို ဟို ကျွန် ကျွန်တော် ကိုတံတိုင်းရဲ့ မိတ်ဆွေပါ၊ ဘယ်သူမှ မရှိဘူးအထင်နဲ့ ဝင်လာမိတာပါ၊ တောင်းပန်ပါတယ်''

အသံကို မှုမပျက်အောင်ထိန်းရင်း မေ့ကိုတောင်းပန်နေသော်လည်း ရင်လှိုင်းသစ်တစ်ကိုယ်လုံး တုန်ယင်ပြာနှမ်းနေ၏။





မောင့်ညီသည်တဲ့ ဒါဆို တမင်ကြံစည်ပြီးဝင်လာတာမဟုတ်ဘူးပေါ့။ ဘာပဲဖြစ်ဖြစ် မေ့ ဆက်မနေဝံ့တော့သည်မို့ ရင်လှိုင်းသစ်ဘေးမှ ရှက်ရွံ့သောခြေလှမ်းတွေဖြင့် အခန်းဆီသို့ ပြေးသွားလိုက်သည်။

ရင်လှိုင်းသစ်မှာသာ ဘယ်လိုမှ မထင်မှတ်ဘဲ မြင်လိုက်ရသော မိန်းမလှလေးတစ်ယောက်၏ သဘာဝအလှတွေကြောင့် ဒူးတွေညွတ်ခွေကျမတတ် စိတ်တွေလှုပ်ရှားသွားကာ ခြေထောက်ပင် မတ်မတ်မရပ်နိုင်တော့သဖြင့် ရေချိုးခန်းတံခါးဘောင်ကို မှီပြီးခဏရပ်နေလိုက်သည်။

ဖြစ်နိုင်လျှင်တော့ တစ်ကိုယ်လုံး ဆွဲဆက်ဖျစ်ညှစ် နမ်းပစ်လိုက်ချင်သည်။

■ ■ ■

ဒီနေ့မှ မောင် အိမ်မှာရှိနေစဉ် အလုပ်လည်းမရှိ၍ စောစောရေချိုးထားမည်ဆိုပြီး သားကိုသိပ်ကာ အိပ်ခန်းထဲက ရေချိုးခန်းမသုံးဘဲ အပြင်ရေချိုးခန်း လာသုံးမိသည့်အတွက် တံခါးလော့ခ်ကို မချမိလိုက်။ မောင်ကလွဲပြီး ဘယ်သူမှ ဝင်လာစရာအကြောင်းမှမရှိတာ။ နေ့လယ်ခင်းကတည်းက ချိုးလိုက်မည်ဆိုလျှင်တောင် ခုလိုအဖြစ်မျိုးနှင့် ကြုံမည်မဟုတ်။

မေ့ကံကိုက ဆိုးပါသည်၊ အိပ်ခန်းထဲက ရေပူရေအေးစက်ပျက်နေ၍ ထမင်းစားခန်းဘေးက ရေချိုးခန်းမှာ လာချိုးမိကာမှ တစ်ခါမှ တွေးမထားမိသော ရင်ဖိုမှုနှင့်ကြုံလိုက်ရသည်။

ရေနွေးနွေးလေး ချိုးချင်သော ကိုယ့်စိတ်ကိုသာ ကိုယ်ပြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ် အပြစ်တင်ကျိန်ဆဲပစ်လိုက်မိသည်။ မောင်ကတော့ ဒီအဖြစ်အပျက်ကြီးကို သိမည်မဟုတ်။ ထိုလူကရော ဒီလိုမျိုးကိစ္စကြီးကို မောင့်ကို ပြောပြမှာမဟုတ်တာ သေချာသည်။

ဒါဆိုလျှင် မေ့ ပြောပြလိုက်ရင်ကောင်းမလား။ ဟင့်အင်း အဲလို ပြောလို့ရော မောင် စိတ်အနှောင့်အယှက်ဖြစ်ရုံကလွဲပြီး ဘာမှ အကြောင်း ထူးလာမှာမထင်ပါ။

အဝတ်အစားလဲပြီး အိပ်ခန်းခုတင်ဘေးတွင် စိတ်လှုပ်ရှားစွာဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော ခြေလှမ်းတွေ ဘယ်နှလှမ်း မြောက်လျှောက်မိနေပြီလဲဆိုတာ မသိနိုင်လောက်အောင် မေ့ရင်ထဲက ရုက်စိတ်တွေက မုန်တိုင်းတစ်ခုလို ထန်နေဆဲပါ။

မေ့ရဲ့လျှို့ဝှက်အပ်တဲ့ အလှတရားတွေကို မောင်ကလွဲပြီး ဘယ်ယောကျ်ားနှင့်မှ တွေ့မြင်ခွင့်မရှိခဲ့သမျှ ဒီလူဟာ ခုတော့ မေ့ကို မျက်ဝါး ထင်ထင်ကို မြင်လိုက်ရမှာပါ။ ပြန်တွေးလေ ရှက်လေ။

ရင်ထဲမှာ ခံစားရလွန်း၍ မျက်ရည်တို့ပင် ဝဲတက်လာသည်။

"မေ့ မေ့ရေ"

မောင့်ခေါ်သံကြောင့် ခုတင်ပေါ်တက်ကာ ကပျာကယာ လှဲအိပ်လိုက်သည်။ မေ့စိတ်တွေ မလုံမလဲဖြစ်နေ၍ မောင့်ကိုတောင် မျက်နှာချင်းမဆိုင်ရဲ၊ မေ့ သိတာပေါ့ မောင်ဟာ သူ့မိတ်ဆွေနှင့် မေ့ကိုမိတ်ဆက်ပေးဦးတော့မည်။

"ဟင် မေ့ အိပ်နေတာလား"





"ရေချိုးပြီး နည်းနည်းချမ်းနေလို့ ခဏလှဲနေတာပါမောင်၊ ဘာဖြစ်လို့လဲ"

"မောင့်ဧည့်သည် ရောက်နေတယ်၊ မေ့နဲ့မိတ်ဆက်ပေးချင်လို့"

"မေ့ အိပ်ချင်လို့မောင်ရယ်၊ အရေးကြီးဧည့်သည်မဟုတ်ရင် မိတ်ဆက်ပေးမနေပါနဲ့တော့နော်"

ဘာမှမသိရှာသော မောင့်ကို မေ့ ပထမဦးဆုံးအကြိမ် မရိုးမသား ညာမိသည်။ ရင်ထဲမှာ မတွေးနိုင် မအန်နိုင်ဖြစ်လိုက်ရတာ မောင်ရယ်။ နမော်နမဲ့နိုင်လွန်းတဲ့ မေ့အပြစ်ပါ။

"မေ့ ရေကို ဒီအခန်းထဲမှာ ချိုးတာလား၊ ရေနွေးစက်ပျက်နေတယ်လေ မေ့ရဲ့"

မောင့်စိတ်ထဲမှာ အိပ်ခန်းတွင်းမှ ရေချိုးခန်းကို သုံးသည်ဟုပဲ တစ်ထစ်ချ ယုံထားပုံရသည်။ တော်သေး၏။ မေ့ ရေချိုးတာကို မောင် ပင်မသိလိုက်တော့ မောင့်ထင်ကြေးအတိုင်း မေးရတော့မည်။

မေ့ကလည်း အပြင်ရေချိုးခန်းမှာ သွားချိုးပါတယ်ဟု အမှန်အတိုင်း ပြောချင်ပေမယ့် ပြော၍မဖြစ်တော့။

"ဟုတ်တယ် မောင်ရဲ့၊ ရေနွေးစက်ပျက်လို့ ရိုးရိုးရေအေးနဲ့ ချိုးလိုက်တာ ချမ်းသွားတယ်"

"သြော် ဖြစ်ရလေ မောင့်မိန်းမရယ်၊ ကဲ ကဲ ဒါဆိုလည်း လှဲနေလိုက် ဧည့်သည်ပြန်မှ မောင် ဆေးတိုက်မယ်နော်၊ မောင်က မောင့်မိန်းမ ဘယ်လောက်လှကြောင်း ကြွားချင်တာကွ၊ ခုတော့ အဲဒီအခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးကို ဆုံးရှုံးလိုက်ရပြီ''

ရယ်ကာမောကာ ပြောရင်း ထွက်သွားသော မောင့်ကျောပြင်ကို မလုံ့မလဲစိတ်ဖြင့် ငေးကြည့်ရင်း မေ့ မျက်လုံးတွေ စုံမှိတ်ပစ်လိုက်သည်။

ဒီနေ့ မောင်နှင့်တစ်နေကုန်နေရ၍ ပျော်သည့်အပျော်တွေသည် ဒီလူကြောင့် တော်တော်လေး အကျည်းတန်ခဲ့ရသည်။

ခွင့်လွှတ်ပါ မောင်ရယ် မေ့ မရည်ရွယ်ပါဘူး။ မောင် သဝန်မတို ပါနဲ့နော်။

■ ■ ■

## အခန်း (၄)

ဆရာ ဒီနေ့ မြတ်မင်းရောဆောက်လုပ်ရေးကုမ္ပဏီက လုပ်ငန်းရှင်တွေ့ဆုံပွဲ ရှိတယ်နော်၊ ညနေ ငါးနာရီစမှာပါ''

အင်တာနက်တွင် ဒေါ်လာဈေးကွက် စောင့်ကြည့်နေရင်းမှ လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။

''ကိုယ် ဒီနေ့ ဂိုထောင်တစ်လုံးထပ်ဝယ်ဖို့ ချိန်းထားတာကရော ဘယ်အချိန်လဲ''

''ညနေ လေးနာရီပါ''

''အချိန်က ကပ်နေတာပဲ''

''ဆရာသွားဖို့ အခက်အခဲဖြစ်နေမယ်ဆိုရင် ညှိခံပွဲအစီအစဉ် တစ်ခုကို ဆရာ့ကိုယ်စား ကိုဖေယျာကို သွားခိုင်းလို့ဖြစ်မယ်ထင်တယ်''

''အင်း အဲဒီလိုပဲ လုပ်ရတော့မှာပဲ၊ ဂိုဒေါင်ကြည့်ဖို့ကိစ္စ ဈေး စကားပြောဖို့ကိစ္စတွေကိုတော့ ကိုယ်ပဲ မဖြစ်မနေသွားရမှာ၊ ခင်ငြိမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့မှဖြစ်မယ်၊ လိုအပ်တဲ့ဒေတာတွေ ယူရအောင် ဂိုဒေါင်က အသင့်သုံးဆိုပေမယ့် ကိုယ်လှောင်မယ့်ကုန်ပစ္စည်းနဲ့ အံဝင်ခွင်ကျဖြစ်ဖို့ထပ်ပြီး ပြင်ဆင်နေဦးမှာလေ''

''ဟုတ်ကဲ့ပါ ဆရာ ခင်ငြိမ်း လိုက်ပါ့မယ်''

''အပြန်နည်းနည်း နောက်ကျမယ်ထင်တယ်နော်၊ ဖြစ်တယ်မဟုတ်လား''

''ဟုတ်ကဲ့ ဖြစ်ပါတယ် ဆရာ''

''တွေ့ဆုံပွဲကိုတော့ ဖေယျာကိုပဲ တက်ခိုင်းလိုက်ပါ''

''ဟုတ်ကဲ့ ခင်ငြိမ်း စီစဉ်လိုက်ပါမယ်''

ခင်ငြိမ်းငြိမ်း လက်မှတ်ထိုးစရာရှိသည့် စာရွက်စာတမ်းတွေကို တရိုတသေ လှမ်းပေး၏။

''ဒါ သစ်ကုန်ကြမ်းအမှာစာရင်းတွေပါ၊ ဒါက ပရိဘောဂ အဝင်စာရင်းတွေပါ''

''check လုပ်ပြီးသားတွေလား''

''ဟုတ်ကဲ့ ပြီးပါပြီ ဆရာ''

''သစ်ကုန်ကြမ်းက မနေ့ကတည်းက တင်ရမယ့်ရက်မဟုတ်လား ဘာလို့ ဒီနေ့မှတင်ရတာလဲ''

''မနေ့က တင်မလို့ပါပဲ ဆရာ၊ ဂိုဒေါင်က ကုန်ကြမ်းလက်ကျန်ပစ္စည်းစာရင်းက တက်မလာလို့ပါ၊ ဂိုဒေါင်မှူးက မနေ့က ခွင့်ဆိုတော့လေ၊ ဒီနေ့ အလုပ်လာဆင်းတာတောင် သူ နေသိပ်မကောင်းသေးပါဘူး''





ခင်ငြိမ်း ဂိုဒေါင်မှူးဘက်မှ ကာကွယ်ပြောပေးနေသဖြင့် အပြစ်မတင်ရက်တော့။ ဝန်ထမ်းအချင်းချင်း ကာကွယ်တာ အပြစ်တစ်ခုဟု မဆိုသာ။ ကြီးလေးသော အပြစ်ကြီးမဟုတ်၍ ဘာမျှလည်း ဆက်မပြောတော့ဘဲ တစ်ထပ်ကြီး ချပေးလာသော အမှာစာရွက်တွေ ကုန်အဝင်စာရွက်တွေပေါ်မှာ လက်မှတ်ထိုးပေးလိုက်သည်။

''ကုန်ကြမ်းအမှာစာရင်းတွေကို အချိန်မီပို့ဖို့ မမေ့ပါနဲ့၊ ကိုယ့်ဘက်က တစ်ရက်နောက်ကျရင် product ပိုင်းမှာ နှောင့်နှေးသွားလိမ့်မယ်''

''ဟုတ်ကဲ့ ခုပဲ မေးလ်ပို့လိုက်ပါမယ် ဆရာ''

ခင်ငြိမ်း ဆက်ပြီးရပ်နေသေး၍ မော့ကြည့်လိုက်ပြီး

''ဘာတင်ပြစရာကျန်သေးလဲ ခင်ငြိမ်း''

မေးလိုက်မှ ခင်ငြိမ်း မျက်နှာမှာ တစ်စုံတစ်ခုကို ပြောရန် ခက်ခဲနေပုံဖြင့် သက်ပြင်းခပ်ဖျော့ဖျော့ချကာ မဝံ့မရဲဟန်ဖြင့်

''ဒီတစ်ခါ တင်ပြမှာက ခင်ငြိမ်း ကိုယ်ရေးကိုယ်တာကိစ္စပါဘော့စ်''

''ကိုယ်ရေးကိုယ်တာ ဟုတ်လား၊ ဘာကိစ္စလဲ''

''ဟိုလေ ခင်ငြိမ်းအမေ အခု နေမကောင်းဖြစ်နေပါတယ် ဆရာ၊ ဆေးလည်းကုနေပါတယ်၊ ဒါပေမဲ့ ခုချိန်ထိ ဘာရောဂါရယ်လို့ ဆရာဝန်တွေက သေသေချာချာ အဖြေမပေးသေးပါဘူး၊ ဒီထက်ပိုသေချာတဲ့ နည်းဖြစ်တဲ့ အူလမ်းကြောင်းထဲကို စကုတ်ကြည့်ပြီး အသားစယူ



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြည့်မှ ဘာရောဂါဆိုတာကို ပြောနိုင်လိမ့်မယ်လို့ ပြောပါတယ်၊ စကုတ် ကြည့်ဖို့က အနည်းဆုံး ရှစ်သောင်းလောက်ကျမယ်လို့ ပြောပါတယ် ဆရာ၊ တခြားစစ်တာတွေနဲ့ဆို သုံးလေးသိန်းလောက် ကုန်နိုင်တယ်တဲ့၊ ဖေဖေက ခုဆို ဘာမှလည်း မစားနိုင်ပါဘူး၊ အူလမ်းကြောင်းက အစာလက်မခံတော့ဘူးလေ''

''ဒီတော့ ကိုယ် ဘာကူညီပေးရမလဲ ပြောလေ''

ခင်ငြိမ်း မျက်နှာလေး လန်းသွားသည်။

''ခင်ငြိမ်းကို ဖြစ်နိုင်မယ်ဆိုရင် နှစ်သိန်းလောက် ကြိုငွေထုတ်ပေးလို့ရမလား ဆရာ၊ ဒီလကုန်ကစပြီး ခင်ငြိမ်းလစာထဲကနေ ဖြတ်ပါ''

''ဖြတ်စရာမလိုပါဘူး ခင်ငြိမ်းရယ် မင်းအဖေ ဆေးစစ်ခအားလုံး လေးသိန်းဆို၊ ဘာလို့ ကိုယ့်ဆီမှာ နှစ်သိန်းပဲ အကူအညီတောင်းတာလဲ''

''ဟိုလေ ခင်ငြိမ်းလက်စွပ်နဲ့ ဆွဲကြိုးလေးရောင်းရင် သုံးသိန်းလောက်တော့ ရမှာပါ ဆရာ၊ ဒါကြောင့်ပါ''

ရိုးသားလွန်းသော ခင်ငြိမ်းတို့မိသားစုလေးအပေါ် ကရုဏာသက်မိသွားကာ

''စကုတ်ကြည့်ပြီး ရောဂါအဖြေသိပြီးရုံနဲ့ ရောဂါက ပျောက်သွားမှာမှမဟုတ်တာ၊ သူတို့မှတ်ချက်ချတဲ့ရောဂါကို ဆေးဆက်ကုရဦးမှာပေါ့၊ ကဲပါ ငွေစာရင်းသမားဆီက ဆယ်သိန်းထုတ်ယူလိုက်ပါ၊ ကိုယ် ငွေစာရင်းကိုင် ဒေါ်ကြည်ပြာဆီကို ဖုန်းဆက်မှာထားလိုက်မယ်၊ လစာထဲ





ကလည်း မနုတ်နိုင်းပါဘူး''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ခင်ငြိမ်းလေ ဆရာ့ရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး''

မျက်ရည်လေးဝဲတက်ကာ ဝမ်းသာလှိုက်ဖိုနေသော ကျေးဇူးတင်စကားကို ရိုးသားစွာခံယူပြီး အပြုံးဖြင့် ခေါင်းညိတ်ပြကာ

''မလိုပါဘူး ခင်ငြိမ်း ကိုယ့်ကုမ္ပဏီက ဝန်ထမ်းတွေကို ကိုယ်က အလုပ်ရှင်ရယ် အလုပ်သမားရယ်ဆိုပြီး အလွှာခွဲခြားထားတာမှ မဟုတ်တာ၊ အားလုံးဟာ ပုလဲဖြူမရိသောဂလုပ်ငန်းကြီး တိုးတက်အောင် မြင့်အောင် ဝိုင်းဝန်းကြိုးစားနေကြတာပဲ မဟုတ်လား၊ ကိုယ့်ဝန်ထမ်းတွေရဲ့အရေးဟာ ကိုယ့်အရေးပဲပေါ့၊ ကဲ ကဲ လုပ်စရာရှိတာ ဆက်လုပ်တော့''

''ဟုတ်ကဲ့ ကျေးဇူးပါ ဆရာ''

ခင်ငြိမ်း ခပ်ရိုရိုခေါင်းညိတ်လျက် ရုံးခန်းထဲမှ ထွက်သွား၏။ အခက်အခဲဖြစ်နေသူကို ကူညီခွင့်ရလိုက်၍ ရင်မှာ ပီတိတော့ ဖြစ်သွားမိသည်။

ခင်ငြိမ်းမှမဟုတ် လုပ်ငန်းခွင်တစ်ခုလုံးမှာရှိသည့် ဝန်ထမ်းအားလုံး သန့်ရှင်းရေးလုံခြုံရေးကအစ အခက်အခဲဖြစ်လာလျှင် နောက်မတွန့်စတမ်း အကူအညီပေးမှာ တံတိုင်းရံ၍စိတ်ရင်းပင် ဖြစ်၏။

ရင်တွင်းမှ ပေါက်ဖွားလာသော စေတနာအရင်းခံမို့ ပီတိဖြစ်ရုံကလွဲပြီး တခြားဘာမှ မခံစားမိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဂိုဒေါင်က ရွှေပြည်သာမှာ သွားကြည့်၍ ပိုင်ရှင်နှင့်ဈေးစကား ပြောဆိုညှိနှိုင်းပြီးသောအခါ ညကိုးနာရီပင် ထိုးတော့မည်။

"ခင်ငြိမ်း အားနာလိုက်တာ၊ အချိန်တွေတောင် လင့်သွားပြီ"

ကားစက်နှိုးရင်း ခင်ငြိမ်းကို လှည့်ကြည့်ကာ ပြောနေသော တံတိုင်းရံစကားကြောင့် ခင်ငြိမ်းကို ပို၍ပင် အနေခက်သွားစေသည်။

"အားနာစရာလား ဆရာရယ်၊ ဒါ အလုပ်လုပ်နေတာပဲ ခင်ငြိမ်းအတွက် အိမ်ပြန်နောက်ကျလည်း ဘာမှမဖြစ်ပါဘူး၊ အိမ်ကိုလည်း အကျိုးအကြောင်း လှမ်းဖုန်းဆက်ထားလို့ အိမ်က စိတ်မပူပါဘူး"

"ဒါဆို ကိုယ်တို့ညစာကို အပြင်ဆိုင်တစ်ခုခုမှာ ဝင်စားရအောင်"

"ရပါတယ် ဆရာက အားနာစရာမရှိ ကြံဖန်ပြီး အားနာပြန်ပါပြီ၊ ခင်ငြိမ်း ဗိုက်မဆာပါဘူး"

"ညကိုးနာရီပဲ ထိုးနေပြီ၊ ထမင်းစားချိန်လွန်နေပြီပဲ၊ မဆာဘဲရှိမလား"

"တကယ်မဆာပါဘူး ဆရာရယ်၊ ခင်ငြိမ်း တကယ်ပြောတာပါ"

"အိုကေလေ ဒါဆို အိမ်ကိုပဲ တန်းမောင်းပို့တော့မယ်၊ ဖြစ်တယ်နော်"

"ဖြစ်ပါတယ် ဆရာ"

ခင်ငြိမ်း ဗိုက်မဆာဘူးဟု တွင်တွင်ငြင်းနေ၍ အပြင်ဆိုင်မှာ ညလယ်စာစားဖို့ အတင်းမတိုက်တွန်းမိတော့။ အမှန်ဆို တံတိုင်းရံကိုယ်





တိုင်ကိုက တခြားမိန်းကလေးတစ်ယောက်နှင့် ဆိုင်အတူထိုင်ပြီး စားကျင့်ရှိသည်မဟုတ်။ ကိုယ့်ဘက်က ဝတ္တရားရှိရှိသာ တာဝန်ကျေ မေးရခြင်းဖြစ်သည်။ တခြား မရိုးသားစိတ် လုံးဝမရှိ။

မေ့ ကွယ်ရာမှာ ခုလို ဆိုင်ထိုင်ရမည့်အရေးကိုလည်း စိတ်မလုံသလို ခံစားမိသည်။ ခုတော့ ခင်ငြိမ်းက အလိုက်တသိဖြင့် တွင်တွင်ငြင်းဆိုသောကြောင့် ခင်ငြိမ်း၏ရိုးသားသောစိတ်ကလေးကို ခုပ်တိတ်တိတ်ချီးကျူးမိသည်။

ကားမောင်းလာစဉ် လမ်းတစ်လျှောက်လုံး ခင်ငြိမ်းဘေးမှ ခပ်တိတ်တိတ် လိုက်လာသည်။ အလုပ်ကိစ္စမှလွဲ၍ တခြားပြောစရာစကားအကြောင်းအရာ မရှိကြ၍ ဘာမျှမပြောဖြစ်ခဲ့ကြတာလည်း ပါသည်။

ထိုစဉ် ဖုန်းမြည်လာသည်။ ကားမောင်းနေရင်းမှ ဘောင်းဘီအိတ်ကပ်ထဲမှ ဖုန်းကို ထုတ်ယူပြီး ပြောသည်။

"ဟဲလို မေ့ စိတ်ပူနေပြီလား၊ ဒီမှာကွာ ရွှေပြည်သာက ဂိုဒေါင်ဝယ်ဖို့သွားကြည့်တာ ဈေးညှိနေတာနဲ့ မိုးချုပ်သွားတယ်၊ ဒါနဲ့ သားရော အိပ်ပြီလား"

ခင်ငြိမ်း ငြိမ်ငြိမ်နားထောင်နေလိုက်သည်။

"ဟာ မအိပ်သေးဘူးလား၊ အိပ်ခိုင်းတော့လေ၊ မနက်ကျောင်းတက်ရမယ့်ဟာ၊ မေ့ရော ထမင်းစားပြီးပြီလား"

ခင်ငြိမ်း ပြုံးလိုက်သည်။

"ဟာကွာ မေ့ရယ် စားထားနှင့်ပေါ့၊ မောင်လား မစားရသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဗိုက်ကတော့ တအားဆာနေပြီကွ၊ မောင့်မိန်းမလက်ရာလေးကို စားချင်လှပြီ''

''ဖေယျာနဲ့သွားတာ မဟုတ်ဘူး၊ ခင်ငြိမ်းနဲ့သွားရတာ၊ ခု သူ့ကို အိမ်ပြန်ပို့ပြီးတာနဲ့ မောင် ပြန်လာတော့မှာလေ''

မကွယ်မဝှက်တမ်း ဖနီးကို တင်ပြနေသော ဆရာ့စိတ်ကို ခင်ငြိမ်း လေးစားနေမိသလို အားကျစိတ်လေးပင် ဝင်မိ၏။

မှေယက်လျာဆိုသော မသည် ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး မိန်းမများဖြစ်နေမလားဟု မဆီမဆိုင် တွေးဖြစ်သေးသည်။

ခင်ငြိမ်းကတော့ ဘယ်လိုယောက်ျားမျိုးနှင့် ဖူးစာဆုံပြီး ဘယ်လို ရှန်းကန်ရဦးမလဲ မသိ။

မိန်းမချင်း အားကျမိတာတော့ အမှန်ပင်ဖြစ်သည်။

■ ■ ■

## အခန်း (၃)

ဒီရက်ပိုင်းထဲမှာ စိတ်တွေ ဂနာမငြိမ်ဖြစ်နေရသူက ရင်လှိုင်း သစ် ပင်ဖြစ်သည်။

မိန်းမတစ်ယောက်၏ပကတိအလှတရားက မှော်ဆရာတစ် ယောက် ညှို့ယူထားသလို သူ လူးလူးလိမ့်လိမ့် ခံစားနေရသည်။

စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်နှင့် နေ့နေ့ညည မျက်ဝါး ထင်ထင် မြင်နေရသလို ကိုယ့်အနာကို ကိုယ့်လျှာဖြင့်ပင် သပ်တင်နေ မိသည်။

အဖူးအပွင့် ဝေစည်သော အရွယ်ရောက်ပြီး မိန်းမတစ်ယောက် ၏အလှကို ဒါ ပထမဦးဆုံးအကြိမ် အရှင်လတ်လတ် တွေ့ဖူးခြင်းဖြစ် သည်။

သူ ဘယ်သူလဲ။



www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းရဲ့ဂေါ်ညီမ ဖြစ်ပါစေဟု အကြိမ်ကြိမ် စိတ်က ဆုတောင်းမိသည်။ တစ်ဆက်တည်းဆိုသလို တံတိုင်းရဲ့ဂေါဇနီးဖြစ်နေမှာကို စိုးရိမ်နေမြောမိပြန်၏။

မျက်စိကိုစုံမှိတ်ပြီး သက်မအခါခါချကာ အနီးရှိ ဖက်လုံးကို အားပါးတရ ဆွဲဖွလိုက်ပြီး ခံစားမှုတွေကို အလိုက်သင့် စီးမျောလိုက်သည်။

စိတ်ရိုင်းတွေ ဘောင်းဘီရှည်ကိုချွတ်ကာ လမ်းထလျှောက်သည်။

လွတ်လပ်မှုများဖြင့် အလှည့်ကျ ပွင့်သောပန်းတွေက နှင့်နှင့်သည်းသည်း ရွှဲရွှဲစိုစို။ ညသည် တစ်သားမွေး တစ်သွေးလှဆိုသလို တင်စွင့်ကားကာ လမ်းသလားရှုံနေလေသည်။

■ ■ ■

ညှော်ခံပွဲတစ်ခုတက်ရန် ဝတ်စုံလိုသဖြင့် သားလေးကို ကျောင်းပို့ပြီး မေ့တစ်ယောက်ထဲ ပိုးထည်တိုက်ရှိရာသို့ ကားမောင်းထွက်လာခဲ့သည်။

ကောင်းကင်မှ မိုးသားညိုညိုတွေ အုံ့မည်းတက်လာ၍ မေ့ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ မေ့က မိုးရာသီကို မနှစ်သက်သောကြောင့် မိုးရွာပြီဆိုလျှင် အပြင်ထွက်လေ့မရှိ။

သို့သော် ထွက်လာလက်စနှင့်တော့ မတတ်နိုင်။ မဝယ်လို့ကလည်း မဖြစ်။ ညှော်ခံပွဲက နီးနေပြီ။

မေ့မှာ ပွဲတက်ဝတ်စုံတွေ အများကြီးရှိသော်လည်း ညှော်ခံပွဲ





တစ်ပွဲတက်တိုင်း တစ်ခါမှမဝတ်ရသေးသော ဝတ်စုံအသစ်ဖြင့်သာ ပွဲတက်ချင်သော မေ့စိတ်က ဟိုးအရင်အပျိုကတည်းက အရိုးစွဲနေခဲ့ပြီမို့ ဘယ်လောက်ပင် ဝတ်စရာတွေ ဗီရိုကြီးတစ်လုံးအပြည့်ရှိနေပါစေ ပေါ်သမျှအသစ်အဆန်းတွေကိုသာ မက်မက်မောမော ဝတ်ဆင်တတ်သည်က မေ့အကျင့်။

အရာရာမှာ ပြည့်စုံနေသော မေ့လို မိန်းမမျိုးအဖို့ ပွဲတစ်ခါတက်တိုင်း ဝတ်စုံတစ်စုံ ဝယ်ဝတ်တတ်တာ သိပ်တော့မဆန်းကြယ်ပါ။ တန်ကျစရိတ်လည်း ပြည့်စုံချမ်းသာသော မေ့အတွက် ထူးပြီး မပြောပလောက်။

ကားလေးကို ခပ်မှန်မှန် မောင်းနေရင်းမှ ရှေ့ဂိုဝိုင်မီးပွိုင့်မိတော့မေးရပ်ကာ မောင့်ဆီ ဖုန်းခေါ်လိုက်သည်။

ဒီအချိန် မောင် ဘာလုပ်နေသလဲ၊ ညှော်သည်နဲ့စကားပြောနေသလား။ ဒါမှမဟုတ် အစည်းအဝေးခန်းထဲ ဝင်နေသလား။ ထမင်းမစားရသေးဘူးဆိုလျှင်တော့ မောင်နှင့်ဟိုတယ်တစ်ခုခုမှာ ထမင်းအတူတူသွားစားကြဖို့ စိတ်ကူးရသွားသည်။

"ကျွတ် အရေးထဲကွာ မောင်ကလည်း ဖုန်းပိတ်ထားရတယ်လို့"

စက်ပိတ်ထားသည်ဟု ပြန်ဖြေကြားသံကြောင့် ရင်ထဲ မောရှုကြီး ဖြစ်သွားကာ သက်ပြင်းဖျော့ကို ဟင်းခနဲ ချကာ ခပ်တိုးတိုးညည်းလိုက်သည်။

ဖုန်းကို ဒက်ရှ်ဘုတ်ပေါ် လှမ်းတင်လိုက်သည်။ မီးပွိုင့်မှ မီးစိမ်း၍



www.burmeseclassic.com

www.burmeseclassic.com



ကားကို ခပ်ငြိမ့်ငြိမ့်မောင်းထွက်ခဲ့လိုက်သည်။

မောင် အလုပ်မအား၍ ဖုန်းပိတ်ထားသည်ဟုပဲ စိတ်ကိုဖြေတွေးလိုက်ကာ ပိုးထည်တိုက်ရှိရာ တစ်ဖက်လမ်းသို့ ကားကို ဦးတည်လိုက်သည်။ မိုးသည် အုံ့မှိုင်းနေရာမှ မိုးစက်ပေါက်ကြီးများ ကျလာ၏။

■ ■ ■

သည်းထန်စွာ ပို၍သည်းလာသော မိုးရေတွေထဲမှာပင် ကားကို လမ်းဘေးချရပ်ကာ မမနွယ်တို့ ပိုးထည်တိုက်ရှိရာသို့ ထီးကမန်းကတန်းဖွင့်၍ ခပ်သွက်သွက်လေး ဝင်ခဲ့လိုက်သည်။

"ဟယ် မေ့ မိုးရွာကြီးထဲမှာကွယ်"

"ဟုတ်တယ် မမနွယ်ရယ် မေ့ ထွက်လာတုန်းက နေကသာနေသေးတယ်လေ၊ လမ်းတစ်ဝက်ရောက်မှ ကောက်ကာငင်ကာ ရွာချတော့တာပဲ"

ဆောင်းလာသော ထီးလေးကို ပိတ်ပြီး အဝင်ဝရှိ ထီးအစိုတွေထည့်သည့် ပုံးကလေးထဲကို ထည့်ထောင်လိုက်သည်။

"မိုးဆိုတာ ဒီလိုပဲ မေ့ရေ အနုတ္တ သဘောကိုဆောင်တဲ့အထဲမှာ မိုးလည်းပါတယ်လေ လာ လာ ညီမလေး"

မမနွယ် မေ့လက်ကလေးကို လှမ်းဆွဲခေါ်၏။ တစ်ဆက်တည်းမှာပင် အတွင်းခန်းထဲသို့ ကဲကြည့်ပြီး

"နီလာရေ"

"ရှင်"





"ကော်ဖီပူပူလေးတစ်ခွက် အမြန်ဖျော်ခဲ့ပါကွယ်"

"ဟုတ်ကဲ့ အန်တီနွယ်"

"ကဲ ထိုင် မေ့ မနေ့ကတောင် မမနွယ် မေ့လေးကို သတိရနေသေးတယ်၊ ဆိုင်မှာ အထည်ဆန်းတွေရောက်တယ်လေ၊ ဖုန်းဆက်ဖို့ စိတ်ကူးတုန်းရှိသေးတယ် မေ့လေး ရောက်လာတာနဲ့ အတော်ပဲဖြစ်သွားတယ်"

"ဟုတ်လား မေ့လည်း ညနေခံပွဲတစ်ခုတက်စရာရှိတာနဲ့ ထွက်လာတာ ပွဲရက်က ကြားထဲမှာ တစ်ပတ်ပဲခြားတာဆိုတော့ အချိန်မီတော့ချုပ်ပေးရမယ်နော်"

"အိုး စိတ်ချ လုံးဝကို အချိန်မီစေရမယ်၊ မမနွယ်က မေ့လေးအတွက်ဆို အမြဲတမ်း စိတ်တိုင်းကျစေရမယ်ဆိုတာ သိတယ်မဟုတ်လား"

မှန်ဗီရိုထဲမှာ ထည့်ထားသော ဟန်းမိတ်ဒီဇိုင်း ပိုးထည်တွေကို မမနွယ် ထုတ်ပြသည်။

"အဲဒါတွေက ဂျာမနီမိတ်တွေ မေ့လေးရဲ့၊ ပြီးခဲ့တဲ့အပတ်က ရောက်တာ၊ သူ့ဒီဇိုင်းတွေက မြန်မာဆန်ပေမယ့် မေ့တို့လို အရမ်းလှပြီး ဘာလေးပဲဝတ်ဝတ် ဖက်ရှင်ကျနေတဲ့ အမျိုးသမီးလေးတွေသာ ဝတ်လိုက်ရင် အရမ်းကို ထည်ဝါသွားမှာ၊ ဟောဒီဘက်မှာက ကွန်ပျူတာ ဒီဇိုင်းတွေနဲ့ အီတလီမိတ်၊ ဒါက မနေ့ကမှ ဝင်တာ"

"ဒီမှာ ချိတ်ထားတာတွေကတော့ ရယ်ဒီမိတ်တွေ၊ မေ့လေးနဲ့ဆိုရင် အလန်းလန်းသွားပြီး ကိုယ်တံတိုင်းရဲ့တောင် နောက်ကနေ စိတ်မချ



www.burmeseclassic.com

www.burmeseclassic.com



လွှန်းလို့ တကောက်ကောက်လျှောက်လိုက်နေရမှာ မြင်ယောင်သေး”

“အဟင်း မမနွယ်ကတော့ မြှောက်နေပြန်ပါပြီ”

“သြော် ဒီလူနဲ့ ဒီလူ မြှောက်စရာလားကွယ်၊ မမနွယ်က မြှောက်ပြောရင်တောင် မေ့ကို မီအောင်မြှောက်နိုင်မယ် မထင်ပါဘူးကွယ်”

ဒမ်မီရုပ်မှာ ဆင်ထားသည့် အဝါနှင့်ဖက်ဖူးစိမ်းရောင်လေးရောက ဒီဇိုင်းဆင်ထားသည့် ဝတ်စုံလေးကို မေ့ သဘောကျသွားသည်။

“ဒါလေးကို မျက်စိကျနေပြီ မဟုတ်လား၊ သူ့အပေါ်က သလင်းကျောက်ကလေးတွေက ချုပ်ထားတဲ့ဒီဇိုင်းနဲ့ အရမ်းကိုလိုက်တယ်၊ ကျောက်ဖိုးပဲ မနည်းဘူး၊ မနေ့က မော်ဒယ်သင်းရနံ့တောင် ဝယ်မလို့ သူ့ကိုယ်နဲ့ နည်းနည်းပွနေတယ်ဆိုပြီး ဒီပုံစံအတိုင်းကိုပဲ ပိတ်စဝယ်ပြီး အပ်ခဲ့တာ၊ မေ့နဲ့ဆိုရင် လုံးဝကို ကွက်တိ၊ မေ့က အသားလေးကလည်း ဝါဝင်းနေတော့ မင်းသမီးတွေတောင် မေ့အလှကို ထိုင်ငိုသွားမှာ”

“အန်တီနွယ် ကော်ဖီရပါပြီ”

ကျွန်းစားပွဲဝိုင်းလေးပေါ် လာချပေးသည့် အငွေ့တထောင်းထောင်း ကော်ဖီရနံ့လေးက မေ့နှာခေါင်းထဲ တိုးဝင်လာသည်။

“မေ့ရေ အချမ်းလေးပြေသွားအောင် ကော်ဖီပူပူလေး သောက်လိုက်ပါဦးကွယ်”

မေ့ခုံမှာ ဝင်ထိုင်ပြီး ကော်ဖီပူပူလေးကို အရသာခံ၍ သောက်လိုက်သည်။ အပြင်မှာ မိုးတွေက သဲကြီးမဲကြီး ရွာဆဲ။

■ ■ ■



## အခန်း (၆)

မမနွယ်ဆိုင်က ပြန်ထွက်လာသောအခါ မိုးကဖွဲဖွဲလေးသာ ရွာတော့သည်။ မေ့ ဝယ်လာသော ပိတ်စတွေနှင့် ဝတ်စုံအချို့ထည့်ထားသော အိတ်ကို ဘေးခုံပေါ်မှာ တင်ထားသည့်အတွက် ပစ္စည်းစုံ မစုံ လှမ်းစစ်လိုက်သေးသည်။

သားကို ကျောင်းဝင်ကြိုရမှာမို့ ကားကို မြို့ထဲဘက်သို့ ဦးတည်လိုက်သည်။ ကားမောင်းနေရင်းမှ အကင်ဆိုင်ရှေ့ကအဖြတ် သားက အကင်ကြိုက်သည်ကို သတိရသွားပြီး အကင်ဆိုင်ရှေ့မှာ ကားရပ်ကာ ဝင်ဝယ်ရသေးသည်။

လက်ကိုင်အိတ်ကတစ်ဖက် အကင်ထည့်သည့်ဖော့ဘူးကတစ်ဖက်နှင့် အရေးထဲ ဖုန်းဝင်လာ၍ လက်ကိုင်အိတ်ထဲမှ ဖုန်းကို ထုတ်ယူကာ နားကြပ်ကိုတပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို မောင် ပြော"

ရှေ့ကို ဂရုစိုက်မောင်းရင်း မောင် ဘာပြောမလဲဟု ကားစက်သံတွေကြားထဲမှ နားစွင့်လိုက်သည်။

"သြော် မောင်ရယ် မေ့က အခု သားကိုကျောင်းပို့ရင်း မမနွယ်တို့ ပိုးထည်တိုက်ကိုဝင်နေတာ အခု အကင်ဝယ်ပြီး မောင့်ကို ဖုန်းဆက်တော့မလို့"

"ရှင် မေ့က ဘယ်ကိုသွားရမယ်"

တစ်ဖက်မှ မောင် သွားခိုင်းသည့်နေရာကို မသဲကွဲသဖြင့် သေချာစေရန် ထပ်မေးလိုက်သည်။

"သြော် ဟုတ်ပြီ ဟုတ်ပြီ မောင် ဘယ်လောက်သွားလှူပေးရမယ်"

လောက်ကိုင်တိုက်ပွဲတွင် ကျဆုံးသွားသော စစ်သည်တွေအတွက် ပရဟိတအလှူငွေကို သွားပေးခိုင်းနေသဖြင့် ငွေ ဘယ်လောက်ဆိုတာကို သေချာအောင် ထပ်မေးလိုက်သည်။

"သြော် ဟုတ်ပြီ မောင် ဘဏ်ကငွေလွှဲမနေတော့ဘူး၊ ငွေသားပဲ သွားပေးလိုက်တော့မယ်လေ၊ မောင်ညွှန်းတဲ့လိပ်စာက ဒီနားလေးတင်ပဲမဟုတ်လား။ မေ့ကိုယ်တိုင်ပဲ သွားပေးလိုက်တော့မယ်"

မောင်နှင့်ဖုန်းပြောပြီးသည်နှင့် ပရဟိတအလှူငွေလှူရန်အတွက် ငွေပြန်ယူရမည်မို့ ကားကို အိမ်သို့ဦးတည်ပြီး မောင်းလိုက်သည်။

■ ■ ■



"အောင်မလေး အလှူငွေသွားပေးရမယ့်အခန်းက ငါးလွှာဆိုတော့ အပေါ်တက်ရဦးမယ်"

ငွေထည့်ထားသော စလင်းဘက်အိတ်ကိုလွယ်ပြီး လှေကားကျဉ်းကျဉ်းလေးပေါ်သို့ တက်ခဲ့သည်။ ငါးလက်မခန့်ရှည်သော ဒေါက်ဖိနပ်ဖြင့် တက်ရ၍ မောဟိုက်ချင်သလိုလို ခံစားရလာသည်။

နောက်မှ လူတစ်ယောက်တက်လာသော ခြေသံကြောင့် မေ့လှည့်ကြည့်လိုက်သည်။ သူ တက်လာဖို့အတွက် ကိုယ်က ရှေ့မှပိတ်နေသဖြင့် ဘေးကိုကပ်ပြီး ရှောင်ပေးလိုက်သည်။ ရုတ်တရက် ဒေါက်ဖိနပ်ချွန်မြမြက လှေကားထောင့်စွန်းဘက် ချော်ကျသွားသဖြင့် လူက ယိုင်နဲ့၍ သွားသည်။

"အမလေး"

"ဟာ"

နောက်ကို လန်ကျပြီဆိုသည့်အသိကြောင့် လှေကားလက်ရန်းကို လှမ်းကိုင်လိုက်တော့ မမီတော့။ တစ်ဆစ်ချိုးတက်ပြီးပြီမို့ အနောက်မှတက်လာသော ရင်လျှိုင်းသစ်ရော မေ့ပါ နှစ်ယောက်သား ဒလိမ့်ခေါက်ကွေး ပြုတ်ကျသည်။ မေ့ စိတ်တွေ ကယောင်ချောက်ချားဖြစ်ကာ တစ်ခုခုဖြစ်ပြီဟု စိတ်ကသိလိုက်သည်။ လူက လှေကားအောက်သို့ လေးငါးထစ်ခန့် ပြုတ်ကျပေမယ့် ရင်လျှိုင်းသစ်က နောက်မှ သိမ်းဖက်ထားသည်မို့ ကိုယ်ကို မထိနိုက်အောင် ကာကွယ်ပေးနေသည်နှင့်တူနေသဖြင့် မေ့ နာကျင်မှုတစ်စုံတစ်ရာ မဖြစ်မိပါ။

www.burmeseclassic.com

www.burmeseclassic.com



ရင်လှိုင်းသစ်မှာသာ ကိုယ်ရှေ့မှ ယိုင်ထိုးကျလာသော မေ့၏ ကိုယ်လုံးလေး ပြုတ်မကျအောင် လှမ်း၍ ဖက်ထိန်းရင်း သူပင်အကျနာ ကာ မေ့ကိုယ်အောက်မှာ ပိနေသည်။

လေ့ကားသည် အလင်းရောင်ကောင်းကောင်းမရှိဘဲ အနည်း ငယ် မှောင်မိုက်နေသည်မို့ မေ့ ကိုယ်လေးကို တင်းကြပ်စွာဖက်တွယ်ထား လိုက်သည်။

"အား နာလိုက်တာ ကျိုးပြီထင်တယ်"

"ရှင် ရှင် ဘာဖြစ်သွားသေးလဲ"

"အား ကျွတ် ကျွတ်"

ခြေမကွဲသွားသည့်အတွက် ခြေမမှ သွေးတို့ စိမ့်ထွက်လာသည့် အပြင် ခြေဆစ်ရိုးပါ လွဲသွားသလားမသိ။

ရင်လှိုင်းသစ် ကိုယ်ပေါ်မှာ ဖရိုဖရဲ လဲကျနေသော မေ့သည် ဖက်တွယ်ခြင်းခံထားရသော လက်အစုံမှ အတင်းရုန်းထွက်ပြီး တညည်း ညည်း တညူညူ ဖြစ်နေသည်။ ရင်လှိုင်းသစ်ကို အားနာသောအကြည့် ဖြင့် ကြည့်လိုက်သည်။

သူသာ နောက်မှစီးပြီး မဖမ်းလိုက်လျှင် မေ့ ခေါင်းကွဲမလား လက်ကျိုးမလား တစ်ခုခုတော့ဖြစ်မှာ ကျိန်းသေသည်။

"အ ကျွန် ကျွန်တော် ထဖို့မလွယ်ဘူးထင်တယ်"

"ဟင် ရှင် တစ်ခုခုများကျိုးသွားလို့လား"

"မ မသိဘူး ဒီညာဘက်ခြေထောက် ထောက်မရဘူး ဖြစ်နေ





တယ်"

ရင်လှိုင်းသစ် အတင်းကုန်းထဖို့ ကြိုးစားသော်လည်း ဆစ်ခနဲ နာကျင်ရသော ခြေမျက်စိနားမှာ ဝေဒနာကြောင့် ပြန်ထိုင်လိုက်ရသည်။ ကိုယ့်ပယောဂမကင်းသူမို့ မေ့ ဘာလုပ်၍ဘာကိုင်ရမှန်းမသိအောင် ထူပူ သွားသည်။

"ဒုက္ခပါပဲ ရှင် မေ့ကြောင့် ခုလိုဖြစ်ရတာ မေ့ ရှင့်ကိုဆေးခန်း ပို့ပေးပါ့မယ်"

"ဆေးခန်းသွားဖို့နေနေသာသာ ခုတောင် ဘယ်လိုမတ်တပ်ရပ် ရမှန်းမသိဘူး ဖြစ်နေတယ်"

"မေ့ တွဲပါ့မယ်"

"ဒါဆိုရင် ကျွန်တော့်အခန်းကို တွဲပို့ပေးပါလား။ ဆေးခန်းက တော့ မသွားတော့ပါဘူး"

"ရှင် ဆေးခန်းမသွားလို့ ဖြစ်မလား"

"ဖြစ်ပါတယ်"

"အင်း ဒါဆို ကောင်းပြီလေ၊ မေ့ လိုက်တွဲပို့ပေးပါ့မယ်၊ ဘယ် အထပ်ကို ပို့ပေးရမလဲ"

"ခြောက်လွှာကို"

ခြောက်လွှာဆို၍ မေ့ ပိုပြီး မောဟိုက်သွားသည်။ ခုတောင် နှစ်လွှာပဲရှိသေးတာ။ နောက်ထပ်လေးလွှာထိ ဒီခန္ဓာကိုယ်ကြီးကို တွဲပို့ ပေးရဦးမည်။ မပို့၍လည်း မဖြစ်။ ကိုယ့်ကြောင့် သူ ဒဏ်ရာရသွားတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သူ့လက်မောင်းကျစ်ကျစ်ကို မရဲတရဲဆုပ်ကိုင်တွဲထူလိုက်သည်။ အားနွဲ့သူမို့ ခန္ဓာကိုယ်မယိုင်အောင် မနည်းထိန်းပြီး တွဲထူရသည်။

ထော့နင်းထော့နင်းဖြင့် တိုက်လှေကားပေါ်သို့ တစ်ထစ်ချင်း တက်လာသော ရင်လှိုင်းသစ် ရင်ထဲမှာ မေ့၏အထိအတွေ့ကြောင့် ရင်ထဲ လှုပ်ခတ်နေ၏။

လှေကားထစ်က ကျဉ်း၍ နှစ်ယောက်သား အနည်းငယ်မှောင်မိုက်သော အလင်းရောင်အောက်မှာ စမ်းတဝါးဝါးဖြင့် တက်လာရ၏။

"မမ မောနေလားဟင်"

"ဟင့်အင်း ရပါတယ်မမောပါဘူး"

"အားနာလိုက်တာဗျာ၊ မမကသာ မမောဘူးပြောနေတာ မမ အသံက ဟိုက်သံကြီးတောင်ပါနေပြီ"

"လှေကားအမြင့်ကြီး တက်စမရှိလို့ပါကွယ်"

"နောက်တစ်ဆင့်ဆိုရင်တော့ ရောက်ပါပြီ၊ ဩော် ကျွန်တော့် နာမည်လည်း မှတ်ထားဦးနော်၊ လှိုင်းလို့ ခေါ်တယ်"

"အေးပါကွယ် မမ မှတ်ထားပါ့မယ်"

စကားတပြောပြောဖြင့် လှိုင်း၏အိမ်တံခါးပေါက်ရှေ့သို့ ရောက်လာသည်။ အပေါ်ရောက်မှပင် မေ့ရင်ဘတ်တွေ ဖုတ်လိုက်ဖုတ်လိုက်ဖြင့် ပို၍ မောလာသည်။

ရင်လှိုင်းသစ် သူ့ဘောင်းဘီအိတ်ထဲမှ အိမ်သော့ကိုနှိုက်ယူပြီး ဖွင့်လိုက်သည်။





"လာ မမ ကျွန်တော် တစ်ယောက်တည်းနေလို့ အိမ်က နည်းနည်းတော့ ရှုပ်တယ်ဗျ"

ပြောပြောဆိုဆိုဖြင့် နံရံမှ မီးခလုတ်ကို ဖွင့်လိုက်သည်။ ဖျောက်ခနဲအသံနှင့်အတူ အခန်းကြီး တစ်ခုလုံးမီးတွေ လင်းထိန်သွားသည်။

မီးအလင်းရောင်အောက်မှ မြင်ရသော အခန်းကျယ်ကြီးကို ဘာရယ်မဟုတ် ဝေ့ကြည့်လိုက်သည်။ အခန်းကျယ်ကြီး၏နံရံပတ်ပတ်လည်တွင် ပန်းချီကားတွေအပြည့်။ ဘုရားခန်းဟု ထင်ရသော အခန်းကျဉ်းလေးတစ်ခန်းသာ အိပ်ခန်း၏ထောင့်တွင် တွေ့ရပြီး ကျန်နေရာများမှာ ဘယ်ဟာအိပ်ခန်း ဘယ်ဟာဧည့်ခန်းဆိုပြီး ခွဲခြားထားတာမရှိ။ မီးဖိုခန်းဘက်ကိုကြည့်လိုက်တော့လည်း တိုးလျှိုပေါက်၊ ခုတင်ရှိရာဘက်ကို ကြည့်လိုက်တော့လည်း အိပ်ခန်းရယ်ဟူ၍ ကာရံထားခြင်း မရှိ။

တစ်ခန်းလုံး ပန်းချီပစ္စည်းတွေနှင့် စာအုပ်တွေဖြင့်သာ ပြည့်နှက်နေပြီး ခုတင်ဘေးတွင် ရေးလက်စဟုထင်ရသော ပန်းချီရေးသည့် ဘင်းဘတ်စ်ပြားတစ်ခုနှင့် စတန်းတစ်ခုကိုလည်း တွေ့ရသည်။

မေ့ နှာခေါင်းထဲ ပန်းချီရေးသည့် ဆီဆေး ရေဆေးနံ့တွေက မယဉ်ပါးစွာဖြင့် တိုးဝင်လာသည်။

"မင်းကို မေ့ ဘယ်မှာတွေ့ဖူးနေပါလိမ့်"

ရင်လှိုင်းသစ်ကိုကြည့်ပြီး မေ့ ဇဝေဇဝါ ဖြစ်နေသည်။ တစ်နေရာရာမှာ မြင်ဖူးနေသလိုနှယ်။ အိမ်က ရေချိုးခန်းအတွင်းမှာ ဆုံကြဖူးသည်ဆိုတာကို လုံးဝ မမှတ်မိ။ ရင်လှိုင်းသစ်ကတော့ မှတ်မိနေပေမယ့်

www.burmeseclassic.com



အစပြန်မဖော်ချင်။ မေ့ ရှက်ပြီး ကိုယ့်အနားမှ ထွက်ပြေးသွားနိုင်၍ ထိုအခွင့်အရေးကို လက်လွှတ်မခံနိုင်ပါ။ အိပ်မက်နတ်သမီးနှင့် ခရီးတွေ မနားတမ်းသွားချင်နေသည်။

"ဒါနဲ့ မမက ဘယ်ကိုလာတာလဲ၊ ဒီတိုက်ကတော့ မဟုတ်လောက်ဘူး"

"ဟုတ်တယ် ငါးလွှာကိုလာတာ၊ ပရဟိတအလှူငွေလာပေးတာလေ၊ မင်းနဲ့တွေ့ပြီး ခုလိုဖြစ်လို့ သွားတောင်မပေးရသေးဘူး"

"ထိုင်လေ မမ"

"နေပါစေကွယ် မမ မထိုင်တော့ပါဘူး"

"ဟာ ကျွန်တော့်အိမ်ပေါ်ရောက်ပြီးမှတော့ မထိုင်ဘဲနဲ့ မပြန်ပါနဲ့ မမရာ၊ ခဏဖြစ်ဖြစ်တော့ ထိုင်ပါ"

ရင်လှိုင်းသစ်ကို အားနာ၍ မေ့ မထိုင်ချင်ဘဲနှင့် ထိုင်လိုက်ရသည်။ ရင်လှိုင်းသစ် မေ့အနီး ခုတင်ပေါ်တွင် ထိုင်မည်ပြုပြီးမှ မေ့ကို တစ်ခုခုနှင့်ညည့်ခံရန် သတိရသွားပြီး ထိုင်ရာမှ ပြန်ထလိုက်သည်။ ရေခဲသေတ္တာရှိရာသို့ ထော့နင်းထော့နင်းဖြင့် လျှောက်သွားသည်။

"အ ကျွတ် ကျွတ် ခြေထောက်က သွေးတော်တော်ထွက်နေတာပဲ"

ကွဲသွားသော ခြေမကိုကြည့်ပြီး ရင်လှိုင်းသစ် မသက်မသာ ညည်းတွားလိုက်သည်။ ဒီတော့မှ မေ့ သေချာကြည့်ပြီး

"ဟယ် မင်းခြေထောက်တွေ သွေးတွေပါလား။ ခြေမျက်စိက





လည်း ရောင်လာပြီ"

"ရပါတယ် မမ၊ မမအတွက် အအေး ရေခဲသေတ္တာထဲမှာရှိတယ် အ ကျွန်တော် ယူပေးချင်ပေမယ့် လမ်း လမ်းလျှောက်ဖို့မလွယ်ဘူးဖြစ်နေတယ်"

"အို ရပါတယ် မမ ဘာမှမသောက်ချင်ဘူး။ မင်းဒဏ်ရာအတွက် ဆေးခန်းသွားပြမှရမှာပေါ့၊ စိတ်မကောင်းလိုက်တာ နောက်ပြီး မိသားစုရော"

"မရှိပါဘူး ကျွန်တော် တစ်ယောက်တည်းသမားပါ မမ"

"ဟော့တော် ဒုက္ခပါပဲ၊ ဒါဆိုရင် မင်းဘယ်လိုလှုပ်ရှားသွားလာမလဲ"

"ထမင်းဟင်း ဆင်းပြီး မဝယ်နိုင်လည်း အိမ်မှာခေါက်ဆွဲခြောက်တွေရှိတယ်၊ ပြုတ်သောက်လို့ ရပါတယ် မမရာ"

"ခု လမ်းမှမလျှောက်နိုင်တာ၊ ခြေမကလည်း သွေးတွေတော်တော် ထွက်နေတယ်၊ တစ်ရက်နှစ်ရက်လောက်တော့ အောက်ကို ဆင်းလို့မရလောက်သေးဘူး ထင်တယ်၊ ကြည့်ပါဦး ခြေကျင်းဝတ်က ရောင်ပြီး ညိုတက်လာတယ်၊ မင်းမှာ လိမ်းဆေးနဲ့ ပတ်တီးရှိလား"

"ရှိတယ် မမ"

"ပေး မမဆေးလိမ်းပြီး ပတ်တီးစည်းပေးခဲ့မယ်"

"ဟာ အားနာစရာကြီး"

"အားနာရမယ့်အချိန်မဟုတ်တော့ဘူးလေ၊ မမကြောင့်ဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



မမမှာတာဝန်ရှိတယ်''

"ဒါဆိုရင် ဟောဟို စာအုပ်စင်အပေါ်ဆင့်မှာ ဆေးသေတ္တာလေးရှိတယ်၊ မရှိမသေ မမပဲ လှမ်းယူလို့ဖြစ်မလား''

ရင်လှိုင်းသစ် တော်တော်လေး အားနာနေပုံရသဖြင့် မေ့ ပေါ့ပေါ့ပါးပါးဟန်ဖြင့် စာအုပ်စင်ပေါ်မှ ဆေးသေတ္တာကို လှမ်းယူလိုက်သည်။

မေ့ဧါနောက်ကျောပြင်မှ ၄ှပကျော့ရှင်းသော ခန္ဓာကိုယ်ကောက်ကြောင်းကိုကြည့်ပြီး ရင်လှိုင်းသစ် ခံစားမှုတွေ လှိုင်းထန်နေသည်၊ ဟိုနေ့က ရေချိုးခန်းထဲမှာ မြင်လိုက်ရသော မေ့အလှတွေနှင့် ရင်းနှီးခွင့်ရချင်လာသည်။ စိတ်လှုပ်ရှားလာသဖြင့် လက်နှစ်ဖက်ကို အဓိပ္ပာယ်မဲ့ ပွတ်သပ်လိုက်သည်။

"ဒီဘူးလား''

မေ့အမေးကြောင့် ဆန္ဒတွေကို လုံအောင်ဖုံးပြီး မေ့ကိုမော့ကြည့်ကာ

"ဟုတ် ဟုတ်ကဲ့ မမ''

ယောကျ်ားလေးဖြစ်ပြီး အသားအရေ နုဖတ်လွှန်းနေသော လှိုင်းဆိုသော ကောင်လေး၏မွှန်ရည်သန့်ပြန့်သော ရုပ်ရည်လေးကို မေ့ ပထမဦးဆုံး သတိထားလိုက်မိသည်။

မထူမပါး နက်မှောင်နေသော မျက်ခုံးတန်းနှင့် စူးနက်သော မျက်လုံးမျက်ဖန်က မိန်းကလေးတွေကို ဆွဲဆောင်နိုင်မည့်အကြည့်တွေမှန်း သိသာ၏။





ချွန်ပြီး သွယ်တန်းသော နှာခေါင်းနှင့် ပိရိသေသပ်သော ယောကျ်ားပီသသည့် နှုတ်ခမ်းကျစ်လျစ်သန်မာပြီး ထွားကျိုင်းသော ယောကျ်ားပီသသည့် ကိုယ်နေဟန်ထား။ အားလုံးခြုံကြည့်လျှင် အနုပညာသမားတစ်ယောက်ဟု ဆိုထိုက်အောင် တင့်တယ်စွာ ကြည့်ကောင်းနေတာတော့ အမှန်ပင်ဖြစ်သည်။

မေ့ ထိုသို့ မှတ်ချက်ချနေရင်းမှ ကိုယ့်ကိုကိုယ် ဒေါသထွက်မိသွားသည်။ ယောကျ်ားတစ်ယောက်ကို လေ့လာအကဲခတ်ပြီး တိတ်တဆိတ်ဝေဖန်နေသော မေ့စိတ်ကူးတွေက မှုမမှန်သလိုကြီး ဖြစ်နေပြီလား။

တကယ်ဆို သူ့ဟာသူ ချောချော မချောချော မေ့နဲ့ဘာဆိုင်တာမှတ်လို့၊

"မမ ကျွန်တော့်ဟာ ကျွန်တော်ပဲ ဒဏ်ရာကို ဆေးထည့်ပါမယ်''

"မင်း ဒဏ်ရာ သွေးတွေထွက်နေတာကို အရင်ဆုံး သန့်ရှင်းရေးလုပ်ရဦးမယ်၊ ရေနွေးရောရှိလား''

"ရပါတယ် ကျွန်တော် လုပ်ပါ့မယ် အဲ ရေနွေးတော့ မရှိဘူး''

အားနာသလို တွန့်ဆုတ်တွန့်ဆုတ် လုပ်နေသော လှိုင်းကိုကြည့်ပြီး မေ့က ပြန်၍အားနာရပြန်သည်။

"ဒါဆို ရေနဲ့ပဲ သန့်ရှင်းရေးလုပ်ရမှာပေါ့''

"ရေ ရေချိုးခန်းထဲမှာ ရေရှိတယ် မမ''

မေ့ ရေချိုးခန်းဘက်သွားပြီး ရေယူလိုက်သည်။ မေ့ လှုပ်ရှားမှု



www.burmeseclassic.com

www.burmeseclassic.com



တွေကို မျက်တောင်မခတ် တစိမ့်စိမ့်ထိုင်ကြည့်နေသူက ရင်လှိုင်းသစ်။

"ခုလောလောဆယ်တော့ မင်း လမ်းလျှောက်လို့ မရနိုင်သေးဘူး၊ မင်းခြေထောက်တော်တော်ကို ရောင်နေတယ်၊ မမကတော့ မင်းကို ဆေးခန်းပို့ပေးချင်တယ်"

ဒဏ်ရာကို ပတ်တီးစည်းပေးနေသော မေ့ ဒီလောက်ကလေး ဆေးထည့်ဆေးလိမ်းရုံနှင့် မလုံလောက်ဘူးဟု ထင်မိသည်။

"တစ်ရက် နှစ်ရက်လောက်တော့ နေကြည့်လိုက်ဦးမယ် မမ၊ လုံးဝ မသက်သာမှ မမဆီဖုန်းဆက်လိုက်မယ်လေ"

"ဟင့်အင်း မင်းမဆက်နဲ့၊ မမပဲဆက်မယ်"

ဒီကိစ္စကို မောင့်ကိုပေးမသိစေချင်။ မောင် သဝန်မတိုတတ်ပေမယ့် မောင်နှင့်မေးကြားမှာ ဒီကိစ္စက အရေးမပါလှသောကိစ္စ ဖြစ်သည်။ ထို့ကြောင့် ရင်လှိုင်းသစ်၏ဖုန်းနံပါတ်ကိုပဲ တောင်းလိုက်သည်။

"ကဲ ဒါဆို မမပြန်မယ်"

ပြန်မည်ဆိုတော့ ရင်ထဲ ဟာဆင်းသွားသည်။ မမအလှကို ထပ်ပြီး ခံစားချင်သေးသည်။ ဖြစ်နိုင်လျှင် မမကို တအားဖက်ပြီး အားပါးတရ တစ်ကိုယ်လုံး နမ်းပစ်လိုက်ချင်သည်။

"ဟို ဟိုလေ မမ ကျွန်တော့်ကို တစ်ခုလောက် ကူညီပါလား"

ထဖြပ်ဝင် မလှုပ်သာအောင် နာကျင်လာသော ခြေထောက်ကြောင့် ဒီနေ့တစ်နေကုန် အစာပင်ငတ်ခံရမည့်ပုံ။

"ပြောလေ မောင်လှိုင်း"





"ကျွန်တော် တွိုင်းလက် ဝင်ချင်တယ်"

"သြော် အင်း မမ လိုက်ပို့ပေးရမယ်ပေါ့"

"အားတော့ နာပါရဲ့၊ ကျွန်တော် တစ်ယောက်ထဲသွားဖို့ အဆင်မပြေဘူးလေ၊ ဒါကြောင့်ပါ"

သူ ပြောတာလည်း သဘာဝကျသည်မို့ မေ့ မျက်နှာပူပူနှင့်ပင် တွဲလိုက်သည်။ ရင်လှိုင်းသစ်၏လက်တစ်ဖက်က မေ့ ခါးကျဉ်းကျဉ်းလေးကို ဖက်တွယ်လိုက်သည်။

မေ့ စိတ်အနှောင့်အယှက်ဖြစ်သွားသော်လည်း အခြေအနေအရ ဘာတစ်ခုမှ မပြောဖြစ်။

သန့်စင်ခန်းရှေ့ရောက်သည်နှင့် တံခါးကိုဆွဲဖွင့်ပြီး ရင်လှိုင်းသစ်အား ဗိုလ်ထိုင်ပေါ် ထိုင်ခိုင်းလိုက်သည်။ နှစ်ယောက်သား၏ထိတွေ့မှုတွေသည် တော်တော်လေးကို ရင်ခုန်စရာကောင်းပါသည်။ ရင်လှိုင်းစိတ်ထဲမှာ သာယာနေမိ၏။

"မင်းကိစ္စပြီးရင် မမကို လှမ်းခေါ်လိုက်ပါ"

ရင်လှိုင်းသစ် စိတ်တွေ တည်ငြိမ်မှုမရှိသလောက် မေ့ကတော့ တည်တည်ငြိမ်ငြိမ်ပင်။

"ဝုန်း"

"ဟင်"

သန့်စင်ခန်း အပြင်တွင် ရပ်စောင့်နေသော မေ့မှာ အထဲမှ ဝုန်းခနဲ အသံကြောင့် လန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ ရရဲ့လား"

"အား ကျွတ် ကျွတ် တံ တံခါးဖွင့်လိုက်ပါ မမ ရ ရပြီ အား"

မေ့ တံခါးဆွဲဖွင့်လိုက်သည်။ ရင်လှိုင်းသစ် လဲကျနေသည်။

"ဘာဖြစ်တာလဲ"

"မမကို အားနာလို့ ကျွန်တော့်ဟာကျွန်တော် ထွက်ဖို့ ကြိုးစားကြည့်တာပါ"

"သြော် မင်းခြေထောက်ဒဏ်ရာနဲ့ ဘယ်လိုထွက်မလဲ"

လဲကျနေသော ရင်လှိုင်းသစ်ကို တွဲထူလိုက်သော မေ့မှာ သူ့ပါ အရှိန်မထိန်းနိုင်တော့ဘဲ ဖင်ထိုင်လျက် လဲကျနေသော ရင်လှိုင်းသစ် ကိုယ်ပေါ်သို့ ယိုင်ကျသွားသည်။

"အို"

"ဟာ မမ"

ကိုယ်ပေါ်သို့ ယိမ်းထိုးကျလာသော မေ့၏ကိုယ်လေးကို ဆီးဖက်လိုက်ပြီး မျက်နှာချင်းခဏတော့ အပ်မိသွားကြသည်။

"မင်း မင်း"

"ကန့်တော့နော် မမ၊ ကျွန်တော် တမင်လုပ်တာ မဟုတ်ပါဘူး မတော်တဆ ဖြစ်သွားတာပါ"

မေ့ မျက်နှာမှာ အနမ်းခံလိုက်ရသလို ထိတွေ့မှုမျိုးကြောင့် ရှက်ရွံ့သွားသည်။ စိတ်ဆိုးဒေါသထွက်ရအောင်လည်း သူ တမင်လုပ်တာ



မဟုတ်။

"ကဲပါ မင်းလည်း ထိန်းပြီး ထကြည့်ပါ၊ မမ တွဲတာ မှီနီးမလိုက်နဲ့"

ခပ်ဆတ်ဆတ်လေး အပြစ်တင်လိုက်သည်။ ကိုယ့်ကိုကိုယ်လည်း ဒေါသဖြစ်မိသည်။ ကိုယ် နမော်နမဲ့နိုင်လို့သာ ခုလို အပိုအလုပ်တွေကို အချိန်ပေးပြီး လုပ်နေရသည့်အဖြစ်။

မောင်မဟုတ်တဲ့ ယောကျ်ားတစ်ယောက်နှင့် ခုလိုခန္ဓာကိုယ်ချင်း ပူးကပ်ထိတွေ့နေရသည့်အဖြစ်ကြီးက မေ့အတွက်တော့ စိတ်ပျက်ညစ်ညူးစရာ ကောင်းပါသည်။

မောင် သိရင် မေ့ကိုအပြစ်များတင်မလား။

စိတ်ထဲမှာ မလုံမလဲတော့ ဖြစ်မိသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဟင် ဘုရားရေ သူ သူက ဟိုးတစ်ရက်က ငါ ခုလိုပုံစံမျိုး ရေချိုးနေတုန်း ရုတ်တရက် ဝင်လာတဲ့လူပဲ"

တွေ့တုန်းက ရုတ်တရက် မမှတ်မိပေမယ့် ခုမှ တရေးရေး ပြန်စဉ်းစားကြည့်ပြီးမှ ထိုလူနှင့် လှိုင်း တစ်ယောက်ထဲဆိုတာ ဆက်စပ်မိသွားသည်။

"သူကရော ငါ့ကိုမမှတ်မိတာလား၊ ဒါမှမဟုတ် မသိချင်ဟန်ဆောင်တာလား၊ အို ဘာပဲဖြစ်ဖြစ် သူက မောင့်မိတ်ဆွေပဲ"

ရေပန်းအောက်မှာရပ်၍ စဉ်းစားခန်းဖွင့်နေစဉ် မောင့်အသံကြားရ၏။

"မေ့ရေ ညနေကျရင် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးဂီတပဒေသာကပွဲ သွားကြည့်ကြရအောင်ကွာ၊ သားလေးလည်း ကြည့်ဖူး





အောင်ပေါ့"

အသံနှင့်အတူ ဝင်လာသော မောင့်ကိုမြင်တော့ မေ့ နှုတ်ခမ်းကိုရှုံ့ တန့် ဖြစ်သွားသည်။ ကိုယ်ကို တစ်ဖက်သို့ လှည့်လိုက်ပြီး

"ဟာ မောင် ဘာလို့ စွတ်ဝင်လာတာလဲ၊ မေ့မှ ရေချိုးလို့ မပြီးသေးတာ"

မေ့အသံလေးက ပြုစုသောအသံဟု မပြောသာလောက်အောင် ချိုအီမှုနွဲ့ကာ ရက်သွေးတွေပါနေ၏။

"မေ့ ချိုးလို့မပြီးသေးမှန်း သိလို့ အတူတူချိုးရအောင် ဝင်လာတာလေ"

မောင် မေ့နှင့်အတူ ရေပန်းအောက်မှာ လာရပ်သည်။ ရေပန်းအောက်မှ ဖြောင့်စင်းအိကျနေသော မေ့ဆံစတွေကို သပ်ပေးရင်း မေ့နှဖူးသားဝင်းဝင်းလေးကို မြတ်နိုးလွန်းစွာ နမ်းရှိုက်၏။

"မောင့်မိန်းမက ဘယ်လိုပုံစံလေးပဲဖြစ်ဖြစ် မောင့်မျက်စိထဲမှာ အရမ်းလှတယ်ကွာ၊ မောင့်မှာလေ ပန်းပုသူဇာလေးကို အလှထိုင်ကြည့်နေရသလို ကြည့်လို့ကို မဝဘူး"

ရေစိုနေသော မေ့၏အလှတရားကို ရင်ခွင်ထဲဆွဲသွင်းပွေ့ကပ်ရင်း ရေပွားတွေအောက်မှာ မောင်က မေ့နှုတ်ခမ်းဖူးဖူးလေးကို စနမ်းသည်။ စိမ်းလန်းသော ရာဇဝင်သစ်တစ်ခု ပြတင်းတံခါးမှာ လာချိတ်၏။

မေ့ကိုယ်ပေါ်ကျလာသော အေးစိမ့်သည့် ရေ၏အထိအတွေ့နှင့် ဆန့်ကျင်စွာ မောင်၏အပြုအစု အယုအယတွေက မေ့တစ်ကိုယ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



ပွင့်နွေးရှိန်းမြဲစေသည်။

မေ့ ခေါင်းလေးငုံ့ကာ မောင့်ရင်ခွင်ထဲမှာ မျက်နှာအပ်ထားမိဆဲ ခံစားမှုတို့ ထပ်တူပြု၍ စိတ်ကူးယဉ်ဆန်ဆန် ချစ်တတ်သော မောင့်အတွေ့တွေသည် မေ့အတွက် ဘယ်သောအခါမှ ရိုးအီဆိတ်သုဉ်းသွားမည် မဟုတ်ဟု မေ့ ရဲရဲကြီး ဆိုရဲပါသည်။

"မောင်ကလည်း မေ့အတွက် ဒဏ္ဍာရီထဲက မင်းသားလေး တစ်ပါးပါ မောင်ရယ်၊ မေ့လေ မောင့်ကို အရမ်းချစ်တယ်၊ မေ့ကို အရမ်းချစ်ပေးလို့လည်း မောင့်ကိုကျေးဇူးတင်တယ်၊ မေ့ဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးအိမ်ထောင်ရှင်မ တစ်ယောက်ပါ မောင်ရယ်"

"ဒါပေါ့ မောင်ကလေ မေ့ကို ဘယ်တော့မှ မရိုးနိုင်တဲ့အချစ်တွေကို တစ်နေ့တစ်မျိုး ပေးအပ်နှင်းနေတာပေါ့၊ မောင့်ဘဝမှာ မေ့နဲ့သားက တကယ့်အရေးပါဆုံးပဲ၊ မေ့အပေါ်မှာ တခြားယောကျ်ားတွေလို အိမ်ထောင်ရေးဖောက်ပြန်တဲ့ အမှုအကျင့်မျိုးတွေ လုံးဝရှိမလာစေရဘူး။ မိုးပေါ်က နတ်မိမယ်လေးတွေဆင်းပြီး မြူဆွယ်ရင်တောင် မောင့်စိတ်တွေက မေ့အပေါ်မှာပဲ နိုင်မြဲပြီးသားမို့ ဘယ်တော့မှ ယိုင်လဲမှာမဟုတ်ဘူး"

"ယုံပါတယ် မောင်ရယ်"

မောင့်ရင်ခွင်မှာ မှီနွဲ့နှဲ့ထောင်ရင်း မေ့ မောင့်ရင်ခွင်ကျယ်ကို တရှိုက်မက်မက် နမ်းမိသည်။ မောင်ကလည်း မေ့ခါးကို တင်းကျပ်စွာ သိမ်းဖက်ပြီး ဆံစတွေကို ငုံ့မှိုးနမ်းရှိုက်ပြန်သည်။





ထို့နောက် ရေချိုးခန်းအပြင် မေ့တို့ အိပ်ခန်းထဲမှ ဂီတသံစဉ်တစ်ပုဒ် ခပ်ငြိမ့်ငြိမ့်ကြားရသည်။

"မောင် ဖွင့်ခဲ့တာလား"

"ဟုတ်တယ် မေ့ အဲဒီဂီတရယ် မေ့ရဲ့အနမ်းတွေနဲ့ ရင်ခုန်စရာကောင်းတဲ့ ဒီတဒင်္ဂလေးတွေဟာ မောင့်ဘဝမှာ အများကြီးမရေတွက်နိုင်အောင်ရှိစေချင်တာ၊ ဒါဟာ မောင့်အတွက်တော့ လောကနိဗ္ဗာန်ပဲ"

"အို မောင်ကလည်း အသက်ထက်ဆုံး ပေါင်းသင်းကြမယ့်သူတွေပဲ၊ ဘာလို့ ဒီစကားမျိုး ပြောရတာလဲ"

"မောင့် ခံယူချက်ကိုပြောတာပါ၊ ကဲ ဟိုဘက်လှည့် မေ့ကို မောင်ကိုယ်တိုင် ချေးတွန်းဆပ်ပြာတိုက်ပေးမယ်၊ မေ့ကလည်း မောင့်ကို ချေးပြန်တွန်း ဆပ်ပြာပြန်တိုက်ပေး၊ တစ်ကိုယ်လုံးကို ပြောတာနော်"

မေ့ ညင်သာစွာခေါင်းညိတ်ပြလိုက်သည်။ မောင်က မေ့ရင်ညွှန့်ဆီသို့ ခေါင်းငုံ့လာ၏။ မိန်းမသားတစ်ဦး၏ဝတ်မှုန်တွေက လောကပြတင်းမှာ မေးလာတင်သည်။

ကမ္ဘာဦးဂီတသံများ အဆုပ်လိုက်ကြွေကျ၏။

မောင်ရယ် မေ့တစ်သက် မမေ့ဘူး သိလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ရေချိုးခန်းထဲကို ရုတ်တရက် ဝင်လာသောလူနှင့် လှိုင်းဟာ တစ်ယောက်ထဲဆိုတာ စဉ်းစား၍ ရသွားပြီးနောက် လှိုင်းဆီကို ဘယ်တော့မှ မသွားတော့ဘူးဟု တစ်ကိုယ်ကောင်းဆန်သော ဆုံးဖြတ်ချက်ကို ချခဲ့ပြီးကာမှ လှိုင်းဆီက ဖုန်းဝင်လာ၍ မလာမဖြစ် လာရပြန်သည်။

မေ့ကြောင့် လှိုင်း၏ခြေထောက်ဒဏ်ရာ ရခဲ့သည်ဆိုတာ သိသိကြီးနှင့် နောက်ထပ်တစ်ကြိမ် လာထပ်မကြည့်တော့ဘူးဆိုလျှင် မေ့ဟာ တစ်ကိုယ်ကောင်းမဆန်လွန်းဘူးလား။

ထို့ကြောင့် စားစရာအချို့ကို ဝယ်ပြီး သတင်းလာမေးခြင်းဖြစ်သည်။

အလင်းရောင် အလုံအလောက်မရှိသော လှေကားထစ်တွေကို ဖြတ်နင်းလာရင်း မေ့ကိုယ်မေ့ လာမိတာများ မှားနေပြီလားဟု သံသယ





စိတ်ဖြင့် ပြန်မေးကြည့်ပြန်သည်။ မေ့ သူ့ကို ဘယ်လိုမျက်နှာချင်းဆိုင်ရပါ့မလဲ။

မေ့ဟာ တာဝန်သိစိတ်ရှိတဲ့လူသားတစ်ယောက်ပဲမို့ လှိုင်းကို နောက်တစ်ကြိမ်လာကြည့်ခြင်းဟာ အမှားမဟုတ်ဟု ပြတ်သားစွာ ယူဆလိုက်ပြီး လူခေါ်ဘဲလ်ခလုပ်ကို နှိပ်လိုက်သည်၊ သိပ်မကြာလိုက် အခန်းတံခါးချပ်ကလေး ဖျတ်ခနဲ ပွင့်လာသည်။

မေ့ကိုမြင်တော့ လှိုင်းမျက်နှာမှာ ချက်ချင်းပြုံးသွားပြီး မျက်လုံးတွေတောင် ပို၍တောက်သွားသလိုလို။

"မမ လာတယ်"

ဘီးပါသော ကျောမှီထိုင်ခုံလေးပေါ် ထိုင်ရင်း တံခါးချပ်ကို အဆုံးထိဖွင့်ပေးလိုက်သဖြင့် မေ့ စားစရာအထုပ်အပိုးတွေကို ဆွဲမရင်း အိမ်ထဲလှမ်းဝင်လိုက်သည်။

"မင်း ခြေထောက်သက်သာလား လှိုင်း"

အမေးနှင့်အတူ လှိုင်းခြေထောက်ကို ငုံ့ကြည့်လိုက်သည်။ ခြေထောက်က မြင်ခါစတုန်းကထက်တောင် ပို၍ရောင်နေသေးသည်ဟု မေ့ထင်လိုက်သည်။

"ခြေထောက်က ပိုပြီးတော့တောင် ရောင်နေပါလား"

"ဟုတ်တယ် မမ၊ လမ်းတောင် သိပ်လျှောက်လို့မကောင်းလို့ ဒီထိုင်ခုံကိုပဲ ဝီးချဲလ်လို သုံးနေရတယ်၊ နောက်ပြီး ကျွန်တော် ဗိုက်တအားဆာနေလို့ မမဆီကိုဖုန်းဆက်မိတာပါ ဆောရီးနော်"



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိသူတစ်ယောက်လို တောင်းပန်တိုးလျှိုးနေသော လှိုင်းကို မေ့ကလည်း အပြစ်မတင်ရက်ပါ။

"ကဲပါ မမ ကြက်ဆီထမင်း ဝယ်လာတယ်၊ ညနေစာရောပေါ့ နောက်ပြီး တခြားအဆာပြေစားလို့ရနိုင်မယ့် အခြောက်တွေလည်း ဝယ်လာတယ်၊ ခုလောလောဆယ် ကြက်ဆီထမင်းစားလိုက် မမ ပြင်ပေးမယ်"

"ကျေးဇူးပဲ မမ"

ဒီနေ့လည်း တမူထူးခြားပြီး အလှသွေးကြွယ်နေသော မေ့ကို နှစ်သက်မြတ်နိုးသောအကြည့်ဖြင့် ကြည့်မိပြန်သည်။ ဟိုနေ့က မမကို မတော်တဆဟန်ဖြင့် နမ်းလိုက်သည်။ ဒီနေ့ရော ဘယ်လိုအကြောင်းပြချက်မျိုးနှင့် မမကို နမ်းခွင့်ကြုံရဦးမလဲဟုတွေးရင်း ရင်ထဲပိန်းရှိန်းသွား၏။

"ကဲ ရော့ စားလိုက်ဦး"

ကြက်ဆီထမင်းပန်းကန်ကို ပေးလာသဖြင့် အတွေးစတွေကိုရပ်ပြီး မေ့ ရှေ့မှာပင် အားရပါးရ စားသည်။

မေ့ ပြုံးလိုက်သည်။ လှိုင်းဟာ ဟန်ဆောင်မှုကင်းသော ကောင်လေးတစ်ယောက်ဟု ရိုးရှင်းစွာပင် တွေးလိုက်ပါသည်။

"စားလို့အရမ်းကောင်းတယ်၊ ကျွန်တော့်ဘဝမှာ ဒီတစ်ခါ စားရတာ အရသာအရှိဆုံးပဲ ထင်တယ်"

"မင်း အရမ်းဆာနေလို့ ဖြစ်မှာပါ၊ ဒါနဲ့ မင်းခြေထောက်ကို ဆေးခန်းပြမှဖြစ်မယ် ထင်တယ်နော်"





"ဟုတ်တယ် မမ၊ ကျွန်တော်ဆေးခန်းသွားဖို့ ကြိုးစားကြည့်သေးတယ်၊ ခြေထောက်တစ်ဖက်က ဘယ်လိုမှ ထောက်လို့မရဘူး ဖြစ်နေတယ်"

"အခု မင်းကို မမကိုယ်တိုင် ဆေးခန်းလိုက်ပို့ပေးမယ်"

"မမတော့ အလုပ်ပိုပြီဗျာ"

"ပို့ပေးမယ့်လည်း မင်းခြေထောက်က ထောက်လို့မှမရတာ၊ ဒီထက်ပိုဆိုးသွားရင် မမလည်း တာဝန်ပိုကြီးတယ်"

မျက်နှာခပ်တည်တည်ဖြင့် ပြောလာသော မေ့စကားကြောင့် လှိုင်း ဘာမျှထပ်ပြီး စောဒကမတက်လိုတော့။

မမကို အားနာပေမယ့် ဆေးခန်းကိုတော့ မသွား၍မဖြစ်တော့။ ကိုယ်ခွဲမရှိတော့ မရှိသေ့စကား အိမ်သာဝင် အပေါ့အလေး သွားတာက အစ တော်တော်လေးကို အခက်အခဲဖြစ်ရ၏။

ချက်ပြုတ်ကျွေးမည့်သူမရှိ ကော်ဖီဖျော်ပေးမယ့်သူမရှိနှင့် ဖြစ်သလို ခေါက်ဆွဲပြုတ်လောက်နှင့်ပြီးရ၍ လူလည်း အားပြတ်လှနေပြီ။

■ ■ ■

"မေမေ"

"သားလေး ပြေးမလာနဲ့လေ ချော်လဲမယ်"

မီခင်ကို တွေ့သွား၍ ခုန်ပေါက်ပြေးလွှားလာသော သားကို မေ့ စိုးရိမ်စိတ်လေးဖြင့် လှမ်းတားလိုက်သည်။

သားလေး ကိုယ်ရှိန်အနည်းငယ် သတ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ သားကျောင်းကပွဲမှာ မောင်ဗမာဝင်ပြိုင်ရမယ်တဲ့"

"ဟုတ်လား သား။ ဒါဆို မေမေ့သားလေးက ဖိုက်တာပဲကွ"

"ဟုတ်တယ် အဲဒါ သား မုန့်တွေအများကြီးစားလို့ ရုပ်မင်းလို အားရှိသွားတယ်"

"ဒါပေါ့ မေမေ့သားလေးရဲ့ဘော်ဒီက ဗလတောင့်တောင့် ပါး ဖောင်းဖောင်းနဲ့ မောင်ဗမာနဲ့ တူပါတယ်"

မေ့ သားလေးဆီမှ ကျောပိုးအိတ်၊ မုန့်ဘူးနှင့်ရေဘူးထည့်သော ဆွဲခြင်းကို လှမ်းယူလိုက်သည်။

သားက ကျောပိုးအိတ်ကို မပေးချင်။

"ရပါတယ် မေမေရ၊ သားက မောင်ဗမာလုပ်ရတော့မှာ ဒီ လောက်ကျောပိုးအိတ်ကလေးကိုတောင် မလွယ်နိုင်ရင် သားကို သူငယ် ချင်းတွေရော မောင်ဗမာလုပ်ဖို့ရွေးထားတဲ့အကဲဖြတ် တီချယ်တွေရော အထင်သေးသွားကြမှာပေါ့။ ဒီနေ့ကစပြီး သားလွယ်အိတ် သားဘာသာ လွယ်တော့မယ်"

စကားပြောတတ်လွန်းသော သားလေး၏ဖောင်းဖောင်းအိအိ ပါးပြင်လေးကို ချစ်စနိုးဆွဲကာ

"အောင်မလေး မောင်ဗမာ လုပ်ရတော့မယ်ဆိုပြီး မာန်တွေ တက်သွားလိုက်တာ အဟင်း ဟင်း ဟင်း"

သားအမိနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ကာ ရယ်လိုက်ကြပြီး ကားရှိရာသို့ လျှောက်လာခဲ့ကြ၏။





"ဟင် မေမေ ဒီမှာမုန့်တစ်ထုပ်၊ မေမေ ဝယ်လာတာလား"

ကားထဲ ဝင်လိုက်သည်နှင့် သား လုံးဝမကြိုက်သော ကွတ်ကီး မုန့်ထုပ်ကို တွေ့သွား၍ သား တအံ့တသြ မေးလာသည်။ မေ့မျက်နှာ အနည်းငယ် ပျက်သွားသည်။ အမှန်ဆို ဒီမုန့်က လှိုင်းအတွက် ဝယ်သွား သော မုန့်တွေထဲမှ ကျန်ခဲ့သောမုန့်ဖြစ်သည်။ အမှန်အတိုင်းပြော၍လည်း မဖြစ်။ မပြောပြန်လျှင်လည်း သားအတွက်ဝယ်လာတာဟု ပြောရမည်။ ထိုသို့ပြောလျှင် သားနှုတ်ခမ်းစူမှာ ဖြစ်သည်။ ကွတ်ကီးဆိုတာ သူလုံးဝ မကြိုက်သော မုန့်ဖြစ်သည်။

"မေမေ သားအတွက် ဝယ်ထားတာလားလို့ ဒီမုန့် သားဘယ် တုန်းကမှ မစားခဲ့ဘူးလေ၊ ကွတ်ကီးကို သားမုန်းတယ်"

"မေမေ ဝယ်ထားတာ မဟုတ်ဘူး သားရဲ့၊ အဲ့ စောစောက မုန့်ရောင်းတဲ့ကုမ္ပဏီက ကြော်ငြာတဲ့အနေနဲ့ မုန့်တွေ အလကားလိုက် ပေးလို့"

"ဟာ မေမေက တောင်းထားတယ်ပေါ့"

"အယ် မဟုတ်တာ သူတို့ပေးသွားတာ သားရဲ့၊ မေမေလည်း ငြင်းရမှာ အားနာတာနဲ့ ယူထားလိုက်တာ"

"ဒါဆို ဂျိုကာ့ကိုကျွေးရမယ် မေမေရေ"

သားလေး ယုံအောင်လိမ်လိုက်မိ၍ သားလေးစိတ်ရှင်းသွားသော် လည်း စိတ်မရှင်းရသူက မေ့ပင်ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"မောင်ရေ ထမင်းစားကြရအောင်"

စာဖတ်ခန်းထဲတွင် အလုပ်လုပ်နေသော မောင့်နားသို့ မေ လျှောက်လာပြီး နောက်ကျောမှ သိုင်းဖက်လိုက်သည်။

ပခုံးပေါ် မေးတင်လိုက်သော မေ့နှာသီးဖျားလုံးလုံးလေးကို မောင် နှုတ်ခမ်းပူနွေးနွေးလေး လာတင်သည်။

"မေ့ပြောမှပဲ မောင်လည်း ဗိုက်ဆာရကောင်းမှန်း သိတော့တယ်"

"မောင် အလုပ်တွေအရမ်းများနေလား။ မေ ဘာကူညီရမလဲ"

"မောင့်ဘေးမှာ ခုလို လာနေပေးတာနဲ့တင် မောင် အလုပ်လုပ်ရတာ ဖြောင့်နေပါပြီကွာ"

"မောင် အွန်လိုင်းပေါ်မှာ ဘာတွေရှာနေတာလဲ"





"နိုင်ငံခြားမှာ မောင်နဲ့မိတ်ဆွေဖြစ်ခဲ့တဲ့ မိုက်ကယ်ဖလော့ရင့် အီသင်းက မြန်မာပြည်မှာ အပန်းဖြေဟိုတယ်တစ်ခု လာဖွင့်ဖို့ စီစဉ်နေပြီလေ"

"ဟင် ဟုတ်လား၊ မောင်နဲ့မေ့ အီတလီသွားတုန်းက အရင်းအရှည်ဆုံးလူသားလို့ မေ့ ပြောခဲ့တဲ့လူမဟုတ်လား"

"မေ့က ဘယ်ဆိုးလို့လဲ၊ မှတ်မိလွယ်သားပဲ"

"သူ့ဟိုတယ်မှာ မောင့်ကုမ္ပဏီကလုပ်တဲ့ ပရိဘောဂအသုံးအဆောင်တွေကို သုံးမယ်"

"ဟယ် ဟုတ်လား ဒါဆို ကောင်းတာပေါ့ မောင်ရဲ့"

"ကောင်းတာတော့ ကောင်းတာပေါ့၊ ဒါပေမဲ့ အခု မောင်တို့ ထုတ်နေတဲ့ ပရိဘောဂဒီဇိုင်းတွေလောက်ကို သူက ခေတ်မမီဘူးလို့ ထင်ထားပုံရတယ်၊ ဒါကြောင့် မောင့်ကုမ္ပဏီက သူ့စိတ်ကြိုက် ဆန်းသစ်ပြီး ခေတ်ရှေ့ပြေးလွန်းတဲ့ ပရိဘောဂအသုံးအဆောင်တွေထက် အရည်အသွေးဆန်းသစ်မှုရော ပိုကောင်းတဲ့လက်ရာမျိုး လိုချင်တယ်တဲ့၊ စျေးနှုန်းသတ်မှတ်ချက်ကိုလည်း သူ့ဘက်က စာဒကတက် မပြင်ဆင်ဘူးလေ"

"ဒီတော့ မောင်က ဘယ်လိုဒီဇိုင်းမျိုးထုတ်မယ် စိတ်ကူးထားလဲ"

"အဲဒါကြောင့် မောင်လည်း ခေါင်းစားနေတာပေါ့၊ တခြားနိုင်ငံက ဟိုတယ်ဖုန်တွေနဲ့ ချိတ်ဆက်ကြည့်ပြီး သူတို့နိုင်ငံက ဘယ်လိုဆန်းသစ်မှုမျိုးတွေက မောင့်စိတ်ကြိုက်တွေ့မယ်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ပီလုပ်မလို့လား မောင်"

"အဲလိုလည်း မရည်ရွယ်ပါဘူး၊ သူတို့နိုင်ငံက ဆန်းသစ်မှုမျိုး တွေက မောင့်ရဲ့ဉာဏ်တွေကို ကွန့်မြူးနိုင်မလားလို့ပါ၊ ဒီလူက အီတလီ သား၊ နောက်ပြီး နိုင်ငံတကာကို ခြေဆန့်ပြီး စီးပွားရေးကွန်ရက်ဖွဲ့နေတဲ့ လူဆိုတော့ သူ့စိတ်ကြိုက် သူ့အယူအဆထက် မောင်က နာတစ်ဖျားသာ ချင်တာ၊ ရေရှည်အကျိုးစီးပွားအတွက်ပေါ့ မေ့ရာ၊ မောင်သာ သူ သဘော ကျတဲ့ဒီဇိုင်းမျိုးတွေ ထုတ်ပေးနိုင်ရင် ဒီတစ်ပွဲက မောင်တို့အတွက် တော် တော်လေး ထိရောက်မှုရှိမှာ"

"ဒါဆို မောင့်သူငယ်ချင်း ပီတာဘာသန်းကို အကူအညီတောင်း ကြည့်ပါလား၊ သူ့ဒီဇိုင်းတွေက မောင့်အတွက် အထောက်အကူဖြစ်ချင် ဖြစ်နေမှာပေါ့၊ မောင့်အခက်အခဲကို သူ ဖြေရှင်းနိုင်မယ်လို့ မေ့တော့ ထင်တယ်"

မေ့ ဝိုင်းပြီးစဉ်းစားပေးလိုက်သည်။ မောင် ခပ်တွေတွေစဉ်းစား ပြီး ခပ်ဖြည်းဖြည်း ခေါင်းခါသည်။

"သူ့ကို အကူအညီတောင်းရင်တော့ မောင် ခေါင်းစားရတာ တစ်ဝက်သက်သာတာမှန်ပေမယ့် ဒီတစ်ပွဲမှာ မောင့်ရဲ့အိုင်ဒီယာကို ထုတ် သုံးချင်တာ၊ မောင် မညာဘူး မိုက်ကယ်ဖလော့ရင့်ကလည်း မောင့်စိတ် ကူးစိတ်သန်းကို ယုံကြည်လို့ အပ်တာလေ"

စကားကောင်းနေကြတုန်း သားလေး ဝင်လာသည်။ လက်ထဲ တွင် calling လုပ်နေသော မေ့ဖုန်းကို ကိုင်လာသည်။





"မေမေ့ဖုန်း"

"သားလေးက လိမ္မာလိုက်တာ ပေး မေမေ့ကို"

သားလေး ကမ်းပေးသောဖုန်းကို လှမ်းယူလိုက်သည်။

"ဟဲလို"

ခပ်ပြုံးပြုံးလေး ဖုန်းထူးလိုက်ရာမှ တစ်ဖက်ဖုန်းမှ မမလားဟူ သော အသံကြောင့် ဘယ်သူလဲဆိုတာ ချက်ချင်းသိလိုက်ပြီး ပြုံးရိပ်သမ်း နေသော မျက်နှာမှာ ချက်ချင်းပျက်ယွင်းသွားသည်။

"ဩော် ဖုန်းမှားနေပါတယ်"

အာရုံတွေထူပူကာ ခပ်တည်တည်ပင် ဖုန်းမှားနေကြောင်း ပြန် ဖြေလိုက်၏။

"ဘယ်သူလဲ မေ့"

"မသိပါဘူး မောင်ရယ်၊ ဘာတွေပြောနေမှန်းလဲ မသိဘူး၊ ဖုန်းမှားဝင်တာနေမှာပေါ့၊ တစ်နေ့တစ်နေ့ ဖုန်းမှားဝင်လာတာတွေကို ဒိုင်ခံဖြေနေရတာက တစ်လုပ်"

စိတ်အနှောင့်အယှက်ဖြစ်သယောင် ရှုပွပွပြောနေသော ဟန် ကြောင့် မောင်မေ့ပခုံးစပ်ကို ခပ်ဖွဖွကိုင်ကာ

"စိတ်မတိုပါနဲ့ မောင့်မိန်းမရယ်၊ ဒါမျိုးက ဖုန်းတိုင်းကြုံရတဲ့ ပြဿနာပဲ၊ နားလည်ပေးလိုက်ပါ ကဲ လာ မောင်တို့ထမင်းစားကြရ အောင်"

စိတ်လှုပ်ရှားခြင်းတွေနှင့် ဟန်ဆောင်ဒေါသဖြင့် ဖုံးကွယ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော မေ့ပန်းကို သိုင်းဖက်ပြီး မေ့တို့ ထမင်းစားခန်းဆီသို့ ထွက်လာခဲ့လိုက်ကြသည်။

မေ့ ရင်တုန်တာတွေကတော့ မပျောက်သေး။

■ ■ ■

## အခန်း (၁၀)

Sample Room ထဲတွင် တံတိုင်းရဲ့ တစ်ယောက်တည်း အလုပ်လုပ်နေသည်။ တံခါးချပ်ပွင့်လာသည်။ လှမ်းဝင်လာသူက ခင်ငြိမ်း။

"မပြန်သေးဘူးလား ခင်ငြိမ်း"

မှန်တင်ခုံ ပုံစံငယ်လုပ်နေရင်းမှ လှမ်းမေးလိုက်သည်။

"မပြန်ဖြစ်သေးဘူး ဆရာ၊ ခင်ငြိမ်းလည်း ဆရာနဲ့အတူ တခြားပုံစံငယ်လေးတွေ ထုတ်ကြည့်မလားလို့"

ခင်ငြိမ်း စကားကြောင့် တံတိုင်းရဲ့ မျက်ခုံးနှစ်ဖက် စုကျုံ့မြင့်တက်ကာ ခင်ငြိမ်းကို တအံ့တသြ လှမ်းကြည့်သည်။-

"တူနဲ့သံကိုရော ဖြောင့်အောင်ရိုက်တတ်လို့လား"

တံတိုင်းရဲ့ ရွှေဘော်ထိုးနေရင်း ခင်ငြိမ်း မျက်နှာမကြည့်ဘဲ မေးလိုက်သည်။ ခင်ငြိမ်းထံမှ ခပ်တိုးတိုး ရယ်သံထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ငြိမ်းအဖေက အရင်တုန်းက ပရိဘောဂဆိုင်ဖွင့်ဖူးတယ်လေ၊ အရမ်းလက်ရာသေသပ်တဲ့ လက်သမားဆရာပေါ့၊ ဒါကြောင့် ခင်ငြိမ်းလည်း ပေါလစ်တိုက်တာတို့ အရောင်တင်တာတို့လောက်တော့ ကျွမ်းပါတယ်၊ ပေးလေ ခင်ငြိမ်း ရွှေဘော်ထိုးပေးမယ်"

ခင်ငြိမ်း ရွှေဘော်ထိုးစက်ကို ယူပြီး ကျွမ်းကျွမ်းကျင်ကျင်ထိုးလိုက်သည်။ တံတိုင်းရဲ့ အံ့သြသွားသည်။

"ခင်ငြိမ်း ဒီလောက်လုပ်တတ်မယ်လို့ မထင်ထားမိဘူး မင်းကဘယ်ဆိုးလို့လဲ"

"ဒါဆို ခင်ငြိမ်း ဆရာ့ကို ဝိုင်းကူဖို့ အရည်အချင်းပြည့်မီတယ်ပေါ့"

"အိုကေ ဒီလောက်ဆိုရင် အဆင်ပြေပါတယ်"

"ဒါနဲ့ ကိုဖေယျာရော"

"သူ့ကို ညစာသွားစီစဉ်ခိုင်းထားတယ်၊ ဒီည သူ့ကလေးနေမကောင်းလို့ ညစာစီစဉ်ပေးပြီးတာနဲ့ ပြန်ခိုင်းထားတယ်"

"သြော် ခင်ငြိမ်းလည်း ရှိနေတာပဲ ခင်ငြိမ်းကိုလည်း ခိုင်းရောပေါ့ ဆရာရယ်"

"ခင်ငြိမ်း ပြန်သွားပြီထင်လို့"

"မပြန်သေးပါဘူး မနက်ဖြန် Show Room ကိုပို့မယ့် ပစ္စည်းစာရင်းတွေစစ်နေတာ ဒီညပြီးမှဖြစ်မှာမို့လေ"

"အိမ်က စိတ်ပူနေဦးမယ်"





"ဟင့်အင်း မပူပါဘူး ခင်ငြိမ်းက ကလေးမှမဟုတ်တာဘဲဆရာရယ်"

"အင်းလေ ဟုတ်တော့လည်း ဟုတ်ပါတယ်၊ မိသားစုကို ဦးဆောင်နေတဲ့ သမီးတစ်ယောက်ဆိုတော့လည်း လူကြီးစာရင်းဝင်သွားပြီပေါ့ ဟုတ်လား ဒေါ်ခင်ငြိမ်းငြိမ်း"

"ဟုတ်မယ် ထင်တာပါပဲ ဆရာရယ်"

ပြောရင်း ခင်ငြိမ်း ခပ်သွဲ့သွဲ့ရယ်သည်။ တံတိုင်းရဲ့၏အရောတဝင်နှင့် တရင်းတနှီး ဆက်ဆံနေသော နွေးထွေးမှုကြောင့် ခင်ငြိမ်းမျက်လုံးလေးတွေ အရောင်တွေလက်ဖြာနေသည်။

ထိုမျက်လုံးတွေဖြင့် တံတိုင်းရဲ့ကို ခိုးခိုးကြည့်နေတတ်တာကိုတော့ တံတိုင်းရဲ့ လုံးဝမရိပ်မိပါ။ ထိုအကြည့်တွေထဲတွင်ငြိတွယ်လိုသောနှောင်ကြိုးတစ်ခုနှင့်အတူ-လိုက်လျောပေးဆပ်ချင်စိတ်တွေက မသိမသာပျော်ဝင်နေသည်။

"ဆရာ ညစာအတွက် အားလုံးစီစဉ်ပြီးပါပြီ"

Sample Room ထဲ ဝင်လာသော ဖေယျာအသံကြောင့် ခင်ငြိမ်းရှိုးတိုးရှန့်တန့်ဖြင့် လှမ်းကြည့်၏။ ဖေယျာက ခင်ငြိမ်းကိုမြင်တော့ အံ့သြကာ

"သြော် ခင်ငြိမ်းလည်း ဝိုင်းကူပေးနေတာကိုး၊ ဒါဆိုရင်တော့ ဆရာ သက်သာသွားပြီပေါ့၊ နို့မို့ဆို ကလေးနေမကောင်းလို့သာ ပြန်ရမှာ ဆရာ့ကို တစ်ယောက်ထဲမထားခဲ့ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ခင်ငြိမ်း မပြန်သေးပါဘူး၊ ဆရာ့ကို ဝိုင်းကူလိုက်ပါ့မယ်"

"အေးပါ စိတ်ချမယ် ဆရာ စားစရာတွေ ပူနွေးတုန်း စားလိုက်ပါလား၊ ကျွန်တော် အားလုံးပြင်ဆင်ပြီးသွားပြီ"

"အင်းလေ စားပါမယ်၊ ခင်ငြိမ်းလည်း တစ်ခါတည်း ဝင်စားလိုက်ပါ"

တံတိုင်းရံ၏ စေတနာကို ခင်ငြိမ်း ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့ ခင်ငြိမ်းလည်း ဗိုက်ဆာနေတာနဲ့အတော်ပဲ၊ ဒါပေမဲ့ ဆရာ အရင်စားပါ၊ ကျွန်တော့မှ ခင်ငြိမ်းစားပါ့မယ်"

"ဆရာ ကျွန်တော် သွားတော့မယ်နော်၊ ဆေးခန်းက ရှစ်နာရီ ပိတ်တာဆိုတော့ မမီမှာစိုးလို့ပါ"

"ကောင်းပြီ ကောင်းပြီ"

ဖေယျာ အခန်းထဲက ထွက်သွားသည်နှင့် တံတိုင်းရံ ရုံးခန်းဘေးရှိ ထမင်းစားခန်းဆီသို့ ခင်ငြိမ်းနှင့်အတူ ထွက်လာလိုက်သည်။

"ခင်ငြိမ်း ကိုယ်က ထမင်းမစားခင် နည်းနည်းတော့ ဆေးဖြစ်ဝါးဖြစ် သောက်တတ်တယ်နော်၊ ခင်ငြိမ်း အနှောင့်အယှက်ဖြစ်မလား"

တံတိုင်းရံ အားနာ၍ မေးလိုက်သည်။ ခင်ငြိမ်းနှင့်အတူ စားဖြစ်မှာကို ကြိုသိခဲ့လျှင် ဖေယျာ့ကို ဘီယာပါစီစဉ်ခိုင်းမည်မဟုတ်။ ကိုယ်တစ်ယောက်ထဲ စားဖြစ်မည်ထင်၍ စီစဉ်ခိုင်းလိုက်ခြင်း ဖြစ်သည်။

"ရပါတယ် ဆရာ၊ ခင်ငြိမ်းကို အားမနာပါနဲ့ ခင်ငြိမ်းကသာ





ဆရာ ခင်ငြိမ်းကြောင့် အနှောင့်အယှက်ဖြစ်မှာစိုးတာပါ"

"ဟာ ရတယ် အဲဒီအတွက် ဘာအနှောင့်အယှက်မှမရှိဘူး စကားပြောဖော်တောင် ရသေးတယ်"

အဆင့်အတန်း မခွဲခြားဘဲ တစ်ပြေးညီဆက်ဆံတတ်သော တံတိုင်းရံကို ခင်ငြိမ်း အထင်ကြီးလေးစားမိသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ထိုမျှ ခန့်ညားချောမောသော တံတိုင်းရံကို ပိုင်ဆိုင်ထားသည့် မေ့သက်လျှာကိုလည်း အားကျစိတ် ဖြစ်မိတာအမှန်ပင်ဖြစ်သည်။

ခင်ငြိမ်းလို မိသားစုကို ရှန်းကန်ရှာဖွေထောက်ပံ့နေရသော မိန်းမငယ်တစ်ယောက်အဖို့ ထိုမျှပြီးပြည့်စုံသော ဘဝလေးကို မျှော်မှော်တောင့်တမိတာ သိပ်တော့မဆန်းပေ။

ထိုစိတ်၏နောက်ဆက်တွဲ ခံစားမှုက ခင်ငြိမ်း ဆရာ့ဘေးနားမှာ အတူနေ အတူသွားနေရတာကိုပဲ ရင်ခုန်တတ်လာသည်၊ ဆရာ အနားမှာ ရှိနေရသည့်အချိန်တွေသည် ခင်ငြိမ်းအဖို့ ရင်ခုန်စိတ်လှုပ်ရှားကာ ပျော်နေတတ်သည်။ ဆရာ၏အရယ်အပြုံးနှင့် နွေးထွေးသော ဆက်ဆံရေးတွေကို တိတ်တခိုး သာယာတတ်လာသည်။

မသင့်တော်ဘူးဆိုတာ သိပေမယ့် သူ့အလိုလို ရင်ထဲက ဖြစ်ပေါ်လာသည့်ခံစားမှုကို ခင်ငြိမ်း ဘယ်လိုနှင်ထုတ်ရမလဲ။

အချစ်ဆိုတာ ခင်ငြိမ်းရင်ထဲကို ခုမှ တိုးဝင်လာတာလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အလုပ်စားပွဲပေါ်တွင် ခေါင်းတင်၍ အိပ်မောကျနေသော ဆရာ့ကို ခင်ငြိမ်း သေချာစွာစိုက်ကြည့်လိုက်သည်။ အနီးကပ်ကြည့်လေ ဝင်းမွတ်နေအောင် ချောလွန်းသည့် ဆရာလိုလူမျိုးကိုသာ ပိုင်ဆိုင်ခွင့်ရလျှင် အငယ်အနှောင်းဘဝဖြင့် လောကအလယ်မှာ ရပ်တည်ရစေဦးတော့ ခင်ငြိမ်း ကျေနပ်နိုင်ပါသည်။

ဆရာ၏အသက်ရှူသံ ခပ်မျှင်းမျှင်းကို အနီးကပ် နီးနားထောင်နေရင်းမှ ဖျတ်ခနဲ ပွင့်လာသော ဆရာ့မျက်လုံးတွေကြောင့် ခင်ငြိမ်းမျက်နှာမထားတတ်အောင် သူခိုးလူမိဖြစ်၍သွားကာ အယောင်ယောင်အမှားမှားတွေ ဖြစ်ကုန်၏။

"ဟင် ခင်ငြိမ်း ပြန်သွားပြီမဟုတ်လား"

"ဟိုလေ ပြန်သွားတာ လိုင်းကားတွေမရှိတော့ဘူး ဆရာ၊





တက္ကစီငှားပြန်တော့လည်း တက္ကစီသမားကိုယ်က အရက်နံ့တွေ ထောင်းထောင်းထနေလို့ မငှားရဲဘူး၊ ခင်ငြိမ်းသွားမယ့်နေရာက လူပြတ်တဲ့နေရာဆိုတော့လေ"

ခင်ငြိမ်း ယုတ္တိတန်အောင ညာပြောလိုက်ခြင်း ဖြစ်သည်။ အမှန်ဆို ခင်ငြိမ်း ပြန်မယ်ဆိုပြီး ကုမ္ပဏီကနေ ထွက်လာကာ ကားမှတ်တိုင်မှာ တစ်နာရီနီးနီးလောက်ထိုင်ပြီး အချိန်ဖြုန်းနေခြင်းဖြစ်သည်။

တကယ်ဆို ခင်ငြိမ်းအနေနဲ့ ဒီတစ်ညကို ဆရာ့ဘေးနားမှာနေပြီး ရင်ခုန်စိတ်လှုပ်ရှားစွာ ကုန်ဆုံးချင်တာပါ။

"ဟာကွာ ကိုယ် မစဉ်းစားလိုက်မိဘူး၊ ဆောရီး ဆောရီး မိန်းကလေးတစ်ယောက်ထဲကို ဒီလို ကိုးနာရီဆယ်နာရီအချိန်ကြီး ပြန်မလွှတ်သင့်ဘူး။ ကိုယ့်အလုပ်ထဲ အာရုံရောက်သွားတာနဲ့ ဒါကို မစဉ်းစားမိလိုက်ဘူး"

"ရပါတယ် ဆရာ၊ ခင်ငြိမ်း ဒီမှာပဲ ဆရာ့အလုပ်ကို ဝိုင်းကူရင်း မိုးလင်းလိုက်လို့ရပါတယ်၊ ခင်ငြိမ်းအတွက် ဆရာ စိတ်အနှောင့်အယှက်အဖြစ်မခံပါနဲ့"

"ဟာ မဟုတ်တာ ဒီမှာပဲ မိုးလင်းလိုက်လို့ ဘယ်ဖြစ်မလဲ ခင်ငြိမ်းအတွက် ဂုဏ်သိက္ခာနဲ့ ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်"

"ခင်ငြိမ်းအတွက်တော့ ဒါဟာ အရေးကြီးမှန်း သိပေမယ့် ဆရာ ဂုဏ်သရေရှိတဲ့လူကြီးလူကောင်းတစ်ယောက်နဲ့ ဒီတစ်ညကို ရိုးရိုးစွာ ကုန်ဆုံးရမှာပဲဟာ ဘာကိုမှုနေရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ခင်ငြိမ်း ကိုယ်နဲ့အတူ ရိုးရှင်းစွာကုန်ဆုံမယ် ဟုတ်လား"

တံတိုင်းရဲ့ ထိုစကားမျိုးကြားမှပင် ခေါင်းနပန်းကြီးသွားရလောက်အောင် တုန်လှုပ်သွားသည်။

ကိုယ်နဲ့အတူ သူဟာ ဘယ်လို ရိုးရှင်းစွာ ကုန်ဆုံးမှာတဲ့လဲ။

ခင်ငြိမ်းအပေါ်မှာ ကိုယ့်လက်အောက် ဝန်ထမ်းဆိုပြီး ကရုဏာတွေသက် စေတနာတွေ ထားမိတာဟာ သူ့ကိုမျှော်လင့်ချက်တွေ ပေးသလို ဖြစ်နေလို့လား။

ကိုယ် ဘာမှမသိဘဲ ဘာရှေ့ရေးကိုမှ မမျှော်ကိုးဘဲ ကူညီမှုရဲ့ နောက်ကွယ်မှာ တစ်ခုခု ရှိလိမ့်မယ်လို့ မျှော်လင့်နေလို့ ဒီလိုစကားမျိုး ပြောလိုက်တာလား။ ဒီကလေးမ ကိုယ့်အပေါ်စိတ်ယိုင်နေလျှင်တော့ ခက်ပြီ။ ရိုးရှင်းစွာ ကုန်ဆုံးတယ်ဆိုတာကရော ဘယ်လိုရိုးရှင်းတာကိုဆိုလိုတာလဲ။ ကိုယ်ကပဲ ဉာဏ်မမီတာလား။

"ကဲပါ ဆရာရယ် ခင်ငြိမ်းအတွက် ဦးနှောက်စားမခံပါနဲ့၊ အိမ်ကလည်း ခင်ငြိမ်းကို စိတ်ပူမှာမဟုတ်ပါဘူး၊ ဆရာနဲ့ဆိုရင် စိတ်ချပါတယ်၊ ခင်ငြိမ်းကလည်း ဆရာ့အတွက်ဆိုရင် ဘယ်လိုပဲပေးဆပ်ရပေးဆပ်ရ အဆင်သင့်ပဲဆရာ"

ဒဲ့ကိုပြောနေသော ခင်ငြိမ်း၏စိတ်နှင့် အမူအရာတို့သည် အရင်ခင်ငြိမ်းမဟုတ်ပါရဲ့လားဟု ကြောက်လန့်တကြား တွေးကာ အနောက်ကိုခြေတစ်လှမ်းပင် အယောင်ယောင်အမှားမှား ဆုတ်လိုက်မိ၏။





"မဖြစ်ပါဘူး ခင်ငြိမ်းကို ပြန်ပို့ပေးမယ်၊ ခင်ငြိမ်း မပြန်လို့ မဖြစ်ဘူး"

"ဖြစ်ပါတယ် ဆရာရယ် ခင်ငြိမ်းက ဖြစ်ပါတယ်ဆိုမှ ဆရာကလည်း ဖြစ်ပေးလိုက်ပေါ့"

သိမ်မွေ့နူးညံ့မှုတွေနှင့် ချော့သိပ်ဖို့ကြိုးစားနေသော ခင်ငြိမ်း၏အသံက သိပ်ပြီးတည်ငြိမ်မှုမရှိလှသလို ခံစားလိုက်ရသည်။

ရင်ထဲတွင် ကြက်သီးတဖြန်းဖြန်း ထသွားသော်လည်း အမှားကျူးလွန်နိုင်သည့် အခြေအနေမျိုးတော့ မဟုတ်သေး။

ကိုယ့်ကိုကိုယ် လူပျို့လူလွတ် မဟုတ်ဘူးဆိုသည့်အသိနှင့် မေနှင့်သားမျက်နှာ မြင်ယောင်လာသည်။

ညို့ညို့စိမ့်စိမ့်နှင့် ခင်မင်စရာကောင်းသော ခင်ငြိမ်းကို တခြားစိတ်မျိုးနှင့် မဆက်ဆံမိတာကိုသာလျှင် အသိဆုံး။

သို့သော် ရှာန်ရနေသော ရဟန်းနာတစ်ပါးပင်လျှင် ပြတင်းဘံခါးမှ မိဖုရားကြီးတစ်ပါး ဝတ်လဲတော်လဲနေသည်ကို တွေ့၍ ဈာန်လျှောကျခဲ့သေး၏။

တံတိုင်းရဲ့ ဘာကောင်မို့လဲဟု တွေးရင်း တစ်ကိုယ်လုံး သွေးဆွေ့ ဆူလာသည်။ ခင်ငြိမ်း တစ်လှှာခွာချခဲ့လျှင် လုံးဝ ထိန်းနိုင်မည် မဟုတ်သည့် အခြေအနေ။ မဖြစ်တော့။

"ကဲ ခင်ငြိမ်းငြိမ်း အခု ကိုယ် မင်းအိမ်ကို ပြန်ပို့ပေးမယ်၊ ကိုယ်လည်း ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဘော့စ်"

"ဒီကုမ္ပဏီအဆောက်အအုံကြီးထဲမှာ မင်းနဲ့ငါနဲ့ နှစ်ယောက်ထဲရှိနေတယ်ဆိုတာ လုံးဝ မသင့်တော်လို့ နောက်ပြီး ကိုယ့်အမျိုးသမီးသိသွားရင်လည်း ကိုယ့်ကိုလုံးဝ အထင်လွဲသွားနိုင်တယ်၊ မေ့ ကိုယ့်အပေါ်အထင်လွဲစေနိုင်တဲ့ကိစ္စရပ်မျိုး ကိုယ့်ဘက်က ကြိုတင်ရှောင်ရှားသင့်တယ်"

ထိုစကားကြောင့် ခင်ငြိမ်း ရင်ထဲမှာ အောင့်မျက်နာကျင်သွားကာ မျက်ရည်တို့ မသိမသာ ဝေ့တက်လာသည်။ ကျေးဖူးရှင်ကို စိတ်နှင့်ပြစ်မှားမိပြီဆိုသည့် အသိတရားရဲ့ရှေ့မှာ နောင်တဆိုတာ ကြိုရှိနေခဲ့လျှင် ခင်ငြိမ်း ဆရာ့ကို မချစ်မိအောင် ကိုယ့်ခံစားချက်ကို ကိုယ်နိုင်အောင်ထိန်းမှာပါ။

ခင်ငြိမ်း ရှက်လိုက်တာ။ ခင်ငြိမ်းဘဝမှာ ဆရာ့လောက် သစ္စာတည်ကြည်သော ယောကျ်ားမျိုး ဒီတစ်ခါ မြင်ဖူးကြုံဖူးခြင်းပင် ဖြစ်သည်။

■ ■ ■

## အခန်း (၁၂)

မေ့ခြေလှမ်းတွေသည် လှိုင်းဇါတိုက်လှေကားပေါ်သို့ ဖြည်းဖြည်းမှန်မှန်နင်း၍ တက်လာသည်။

အမြဲတမ်း မှောင်မိုက်နေသော ကျဉ်းမြောင်းသည့်လှေကားထစ်ပေါ် ပျင်းရိငြီးငွေ့ဖွယ်ကောင်းပြီး စွတ်စိုထိုင်းမှိုင်းသောအောက်သိုးသိုးရနံ့တို့သည်ပင်လျှင် မေ့အနံ့ခံအာရုံနှင့် ယဉ်ပါးစပြုနေပြီ။

အိမ်ရှေ့တံခါးမှ ဘဲလ်တီးပါဆိုသော စာကြောင်းလေးက မေ့အခန်းတံခါးရှေ့ရပ်လိုက်သည်နှင့် အရင်ဆုံး နွေးထွေးစွာကြိုဆို၏။ အပြာရောင်ဆေးသုတ်ထားသော တံခါးချပ် အဖြူရောင်လှူခေါ်ဘဲလ်ခလုပ်ဘာလေးတွေ အိမ်ပေါက်ဝရှေ့တည့်တည့်တွင် ချထားသော ခြေသုတ်ခုံ၊ ဒီအရာဝတ္ထုတွေအားလုံးသည် မေ့နှင့်လုံးဝမစိမ်းတော့ဘဲ သေချာသည်။

မေ့လက်ချောင်းသန့်သန့်သွယ်သွယ်လေးတွေသည် စိန့်ရောင်



www.burmeseclassic.com

www.burmeseclassic.com



တွေတဖျပ်ဖျပ်လက်ရင်း လူခေါ်ဘဲလ်ခလုတ်ကလေးကို ခပ်သာသာ နှိပ်လိုက်သည်။

သိပ်မကြာလိုက် အပြာရောင်တံခါးချပ်ကလေး လှစ်ခနဲ ပွင့်လာသည်၊

"ဟာ မမ"

လှိုင်းမျက်နှာမှာ မေ့ကို မြင်လိုက်သည်နှင့် ရုတ်ချည်းဆိုသလို လန်းဆန်းတက်ကြွ၍သွားသည်။

"မင်းခြေထောက်သက်သာပြီလား"

"အရှင်းကြီးမသက်သာသေးပေမယ့် ဖြစ်စတုန်းကထက်စာရင် အတော်လေး သက်သာနေပါပြီ"

ထော့နင်းထော့နင်းလျှောက်ရင်း ပြောနေသော လှိုင်းအနောက်မှ လိုက်ဝင်ခဲ့လိုက်သည်။ အထဲဝင်လိုက်သည်နှင့် ခြစ်တူးတူးအနံ့တစ်ခုကို မေ့ အရင်ဆုံးရှူလိုက်သည်။

"ဟယ် မီးဖိုခန်းမှာ ဘာတည်ထားလဲ၊ တူးစော်ကြီးနံ့နေတယ်"

"ဟာ တူးပြီ တူးပြီ ကျွန်တော် ကြက်သားပြုတ်အိုးတင်ထားတာ"

လှိုင်း ထော့နင်းထော့နင်းဖြင့် မီးဖိုခန်းဘက်ကို ပြေးဝင်သွားသဖြင့် မေ့ပါ အယောင်ယောင်အမှားမှားဖြင့် လိုက်ဝင်လာခဲ့လိုက်သည်။

"ဂလုံ ဂလွမ်"

လှိုင်း ဒန်အိုးအဖုံးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်ပြီး နီးစပ်ရာကို





အမြန်ကောက်တင်လိုက်သည်။ ပူသွားသောလက်ကို နားရွက်နှင့်ပွတ်လိုက်သည်၊

"အောင်မလေးဗျာ ပူလိုက်တာ"

လှိုင်းလုပ်နေတာတွေကို မေ့မျက်စိထဲ အမြင်မတော်တော့

"ကဲပါ ဖယ်ပါ မမ လုပ်ပေးပါ့မယ်"

လှိုင်းဘေးနားသို့ တိုးဝင်ပြီး ဂတ်စ်မီးဖိုခလုတ်ကို အရင်ပိတ်လိုက်သည်။ အောက်နားကတော့ တူးနံ့ထွက်နေသော ကြက်သားအိုးထဲကို ရေအနည်းငယ်ထည့်ကာ ဂတ်စ်မီးဖိုခလုတ်ကို ထောက်ခနဲ ပြန်ဖွင့်၍ မီးလျှော့လိုက်သည်။

"မင်းက ခြေထောက်မကောင်းသေးပေမယ့် ဈေးတော့ဝယ်နိုင်သေးတာပဲ"

"ဟာ ဘယ်ကလာဝယ်နိုင်ရမှာလဲ မမရဲ့၊ ဘေးအိမ်ကအန်တီကြီး ဈေးသွားတာမြင်လို့ လှမ်းမှာလိုက်တာ"

"တော်သေးတာပေါ့ ဈေးမှာလို့ရလို့ မမလည်း မင်းအတွက် စားစရာတွေ ဝယ်လာပါသေးတယ်"

"နောက်ဝယ်မလာပါနဲ့တော့ မမရာ၊ မမပိုက်ဆံတွေ ကုန်နေပါပြီ"

"ဒီမှာ လှိုင်း မမကြောင့် မင်းခြေထောက် ဘာမှမဖြစ်ခဲ့ဘူးဆိုရင် မမကလေ မင်းအတွက် ဘာမှကို ဝယ်လာစရာအကြောင်းမရှိဘူး"

လေသံခပ်ဆတ်ဆတ်ဖြင့် ပြောလိုက်တော့ လှိုင်း ငြိမ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့ ရေပြန်ခန်းစပြုနေသော ကြက်သားအိုးကို မီးခလုတ်ပိတ်လိုက်ပြီး အပြင်ခန်းသို့ ပြန်ထွက်အလာ အဝတ်လှန်းစင်နားသို့ အရောက်တွင် ရုတ်တရက်မြင်လိုက်ရသော အရိုးခေါင်းကြီးကြောင့် မေ့ ထိတ်လန့်သွား၏။

"အမလေး အရိုးခေါင်းကြီး"

"ဝုန်း"

"အား သေပါပြီဗျ"

မေ့ ကိုယ်လုံးလေး နောက်သို့ခုန်အရှောင် မေ့နောက်မှ လိုက်လာသော လှိုင်းနှင့်ဝင်တိုက်မိသည်။ ပန်းချီစုတ်တန်းကြီးပါပြိုကျကာ ဆီဆေးတွေစပ်ထားသော ဆေးစပ်ပြားပေါ် မေ့လဲကျသွားသည်။ လက်တစ်ဖက်က လဲကျသွားသော လှိုင်း၏ခြေထောက်ဖဝါးပေါ်ကို အရှိန်ဖြင့်ထောက်မိသွား၏။ လှိုင်း ထအော်သည်။ အော်ရင်း အယောင်ယောင်အမှားမှားဖြင့် မေ့ခါးကို သိုင်းဖက်လိုက်သည်။

နှစ်ယောက်သား လုံးထွေးပူးကပ်နေရာမှ မေ့ အတင်းရုန်း၍ ထရန်ကြိုးစားသည်။ လှိုင်း၏တင်းကျပ်သောလက်အစုံက လုံးဝ မလွှတ်သေးချေ။

"လှိုင်း လွှတ်စမ်း လူမြင်မကောင်းဘူး"

မာဆတ်ဆတ် တားမြစ်သံကြောင့် လှိုင်း မေ့ကိုယ်လေးကို လွှတ်လိုက်သည်။

"ဆော ဆောရီးပဲ မမ၊ ရုတ်တရက်ဆိုတော့"





"အို တော်ပါ မင်းနဲ့မကြားမှာ ရုတ်တရက်တွေ အရမ်းများနေပြီ"

ရက်ကိုးရက်ကန်း အမှုအရာကိုထိန်းပြီး ပြောနေသော မေ့၏ အသံလှိုင်းတွေက အဖျားခတ် တုန်ယင်၍နေသည်။

"မမ အရမ်းလှတယ်"

"တော်ပြီကွာ မမပြန်တော့မယ်"

စိတ်နှင့်ကိုယ်နှင့်မကပ်စွာ ပြန်ရန် ပြင်လိုက်သည်။ ရင်လှိုင်းသစ် မေ့လက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။

"နေပါဦး မမရဲ့ ခုပဲ ရောက်တဲ့ဟာကို"

"ဒီနေ့ မင်းနဲ့မမ ထိုင်စကားပြောဖို့ အချိန်မရှိဘူး၊ မမရဲ့သားလေးကို ကျောင်းသွားကြိုရဦးမယ်"

ခံစားမှုတွေ ရှေ့ဆက်မတိုးလာစေရန် တားဆီးလိုက်သည်။ သဘောပြောလိုက်သော်လည်း လှိုင်း ပုံစံက အံ့ဩခြင်းအလျဉ်းမရှိ။ နှုတ်ခမ်းထောင့်စွန်းကွေးကာ ခပ်ယောင်ယောင်လေး ပြုံးသည်။

"မမသားလေးက ဘယ်နှတန်းလဲ တစ်ရက်လောက် ကျွန်တော်တွေ့ချင်တယ်"

"ဟင့်အင်း မဖြစ်ဘူး သားက လုံးဝအားချိန်မရှိဘူး၊ နောက်ပြီး သူက သူစိမ်းတွေနဲ့အရောတဝင် မနေတတ်ဘူး"

မေ့သားနှင့်လှိုင်းကို လုံးဝတွေ့ဆုံပေး၍ မဖြစ်။ လှိုင်းနှင့်ဘာကြောင့် တွေ့ဆုံခဲ့ရသည်ဆိုတာ မောင်သာ သိခဲ့လျှင် မေ့အပေါ် စိတ်ပူ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လိုက်ချုပ်ချယ်တော့မှာ မေ့သိသည်။

"အင်းလေ ဒါဆိုလည်း ကျွန်တော် မတွေ့တော့ပါဘူး။ ဒီနေ့ ဝယ်လာပေးတဲ့ စားစရာတွေအတွက် ကျေးဇူးနော်။ ကျွန်တော့်ခြေထောက် ပြန်ကောင်းမှ မမကို ကျွန်တော် ဧည့်ဝတ်ကျေပါရစေ ဘိုင့်ဘိုင်"

မေ့ လှေကားထစ်တွေအတိုင်း ခပ်သွက်သွက် ပြန်ဆင်းလာခဲ့လိုက်သည်။ ရင်ထဲမှာ စိတ်လှုပ်ရှားခြင်းတွေ တစ်စွန်းတစ်စ ထင်ကျန်ရစ်နေဆဲ။

ဝန်းကျင်မှာ နေရောင်တွေ ကျန်းမာရေးကောင်းပုံက အလျှံလျှံ ငြိုး၍နေသည်။

■ ■ ■

## အခန်း (၁၃)

မေ့ သားလေးကို သိပ်နေတုန်း ဖုန်းလာသဖြင့် ခုတင်ထက်မှ အသာထကာ ဖုန်းကိုလှမ်းယူလိုက်သည်။

"ဟဲလို"

"ဟဲလို မမလား"

တစ်ဖက်ဖုန်းထဲမှ လှိုင်း၏အသံကြောင့် မေ့ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

"ဟင် မင်း ဘာဖြစ်လို့ ဖုန်းဆက်ဆက်နေရတာလဲ လှိုင်း"

မေ့ ဖုန်းပြောနေရင်းမှ အိပ်မောကျနေသော သားကို မလှမ်းမလဲ လှမ်းကြည့်လိုက်သည်။ သားက အိပ်ပျော်နေပြီ။ သို့သော် အသံကို သိပ်မကျယ်ရဲ။ အသံခပ်အုပ်အုပ်ဖြင့် ပြောရသည်။

"ဘာ အံ့ဩစရာပြမလို့ ဟုတ်လား။ တို့မနက်ဖြန်မသွားဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေ့ တမင်ပင် မအားဘူးဟု ညာပြောလိုက်ခြင်းဖြစ်သည်။ လှိုင်းဘက်က မအားလျှင် အိမ်လာခဲ့မယ်ဟုပြောတော့ မေ့လန့်သွားသည်။

လှိုင်း အိမ်အထိ လိုက်လာ၍မဖြစ်တာ မေ့အသိဆုံး။ မေ့ကို ရှုပ်ရှုပ်ယှက်ယှက်တွေနှင့်ပတ်သက်နေသည်ဟု ထင်သွားမယ့် မောင့်ရဲ့ အကြည့်တွေကို မေ့ ရင်မဆိုင်ရဲပါ။

"ကောင်းပြီလေ မမ မနက်ဖြန်ကျရင် သားကို ကျောင်းပို့ပြီး တာနဲ့ မင်းဆီကို ဝင်ခဲ့မယ်"

အခန်းတံခါး လက်ကိုင်ဘုမှ ကလစ်ဆိုသည့်အသံကြောင့် မေ့ ဖုန်းကိုကမန်းကတန်း ပိတ်လိုက်ရသည်။

"မေ့ ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ"

ညဝတ်အင်္ကျီနှင့်အခန်းထဲဝင်လာသော မောင့်အမေးကြောင့် မေ့ မျက်နှာမပျက်ယွင်းအောင် ထိန်းလိုက်ရသည်။

"ဆလွန်းက ဆက်တာပါမောင်၊ ဟိုအပတ်က Skin Care လုပ်မယ်လို့ ပြောထားတာလေ၊ အဲဒါ မေ့မလာလို့ ဖုန်းလှမ်းဆက်မေး တာ"

တွေ့ကရာ အကြောင်းပြချက်တွေဖြင့် မောင် ယုံအောင်ပြော လိုက်သည်။ မောင်က မေ့ဘယ်လိုပဲ ဟန်ဆောင်ညာညာ မောင့်မျက်ဝန်း ရိပ်မှာ မေ့ကို သံသယဖြစ်စေမယ့်အကြည့်တွေ အပြုံးတွေ လုံးဝထင်ဟပ် မနေတာ မေ့အသိဆုံး။

မေ့စိတ်ကလည်း မောင့်အပေါ်မှာ ဘာကြောင့်ခုလိုမျိုး ညာနေ





မိသလဲဆိုတာ ကိုယ့်ကိုကိုယ် မဝေခွဲတတ်တော့။

"မောင့်မိန်းမက Skin Care မလုပ်လည်း လှပြီးသားပဲ၊ ဘယ်တော့ကြည့်ကြည့် မောင့်ရင်ထဲမှာ ချမ်းမြေ့ရပြီးသား၊ မောင့်အချစ် ကို လက်ခံပြီး မောင့်ရဲ့ဇနီးအဖြစ် နေပေးတဲ့ မေ့ကို ကျေးဇူးတင်ပါတယ်"

နဖူးမှ ဆံစအချို့ကို သပ်တင်ပေးရင်း ကျေးဇူးတင်စကားဆို နေသော မောင့်ကို မေ့ကလည်း ကျေးဇူးတင်ပါသည်။ အိမ်ထောင်ကျပြီး သက်တမ်းတစ်လျှောက်လုံး လောကမှာ ကံအကောင်းဆုံးအိမ်ရှင်မတစ် ယောက် ခင်ပွန်းသည်၏အချစ်ကို အပြည့်အဝရရှိသည့် ဇနီးမယားတစ် ယောက်အဖြစ် အမျိုးသမီးတကာတို့ အမြဲငေးမောအားကျခဲ့ရအောင် မောင်ချစ်ပြနိုင်ခဲ့တာဟာ မေ့ဘဝမှာ ဘယ်အရာနှင့်မှ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးပင် ဖြစ်သည်။

"မေ့ကို မောင် လျှို့ဝှက်ချက်တစ်ခု ပြောပြမယ်၊ မေ့ နားထောင် မလား"

မေ့ မျက်ဝန်းဝိုင်းလေးဖြင့် မော့ကြည့်ရင်း

"လျှို့ဝှက်ချက် ဟုတ်လား၊ ဘာလျှို့ဝှက်ချက်လဲ မောင်"

"အင်း အဟင့် ဟင့် မေမေ မေမေ ရေသောက်ချင်တယ်"

ခုတင်ပေါ်တွင် လူးလှိမ့်နေသော သားလေး၏ ရေသောက်ချင် တယ်ဟု အိပ်ချင်မူးတူးပြောလိုက်သောအသံကြောင့် ပြောမည့်ဟန်ပြင် ထားသော မောင့်နှုတ်ခမ်းတွေ တွန့်ဆုတ်သွားကာ သားဆီသို့ ထသွား လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ထ သား ဖေဖေ ရေတိုက်မယ်နော်"

အနည်းငယ် ကျိုကျချင်နေသော သားလေးကို ပွေ့ချီလိုက်ပြီး ရေခဲသေတ္တာရှိရာသို့ထသွားကာ သားကို ရေတိုက်ဖို့ ရေဘူးထုတ်ယူလိုက်သည်။

"ဟား ဟား သားက ဖေဖေ့အတိုင်းပဲ၊ တစ်ရေးနိုးရင် ရေထသောက်တဲ့အကျင့်ရှိတယ်"

"ဖေဖေက သောက်ပြီးအိပ်လို့ တစ်ရေးနိုးရင်ပူတော့ ရေထသောက်တယ်၊ သားလေးက မသောက်ဘဲနဲ့ တစ်ရေးနိုးကြီး ရင်ပူတာတော့ မဟုတ်သေးပါဘူးကွာ"

ရေသောက်နေသော သား၏ပါးပြင်ဖောင်းဖောင်းလေးကို နမ်းရှိက်ရင်း မေ့ ကျီစယ်လိုက်သည်။

"ဟော့ ဟော့ မေ့နော် မောင်က ရင်ပူလို့ ညဘက်ရေထသောက်တယ်ဆိုရင် မေ့ကရော ဘာပူလို့ ညဘက်ဆို သန့်စင်ခန်းသွားပြီး ပေါက်တာလဲ အဟဲ ဟဲ"

"ကြည့် မောင်နော် ကလေးရှေ့မှာ ဘာတွေပြောနေတာလဲ"

မေ့ ရှက်ရမ်းရမ်းကာ သားလေးကို ချီပိုးထားသော မောင့်လက်မောင်းသားကို မနာအောင် ခပ်ဖွဖွထုကာ ရန်ထောင်လိုက်သည်။

ရေသောက်ပြီးသွားသော သားလေးပင် မောင့်စကားကြောင့် စိတ်မကြည်နေရာမှ တခစ်ခစ်ဖြင့် ထရယ်၏။

မောင်နှင့်သားလေး အကျယ်ကြီး အော်ရယ်ကြတော့ မေ့ပါ





လိုက်ရယ်ဖြစ်သွားသည်။

မောင့်လျှို့ဝှက်ချက် ဘာလဲဆိုတာကိုတော့ နောက်မှပဲ မေးတော့မည်။

■ ■ ■

"မင်းနောက်ကို မမဆီ ဖုန်းမဆက်ပါနဲ့ လှိုင်းရယ်"

"ဘာဖြစ်လို့လဲ မမ"

"ဘာဖြစ်ရမှာလဲ မင်းနဲ့မမက ရိုးရိုးသားသား ပတ်သက်ကြတာ၊ မင်း ခုလိုအလိုက်ကန်းဆိုးမသိ ဖုန်းဆက်နေရင် မမတို့အိမ်ထောင်ရေးမှာ မလိုလားအပ်တဲ့ ပြဿနာတွေ ဝင်လာနိုင်တယ်ကွ"

မေ့ တားမြစ်ချက်တွေသည် လှိုင်းအတွက် အဟန့်အတားတစ်ခု ဖြစ်နေစေသော်လည်း လှိုင်း စိတ်ခံစားမှုတွေကိုတော့ ပြောင်းလဲပစ်နိုင်လိမ့်မည်မထင်။

လှိုင်း၏အကြည့်တွေသည် မေ့အပေါ်မှာ နက်ရှိုင်းထိုးဖောက်လွန်းနေသည်ဟု မေ့ထင်နေသည်။ ပြတင်းပေါက်ကို ကျော်၍ အဝေးရှိ တိမ်တိုက်တွေကို ကြည့်ငေးနေသော လှိုင်းအတွေးထဲတွင် တစ်စုံတစ်ခု ရှိနေမှာ သေချာ၏။

ထိုတစ်စုံတစ်ခုသည် မေ့ကိုယ်တိုင်လည်း ဖြစ်နေနိုင်သည်ဟု တနားနားလည်မိပါသည်။

"ကျွန်တော် မမဆီ ဖုန်းမဆက်မိအောင် ကျွန်တော့်စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းကြည့်ပါသေးတယ်၊ ဒါပေမဲ့ ကျွန်တော် အိပ်လို့



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမရအောင် မမက ကျွန်တော့်ကို အရမ်းလွမ်းမိုးနေတယ်၊ အဲဒီလို အချိန်မှာ မမအသံကို ကြားလိုက်ရတယ်ဆိုရင်ပဲ ကျွန်တော် သေပျော်ပါပြီဆိုတဲ့စိတ်တောင် ဖြစ်လာမိတယ်၊ ဒါကြောင့် ကျွန်တော်ဆက်မိတာပါ''

လှိုင်း လက်တွေက တဖြည်းဖြည်းနှင့် မေ့ လက်ချောင်းသွယ်သွယ်လေးတွေနှင့် မသိမသာ ကပ်၍ဆုပ်ကိုင်သည်။ မေ့ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ ဒီနေရာဟာ မေ့ ဆက်မနေသင့်တော့တဲ့နေရာတစ်ခုဟု ကိုယ့်ကိုကိုယ် သတိပေးလိုက်သည်။

''ကျွန်တော် မမကို ပြစရာရှိတယ်''

လှိုင်း မေ့လက်တွေကို ခပ်ဖွဖွဆုပ်ကိုင်ဆွဲမ၍ ထိုင်နေရာမှ မေ့ အသာထလိုက်ခဲ့လိုက်သည်။ သူ မေ့ကို ဘာများထူးဆန်းတာပြမလို့ ပါလိမ့်။

''ဟင် ဒါ တို့ပုံပဲ''

လှိုင်း၏လက်အစုံက ပိတ်ဖြူအုပ်ထားသော ပန်းချီကားချပ်ကို ဖွင့်ဟပြလိုက်တာနှင့် မေ့ မျက်နှာလေး လင်းလက်ကာ ဖျဉ်းခနဲ ရှက်သွေးဖြာသွား၏။

ကြည့်စမ်း မေ့ပုံမှမေ့ပုံအစစ်။

တစ်ကိုယ်လုံး ဇလာကျင်းထားသော မေ့၏ထိုင်နေပုံလေးက ကြက်သီးမွေးညင်းထလောက်အောင် ဆွဲဆောင်မှုရှိလှသည်။

ဆုံခဲ့ကြသည့် တိုတောင်းလှသောအချိန်အတိုင်းအတာလေးအတွင်း ဓာတ်ပုံမရှိ၊ လူကိုယ်တိုင်မော်ဒယ်မထိုင်ပါဘဲ ထိုမျှလောက်ထိ





တူအောင် ဆွဲနိုင်သော လှိုင်း၏ဖောက်ထွင်းမြင်နိုင်စွမ်းနိုင်သောစိတ်နှင့် ပန်းချီလက်ရာကို မအံ့ဩမချီးကျူးဘဲမနေနိုင်။

လက်နှင့်ကာထားသော်လည်း တစ်စွန်းတစ်စပေါ်ထွက်နေသည့် မေ့၏ရင်သားအလှကို လှိုင်း ဘာလို့ ဒီလောက်အထိ သိနေရသလဲ၊ မေ့ ကျောချမ်းသွားသည်။

အသက်ဝင်လှသော ဆီဆေးပန်းချီကားထဲတွင် မေ့သည် နှစ်လိုဖွယ်ကောင်းအောင် ပြုံးနေပြန်၏။ ထိုအပြုံးမျိုးကို မေ့ တစ်ခါတစ်ရံမှသာ ပြုံးတတ်သည်။ ထိုသို့ ရှားပါးသောအပြုံးမျိုးကို ကာရိုက်တာအမှန်ဖြင့် ရေးနိုင်သော လှိုင်း၏ရင်ထဲတွင် မေ့သည် အတော်လေး နေရာဝင်ယူမိနေပြီပဲဟု သိလိုက်၍ မေ့ရင်ထဲ ထိတ်လန့်သွားမိပြန်သည်။

''မင်းက သိပ်တော်တဲ့ ပန်းချီဆရာပဲ''

ရင်ထဲရှိသည့်အတိုင်း ပြောင်ပင် ချီးကျူးလိုက်သည်။

လှိုင်း ကျေနပ်သလို ခေါင်းတဆတ်ဆတ်ညိတ်ပြုံးပြီး မေ့နှင့် မျက်နှာချင်းဆိုင် အနီးကပ်ရပ်လိုက်သည်။

မေ့ အနောက်ကို မသိမသာ ဆုတ်လိုက်သည်။

''မမ ကျွန်တော် မမကို မချစ်သင့်မှန်းသိပေမယ့် ကျွန်တော့် ရင်ထဲမှာ တားမနိုင်ဆီးမရ ချစ်မိနေတယ် သိလား''

ပြောပြောဆိုဆို လှိုင်းက မေ့ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဖျတ်ခနဲ ဆွဲသွင်းလိုက်သည်။ တင်းကျပ်စွာဖက်တွယ်ထားမိသော လက်အစုံက မေ့ ကျောပြင်အနှံ့ကို ပွတ်သပ်လျက် လည်တိုင်အနှံ့မှ ရင်ညွန့်အထိ



www.burmeseclassic.com

www.burmeseclassic.com



နေရာလပ်မကျန်အောင် နမ်းရှိုက်သည်။

မေ့ တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသလို တုန်တက်နေ၏။

"မင်း မင်း ဒါဘာလုပ်တာလဲ၊ လှိုင်း လွှတ်စမ်း လွှတ်"

မေ့ ဆက်ပြော၍မရအောင် လှိုင်းက မေ့နှုတ်ခမ်းကို ဖိကပ်ကာ အချိန်အကြာကြီး နမ်းရှိုက်သည်။ မေ့ ရုန်း၍မရအောင်လည်း တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထား၏။

လှိုင်းက ရုတ်တရက် မေ့ကို ဗွေ့ခနဲပွေ့ပြီး ခုတင်ပေါ်သို့ ချသည်။ မေ့ ခြေလက်တို့ဖြင့် ရုန်းကန်နေသော်လည်း လေတိုးသံများကြား၌ တိမ်တွေနှင့်လွင့်မျောနေသလို အင်အားတို့ ယုတ်လျော့နေခဲ့သည်။

"မင်း မင်းလွှတ်နော်၊ မယုတ်မာနဲ့၊ ငါ့စေတနာကို မစော်ကားနဲ့"

ဖိကပ်နမ်းရှိုက်ခံနေရ၍ အတင်းရုန်းဖယ်ကာ ပါးစပ်မှ တတွတ်တွတ်ပြောသည်။ ခန္ဓာကိုယ်ကတော့ သူ၏သန်မာစွာ ချုပ်နှောင်မှုနှင့် အတွေ့အထိအောက်မှာ ရုန်းထွက်နိုင်ဖို့ အင်အားမမျှခဲ့ချေ။

"ချစ်တယ် ကျွန်တော် မမကိုအရမ်းချစ်လို့ပါ၊ ကျွန်တော့်စိတ်တွေ ထိန်းလို့လုံးဝမရတော့ဘူး မမရာ"

"အဲဒီမှာ လဲသေလိုက်စမ်း လူယုတ်မာရဲ့၊ ငါ မင်းကိုမချစ်ဘူး လွှတ် လွှတ် အခု လွှတ်စမ်း"

"မလွှတ်ဘူး ကျွန်တော် တောင်းပန်ပါတယ် မမရယ်၊ ကျွန်တော် တကယ်ချစ်မိတာ"





ရုန်းရင်းကန်ရင်း မေ့အဝတ်အစားတွေ ခုတင်အောက် ပုံကျကျန်သည်။ လှုလည်း တဖြည်းဖြည်း လှိုက်ဖိုမောလာ၏။ မိန်းမသားတစ်ယောက်အတွက် ရုန်းထွက်၍မရသော နောက်ဆုံးလက်နက်အဖြစ် မျက်ရည်တွေ စီးကျလာ၏။

စိတ်ထဲမှ မောင်ရေ မောင်ရေ မေ့ကိုကယ်ပါဦးဟု အော်ဟစ်အကူအညီတောင်းနေသော်လည်း မေ့ အင့်အားမရှိတော့။

လှိုင်း၏ဆံပင်ကို ကုတ်ဖဲ့ဆုပ်ဆွဲနေရာမှ လှိုင်း၏ဦးခေါင်းက တဖြည်းဖြည်း နိမ့်ဆင်းသွား၏။ ဝင်သက်ထွက်သက်နွေးနွေးဖြင့် ခန္ဓာကိုယ်အနှံ့ တရစပ်နမ်းရှိုက်နေသော ခံစားမှုကို မေ့ သွေးသားက မလွန်ဆန်နိုင်။

မောင်ရေ မေ့ဟာ အသွေးအသားနဲ့တည်ဆောက်ထားတဲ့ လူမဟုတ်ဘဲ စက်ရုပ်ဖြစ်ရင် သိပ်ကောင်းမှာ။

ခံစားမှုအသစ်က မေ့အသိတရားအားလုံးကို ခိုကိုးရာမဲ့စေသည်။

ဆံနွယ်တွေက ဖားလျားဝေဆာကာ တောင်ပူစာတစ်ခု ပြေလျော့နေသလို သွယ်သွယ်လျလျ စီးဆင်းသည်။

ချွေးတဒီးဒီးကျတဲ့စည်းစိမ်တွေထဲမှာ မေ့ဟာ သိပ်ကိုမိုက်မဲတဲ့ မိန်းမတစ်ယောက်ပါ မောင်။

■ ■ ■

လမ်းဘေးဝဲယာမှ သစ်ပင်ကြီးတွေကို ယိမ်းနွဲ့လှုပ်ရှားစေသော



www.burmeseclassic.com

www.burmeseclassic.com



အဲနောက်တောင်လေတွေနှင့်အတူ မိုးသားတွေ ညှို့တက်လာသည်။

မေ့ရင်ထဲမှာလည်း ကောင်းကင်မှ မီးခိုးရောင်တိမ်စိုင်တိမ်လိပ်ကြီးတွေလို မှိုင်းညှို့အုံ့မည်းကာ မျက်ဝန်းမှ မျက်ရည်မိုးတို့ အဆက်မပြတ်စီးကျလာသည်။ ကိုယ့်ကိုကိုယ် ဘယ်လိုဖြေသိမ့်ရမှန်းပင် မသိတော့အောင်ဝမ်းနည်းဆို့နင့်နေ၏။

ရင်ထဲမှ လှိုက်တက်လာသော ဝမ်းနည်းခြင်းတွေနှင့်အတူ မေ့ကားကိုပင် ဆက်မမောင်းနိုင်လောက်အောင် တလိမ့်လိမ့် ဆင်းကျလာသော မျက်ရည်တို့သည် အမြင်အာရုံကို မှုန်ဝါး၍လာစေသည်။

ကားကို လူရှင်းသော လမ်းဘေးတစ်နေရာတွင် ထိုးရပ်လိုက်သည်။ အုံ့မှိုင်းနေသော မိုးတို့သည် တဝေါဝေါနှင့် အော်လာကာ မိုးရေစက်ကြီးတွေကို ကားပေါ်သို့ တဖျောက်ဖျောက်ကျလာသည်။

ကျယ်လောင်သော မိုးသံကို အကာအကွယ်ယူပြီး မေ့အသံကုန်ဟစ်၍ အော်ငိုလိုက်သည်။ နဖူးပြင်ကို ကားစတီယာရင်ကို အကြိမ်ကြိမ်ဆောင့်ကာ ကိုယ့်ကိုကိုယ် အပြစ်ပေးမိ၏။

မေ့၏စာနာနားလည်ပေးသောစိတ်တွေက ခုတော့ မေ့ဘဝကို စတေးလိုက်ရပြီ။ ထိုအမှားသည် တစ်သက်စာ ဖျက်မရသောအမည်းစက်ကြီးအဖြစ် မေ့ကို ခြောက်လှန့်တော့မည်။ မေ့ဘဝမှာ ယောကျ်ားတစ်ယောက်အပေါ် နက်ရှိုင်းသည့် ခံစားချက်ဖြင့် လိုက်လျောပေးဆပ်ခဲ့တာ မောင့်တစ်ယောက်ထဲကိုပါ။

လှိုင်း၏အထိအတွေ့အချော့အမြူအနမ်းတွေအောက်က ရုန်း





မထွက်နိုင်ခဲ့တဲ့ မေ့၊ ကိုယ့်ကိုကိုယ်သာ ပျစ်ပျစ်နှစ်နှစ် ဆဲပစ်လိုက်သည်။ မေ့ဟာ အဲလောက်ထိ ညံ့ဖျင်းစုတ်ပဲ့တဲ့မိန်းမတစ်ယောက်ဖြစ်ခဲ့ပြီ။

ခုတော့ မေ့ဟာ အင်မတန်အန္တရာယ်များသော ချောက်ကြီးတစ်ခုထဲသို့ ပြုတ်ကျသွားသလိုပင် ခံစားလိုက်ရသည်။

မေ့ ဘာလုပ်ရမလဲ။

မေ့ကို ခွင့်လွှတ်ပါမောင်ရယ်။ မေ့ လူယုတ်မာတစ်ယောက်ရဲ့ အဓမ္မပြုကျင့်ခြင်းကို ခံလိုက်ရပြီ။ မေ့ဘဝဟာ ရှင်လျက်နဲ့ သေသလိုဖြစ်သွားခဲ့ပါပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဒီနေ့ဟာ မောင်နှင့်မေ့ရဲ့ အိမ်ထောင်သည်ဘဝ ခုနစ်နှစ်ပြည့်သောနေ့လေးတစ်နေ့ဆိုတာ မေ့ လုံးဝကို မေ့နေခဲ့တာပါ။

"ဝေး ဖေဖေနဲ့မေမေ နောက်အနှစ်တစ်ရာတိတိ ပျော်ရွှင်ပါစေ"

ပျော်ရွှင်ခုန်ပေါက်နေသော သားနှင့် ကြည်နူးမှုအပြုံးတွေဝေနေသော မောင့်ကိုကြည့်ပြီး နှံ့ခွေနေသော စိတ်ကို ပြန်၍ မတ်လိုက်ပြီး စိတ်နှင့်ကိုယ်မကပ်သော အမူအရာမျိုးကို လုံအောင်ထိန်းကာ အသက်မပါသော အပြုံးတုတစ်ခုကို ခပ်မြန်မြန် ဖန်တီးလိုက်ရသည်။

"မေ့က မောင်မှမှတ်မိပါ့မလားလို့ တမင်သတိမပေးဘဲ မေ့ချင်ဟန်ဆောင်နေတာ"

ကိုယ့်အပြစ်မဖြစ်အောင် မုသာဝါဒစကားကို သုံးလိုက်ရသည့်အတွက် ရင်ထဲမှာ တဆစ်ဆစ်နှင့် နာကျင်နေ၏။





"ဩော် မေ့က ဒီလိုဂွင်ရိုက်ထားတာကို မောင်က မေ့ လုံးဝမေ့နေပြီထင်တာ"

"အို မေ့စရာလား မောင်ရယ်၊ မောင်နဲ့မေ့ဘဝရဲ့ အရေးကြီးဆုံးနေ့တွေကို မေ့က အသက်ထက်တောင်ပိုပြီး အမှတ်ရနေတာပါ"

မိန်းမတို့တတ်အပ်သော ပညာရပ်ကို မောင်ယုံအောင်ထုတ်သုံးလိုက်ရသည့်အတွက် အားနာပါတယ် မောင်။

"မောင်ကလည်း မမေ့ပါဘူးဗျာ၊ တစ်ပတ်လောက်ကတည်းကကြိုပြီးစီစဉ်နေတာ"

"ဟုတ်တယ် မေမေ၊ အဲဒါ သားလည်းသိတယ်၊ ဒါကြောင့် ဖေဖေနဲ့မေမေအတွက် လက်ဆောင်စီစဉ်ထားတယ်"

နားလည်သိတတ်လွန်းသော သားလေးမှာ ဖခင်နှင့်အပြိုင် အမှတ်ကပ်ယူရင်း ငွေရောင်စက္ကူဖြင့် ပတ်ထားသောအရာကို လှမ်းပေးသည်။ မောင်က ခရမ်းရောင်သစ်ခွပန်းစည်းလေးကို မေ့ထံသို့ လှမ်းပေးသည်။

"သားကိုရော မောင့်ကိုရော သဲ့ခ်ယူးပါ"

ပန်းစည်းကို ရှိုက်နမ်းပြီး သား လှမ်းပေးသော ငွေရောင်စက္ကူပြားကို ဖွင့်ကြည့်လိုက်သည်။

"ဟယ် သားလေးက ပန်းချီဆွဲတာ တော်လိုက်တာ မောင်ရယ်ကြည့်စမ်းပါဦး တစ်တန်းကျောင်းသားလေးက အဲလောက်ဆွဲတတ်သလား"



www.burmeseclassic.com

www.burmeseclassic.com



မေ့နှင့်တံတိုင်း မင်္ဂလာဆောင်တုန်းကပုံကို ကူးယူဆွဲပြီး ဆေးရောင်ခြယ်ထားသော သားလက်ရာက မူလတန်းအဆင့်ပန်းချီလက်ရာမျိုး မဟုတ်။ အလယ်တန်းအထက်တန်းကျောင်းသားတစ်ယောက်ဆွဲထားသလို လက်ရာမျိုး ဖြစ်သည်။

"ဟုတ်တယ် မေ့ရ အဲဒီပုံကို သားဆွဲနေတာကြာပြီ။ မောင်တို့သားလေးက ကြီးလာရင် ကမ္ဘာကျော်ပန်းချီဆရာတစ်ယောက်ဖြစ်မယ် ထင်တယ်ကွ"

"ဟုတ်တယ် သားက ကြီးလာရင် ပန်းချီပြိုင်ပွဲတွေဝင်ပြီး နိုင်ငံခြားကိုသွားမှာ"

"ကဲ တွေ့လား မေ့ရေ၊ သားလေးက ရည်မှန်းချက်ရှိနေပြီ၊ မောင်တို့ဘက်က မြေတောင်မြှောက်ပေးဖို့ပဲ ကျန်တော့တယ်"

"ဖေဖေ မေမေ့အတွက် မင်္ဂလာလက်ဆောင်ပေးမလို့ဆို ပေးတော့လေ"

"ဪ ဟုတ်သားပဲ မောင်တို့ရဲ့မင်္ဂလာသက်တမ်း ခုနစ်နှစ်ပြည့်မှာ မေ့အတွက် လက်ဆောင်စီစဉ်ထားတယ်၊ မေ့ကရော မောင့်ကို ဘာစီစဉ်ထားလဲ"

"ဟင် အဲ စီ စီတော့ စီစဉ်ထားတယ် မောင်ရဲ့၊ ဒါပေမဲ့ ရက်ချိန်းက မရသေးဘူး"

"ဟင် ဘာမို့လဲ"

"နောက်တော့ သိရမှာပေါ့"





"ကဲပါ ဖေဖေရာ မေမေ့လက်ဆောင်က ဖေဖေ့လောက် ရင်ခုန်စရာကောင်းမှာမဟုတ်ပါဘူး၊ ဖေဖေ့လက်ဆောင်ကိုပဲ အရင်ပေးလိုက်ပါတော့"

တကယ်ဆို မေ့မှာ ကိုယ့်သောကနှင့်ကိုယ်မို့ ဒီလိုရက်မျိုးကို သတိမရသည့်အပြင် ဘာလက်ဆောင်မှ စီစဉ်မထားမိတာ အမှန်ပါ။

"ကဲ ရော့ မောင်တို့ ခုနစ်နှစ်ပြည့် မင်္ဂလာလက်ဆောင်အဖြစ် မောင်က မေ့ကိုပေးမှာ"

ကတ္တီပါဘူးအနီလေး ကမ်းပေးနေသော မောင့်လက်ထဲမှ မေ့ လှမ်းယူလိုက်သည်။

"မေ့မှာ ရတနာတွေအရမ်းများနေပြီ မောင်ရယ်၊ ဘာလို့ ထပ်ဝယ်ပေးနေရတာလဲ"

"မေမေကလည်း အဲဒီဘူးထဲမှာ ဘာရတနာမှမရှိဘူး၊ မယုံရင် ဖွင့်ကြည့်လိုက်"

သားလေး စကားကြောင့် မောင့်ကိုလှမ်းကြည့်လိုက်သည်။ မောင် ခပ်မိန့်မိန့် လက်ပိုက်ရပ်လျက် မေ့ကို ပြုံးပြုံးကြီး ကြည့်နေ၏။

မောင့်အကြည့်တွေကို မေ့ရင်မဆိုင်ရဲစွာဖြင့် မျက်ခွံနဲ့ အကြည့်လွှဲလိုက်ပြီး ကတ္တီပါဘူးလေးကို ဖွင့်ကြည့်လိုက်သည်။

"ဟင် ကားသော့"

"ဟုတ်တယ် လာ မောင်တို့ ဂိုဒေါင်ဘက်သွားရအောင်"

မောင် မေ့နှင့်သားလေးလက်ကိုလှမ်းဆွဲပြီး ဂိုဒေါင်ရှိရာဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့လိုက်သည်။ ကားဂိုဒေါင်ရှေ့ရောက်တော့ ဂိုဒေါင်တံခါးကို ရီမုတ်ဖြင့် လှမ်းဖွင့်လိုက်သဖြင့် ဂိုဒေါင်တံခါးကြီးမှာ အပေါ်သို့ခပ်ဖြည်းဖြည်းတက်သွားသည်။

ဂိုဒေါင်ထဲတွင် တခြားအိမ်စီးကားသုံးစီးနှင့်အတူ ရှေ့ဆုံးမှာ ထည်ထည်ကြီးရပ်ထားသော ကားတစ်စီးအပေါ်မှ ကြီးမားသောပိုးလိုက်ကာစကြီးကို အုပ်မိုးထား၏။

''မောင် ဒီကားက ဒီဂိုဒေါင်ထဲ ဘယ်တုန်းကရောက်နေတာလဲ ဟင်''

အမြဲတမ်း လျှို့ဝှက်ချက်တွေနှင့် မေ့ မွေးနေ့ရောက်တိုင်း ပြုမူနေကျမောင့်အပြုအမူတွေကြောင့် ထူးပြီး မအံ့ဩတော့ပေမယ့် အရမ်းကို အံ့ဩဝမ်းသာဟန်ပြတတ်ခဲ့တာလည်း မေ့အကျင့်ပါပဲ။

ဒါမှ မောင်ရော သားလေးရော ပျော်မှာလေ။ မောင်နှင့်သား ပိုးလိုက်ကာစကြီးကို ဆွဲဖယ်လိုက်ကြသည်။ စိမ်းပြာရောင်အမိုးဖွင့်ကား လှလှလေးတစ်စီးက ပြောင်လက်နေ၏။

''ဝါး အရမ်းမိုက်တဲ့ကားလေးပဲ မောင်ရယ်၊ နေပါဦး ဒီကားကို မေ့ ဟိုတစ်ခါ ကားအရောင်းပြခန်းသွားတုန်းက ကြိုက်လိုက်တာဆိုပြီး ပြောဖူးတဲ့ကားမဟုတ်လား''

''ရိုက်ချ် သိပ်မှန်တာပေါ့၊ မောင်က အဲဒီနေ့ကတည်းက မေ့နဲ့မောင်ရဲ့ခုနစ်နှစ်ပြည့် မင်္ဂလာရက်ရောက်ရင် ဒီကားလေး လက်ဆောင်ပေးမယ်လို့ စိတ်ကူးထားလိုက်မိတာ ဒါကြောင့် အဲဒီနေ့ကတည်းက





မေ့ မသိအောင် ဝယ်ထားပြီးသား''

မောင် ရွှင်လန်းတက်ကြွစွာဖြင့် မေ့ကို ရှင်းပြနေသည်။ သားကတော့ ပိုးလိုက်ကာစကို ဖယ်လိုက်သည်နှင့် ကားတံခါးကိုဆွဲဖွင့်ကာ ကားပေါ်တက်သွားသည်။

''ဘယ်လိုလဲ ကြိုက်တယ်မဟုတ်လား မေ့''

''အရမ်းကို ကျေးဇူးတင်ပါတယ် မောင်ရယ်''

မေ့ မောင့်ခါးလေးကိုသိုင်းဖက်ကာ မောင့်ရင်ခွင်မှာ မျက်နှာအပ်လိုက်သည်။

''ဝါး အိပ်ချင်လိုက်တာကွာ''

မောင် မေ့ပခုံးကိုဖက်ရင်း ဝါးခနဲ သမ်းလိုက်သည်။ မေ့ မောင့်ကို မော့ကြည့်ကာ

''ဟင် မောင်ကလည်း စောစောကမှ အိပ်ရာထတယ်၊ ခုပြန်အိပ်ချင်ပြီလား''

''မေ့က အိပ်ရာထတဲ့အချိန်ကိုပဲ သိတာကိုး၊ မောင် ဘယ်အချိန် အိပ်ရာဝင်သလဲ မေ့မှမမေးတာ''

''ဟုတ်တယ် မေမေ၊ ညက ဦးဦးဖေယျာတို့က မေမေ အရမ်းအိပ်မောကျသွားတဲ့အချိန်ကျမှ ဒီကားကို ယူလာပေးကြတာ၊ ဖေဖေနဲ့သားက ကားကိုဖဲကြိုးတွေဆင်ကြတယ်၊ မေမေ မြင်သွားရင် အမေးဖြစ်သွားအောင်လို့ပေါ့ လှတယ်မဟုတ်လား မေမေ''

''လှလိုက်တာ အရမ်းလှတာပဲ မောင်ကလေ ဖိုတုန်းကလို



www.burmeseclassic.com

www.burmeseclassic.com



ရှိမန့်ဆန်ဆန်လေးတွေနဲ့ မေ့စိတ်ကို ဖမ်းစားတုန်းပဲ''

''ဒါဆို မောင့်ကိုကျေးဇူးတင်ရုံပဲလား ချစ်ရော ပိုမချစ်ချင်ဘူးလား''

ကလေးကလားဆန်စွာဖြင့် မေးနေသော မောင့်အမေးကြောင့် ရှက်ရဲရဲလေးရယ်ရင်း သားကို လှမ်းကြည့်လိုက်သည်။

သားသည် မောင်နှင့်မေ့အပေါ် အာရုံမထားဘဲ ကားထဲမှ ကွန်ပျူတာကို ကလိနေ၏။ ဒီတော့မှ မေ့ မောင့်မျက်နှာကို မြတ်နိုးစွာဖြင့် ကြည့်လိုက်သည်။

''မောင့်ကိုချစ်တဲ့ မေ့အချစ်တွေဟာ ဘယ်တော့မှ အိုဟောင်းမသွားသလို ဘယ်တော့မှလည်း လျော့မှာမဟုတ်ပါဘူး မောင်ရယ်''

''ဒါဆို အာဘွားပေး''

''သား ရှိတယ်လေ''

''သားက သူ့အာရုံနဲ့သူ ဒီမှာမပေးချင်ဘူးဆိုရင်တော့ လာအခန်းထဲသွားမယ် အဟဲ ဒါဆိုရင်တော့''

''ကြည့် မောင်ဟာလေ မနက်စောစောစီးစီး ဘာတွေလျှောက်ပြောမှန်းကို မသိဘူး''

မေ့ ခြေဖျားလေးထောက်ကာ မောင့်ပါးကို နမ်းလိုက်သည်။

မေ့အနမ်းတွေက အရင်လောက်တော့ မသန့်စင်တော့ဘူးပေါ့ မောင်ရယ်။ မေ့ ဝမ်းနည်းလိုက်တာ။

■ ■ ■



## အခန်း (၁၅)

ဒီနေ့ ညနေလေးကို ခုနစ်နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့လေးအဖြစ် ဒင်နာပေးရန် မောင့်မိတ်ဆွေသူငယ်ချင်း သုံးလေးငါးယောက်ကို ဖိတ်ထားသဖြင့် မေ့ အလုပ်ရှုပ်နေသည်။

စားသောက်စရာတွေ အဖျော်ယမကာတွေအားလုံးကို ဟိုတယ်ကမှာသော်လည်း ခြံထဲမှာ စားပွဲဝိုင်းတွေစီစဉ်၊ ပန်းအလှတွေပြင်နှင့် မောင့်တပည့်လေးတွေကို စီမံခန့်ခွဲနေရသည်မို့ မေ့ မနားရသေး။

ဒီနေ့ သားကိုတောင် မေ့ သွားမကြိုအား၍ မောင်ကိုယ်တိုင် သွားကြိုလာခဲ့ရသည်။

''မေ့ရေ မောင့်မိန်းမ အရမ်းပင်ပန်းနေပြီ၊ ခဏနားလိုက်ဦး သူတို့ဆက်လုပ်ပါစေ''

''မောင်လည်း ရေချိုးပြင်ဆင်တော့လေ၊ မောင့်ဧည့်သည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မယ်''

''အိုကေ ချိုးမှာပေါ့''

''ဖေဖေရေ ဧည့်သည်လာတယ်''

အသံစာစာဖြင့် အော်ပြေးလာသော သားလေးကြောင့် ခြံဝကို ပြိုင်တူကြည့်လိုက်ကြသည်။ ခြံတံခါးတွန်းဖွင့်ဝင်လာသော လိုင်းကိုမြင်တော့ မေ့ မှုးမေ့မတတ် စိတ်လှုပ်ရှားသွားကာ ခြေတစ်လှမ်းပင်နောက်သို့ အယောင်ယောင်အမှားမှား ဆုတ်လိုက်မိသည်။

''ဩော် ညီပါလား မတွေ့တာတောင်ကြာပြီ ဘယ်ကလှည့်လာတာလဲ အတော်ပဲ ဒီနေ့ ကိုယ်တို့ရဲ့ Anniversary day လေ၊ ကြုံတုန်း စားသောက်ပြီးမှပြန်ပေါ့''

''ဟာ ရပါတယ် အစ်ကိုရ၊ ကျွန်တော် ဒီနားက အိမ်ကို ပုံတူပန်းချီကားလာပို့တာလေ၊ ဒါကြောင့် လမ်းကြုံတာနဲ့ ဝင်လာတာ''

ရင်လိုင်းသစ် အားနာပါးနာဖြင့် လှည့်ပြန်ဟန်ပြင်သည်။ သူ့အဖို့ မေ့မျက်နှာလေးကို မြင်ခွင့်ရသွားပြီပဲ။ ဒါဟာ သူအလိုချင်ဆုံး ဆုလာဘ်။

''ဟာ မဟုတ်တာဘဲ၊ ရောက်တုန်းရောက်ခိုက် ကိုယ်တို့ပွဲလေးကို ဂုဏ်ပြုပေးသွားရမှာပေါ့''

''ဒါဆိုလည်း ကျွန်တော် ဝိုင်းကူလုပ်ပေးမယ်လေ၊ ဒီအတိုင်း ဧည့်သည်လိုတော့ မနေပါရစေနဲ့''

''အိုကေ ညီသဘော ထမင်းစားခန်းထဲမှာ စားပွဲတွေ ဝိုင်းကူ





ပြင်ပေး၊ ကိုယ်က ဒီမှာ မီးသီးတွေ ဘောက်စ်တွေ ဆင်နေကြတာကို စစ်လိုက်ဦးမယ်''

မေ့ နေမထိတော့ မောင့်ရှေ့မှာ လိုင်းနှင့်အတူ ရှိနေရတာကို စိတ်ထဲမှာ အပြစ်ကြီးတစ်ခုလို ခံစားနေရသည်။

''မောင် မေ့ ရေချိုးခန်းဝင်တော့မယ်ကွာ နော်''

''သွားချိုးတော့လေ မေ့ရဲ့၊ ဒီနေ့ မောင့်မိန်းမ အလှဆုံးဖြစ်နေရမှာကွ၊ ဘယ်လိုလဲ ညီ၊ မင်း အားမကျဘူးလား''

မေ့ ပါးလေးကို ချစ်စနိုးဆွဲပြီး မေးလိုက်သော တဲတိုင်းရဲ့၏ အမေးကြောင့် လိုင်း မချိပြုံး ပြုံးပြမိ၏။

''အားကျတာပေါ့ အစ်ကိုရာ၊ ကျွန်တော့်မှာ ချစ်ရမယ့်သူရှိနေပေမယ့် ကျွန်တော့်အခြေအနေနဲ့ လက်လှမ်းမမီသေးပါဘူး''

လိုင်းနှင့်မောင် ပြောဆိုနေကြတာကို မေ့ ဆက်ပြီးနားမထောင်တော့ဘဲ ရေချိုးရန် အိမ်ထဲသို့ ဝင်လာခဲ့လိုက်သည်။

မေ့စိတ်တွေ ဂနာမငြိမ်ဖြစ်ပြီး စိတ်နှင့်လူနှင့်မကပ်တော့။

လိုင်း ဘာသဘောနှင့် ရောက်လာသည်ဆိုတာ မေ့ မသိဘဲနေမလား။ ဒီနေ့ မေ့ဖုန်းကို လုံးဝစက်ပိတ်ထားလိုက်၍ ဖုန်းဆက်မရသည့်အဆုံး မေ့အိမ်ကို လိုက်လာတာပဲ ဖြစ်မည်။

အတင့်ရဲလိုက်တာ။

မေ့ စိတ်ရှုပ်လွန်း၍ ရေပန်းအောက်မှာ ထိုင်နေလိုက်သည်။ ဖြစ်နိုင်လျှင် ဒီရေချိုးခန်းထဲကနေ အပြင်ကို ထွက်ချင်စိတ်မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းနှင့်မျက်နှာချင်းဆိုင်ရမှာထက်စာလျှင် တစ္ဆေ သရဲတွေနှင့်သာ မေ့ ရင်ဆိုင်တွေ့လိုက်ချင်သည်။

ရင်ထဲမှာ တနုံ့နုံ့ဖြင့် ရဲတင်းလွန်းသော လှိုင်းကို ဒေါသတွေ ဖြစ်နေသည်။

ဒေါသနှင့်နောင်တ ရောထွေးကာ မျက်ရည်တို့ တလိမ့်လိမ့် စီးကျ၍လာသည်။

သာယာချမ်းမြေ့နေတဲ့ မောင်နဲ့မေ့ဘဝထဲကို ဘယ်လိုကံကြမ္မာဆိုးကများ ဝင်ရောက်နှောင့်ယှက်နေတာပါလိမ့်။

"မေ့"

တံခါးခေါက်သံနှင့်အတူ ရေသံများကြား၍ မောင့်အသံ တိုးတိုးလေး ကြားရသည်။ မေ့ တံခါးလော့ဖွင့်ပြီး ရေပန်းအောက်ပြန် ဝင်ကာ မျက်နှာကိုမော့ပြီး မျက်လုံးမှိတ်ထားလိုက်သည်။

"မမ"

အသံကြောင့် ရေပန်းအောက်မှ မေ့ ဖျတ်ခနဲ မျက်လုံးဖွင့်လိုက် ပြီး ချက်ချင်းပင် တုန်လှုပ်ချောက်ချားသွား၏။

"ဟင် မင်း မင်း ဘာဝင်လုပ်တာလဲ ထွက် ထွက်သွားစမ်း"

"မထွက်ဘူး ကံကြမ္မာကိုက ကျွန်တော့်ကို ဝင်ခွင့်ပေးလိုက်တာ"

သွေးအေးလွန်းသော လှိုင်း၏အမူအရာမှာ ကြောက်စိတ်ဆိုတာ တစိုးတစိမှ ရှိနေပုံမပေါ်။ မေ့မှာသာ စိတ်လှုပ်ရှားလွန်း၍ အသားတွေ တဆတ်ဆတ် တုန်ကာ လူက မူးမေ့လဲမတတ် ခံစားနေရ၏။





"ဖြစ်ချင်ရာဖြစ် ငါအော်လိုက်မှာနော် လှိုင်း"

လှိုင်းက မထေ့မဲ့ပြုံးပြုံးရင်း ရေပန်းခလုတ်ကို ပိတ်လိုက်သည်။

"မမ အော်တော့လည်း နှစ်ယောက်အမိခံလိုက်ရုံပေါ့"

"နင့်ကို မဒိမ်းကောင်လို့ အော်မှာပေါ့"

"အော်လည်း အလကားပဲ အိမ်ရှေ့မှာ ညဉ့်သည်တစ်ယောက်သဲ ရှိတော့တယ်၊ မမယောကျ်ားက သူ့သူငယ်ချင်း ဒီကိုအလာ လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်လို့ ကသောကမျောထွက်သွားပြီ ကျွန်တော့်ကိုတောင် မှာခဲ့သေး၊ သူ့မိန်းမကို ပြောလိုက်ပါတဲ့"

"ဟင် ဒါဆို သား သားကော"

"မမသားက သူ့အဖေမသွားခင်ကတည်းက ဟိုဘက်ခြံက ချာတိတ်လာခေါ်လို့ ဂိမ်းကစားဖို့ လိုက်သွားတာ ကြာပြီ"

"ဟင့်အင်း တောင်းပန်ပါတယ် ငါတောင်းပန်ပါတယ် လှိုင်း ရယ်"

မေ့ ပုန်းကွယ်သင့်သောနေရာကို လက်နှင့်ကာရင်း တုန်တုန် ယင်ယင် တောင်းပန်ရှာသည်။

"ကျွန်တော်ကလည်း မမကိုတောင်းပန်ပါတယ်၊ ကျွန်တော့်ကို ချစ်ခွင့်ပေးပါ၊ ခဏလေးပါ မမရယ်၊ ကျွန်တော့်ရင်ထဲမှာ ဘယ်လောက် ကြောင်းဆန်အောင် ခံစားနေလဲ မမသိလား၊ ဖြစ်နိုင်ရင် မမအနားကနေ တစ်စက္ကန့်လေးတောင် ဝေးမသွားချင်ဘူး၊ ပြောပြောဆိုဆို လှိုင်းက သူ့ကိုယ်ပေါ်ရှိအဝတ်အစားတွေကို ချွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့ သွေးဆုတ်ဖြူရော်သွားကာ ကြောင်အမ်းအမ်း ကြည့်နေမိသည်။

လိုင်းအနမ်းတွေ မေ့မျက်နှာပေါ်သို့ အလောတကြီးကျရောက်လာပြီး မေ့လက်နှစ်ဖက်ကို ဖျပ်ခနဲ ချုပ်ကိုင်ကာ မေ့ကိုယ်လေးကို နံရံမှာကပ်လိုက်သည်။

"ငါ ငါ အော်လိုက်ရမလား ... ငါမှယုတ်မာနေနော်"

"အဲဒါ ယုတ်မာတာမဟုတ်ဘူး၊ ကျွန်တော့်ရင်ထဲက အချစ်တွေကို ထိန်းချုပ်နိုင်စွမ်းမရှိတာ၊ ဘာမှစိတ် ... မမယောကျ်ား ဘယ်လိုမှ မရိပ်မိဘူး၊ ခုနေ မမအော်လည်း ကျွန်တော့်အတွက် ပိုတောင်ကောင်းသေးတယ်၊ မမကို ခုလိုနိုးကြောင်နိုးဝှက် ချစ်စရာမလိုတော့ဘူး"

ချောင်ပိတ်မိနေသော ယုန်သူငယ်တစ်ကောင်လို မေ့သည် လိုင်းကို မျက်လုံးအဝိုင်းသားနှင့်ကြည့်နေရုံမှလွဲ၍ ဘာမှမတတ်နိုင်တော့။

လိုင်း ရေပန်းခလုတ်ပြန်ဖွင့်သည်။ ရေဇာအေးမြသောအတွေ့က စိတ်တံခါးပေါက်များကို လွတ်လပ်စွာဖွင့်လှန်းပစေ၏။

"မမကို အရမ်းချစ်တယ် မမ ... ယ်၊ ကျွန်တော့်ကို နားလည်ပေးပါ"

သွေးနှင့်ကိုယ် သားနှင့်ကိုယ်ဆော့ဝဲများအား လိုင်း လက်ချောင်းကလေးများနှင့် ဆော့ကစားတွေ့ထိသည်။

ခလုတ်တိုက်ပါများတော့လည်း လူက ယိုင်နဲ့လာ၏။ မိန်းမလှ ဥယျာဉ်တွေ ကမ္ဘာဦးဆည်းလည်းသံနှင့်အတူ တသွင်သွင်စီးဆင်းကြ





သည်။

မေ့ကိုခွင့်မလွှတ်ပါနဲ့တော့ မောင်ရယ်။ မေ့လေ အင်မတန်နက်နိုင်းတဲ့ ထောင်ချောက်ကြီးတစ်ခုထဲ တိုးဝင်နေမိပြီ။

မေ့ ဘယ်လို ရုန်းထွက်ရမလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

လှိုင်းနှင့်မှားပြီးရင်း မှားနေသော အကြိမ်ရေတွေအောက်မှာ မေ့ဟာ တစ်ခါမှားပြီးတိုင်း အပြစ်ကြီးတစ်ခုကို အသက်နဲ့ရင်းပြီး ကျူးလွန်လိုက်ရသလို မေ့စိတ်တွေသည် လူသေတစ်ကောင်လို ခံစားချက်မဲ့ တွေဝေမိန်းမောရှ် နေတတ်လာသည်။

မောင့်ကိုတွေ့တိုင်း မေ့ဟာ ကြောက်စိတ်တွေဖြင့် အယောင်ယောင်အမှားမှား ဖြစ်နေတတ်သည်။

မေ့ဟာ စိုတစ်လှည့် ခြောက်တစ်လှည့် ဝက်ပါကြီးထဲမှာ လမ်းပျောက်နေသူတစ်ယောက်လို မျှော်လင့်ချက်မဲ့နေ၏။

ဘာပဲဖြစ်ဖြစ် မေ့ဟာ မောင့်အတွက်တော့ အင်မတန် ညံ့ဖျင်းတဲ့ မိန်းမတစ်ယောက်ပါ။

လှိုင်း၏အတင်းအဓမ္မ သိမ်းပိုက်လုယူမှုအောက်မှာ ကိုယ့်





အသွေးအသားတွေကို ရန်းရင်းဆန်ခတ် ပေးဆပ်နေရသည့်အချိန်တွေကို ပြန်တွေးမြင်ယောင်တိုင်း ခံစားမိရတာ သေမတတ်ပါဘဲ။

"မေမေ ကြက်သားပေါင်းအိုးကြီး တူးနေပြီ"

သားအသံကြားတော့မှ အတွေးအိမ်မှဖွဲ့နေရာမှ ဖျတ်ခနဲ ခုန်ထွက်ကာ

"ဪ ဟုတ်ပါရဲ့ သားရယ်၊ မေမေ အတွေးလွန်သွားတယ်"

ပျာယီပျာယာဖြင့် ဂတ်စ်မီးဖိုခလုတ်ကို ဖျတ်ခနဲ ဆွဲလှည့်ပိတ်လိုက်ပြီး လိုးလက်စ မုန်လာဥနီတွေကို ဆန်ခါတစ်ခုထဲသို့ ထည့်ကာ ဆာစင်ထဲမှာ ရေစင်အောင် ဆေးလိုက်သည်။

သားလေးရှေ့မှာ အတွေးလွန်နေမိသော မေ့ ကိုယ့်ကိုကိုယ် မြန်ပြီး သတိပေးနေရ၏။

နင် ဟန်မပျက်နေစမ်းပါပေါ့။

"မေမေ နေမကောင်းဘူးလားဟင် ဟာ မေမေ ပုစွန်ထုပ်အိုးကန်ထဲကို ဆားတွေအများကြီး ဘာလို့ထည့်နေတာလဲ၊ ဖေဖေ့မှာ သွေးတိုးရှိတယ်လေ"

"ဟင် ဆော ဆောရီး သားရယ်၊ မေမေ ဆားထည့်ဖို့ မရည်ရွယ်ပါဘူး၊ အသားမှုန့်ထင်ပြီး ထည့်လိုက်မိတာပါ"

သားလေး ကြက်သွန်မိတ်တွေ ဝိုင်းကူသင်နေရင်းမှ မေ့ကို ကြည့်ပြီး သက်ပြင်းမောလေး မသိမသာ ချလိုက်သည်ဟု မေ့ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့ ကိုယ်ကိုကိုယ် အပြစ်ပေးသည့်အနေဖြင့် သား မမြင်အောင် အောက်နှုတ်ခမ်းကို ခပ်နာနာလေး ဖိကိုက်လိုက်သည်။

မေ့ရယ် စိတ်ကို မီးဖိုခန်းထဲမှာ နှစ်ထားစမ်းပါ။

■ ■ ■

မေ့ ရေခဲတုံးလေးတွေကို မောင့် ဝီစကီခွက်ထဲသို့ ညှပ်ဖြင့်ယူ၍ ထည့်လိုက်သည်။ မေ့မျက်နှာ မလန်းဆန်းတာကို မောင် ရိပ်မိပုံဖြင့် မေ့ကို အသေအချာ အကဲခတ်သည်။

"မေ့ နေမကောင်းဘူးလား"

မေ့ ပြင်ဆင်ပေးသော ဝီစကီခွက်ကို ရေခဲတုံးတွေဖြင့် ခလောက်နေရင်း လှမ်းမေးသော မောင့်အမေးကြောင့် မေ့ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ မေ့ ချက်ချင်း ဘာပြန်ဖြေရမှန်းမသိ။

"ဟော့ မောင့်အချစ်လေး မောင် မေးနေတယ်လေ"

"ဘာ ဘာမှမဖြစ်ပါဘူး မောင်ရဲ့၊ မေ့ ခုတစ်လော နေရတာ သိပ်မလန်းသလိုကြီးဖြစ်နေတယ်၊ သွေးအားနည်းတာထင်ပါတယ်"

"ဟုတ်တယ် ဖေဖေ၊ မေမေ ဒီနေ့ ဘာချက်ချက် တူးတယ် မီးဖိုချောင်ထဲမှာ ငိုင်နေတယ်"

မေ့အပြုအမူတွေကို သားပါ ကောင်းကောင်းရိပ်မိနေ၍ သူ့ဒယ်ဒီကို သူသိသမျှ ပြန်ပြောပြ၏။

တံတိုင်းရဲ့ ခရက်ပိုင်းတွေမှာ မေ့ကိုသတိထားမိနေတာကြာပြီ။ အရင်လို ရွှင်ရွှင်လန်းလန်း မရှိ။ မေ့ ဘာဖြစ်နေသလဲ။





"ဒါဆိုရင်တော့ မေ့ ဆရာဝန်နဲ့ ချက်ခ်လုပ်သင့်နေပြီနော်"

"အင်းပါ မောင်ရဲ့ မေ့လည်း အဲလိုပဲ စဉ်းစားထားပါတယ်"

မောင် မေ့အပေါ် ဒီထက်ပိုပြီး မရိပ်မိစေရန် စကားကို ပြီးစလွယ် အနားသတ်လိုက်သည်။

"အဟက် သား ပြောတာ မှန်တယ်ကွ၊ ကြက်သားတွေလည်း တူးတယ်၊ ပုစွန်ထုပ်သုပ်ကလည်း အရမ်းငန်တယ်၊ အဟား မောင့်မိန်းမကို ဟင်းချက်ပြိုင်ပွဲ ဝင်နိုင်းရတော့မယ်ထင်တယ်၊ အရသာစုံအောင် ချက်နိုင်လို့လေ"

ရယ်ပြောလေး ပြောရင်း မေ့ခေါင်းကို ချစ်စနိုးလေး ပုတ်လိုက်သည်။ မေ့ မချိသော အပြုံးတစ်ခုကို ခပ်ဖွဖွပြုံးလိုက်သည်။ သားကတော့ သူ့ပန်းကန်ထဲမှ ဟင်းရော ထမင်းရော အရာမယွင်း။

"ကဲ မောင်တို့ ဟိုတယ်မှာ သွားစားကြမယ် ထ သား"

"ဟင့်အင်း မေ့အိမ်မှာပဲ အနားယူချင်တယ် မောင်ရယ်"

"ဖေဖေ ဒါဆို သားနဲ့ဖေဖေပဲ သွားစားမယ်လေ၊ မေမေ့အတွက် အပြန်ဝယ်လာလိုက်မယ်"

"ဖြစ်ပါ့မလား သားရဲ့၊ ဘယ်သွားသွား မိသားစုသုံးယောက် အတူတူသွားနေကျဟာကို"

"သား ပြောသလိုပဲ လုပ်လိုက်ပါ မောင်ရယ်၊ မေ့ အိပ်ရာထဲ လှဲနေလိုက်ရင် သက်သာသွားမှာပါ၊ သားလေးလည်း ဗိုက်ဆာနေပြီ တယ်"



www.burmeseclassic.com

www.burmeseclassic.com



သားက သူ့ဗိုက်ရွဲရွဲလေးကို ပွတ်ပြသည်။ တံတိုင်းရဲ့ မေ့ကို ခေါ်မရသည့်အဆုံး။

"ကဲ ဒါဆိုလည်း မေ့ အိပ်ရာထဲ လှဲနေလိုက်တော့ လာ မောင် အခန်းထဲလိုက်ပို့မယ်"

မောင်ကိုယ်တိုင် မေ့ကို အခန်းထဲတွဲပို့ပြီး အိပ်ရာပေါ်လှဲသိပ် ခဲ့ပြီး မေ့ကိုယ်ပေါ်ကို သိုးမွှေးစောင်အပါးလေး ခြုံပေး၏။

"သား ဗိုက်အရမ်းဆာနေလိမ့်မယ် မောင် သွားတော့"

"အင်းပါ နေပါဦး မောင့်မိန်းမကို အာဘွားလေးတော့ ပေး ခဲ့ပါရစေဦး"

တံတိုင်းရဲ့ မေ့ပါးလေးကို ရွှတ်ခနဲ နမ်းလိုက်သည်၊ မေ့စိတ်ကျဉ်း ကျပ်စွာဖြင့် တစ်ဖက်သို့ လှည့်သွား၏။ ယခင်ကဆိုလျှင် မေ့ပါးပေါ်ကို မောင့်အနမ်းတွေခြွေချတိုင်း မေ့ကလည်း မောင့်ကို ပြန်နမ်းနေကျပါ။

ခုတော့ မေ့ စိတ်မပါလို့ပါ မောင်ရယ်။

■ ■ ■

အခန်း (၁၇)

မှုန်ပျပျ မီးထွန်းထားသော အိပ်ခန်းထဲတွင် မေ့တစ်ယောက် တည်း အတွေးများစွာဖြင့် ကျန်ခဲ့၏။ ခုတင်ထက်တွင် ဟိုလှည့်ဒီလှည့် ဖြင့် အတွေးတွေက ပေါင်းစုံကာ အိပ်၍လည်း မပျော်။

မောင့်ကား ခြံထဲက မောင်းထွက်သွားတာ ကြားပေမယ့် မေ့ ထကြည့်ဖို့ ခြံတံခါးထပိတ်ဖို့လည်း စိတ်မပါသော်လည်း မဖြစ်မနေ ထပိတ် ဆိုးမည်။ မောင်ကတော့ ခြံတံခါးကို စေ့ရုံစေ့ခဲ့မှာပါ။

ဖုန်းသံမြည်လာသည်မို့ ခုတင်ထက်မှာ အိပ်နေရာမှ ဖုန်းထယူ လိုက်သည်။ လိုင်းဆီကဖုန်းပဲ။ မကိုင်ဘဲထားလျှင်လည်း မကိုင်မချင်း ခေါ်နေမည်မို့ ယတိပြတ်ပြောလွှတ်ရန် ဖုန်းကို ထူးလိုက်သည်။

"ဟဲ့ မင်းဘာလို့ ဖုန်းဆက်ရပြန်တာလဲ၊ ငါ မင်းနဲ့ဖုန်းပြောချင် စိတ် မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်လွန်း၍ ငေါက်ဆတ်ဆတ်ကလေး ပြောလိုက်သည်။

"ဘာ ဘယ်လို မင်း အိမ်တံခါးရှေ့ ရောက်နေပြီ ဟုတ်လား"

မေ့ ခုတင်အောက်သို့ ဝှန်းခနဲ ပြေးဆင်းကာ အခန်းထဲမှ ကမူးရှူးထိုး ထွက်လာခဲ့လိုက်သည်။ စိုးရိမ်ထိတ်လန့်လွန်း၍ တစ်ကိုယ်လုံး နတ်ဝင်သည် တစ်ယောက်လို တုန်ခါနေသည်။

ထင်သည့်အတိုင်းပင် အိမ်ရှေ့ကျွန်းတံခါးရှေ့တွင် ရပ်နေသော လှိုင်းကိုတွေ့လိုက်ရ၍ မေ့ ဒေါသတွေ ဘယ်လိုမှ ထိန်းမရတော့။

"မင်း ရဲတင်းလှချည်လား လှိုင်း၊ ငါ သေသွားအောင် မင်း ငါ့ကို သတ်နေတာလား"

"ကျွန်တော့်အချစ်တွေကြောင့် မမ ဘယ်တော့မှ မသေစေရပါဘူး မမရယ်"

မေ့က စိတ်လှုပ်ရှားနေသလောက် လှိုင်းကတော့ ဘာကိုမှ အမှုမထားသလို အေးစက်တည်ငြိမ်နေသည်။ သူ့စိတ်ထဲရှိတာကို တဖွတ်ထိုးလုပ်မည့်ပုံပင် ဖြစ်သည်။

"မင်းလုပ်ရပ်တွေ လူမဆန်တော့ဘူးဆိုတာ မင်းစဉ်းစားမိရဲ့လား၊ ငါဟာ လင်ယောကျ်ားရှိနေတဲ့ မိန်းမတစ်ယောက်၊ ခုလို ပုံစံမျိုး လုပ်နေတာကြောင့် ငါ့အမြင်မှာတော့ ဗီလိန်တစ်ကောင်ပဲ"

"ဟုတ်တယ် ကျွန်တော် ဗီလိန်ပဲ၊ ဗီလိန်မို့လို့ မမယောကျ်ားကြီးနဲ့ မမသားမရှိတုန်း လာတာပေါ့၊ လာတုန်းကတော့ အိမ်ထဲကို ဝင်ဖို့ မရည်ရွယ်ပါဘူး၊ ဒီအတိုင်းပဲ မမအငွေ့အသက်လေးကို ခံစားချင်





လို့ မမအိမ်ရှေ့ ဖြတ်ရုံသက်သက်ပါ၊ အဟက် ကံကောင်းချင်တော့ မမလူကြီးနဲ့ မမသားက ကားနဲ့အပြင်ထွက်သွားတော့ မမနဲ့တွေ့ချင်တဲ့ ဆန္ဒက သူ့အလိုလို တစ်ဆင့်တက်သွားတာ၊ ကျွန်တော်လည်း မတတ်နိုင်ဘူး"

"မင်း ခုချက်ချင်း ထွက်သွား ထွက်မသွားရင် ငါ စခန်းကို ဖုန်းဆက်လိုက်မယ်"

"ဆက်လေ ဆက်ပေါ့၊ ဟောဒီဖုန်းထဲမှာ မမနဲ့ ကျွန်တော့်အိမ်မှာ Living together အဖြစ်အပျက်တွေကို ကျွန်တော့်ဖုန်းထဲမှာ ရိုက်ထားတယ်၊ ဒါကို ဖွင့်ပြလိုက်မယ်"

"ဘာ"

"ကဲပါ မမရယ် အဲလောက်လည်း ဒေါသကြီးမနေပါနဲ့၊ တံခါးဖွင့်ပါ၊ မမ မဖွင့်ရင် ကျွန်တော် ဒီမှာပဲ ထိုင်နေတော့မှာ၊ မမလူကြီးနဲ့ မမသား ပြန်လာရင်တော့ ဟောဒီဖုန်းထဲက ဗီဒီယိုဖိုင်ကို ဖွင့်ပြလိုက်ရုံပဲ"

ဇာတ်ရုပ်အမှန်တွေထုတ်ပြနေသော လှိုင်းကိုကြည့်ပြီး မေ့ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ကာ အောက်နှုတ်ခမ်းကို သွေးထွက်မတတ် ဖိကိုက်လိုက်မိ၏။

"ကျွန်တော့်မမက ဒေါသဖြစ်လည်း လှတာပဲနော်၊ ကဲပါ မမရာ ကျွန်တော် မမဖျော်တိုက်တဲ့ ကော်ဖီလေး သောက်ချင်ရုံလေးပါပဲ၊ မနေ့က လက်ဖျားနဲ့တောင် မထိဘူး၊ ဒါကြောင့် တံခါးလေးဖွင့်ပေးပါနော်"

www.burmeseclassic.com



အကြပ်ကိုင်လွန်းမက ကိုင်နေသော လှိုင်းကို မေ့ အတိုက်အခံ လုပ်မနေတော့။ သူ့ပုံစံက အိမ်ထဲမှ မဝင်ရလျှင် ဒီည ပြန်မည့်ပုံမပေါ်။ ထို့ကြောင့် အိမ်တံခါးကို ခပ်ဆောင့်ဆောင့်ဖွင့်ပေးလိုက်သည်။

လှိုင်း အိမ်ထဲဝင်လာသည်နှင့် မေ့ ထမင်းစားခန်းထဲသို့ ကော်ဖီဖျော်ရန် ဝင်လာခဲ့လိုက်သည်။ လှိုင်းပါ လိုက်ဝင်လာခဲ့သည်။ ထမင်းစားခန်းမရောက်ခင် မေ့တို့အခန်းနားအရောက် မေ့၏ကိုယ်လုံးလေးကို အနောက်မှ သိုင်းဖက်လိုက်သည်။

"ဟင် လှိုင်း ဧည့်ခန်းထဲမှာစောင့်နေလေ၊ ဘာဖြစ်လို့ လိုက်လာရတာလဲ"

"ဟင့်အင်း မဖျော်နဲ့တော့၊ ကျွန်တော် ကော်ဖီသောက်ချင်တာ မဟုတ်ဘူး မမကိုချစ်ချင်တာ"

နောက်ကျောမှနေ၍ မေ့၏ဆံနွယ်စတွေနှင့် နားသယ်စပ်တို့ကို မထိတထိ နမ်းရှိုက်လိုက်သည်။

"လှိုင်း နင်ထပ်ပြီး မယုတ်မာနဲ့တော့နော်"

"မငြင်းပါနဲ့ဗျာ၊ မမမှာသာ မမရဲ့မောင် မရှိရင် မမကို ကျွန်တော်ပိုင်ပြီဗျ။ ခုလို နိုးကြောင်ခိုးဝှက်တွေ့ရတာကြီးကို ကျွန်တော်လည်း မနှစ်မြို့ပါဘူး၊ ကိုယ်သိပ်ချစ်တဲ့ မမကို တစ်ပါးသူနဲ့ အတူမျှဝေခံစားနေရတာကြီးကတော့ တကယ်ကို ဖီးလ်ငုပ်တယ်ဗျာ"

"မင်း လောဘကြီးလှချည်လား၊ ငါပြောမယ်နော် မင်း ငါ့ခန္ဓာကိုယ်ကို နည်းမျိုးစုံနဲ့ အကျပ်ကိုင်ပြီး သားမယားလိုပြုကျင့်ပေမယ့်





ငါကတော့ မင်းကို ဗီလိန်တစ်ကောင်ကိုမြင်တဲ့အမြင်မျိုးနဲ့ပဲ မြင်နေမှာပဲ"

"ရတယ် အချစ်ကို ရိုးရိုးသားသား တောင်းခံတာ ရမှမရတော့ ကျွန်တော် ဗီလိန်ဖြစ်ရလည်း ကျေနပ်တယ် မမရယ်"

ပြောရင်းဖြင့် မေ့ကိုယ်လုံးလေးကို ဇွေ့ခနဲ ပွေ့ယူကာ အိပ်ခန်းအတွင်းသို့ ဆွဲသွင်းသွားသည်။

မေ့ ခြေထောက်လေးနှစ်ဖက် လှုပ်လာခတ်အောင် ရုန်းကန်လိုက်မိ၏။

"မမ ငြိမ်ငြိမ်လေးနေကွာ၊ ဗီဒီယိုခွေနဲ့ မမကို မခြိမ်းခြောက်ချင်ဘူး၊ လှိုင်းမယုတ်မာချင်ဘူး၊ မမကို ယုယကြင်နာချင်တာ လှိုင်းပြောတာ သဘောပေါက်ပါတယ်နော်"

ပြောပြောဆိုဆို လှိုင်းက မေ့ကို ခုတင်ပေါ်အသာအယာချပေးသည်။ မေ့ ဘာမှမပြောတော့ဘဲ ပင့်သက်ကို ရှိုက်ကာ မျက်နှာတစ်ဖက် လွှဲရင်း မျက်ရည်တို့ စီးဆင်းကျလာသည်။

"လှိုင်း စိတ်မကောင်းပါဘူး မမ၊ ဒါပေမဲ့ လှိုင်း မမကို ယုယုယယ ချစ်ရုံပါ မမရယ်"

ခုတင်ပေါ်တွင်မလှုပ်မယှက် ရှိနေသည့် မေ့ကို လှိုင်း စေ့စေ့ကြည့်၏။ ပိုးလွှာပါးအင်္ကျီအောက်မှ ဆင်စွယ်ရောင် အသားစိုင်ကို လှိုင်း သဘောကျသည်။

ညိုနေသော မေ့မျက်ဝန်းလေးတွေ တွေ့မိပြန်တော့ လှိုင်း

www.burmeseclassic.com



စိတ်မကောင်းဖြစ်မိပြန်၏။

မေ့အကျီလေးကို ညင်ညင်သာသာ လှိုင်း ချွတ်သည်။ မေ့ရင်တွေ တလှပ်လှပ်ဖြင့် စိုးရိမ်စိတ်တွေ ကြီးစိုးနေ၏။

နံရံမှာချိတ်ထားသော မောင်နှင့်မေ့၏မင်္ဂလာဆောင်ဓာတ်ပုံဆီသို့ မလုံသလိုမျိုး မကြာခဏ အကြည့်ရောက်သည်။

မေ့ ကြက်သီးမွေးညင်းတွေ ဖျဉ်းခနဲ ဖြာသွားကာ အကြည့်ကို ချက်ချင်းလွှဲဖယ်လိုက်ပြီး မျက်ရည်တွေပြည့်နေသော မျက်ဝန်းကို စုံမှိတ်ပစ်လိုက်တော့သည်။

တဖွဲတစ်ကောင် လရောင်ထဲ စုန်းစုန်းမြုပ်နေတာ မေ့ မြင်လိုက်ရ၏။ လေအပင့်မှာ လွင့်လာသော နာရီလက်တံများက မေ့ကို လှောင်ပြုံး ပြုံးကြသည်။

မောင်ရေ မေ့ကို ထာဝရ ခွင့်မလွှတ်ပါနဲ့တော့။

လှိုင်းဆန္ဒတွေကို ဖြည့်ဆည်းပေးလိုက်ပြီးပြီမို့ မေ့ ခုတင်ထက်မှ အတင်းထကာ ပက်လက်လှန်အိပ်နေသော လှိုင်းကို ရွံရှာစက်ဆုပ်စွာ ကြည့်လိုက်သည်။

"မင်းဆန္ဒတွေ ပြည့်ဝသွားပြီ မဟုတ်လား။ ခုချက်ချင်း ဒီအိမ်ထဲကနေ ထွက်သွားပါတော့"

"ခဏလေးပါ မမရာ၊ သုံးမိနစ် သုံးမိနစ်ပဲစောင့်"

"လှိုင်း နင်တရားလွန်လာပြီနော်၊ ငါ ငါသေချင်လောက်အောင်ကို စိတ်ဆင်းရဲနေရတာနဲ့တင် နင်မကျေနပ်နိုင်သေးဘူးလား၊ ဟောဒီ





နံရံနဲ့ ခေါင်းဆောင့်ပြီး သေပြမှ မင်း ဒီအိမ်ထဲက ထွက်သွားမှာလား"

ရင်ထဲမှာ ဝမ်းနည်းစိတ်တွေဖြင့် ယူကျုံးမရကာ ချုံးပွဲချငိုရင်း နံရံနှင့်ခေါင်းဆောင့်ရန် ရွယ်လိုက်သည်။

လှိုင်း သိပ်ချစ်ရသော မမကို သည်လိုတော့ အဖြစ်မခံနိုင်ပါ။

"ဟာ မမ ဆော ဆောရီးပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ မမအပေါ် ကျွန်တော် တစ်ကိုယ်ကောင်းဆန်သလို ဖြစ်သွားတယ်၊ ဟုတ်တာပေါ့ သိပ်မကြာခင် မမလူကြီး ပြန်လာတော့မှာပဲ၊ ကျွန်တော် သွားပေးရတော့မှာပေါ့"

မေ့ပါးမှ မျက်ရည်တို့ကို တယုတယ သုတ်ပေးပြီး မေ့ နဖူးကိုနမ်းပြီး လှိုင်း အခန်းထဲမှ ထွက်သွားသည်။

လှိုင်းထွက်သွားသည့်တိုင် မေ့ မျက်ရည်တွေက တသွင်သွင် စီးဆင်းဆဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟယ် မေ့သက်လျာ အောင်မယ်လေး ကြည့်စမ်း ကြည့်စမ်း ကလေးတစ်ယောက်ရတာတောင် အပျိုရုပ်အောင်လှနေတုန်းပါလားဟယ်"

Hyper Mart ထဲမှ ပစ္စည်းတွေ တစမွေ့တစ်ပိုက်ဝယ်ပြီး ထွက်လာသော မေ့သည် အထက်တန်းကျောင်းတုန်းက သူငယ်ချင်းတွေဖြစ်သော လွှင်လွှင်နိုင်နှင့် လှသင်းကြွယ်ကို တွေ့လိုက်တော့ အပြုံးနှင့်အတူ သူတို့နှစ်ယောက် ဗမ္မအနားသို့ လျှောက်အလာကို ရပ်စောင့်နေလိုက်သည်။

မေ့အလှတွေက အနည်းငယ် ရင့်ရော်စပြုနေသော သူငယ်ချင်းတွေနှင့် အဆေါ်နှင့်အတူ တူမဟုပြောရျှရလောက်အောင်ကို နုနယ်ပျိုမျစ်ခြင်းတွေဖြင့် လှဒသွးကြွယ်နေဆဲ။

ဒူးဖုံးစကပ်အနက်ရောင်နှင့် အနီရဲရဲစိုစို ရယ်ဒီမိတ်အကျႌ





လက်ရှည်လေးက ဖြူဝင်းသော မေ့အသားအရေကို ပို၍ ထင်းစေပြီး အပေါ်မှ လောင်းကုတ်လက်ပြတ်ခပ်ပါးပါးကို တွဲဝတ်ထားသော မေ့ဒီဇိုင်းက ခေတ်ပေါ်ကောင်မလေးတွေနှင့်အပြိုင် လန်းနေ၏။

"အောင်မလေး လှလိုက်တာဟယ် ခေါင်းအစ ခြေအဆုံး အပြစ်အနာအဆာဆိုတာ တစ်စက်ကလေးမှကို မရှိပါလားဟယ်"

"အေးလေ သူများတွေကတော့ ငါတို့ကို အဒေါ် သူ့ကိုတော့ ဘွားမဆိုပြီး ထင်ယောင်ထင်မှား ဖြစ်ကြတော့မှာပဲ"

"ယောကျ်ားက အပြုအစု အယုအယကောင်းတော့ အမြဲနုပျိုနေတာပေါ့၊ အဟင်း ဟင်း ရှင်တို့ ဈေးလာဝယ်တာလား"

"ဟုတ်တယ် ဒီနေ့ တို့နှစ်ယောက်ချိန်းပြီး ဈေးဝယ်ထွက်ကြတာ၊ ရှင့်ဒါလင်ကြီးရော အရင်လို မိုက်တုန်းပဲလား"

"ဟယ် ငါ့ဒါလင်က ဘယ်တုန်းက မိုက်လို့တုန်း"

မေ့အမေးကြောင့် လွှင်နိုင်ကြီး တခွီးခွီးရယ်ရင်း

"ဟာ ငါမေးတာက မင်းဒါလင်ကြီးက အရင်က အရမ်းချော အရမ်းမိုက်လို့ ခုရော အရင်လိုချောတုန်းပဲလားလို့ မေးတာ"

"ဩော် ဒါလား အဟင်း ငါ့စိတ်ထင် အရင်ကထက်ပိုပြီးတောင် ချောလာသလားလို့ ဘာလဲ ငါ့ယောကျ်ားချောသေးတယ်ဆိုရင် မိန်းမနောက်ပိုးလုပ်မလို့လား"

"အေး နည်းနည်းပါ ဟဲ့ အဲ့ ဘာတွေမေးနေတာတုန်း၊ နောက်ဘပိုးစရာလား ရှေ့ကပဲ ပိုးမှာပေါ့လို့၊ ဒါမှ အံဝင်ခွင်ကျဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် မိန်းမ လုသင်းကြွယ် ဘာတွေပြောနေတာလဲ"

"အဟိ ငါ ဘာပြောမိလိုက်လို့လဲဟင်၊ ရှေ့ကနေ ပိုးမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးပြုံးရယ်ပြ နှုတ်ဆက်လို့ရမှာလို့ ပြောတာပါဟယ် နင်တို့ကလည်း တကယ်ပဲ"

ကျောင်းတုန်းက ရယ်စရာအကျင့်တွေ မပျောက်သေးသော လုသင်းကြွယ်နှင့် လွင်နိုင်ကြီးကိုကြည့်ပြီး မေ့စိတ်တွေ အထက်တန်းကျောင်းပြန်ရောက်သွားသလို ခံစားလိုက်ရသည်။

"ဟဲ့ ငါတို့အတူဆုံကြတုန်း တစ်နေရာမှာထိုင်ပြီး စကားပြောကြရအောင်ဟယ်"

လွင်နိုင်ကြီး စကားကြောင့် မေ့ လက်မှ နာရီကိုငုံ့ကြည့်လိုက်သည်။

တစ်ခါတလေမှ တွေ့ကြဆုံကြသော သူငယ်ချင်းတွေကိုလည်း အချိန်ပေးချင်သည်။ လှိုင်းဆီကိုလည်း သွားချင်သည်။ သွားချင်ရသည့် အကြောင်းအရင်းက လှိုင်းနှင့်တွေ့ချင်၍ မဟုတ်။ လှိုင်းဆီမှာရှိနေသော သူနှင့်လှိုင်း စိတ်ကွယ်ရာမှာ ဖြစ်သွားကြသည့် ဗီဒီယိုဖိုင်ကို ရသည့်နည်းနှင့် သွားယူဖို့ပင်ဖြစ်သည်။

ထို့ကြောင့် အချိုးသပ်သည့်အနေနှင့် လာခဲ့မည်ဟု ဖုန်းကြိုဆက်ထား၍ ခုလောက်ဆို လှိုင်း မျှော်နေလောက်ပြီ။

အချိန်နှင့်ကွက်တိချထားသော ဖယားတွေ ယခုတော့ လွဲပြီးမတတ်နိုင်တော့။ လှိုင်းဆီကို မလာနိုင်တော့ဘူးဆိုသည့်အကြောင်း လှမ်း





ဖုန်းဆက်လိုက်ရတော့မည်။

"ဘယ်မှာ ထိုင်ကြမလဲ၊ ဒီနေရာက ဘယ်ဟိုတယ်နဲ့အနီးဆုံးဖြစ်မလဲ မသိဘူး"

မေ့စကားကြောင့် လွင်နိုင်ကြီးရော လုသင်းကြွယ်ပါ မျက်ကလူးဆန်ပြာလေးတွေဖြင့်

"အမလေး သူဌေးမကြီးရယ် ဟိုတယ်တော့ မလုပ်လိုက်ပါနဲ့၊ ကျုပ်တို့ ဝတ်စားလာတာ ဟိုတယ်မှာ သွားစားရလောက်အောင် မလန်းဘူး"

သာမန်ပါတိတ်ဝမ်းဆက်ကလေးတွေဖြင့် ခပ်ပေါပေါလက်ကိုင်အိတ်ကလေးတွေကိုသာ ကိုင်နိုင်ကြသော သူငယ်ချင်းတွေ၏အခြေအနေကိုကြည့်ပြီး မေ့ အားနာသွားသည်။

"ဒါဆို တခြားဆိုင်သွားမယ်လေ၊ ဟိုဘက် ဒီနားမှာ ဂျပန်အကင်ဆိုင်ရှိတယ်၊ အဲဒီဆိုင်လောက်ဆိုရင် အဆင်ပြေမလား"

"အေးပေါ့ဟယ် ဒီနားတစ်ဝိုက်မှာက သာမန်အအေးဆိုင်တို့ လက်ဖက်ရည်ဆိုင်တို့မရှိမှတော့ နင်ပြောတဲ့ အကင်ဆိုင်ကိုပဲ သွားရတာပေါ့မှာပေါ့၊ နင် ဒကာခံမှာမဟုတ်လား"

"ဒကာခံရုံတင်မဟုတ်ဘူး၊ နင်တို့အိမ်က ကလေးတွေအတွက် ဝယ်ထည့်ပေးလိုက်ဦးမယ်"

"ဆိုင်ပါရွှေ့ပေးရင် ပိုတောင်ကောင်းသေး"

သူငယ်ချင်းနှစ်ယောက်ကို မေ့ ကားရပ်နားကွင်းရှိရာသို့ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လာလိုက်သည်။ မေ့ကားကိုမြင်တော့ နှစ်ယောက်သား တအံ့တသြဖြင့် မချီးမွမ်းဘဲ မနေနိုင်ကြပြန်။

"ဟယ် ကားလေးက လှလိုက်တာ မေ့ရယ်၊ နင်က အရမ်းကံကောင်းတာပဲ၊ ငါတောင် ဒီလိုကားမျိုး သူများတွေစီးတာ တစ်ခါမှ မတွေ့ဖူးသေးဘူး"

လွှင်နိုင်ကြီးနှင့် လှသင်းကြွယ် ကားလေးကို ဟိုကိုင်ကြည့် ဒီကိုင်ကြည့်လုပ်ကာ ရင်သပ်ရှုမောစွာဆိုသဖြင့် ပွင့်လင်းလွန်းသော သူငယ်ချင်းတွေကိုကြည့်ပြီး ပြုံးလိုက်သည်။

"နင့်အလန်းဒီဇိုင်းလေးနဲ့ ဒီကားလေးက အရမ်းလိုက်တာပဲဟယ်၊ ငါတို့ဘဝတွေကတော့ နောင်ဘဝရှိရင်တောင် ဒီလိုကားမျိုးစီးဖို့ ကံပါပါတော့မလားဟယ်၊ ငါတို့ဘဝအကျိုးပေးက အဲဒီလောက်ကို ညံ့တာ"

လှသင်းကြွယ် သိမ်ငယ်စွာပြောရင်း မေ့ဖွင့်ပေးသော ကားတံခါးမှ ဝင်ထိုင်လိုက်သည်။

သူတို့က မေ့ရဲ့အပြင်ပန်း ပုံသဏ္ဌာန်ကိုပဲ အားကျမိမှာပါ။ မေ့ရဲ့ ကိုယ်ကျင့်တရား ဖောက်ပြန်နေမှုကိုသာသိလျှင် ဘယ်လောက်များ ရွံချကြလိမ့်မလဲ။

မေ့ဟာ လှိုင်း၏အပတ်သက်ခံဘဝရောက်နေရသည့် အဖြစ်ဆိုးထဲမှ ရုန်းထွက်ဖို့ မစွမ်းနိုင်ခဲ့သည့် ခပ်ညံ့ညံ့ မိန်းမတစ်ယောက်ပါ။

■ ■ ■





အကင်ဆိုင်ထဲဝင်ပြီး သူငယ်ချင်းသုံးယောက် အကင်မှာမည် လုပ်တုန်း ဖုန်းဝင်လာသဖြင့် မေ့ အိတ်ထဲမှဖုန်းကို ထုတ်လိုက်သည်။

လှိုင်းဆီမှ ဖုန်းဖြစ်နေသဖြင့် လွှင်နိုင်ကြီးတို့ရှေ့မှာ ပြော၍မဖြစ်၊ ဆိုကြောင့် ထလာလိုက်ပြီး ဆိုင်အပြင်မှာ ထွက်ပြောလိုက်သည်။

"ဒီနေ့ ငါမလာနိုင်တော့ဘူး လှိုင်း၊ သူငယ်ချင်းတွေနဲ့ ရုတ်တရက် ဆုံဖြစ်ကြပြီး အခု အကင်ဆိုင်မှာ"

အကြောင်းပြချက်ခိုင်လုံနေသည်မို့ ဒီနေ့အဖို့ လှိုင်းနှင့်ရင်မဆိုင်ရတာဟာ မေ့အတွက် စိတ်သက်သာမှုရသည်။

"ဟုတ်တယ် အဲဒီဆိုင်မှာရောက်နေတာ"

လှိုင်းကို ဆေးခန်းပို့ပြီး အပြန်ဝင်စားဖြစ်ကြသော အကင်ဆိုင်နှမ်း လှိုင်းသိနေသည်မို့ မေ့ ညာပြောဖို့ မေ့သွားသည်။

"ဘယ်လို မင်းလာမယ် ဟုတ်လား၊ မလာနဲ့ တို့သူငယ်ချင်းတွေ မင်းကိုမမြင်စေချင်ဘူး၊ သူတို့ တို့ကို အထင်သေးသွားကြမှာပေါ့"

အကင်ဆိုင်ကို လိုက်လာမည်ဟု ပြောနေသော လှိုင်းစကားကြောင့် မေ့ မလာဖို့ အသည်းအသန် ငြင်းလိုက်သည်။

မေ့ ဆိုင်ထဲပြန်ဝင်လာတော့ သူငယ်ချင်းနှစ်ယောက်က ငုတ်တုတ်။

"ဟဲ့ မှာကြလေဟာ"

"ငါတို့ ဘာမှာရမှန်းမှ မသိတာ၊ ဒီလိုဆိုင်ကြီးမျိုး တစ်ခါမှ မထိုင်ဖူးတော့ တောတော့ကျသားဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



မှာဖို့ မဝံ့မရဲဖြစ်နေကြသလို ဘာမှာရမှန်းလည်းမသိ။ ဘယ်အစားအသောက်က ဘယ်လိုအရသာရှိမှန်းလည်း မသိ။

"ကဲ ဒါဆို နင်တို့ကြိုက်မယ့်ဟာမျိုး ငါပဲမှာလိုက်မယ်ဟာ"

"အေး သဘော ဗိုက်ပြည့်ရင်ပြီးတာပဲ"

"ဟဲ့ ဒါနဲ့ နင့်လူကြီးဆက်တာလား"

"အင်း ဟုတ်တယ်"

မှသားသုံးလိုက်ရသဖြင့် စိတ်ကတော့ မလုံချင်။ လှိုင်းနှင့်တွေ့မှ မေ့စိတ်တွေ တည်ငြိမ်မှုမရှိတော့ဘဲ လိမ်တတ်ညာတတ်လာသည်။

ကောင်းနိုးရာရာအကင်တွေကို မေ့ကိုယ်တိုင် ဦးဆောင်ပြီး မှာလိုက်သည်။ အကင်တွေ လာမချခင် မေ့တို့သူငယ်ချင်းသုံးယောက် ကော်ဖီအရင်သောက်နှင့်ရင်း စကားတွေဖောင်ဖွဲ့အောင် ပြောကြသည်။

လှိုင်း ဆိုင်ထဲဝင်လာတာကို မေ့ တွေ့လိုက်သည်နှင့် ပြောလက်စ စကားတွေပင် လေယူလေသိမ်း မမှန်တော့လောက်အောင် စိတ်လှုပ်ရှားသွားသည်။

မလာနှင့်ဟု ပြောထားလျက်နဲ့ ဆိုင်ထိလိုက်လာသော လှိုင်းကို စိတ်ထဲမှ ဒေါသဖြစ်၍မဆုံးတော့။ ကိုယ့်ဒေါသတွေ မျက်နှာမှာမပေါ်အောင်ဖုံးရင်း ဟန်မပျက်နေနေရသည်။

လှိုင်း၏အကြည့်ရဲတင်းမှုတွေကို လှသင်းကြွယ်နှင့် လွင်နိုင်ကြီးတို့ သတိထားမိသွားကြပြီး ပြုံးစိစိတွေဖြစ်ကုန်ကြသည်။

"မေ့ရေ မင်းကိုတော့ ဟိုဘက်ဝိုင်းက ကောင်လေး ရှိုးနေတာ





မျက်လုံးကြီး ကျွတ်ကျမတတ်ဘဲ၊ မင်းနဲ့သိလား"

လှသင်းကြွယ် အမေးကြောင့် မေ့ ခေါင်းခါပြလိုက်သည်။

"ကြည့်မှာပေါ့ တို့သူငယ်ချင်းက အလန်းစားလေးကို"

လွင်နိုင်ကြီး ကော်ဖီပူပူကို တဖူးဖူးမှုတ်ကာ ငုံသောက်ပြီး မေ့ လုကြောင်း ချီးမွမ်းခန်းဖွင့်နေသေးသည်။ သူတို့နှစ်ယောက်စကားဆွကြ ရှိုးသားကြပေမယ့် တကယ်တမ်း မရှိုးသားသူက မေ့ပင်။

စားပွဲပေါ်မှာ တင်ထားသော ကော်ဖီခွက်ကိုပင် အယောင်ယောင်အမှားမှားတိုက်မိ၍ ကော်ဖီတွေက မေ့ စကပ်ပေါ်သို့ မှောက်ကျကုန်၏။

"အို ဖိတ်ကုန်ပြီ"

"ဟင်"

"ကော်ဖီတွေ စကပ်မှာ ပေကုန်ပြီ"

"ပူသွားလား မေ့၊ ဖြစ်ရလေဟယ်၊ နင့်စိတ်တွေ လှုပ်ရှားသွားသလား၊ လက်တွေတုန်နေရအောင် အဟီး ခစ် ခစ်"

လှသင်းကြွယ် တစ်ရှူးဘောက်စ်ထဲမှ တစ်ရှူးတစ်ရွက်ကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီး မေ့ပေါင်ပေါ်မှ ကော်ဖီတွေကို ကပျာကယာ သုတ်ပေးတာ နောက်ဖြစ်အောင်နောက်သေး၏။

"နေပါ သူငယ်ချင်းရယ် ရပါတယ် ကိုယ် သန့်စင်ခန်းဘက် ထသွားလိုက်ဦးမယ်၊ အဲဒီရောက်မှ ရေလေးနဲ့ သပ်ချလို့ရပါတယ်"

"ငါတို့ပါ လိုက်ပေးရမလား မေ့၊ နင်တစ်ယောက်တည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မလား''

''ဖြစ်ပါတယ် နင်တို့ နေခဲ့လိုက်ပါ၊ အကင်တွေလာပို့ရင် စားထားနှင့်ကြ သိလား''

မေ့ ထိုင်ရာမှထကာ ဆိုင်၏အနောက်ဘက် သန့်စင်ခန်းရှိရာသို့ ခပ်သွက်သွက်ထွက်ခဲ့လိုက်သည်။ သန့်စင်ခန်းထဲရောက်မှ မေ့ ဘေစင်က မှန်ရှေ့မှာရပ်ကာ ကိုယ့်ရဲ့စိတ်လှုပ်ရှားလွန်းနေသောမျက်နှာကို မှန်မှာ အသေအချာ ပြန်ကြည့်လိုက်သည်။

''မမ အရမ်းပူသွားလား''

''ဟင် လှိုင်း မင်း ဘာလို့ လိုက်လာတာလဲ''

အနောက်မှာ ဘွားခနဲ ရောက်လာသော ရင်လှိုင်းသစ်အသံကြောင့် မေ့အသံတွေ စိုးရိမ်စိတ်ကြောင့် လိုက်တုန်သွားသည်။

''ကျွန်တော် မမကို စိတ်ပူလို့ ကော်ဖီက တော်တော်ပူသလား မမအသားတွေ  လောင်ကုန်ပြီလား ပြပါဦး အဲဒါ ကျွန်တော့်ကြောင့်ဖြစ်တာ''

လှိုင်း ကော်ဖီတွေပေနေသော မေ့စကပ်ကို ခပ်သာသာလေးလှန်ကြည့်သည်။ ဖြူဖွေးနေသော ပေါင်တံမှာ ကော်ဖီပူပူတွေကြောင့် အနည်းငယ်ရဲတက်နေသည်။ အရည်ကြည်ဘုတော့ မထသေးချေ။

ရဲတင်းလွန်းသော လှိုင်း၏အပြုအမူကြောင့် မေ့ ရှက်ရွံ့စိတ်ဖြင့် ဘေးဘီကို ဝေ့ကြည့်ကာ စကပ်ကို အတင်းဆွဲဖုံးရင်း

''မင်း ဒါ ဘာလုပ်တာလဲ၊ လက်က အဲလောက် မသရမ်းနဲ့





လေ၊ တခြားလူတွေ ဝင်လာရင် ဘယ်လိုလုပ်မလဲ''

''မဝင်လာပါဘူးဗျာ ကိုယ့်မိန်းမပေါင် အပူလောင်လို့ လှန်ကြည့်တာပဲ ဘာဖြစ်လဲ''

လှိုင်းစကားကြောင့် မေ့စိတ်တွေ ခါတ်လိုက်ခံရသလို ကျဉ်ဘက်သွားသည်။

''ဘာ မင်း ဘာစကားပြောတာလဲ၊ ငါက ဘာကြောင့် မင်းရဲ့မိန်းမဖြစ်ရမှာလဲ''

''မမနဲ့ကျွန်တော့်ဆက်ဆံရေးက. အဲဒီလို ဆက်ဆံရေးမျိုးလေချစ်သူတွေအဆင့်ထက် ကျော်နေပြီပဲဗျာ''

ပြောရင်းဖြင့် လှိုင်းသည် မေ့ကိုယ်လုံးလေးအား သိမ်းယူပွေ့ဖက်ပြီး မေ့ပါးပြင်နှင့် မေ့လည်တိုင်တစ်လျှောက် တရစပ် နမ်းလိုက်သည်။

''လူယုတ်မာ မင်း ငါ့ကို အဲလိုနေရာမရွေး အခမ့်ကျင့်ဖို့မကြိုးစားနဲ့၊ ငါ အပေါ်စားမိန်းမ မဟုတ်ဘူး''

မေ့လက်တွေ လှိုင်းကို ထုရိုက်သည်။ မျက်နှာကို လက်သည်းတွေဖြင့် ကုတ်ခြစ်ပစ်လိုက်သည်။ လှိုင်းက နာကျင်မှုကို ဂရုမစိုက်ဘဲ သူ့ဆန္ဒအတိုင်း ပွတ်သပ်၏။

မေ့ အင်အားရှိသ၍ ရုန်းသည်။ အသံခပ်ကြိတ်ကြိတ်ဖြင့် စကားလုံးခပ်ရင့်ရင့်တွေဖြင့် ကျိန်ဆဲသည်။ ဒီထက်ပိုပြီး ဝုန်းဒိုင်းမဆန်ရဲ။ အပြင်ကလူတွေ ကြားသွားလျှင် တကယ်တမ်း အရှက်ကွဲရမည့်သူက မေ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့ပါ မမရာ၊ မမက လှိုင်းဆီလာမယ်ပြောပြီး မလာတော့ ဒီက မချစ်ရမနေနိုင်တဲ့ကောင်က လိုက်လာရတာပေါ့"

"ငါလာမယ်ဆိုတာ မင်းဆီက အပေးအယူလုပ်ဖို့ လာမှာ၊ မင်းရဲ့ဒီလို စော်ကားခံရဖို့ လာမှာမဟုတ်ဘူးဟဲ့"

"ဘယ်လိုပဲလာလာ မမလာဖို့က အဓိကပဲ၊ ဒီတော့ ဒီနေ့တော့ ဒီလောက်နဲ့ ကျေနပ်လိုက်မယ် ဟုတ်ပြီလား၊ ချစ်စရာကောင်းလိုက်တဲ့ မမရယ်"

"လဲ သေလိုက်စမ်း အယုတ်တမာကောင် ထွီ"

လှိုင်းလက်တွေ မလွှတ်ချင်လွှတ်ချင်ဖြင့် လွှတ်လိုက်ရ၏။ မေ့မှာသာ ဖရိုဖရဲ ဖြစ်နေသော ဆံစတွေကို ကပျာကယာသပ်တင်ပြီး ကိုယ်ပေါ်မှ အနည်းငယ် တွန့်သွားသော အင်္ကျီကို ဆွဲဆန့်ကာ သန့်စင်ခန်းထဲမှ ထွက်ခဲ့၏။

မေ့ပုံစံက ပျာယီးပျာယာတော့ နိုင်လွန်းနေသည်။

"မမ လက်ကိုင်အိတ် ကျန်ခဲ့ပြီလေ"

လှိုင်း လှမ်းပေးသော လက်ကိုင်အိတ်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး သူငယ်ချင်းတွေရှိရာသို့ ခပ်သုတ်သုတ် ထွက်ခဲ့လိုက်၏။

"ကြာလိုက်တာ မေ့ရယ် ဘာလဲ လမ်းကြုံတုန်း ဝိတ်ပါလျှော့နေတာလား"

မထူးတော့ပြီမို့ ချော်လဲရောထိုင်လိုက်ရသည့် မေ့အဖြစ်။

"အင်း ဒါပေါ့"





အမူအရာပျက်နေသော မေ့ကိုကြည့်ပြီး လွင်နိုင်ကြီးနှင့် လှသင်းကြွယ် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး

"ဟယ် မိန်းမ အင်္ကျီကြယ်သီးလေးဘာလေးလည်း တပ်ပါဦး ဘယ်လိုဖြစ်လာတာလဲ တကယ်ပဲ"

"အင်း ဟုတ်ပါရဲ့ ဘယ်အချိန်ကတည်းက ပြုတ်နေမှန်းတောင် မသိဘူး"

လွင်နိုင်ကြီး စကားကြောင့် မေ့ မျက်နှာ ပူလွန်းမှက ပူသွားဆဲ ဒါဟာ လှိုင်းလက်ချက်ပင်ဖြစ်သည်။ ဒါကို သူ အသေအချာ သတိထားခဲ့မိခြင်းကြောင့် သူငယ်ချင်းတွေရှေ့မှာ ကံကောင်း၍ အရှက်မကွဲခြင်းဖြစ်သည်။

တဖွတ်ထိုးဆန်သော လှိုင်း၏အချစ်တွေကြောင့် မေ့ရင်ခုန်သံတွေနဲ့ သတိလက်လွတ် မိန်းမောမိလေသလား။

ဒါမှမဟုတ် စက်ဆုတ်ရွံရှာခြင်းတွေနဲ့ ကျိန်စာမိခဲ့လေသလား။

မေ့ကိုယ်တိုင်တောင် မဝေခွဲတတ်တော့ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဆရာ ညွှန့်သည်ရောက်နေပါတယ်"

စိတ်ပင်ပန်း လူပင်ပန်းဖြစ်ကာ နုံးခွေနေသဖြင့် လည်သာထိုင်ခုံပေါ်မှာ မှီလျှော့၍ ထိုင်နေသော တံတိုင်းရဲ ကိုယ်ကို ပြန်မတ်လိုက်ပြီး

"ရုံးခန်းထဲ ခေါ်ခဲ့လေ"

"ဟုတ်ကဲ့ ဆရာ"

ဖေယျာ တရိုတသေ ခေါင်းညိတ်လျက် အခန်းထဲမှ ထွက်ကာ ညွှန့်သည်ကို ရုံးခန်းထဲ ခေါ်ခဲ့သည်။

ဘယ်သူများလဲဟူသော သိချင်စိတ်ဖြင့် ဖေယျာနောက်မှ ဝင်လာသော ညွှန့်သည်ကိုကြည့်ပြီး ပြုံးလိုက်သည်။

သူငယ်ချင်း မောင်မောင်ကျော် ပြုံးရင်း ဝင်လာ၏။

"လာ ထိုင် သူငယ်ချင်းရေ၊ မင်းနဲ့မတွေ့တာတောင် အတော်





ကြာနေပြီဘဲ၊ ခုမှပဲ ငါ့ရှေ့ပေါ်လာတော့တယ်"

"ငါလည်း စိတ်ကရောက်တယ် လူကမရောက်ဘူးကွာ၊ ငါတို့ရဲ့တစ်နေ့တာလှုပ်ရှားမှုတွေကို အောင်မြင်မှုတွေကပဲ ကျေးကျွန်အဖြစ်ပြန်ပြီး နိုင်းကြတာကွ၊ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် လွတ်လွတ်လပ်လပ်ကို မနေရတော့ဘူး၊ မင်းရော ရေသန့်စက်ရုံထောင်ထားတာ အိုကေတယ် မဟုတ်လား"

"အိုကေပါတယ် အခု ငါနောက်ထပ် လုပ်ငန်းအသစ်တစ်ခု ထပ်လုပ်ထားတယ်၊ ငါကိုယ်တိုင် မဦးစီးနိုင်လို့ ငါ့ညီကို ဦးစီးနိုင်းထားတယ်"

"ဟုတ်လား မင်းက ကိုယ်ခွဲရှိတော့ ကောင်းတာပေါ့၊ ဘာလုပ်ငန်းအသစ်ထောင်တာလဲ"

"နိုင်ငံတကာ အကင်မျိုးစုံရောင်းတဲ့ဆိုင်လေ၊ နည်းပညာနဲ့ကန့်ကြမ်းကိုတော့ ငါ့ညီမဝမ်းကွဲက ဂျပန်ကနေ အကူအညီပေးတယ်"

"အကျိုးအမြတ် ကောင်းတယ်မဟုတ်လား"

"မဆိုးပါဘူး"

"မင်းရော့ တော်တော်အဆင်ပြေတယ် ထင်တယ်၊ ဟဲဗီးကြိုးကိုချနေတာ ဒီနှစ်ပိုင်းတွေမှာ မင်းလုပ်ငန်း အဲလောက်တိုးတက်လာတာ ဂုဏ်ယူတယ်ကွာ"

သူငယ်ချင်းနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပီတိအပြုံးတို့ ပြိုင်တူပြုံးလိုက်ကြသည်။ ပြီးနောက် ရှေ့ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



နှောင်းဖြစ်တွေ ပြောကြဆိုကြနှင့် နာရီဝက်လောက် ကြာသွားသည်။

"ဒါနဲ့ မင်းအမျိုးသမီး ငါတို့အိမ်ကို ရောက်ဖူးတယ်နော်"

"အေးလေ လော်ကက်ကိုင်စစ်ပွဲက ကျဆုံးရဲဘော်တွေအတွက် ပရဟိတအလှူငွေ လာထည့်တုန်းက မေ့ကို မင်းအိမ်လိပ်စာပေးလိုက်တာပဲ"

"အဲဒါဆို ငါတို့တိုက် အပေါ်ထွာက လူငယ်လေးတစ်ယောက်နဲ့ မင်းတို့က အသိတွေလား"

"ဘာဖြစ်လို့လဲ အဲဒီလူငယ်လေးက ဘယ်သူလဲ၊ ငါမှမသိတာကွ"

"ပန်းချီဆရာ ရင်လှိုင်းသစ်ဆိုတာလေကွာ"

"ဪ အေး သိတယ်၊ မင်းတို့နဲ့ တစ်တိုက်ထဲလား"

"ဟုတ်တယ်"

"ဒီတော့ မင်းက ဘာကိုသိချင်တာလဲ၊ ငါနဲ့ အဲဒီချာတိတ် ပတ်သက်တာ မင်းဘယ်လိုသိလဲ"

"မင်းအမျိုးသမီး အဲဒီအိမ်ပေါ်ထပ် တက်သွားတာ ငါ တွေ့တွေ့နေလို့"

"ခုရက်ပိုင်းထဲမှာလား"

တံတိုင်းရဲ့ စိတ်ထဲ မတင်မကျ ဖြစ်သွားသည်။ တစ်ဆက်တည်း မှာပင် လမ်းကြုံလို့ ဝင်လည်တာလည်း ဖြစ်နိုင်သည်ဟု တွေးလိုက်သည်။

"ငါ အခု အဲဒီအခန်းမှာ မနေတော့ဘူး။ မဟာမြိုင်မှာ ခြံနဲ့





ဝင်းနဲ့ လုံးချင်းတိုက်တစ်လုံး ဝယ်ထားလို့ အဲဒီအခန်းကို ငါ့ညီဝမ်းကွဲ တစ်ယောက်နေတယ်၊ ငါတွေ့တာ ဟိုးရက်ပိုင်းတွေက တွေ့မိတာပါ"

"ဒီချာတိတ်ကလေးက ရိုးသားပွင့်လင်းတယ်ကွ၊ ခင်ဖို့လည်း ကောင်းပါတယ်၊ သူ့အိမ်ကိုသွားပြီး သူဆွဲထားတဲ့ပန်းချီလက်ရာတွေ သွားကြည့်မယ်လို့ စိတ်ကူးထားတာ ခုထိ အကောင်အထည် မဖော်ရ သေးပါဘူးကွာ"

"တံတိုင်း ငါ မင်းကို ပြောစရာရှိတယ်"

မောင်မောင်ကျော် တစ်စုံတစ်ရာကို ပြောချင်ဟန်ဖြင့် နိဒါန်း ပျိုးကြည့်သည်။

"ဟာ မောင်မောင်ကျော်ရာ မင်းကလေ ကျောင်းတုန်းက အကျင့်က မပျောက်သေးဘူး၊ တကယ် အကြောင်းကြောင်းနဲ့ မင်းနဲ့ငါနဲ့ ခုလည်း စကားပြောနေကြတာပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ ငါ အခုပြောမယ့်စကား က နည်းနည်းအရေးပါလို့"

"ကဲပါ လေးနက်တဲ့စကားမကလို့ ဘယ်လိုစကားမျိုးပဲဖြစ်ဖြစ် မင်းပြောတဲ့စကားကို ငါ လေးလေးနက်နက် နားထောင်ခံစားပေးမယ် ဟုတ်ပြီလား ပြော"

"အေးပါ မင်း လေးလေးနက်နက် နားထောင်ပေးမယ်ဆိုတာ ငါသိပါတယ်ကွာ၊ ဒီလိုကွာ မင်းအမျိုးသမီး မေ့သက်လျှာ ကောင်လေး တစ်ယောက်နဲ့ တွဲနေတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ပေါ်သို့ မိုးကြိုးတွေအကြိမ်ကြိမ် ပစ်ချသလို အသိစိတ်တွေ အကြားအာရုံတွေ တစ်စစီကြေမွသွားသည်။ စိတ်ထဲမှာလည်း ဒေါသဖျင်းခနဲ ဖြစ်သွား၏။

"ဘယ်လို မေ့က ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ် ဟုတ်လား၊ မဖြစ်နိုင်ဘူး သူငယ်ချင်း၊ ဒါ လုံးဝမဖြစ်နိုင်ဘူး၊ စိတ်တော့မရှိပါနဲ့၊ မင်းအမြင်မှားတာလို့ပဲ ငါပြောချင်တယ်ကွာ၊ ဘာဖြစ်လို့ ငါ အဲလောက် ခါးခါးသီးသီး ငြင်းရသလဲဆိုရင် မေ့ဟာ အဲလိုမိန်းမစားမျိုး မဟုတ်လို့ဘဲ"

မောင်မောင်ကျော် သက်ပြင်းချကာ ထိုင်ခုံနောက်ကျောကို အကျအန မှီထိုင်ပြီး တံတိုင်းရဲ့ကို သနားစရာကောင်းသော သတ္တဝါလို ကြည့်သည်။

"မင်းက အရာရာကို Positive ပဲ တွေးတာကိုးကွ"

"ဟုတ်တယ်လေ Negative တွေးရင် အရာရာ ဘာကိစ္စမဆို သေးသေးလေးကနေ အကြီးကြီးဖြစ်သွားနိုင်တာပဲ၊ မင်းက မေ့ကို ကောင်လေးတစ်ယောက်နဲ့တွဲတာ မြင်ခဲ့တယ်ပဲထား၊ ဒါဟာ လမ်းသွားလမ်းလာ ကြုံကြိုက်တဲ့အသိမိတ်ဆွေတစ်ယောက်လည်း ဖြစ်နိုင်တာပဲ၊ နောက်ပြီး သူတို့လမ်းအတူတူ လျှောက်ဖြစ်ကြမယ်ကွာ၊ ရှေးဟောင်းနှောင်းဖြစ်တွေပြောဖို့ ကော်ဖီဆိုင်အတူတူ ထိုင်ဖြစ်ကြမယ်ကွာ၊ ဒါမှမဟုတ် မေ့က ကားပါတော့ ဒီကောင်လေးကို လမ်းကြုံခေါ်ချင်ရင် ခေါ်သွားနိုင်တယ်ကွာ၊ ဒါဟာ အထင်လွဲမှုတစ်ခုလည်း ဖြစ်နိုင်ပါတယ် သူငယ်ချင်း





ရာ"

အကောင်းဘက်ကနေချည်းပဲ မြင်ပေးတတ်နေသော တံတိုင်းရဲ့ကိုကြည့်ပြီး မောင်မောင်ကျော် သက်မခပ်လေးလေး တစ်ချက်ကို ဟင်းခနဲချလိုက်သည်။

"အေးလေ မင်းဘက်က အဲလို ဖြေသိမ့်ပြီး ဖြည့်စွက်တွေးပေးမှတော့ ငါ့ဘက်က မင်းကိုပြောစရာရှိတာတွေ ဆက်ပြောလို့ ဘယ်ဖြစ်တော့မလဲ၊ ငါ ဒီနေရာမှာတင် ဒီစကားကို ရုပ်သိမ်းတယ်ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက မယုံကြည်ရင် ငါပြောတဲ့စကားက လူသေကောင် အသားစိမ်း ထတောင်းတာလောက်တောင် လေးနက်မှာမဟုတ်တော့ဘူးလေ၊ အဲ တစ်ခုတော့ရှိတယ်၊ တစ်ချိန်ချိန်မှာ မင်းမိန်းမအတွက် မင်းခံစားလာရပြီဆိုရင်တော့ ငါ့ဆီ ဖုန်းလှမ်းထိုးလိုက်၊ အနည်းဆုံးတော့ ငါ မင်းကို နှစ်သိမ့်တဲ့စကားမျိုးတွေ ရွေးပြောပေးမိမှာပါ"

"မင်း ငါ့ကို စိတ်ဆိုးသွားလား သူငယ်ချင်း"

တကူးတက သတင်းလာပို့သော သူငယ်ချင်း၏စကားကို အလွယ်တကူ ဖယ်ရှားပစ်ခဲ့မိသော ကိုယ့်အပြုအမူ အပြောအဆိုတွေကြောင့် စိတ်ထဲမှာ နည်းနည်းတော့ အားနာသွားမိသည်။

"မင်းကလည်း ငါက စိတ်ဆိုးစိတ်ကောက်ရအောင် မိန်းမပို့လို့လားကွ၊ ငါပေးတာကို မင်းမယူရင် ငါက အလိုက်သင့်လေး ပြန်သိမ်းလိုက်ရုံပဲလေ ဟား ဟား ဟား"

မောင်မောင်ကျော် ပေါ့ပေါ့ပါးပါးရယ်တော့မှ တံတိုင်းရဲ့ အားနာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ အနည်းငယ်လျော့ကာ စိတ်တွေသက်သောင့်သက်သာ ဖြစ်သွားရသည်။

မေ့က ဒီလိုမိန်းမစားမျိုး မဟုတ်တူးဆိုတာ အကြွင်းမဲ့ယုံကြည်ထားသည့်အတွက် မေ့အပေါ်မှာ သံသယနည်းနည်းလေးမှ အစွူးမခံနိုင်ပါ။

ဒုက္ခတွေကို ပါဖောမင့်လုပ်ပြဖို့ ငါ့ကိုလာပြောလေသလား သူငယ်ချင်းရယ်။

■ ■ ■

## အခန်း (၂၀)

"မေ့ရေ မောင် ဗိုက်ဆာတယ်ကွာ၊ ဘာစီစဉ်ထားလဲ"

အတာချိုကျေ့စ်ကို ညှော်ခန်းထဲရှိ စားပွဲပေါ်တွင် လှမ်းတင်ကာ မေ့ရှိရာ မီးဖိုခန်းဘက်သို့ တောက်လျှောက်ဝင်လာသော မောင့်အသံကြောင့် မေ့ အလောတကြီး လုပ်နေသော အလုပ်တွေပင် အယောင်ယောင်အမှားမှား ဖြစ်ကုန်သည်။

"အား ပူလိုက်တာ"

ကြက်သားပြားတွေကို ဒယ်အိုးထဲထည့်ကြော်ကာ ပန်းကန်ပြားထဲ ဆည့်ထည့်နေသော မေ့လက်သို့ ဆီပူဝင်သွား၍ ခပ်တိုးတိုးအော်လိုက်ပြီး ပူသွားသည့်လက်ကို တခါခါလုပ်နေသည်။

"ဟော မေ့တို့ကတော့ လုပ်ပြီ၊ အိမ်အကူခေါ်ပါဆိုတော့လည်း မခေါ်ဘူး၊ မောင့်မိန်းမလက်ကလေးတွေ တဖြည်းဖြည်းနဲ့အကျည်းတန်တော့မှာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းရဲ့ ပွသွားသော မေ့လက်ကလေးကို သူ့လက်နှစ်ဖက်ဖြင့် ထွေးဆုပ်ကာ လေတဖူးဖူးဖြင့် မှုတ်ပေးသည်။ မှုတ်ပေးနေရင်းမှ ပြော၏။

"ခုမှ ညနေစာ စီစဉ်နေတာလား။ မေ့ မနက်က မအားဘူးထင်တယ်၊ မောင့်ကို မှန်မှန်ပြောစမ်း ဘယ်ကိုသွားနေသလဲ"

မေ့ မျက်နှာကွက်ခနဲ ပျက်ယွင်းသွားသည်။ မောင် သဘောရိုးနှင့် မေးနေတာလား။ မေ့ခြေလှမ်းတွေကို ရိပ်မိသွား၍ မေးနေတာလားဟူသော စိုးရိမ်စိတ်က မေ့ကို ကယောင်ကတမ်းပင် ဖြစ်စေ၏။

မောင် မေးတာကို မေ့ ဘယ်လိုဖြေရမလဲ။ အမှန်အတိုင်းဖြေလို့မရမှတော့ မုသားသုံးလိုက်ရုံသာ ရှိသည်။

"ဒီနေ့ မမနွယ်တို့ ပိုးထည်တိုက်ကို သွားနေတာ မောင်ရဲ့"

ဟန်ဆောင်ညာနေရသဖြင့် မောင့်မျက်နှာကို စေ့စေ့မကြည့်ရဲပါ။ မေ့ဘဝမှာ မောင့်အပေါ်မှ အမြဲတမ်း ရိုးသားခဲ့သည့်အတွက် ခုတစ်ခါ မရိုးသားမှုမှာ မေ့မျက်လုံးအကြည့်တွေကတစ်ဆင့် အမှန်တရားကို ရှာဖွေတွေ့ရှိသွားနိုင်သည်။

မောင်သည် သိပ်ကိုပါးနပ်သော ယောကျ်ားတစ်ယောက်ဖြစ်သည့်အတွက် မောင် မရိပ်မိနိုင်သော အကြောင်းအရာဖြင့် ညာလိုက်ခြင်းဖြစ်သည်။

"သားကို ကျောင်းပို့ပြီးကတည်းက သွားတာလား မေ့"

"ဟုတ်တယ် မောင်၊ ဝတ်စုံအပ်ထားတာ သွားရွေးရင်း မမနွယ်





တို့ဆိုင်မှာ တော်တော်ကြာသွားတာ၊ မမနွယ်ကလည်း ရောက်တုန်းရောက်ခိုက် မပြန်ပါနဲ့ဦးဆိုပြီး အတင်းဆွဲနေလို့လေ၊ ဒါနဲ့ပဲ အဲဒီမှာ တစ်နေကုန်သွားတာ အပြန်မှာ ယိုးဒယားကထာန်းချက် ဝင်ဝယ်လာတယ် မောင်ကြိုက်တယ်မဟုတ်လား"

"အင်း ကြိုက်တယ် မေ့ ပြင်ဆင်နေတုန်း မောင် ရေအမြန်သွားချိုးလိုက်ဦးမယ်ကွာ၊ ပြီးမှပဲ စားတော့မယ်"

"အင်း သွားချိုးလိုက် မောင်၊ မေ့လည်း ပြင်လို့ပြီးတော့မှာပါ၊ သားလည်း အိမ်စာတွေလုပ်နေတုန်းလေ"

"အိုကေ"

မောင် မေ့အနားမှ ထွက်သွားတော့မှ မေ့ ဟင်းခနဲ သက်ပြင်းချလိုက်သည်။

တော်ပါသေးရဲ့ မေ့စကားကို မောင် ယုံသွားလို့။

■ ■ ■

တံတိုင်းရဲ့ ရေပန်းအောက်မှာထိုင်ပြီး ရင်ထဲမှာ မတင်မကျကြီးဖြစ်နေသည်။

မေ့ ဘာဖြစ်လို့ ညာပြောနေရတာလဲ။ အမှန်ဆို ဒီနေ့ မမနွယ်နှင့် သူ့တူမစုံတွဲ ကုမ္ပဏီကိုလာသည်။ သူ့တူမ အိမ်ထောင်ပြုတော့မှာမို့ အိမ်ထောင်ပရိဘောဂတွေကို နမူနာလာကြည့်ပြီး သူတို့လိုချင်သော စိတ်ကြိုက်ပုံစံကို ရွေးနေတာနှင့်ပင် ကုမ္ပဏီမှာ အချိန်တော်တော်ကြာသွားကြသည်။

www.burmeseclassic.com



မမနွယ်ပြောတာတွေကို နားထဲမှာ စွဲကျန်နေသေးသည်။ မေ့ပြောတာတွေနှင့် တစ်ခုမှ ကိုက်ညီမှုမရှိ။

"တံတိုင်းရေ တူမလေးတစ်ယောက်တည်း ရှားရှားပါးပါးရှိတော့ အရာရာကို သူ့စိတ်တိုင်းကျ ဖြစ်စေချင်တာလေ၊ ဒီနေ့ တစ်နေ့လုံး သူ့ကို အချိန်ပေးနေရလို့ ပိုးထည်တိုက်ကိုတောင် မရောက်သေးဘူး၊ မနက်ကတည်းက ဟိုတယ်ခန်းမငှားတာနဲ့ မင်္ဂလာဆြဘာဖတ်ကြားမယ့် ဦးကျော်စိုးဦးဆီသွားရတာနဲ့၊ အလှပန်းဆိုင်သွားရတာနဲ့ ဒေါင်ချာကို စိုင်းနေတာပဲ၊ နု ဒီကအပြန်ကို စိန်တိုက်ဝင်ရဦးမယ်လေ၊ အဟင်းဟင်း မေ့ရော နေကောင်းလား၊ ဟိုတစ်နေ့က ရွေးသွားတဲ့ဝတ်စုံ အဆင်ပြေရဲ့လား မမနွယ်က မေးတယ်လို့"

ရင်ဘတ်ထဲမှာ တဆစ်ဆစ်ဖြင့် နာကျင်လာပြီး မျက်နှာကို ဒူးနှစ်ဖက်ပေါ် မှောက်အပ်လိုက်သည်။ မေ့ ဘာတွေခြေလှမ်းပျက်နေတာလဲ။ ခုတစ်လော မေ့ပုံစံကြည့်ရတာ စိတ်နှင့်ကိုယ်နှင့်မကပ်သလို သူ့အပေါ်မှာလည်း အရင်လို အကြင်နာတွေအပြည့်အဝမပေးဘဲ သွေးအေးလွန်းနေသည်။

မေ့ ဘာတွေဖြစ်နေတာလဲ။ မေ့မှာ သူ မသိနိုင်သော ဘယ်လိုလျှို့ဝှက်ချက်မျိုးတွေ ရှိနေလို့လဲ။ မေ့ မျက်နှာပေါ်မှာ လျှို့ဝှက်မှုတွေ ထွေးလိပ်နေတာကတော့ သိသာလွန်းသည်။

သို့သော် ထိုလျှို့ဝှက်ချက်ဟာ ဘာလဲလို့ မေ့ကို မမေးရက်ပြန်။ မေ့ထံမှ ထွက်ပေါ်လာသော အမှန်တရားတစ်ခုသည် သူ့အတွက် ခါးသီး





လွန်းနေမှာကိုတွေးပြီး ကြောက်နေမိသည်။

သူ့အဖြစ်က မိုးပြိုမှာကို ကြောက်သည့် ဇာစ်တီတူးငှက်လို ဖြစ်နေသည်။ ကိုယ်ပေါ်ကို ဖွာခနဲ ကျဆင်းလာသော ရေစက်တို့၏အထိအတွေ့သည် အေးမြမနေဘဲ ရင်ထဲမှသောကနှင့်အတူ တလူလူအငွေ့ပျံသွား၏။

မေ့သာ မှန်မှန်ကန်ကန် ပြုမူနေတယ်ဆိုလျှင် မေ့အပြုအမူတွေကလည်း မှန်ကန်နေရမည်။ ခုတော့ အရင်ကနှင့် လုံးဝမတူသော မေ့အပြုအမူ၏နောက်ကွယ်မှာ မရိုးသားမှုတစ်ခု ပါဝင်ပတ်သက်နေလိမ့်မည်ဟု စိတ်က အလိုလိုသိနေခြင်းဟာ တံတိုင်း၏အကဲခတ်လွယ်သော ပါးနပ်မှုတစ်ခုသာ ဖြစ်သည်။

မောင်မောင်ကျော် ပြောသလို မေ့ဟာ ကောင်လေးတစ်ယောက်နှင့်တွဲနေတာ တကယ်ဆိုလျှင်တောင် မေ့အပေါ်မှာ သူ မမုန်းရက်ဒေါသမဖြစ်ရက်။

မေ့ကိုသိပ်ချစ်သည်။ မေ့ ပျော်လျှင် သူပျော်မည်။ မေ့ဝမ်းနည်းလျှင် သူလည်း လိုက်၍ ဝမ်းနည်းမည်။ မေ့နောက်တစ်ယောက်နှင့် ပျော်နေမည်ဆိုလျှင်တောင် သူ မုဒိတာပွားခွင့်လွှတ်နိုင်ရမည်။

သို့သော် မိသားစုဂုဏ်သိက္ခာအတွက်တော့ ရေရှည်ခွင့်မပြုနိုင်။ ရင်ထဲမှာ သံသယအတွေးလေးတွေနှင့်တောင် ကျင်ခနဲ ခံစားလိုက်ရသည်။ တကယ်သာဆိုလျှင်တော့ ရင်ဘတ်ကြီးကွဲထွက်သွားမလားမပြောင် မသိ။ ဒါကို မေ့သိနိုင်မှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



မေ့ရင်ထဲမှာ ဘယ်သူရှိနေသလဲ၊ သူလား သူများလား။ မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး။ ဒါတွေအားလုံးဟာ အထင်လွဲအမြင်လွဲ နားလည်မှုလွဲတာတွေပဲ ဖြစ်ရမည်။ မေ့ဟာ ဒီလို မိန်းမစားမျိုး လုံးဝမဟုတ်။

မေ့ ဒီလိုလုပ်ရပ်မျိုး မလုပ်ဘူးဆိုတာ အကြွင်းမဲ့ ယုံသည်။ သူနှင့်မေ့၏ဘဝခရီးစတင်ခဲ့သည့်အခြေအနေက မိဘတွေသဘောတူ ပေးစားလို့မှမဟုတ်တာ။ တစ်ယောက်ကိုတစ်ယောက် မြတ်မြတ်နိုးနိုး ချစ်ခင်စုံမက်ခဲ့ကြ၍သာ ဘဝတစ်ခုကို စိတ်တူကိုယ်တူ ထူထောင်ခဲ့ကြခြင်းဖြစ်သည်။

မေ့ဟာ သူ့အပေါ်မှာ အချစ်တတ်ဆုံးသော မိန်းမတစ်ယောက် အဖြစ် ရင်ထဲက အချစ်တွေကို အကုန်ထုတ်ပြချစ်ခဲ့သည်။ သူကလည်း မေ့ကလွဲရင် တခြားမိန်းကလေးတွေဟာ မိန်းမမဟုတ်သည့်အတိုင်း မေ့ကိုသာ သူ့နှလုံးသားတွေအကုန် ပုံအပ်ပြီး ချစ်ခဲ့သည်။

သိစိတ်တွေက အကြိမ်ကြိမ် ငြင်းဆန်နေပေမယ့် မသိစိတ်တွေကတော့ ခန္ဓာကိုယ်မှာ ရှိသမျှအင်အားတွေဆွဲချလိုက်သလို လူက အရုပ်ကြိုးပြတ်။

■ ■ ■



## အခန်း (၂၁)

"ဟဲလို မေ့ ဘာလုပ်နေတာလဲ၊ ကိုရီးယားကား ကြည့်နေတာလား။ မောင့်ကို ထိုင်သတိရနေတာလား။ ဒါမှမဟုတ် စာဖတ်နေတာလား"

တံတိုင်းရဲ့ ကားမောင်းနေရင်းမှ မေ့ထံသို့ ဖုန်းလှမ်းဆက်ခြင်း ဖြစ်သည်။ မေ့အသံကို ပီပီသသ ကြားချင်သဖြင့် ဖုန်းစပီကာကိုဖွင့်ပြီး ပြောလိုက်သည်။

"ဟင့်အင်း မောင့်ကို ထိုင်သတိရနေတာပေ့ါ မောင်ရဲ့"

"ဒါဆို မောင့်မိန်းမ ဒီနေ့ ဘယ်မှမသွားဘူးပေါ့"

"ဟင့်အင်း မသွားပါဘူး၊ မေ့က ဘယ်ကိုသွားရမှာလဲ မောင်ရဲ့၊ ဘာလဲ မောင်အိမ်ပြန်ပြီး ထမင်းစားမလို့လား"

"မစားအားပါဘူး မေ့ရယ်၊ ဒီနေ့ အစည်းအဝေးရှိတယ်၊ နောက်ဆယ်မိနစ်လောက်ဆို အစည်းအဝေးခန်းထဲ ဝင်ရတော့မှာ၊ မဝင်ခင် မောင့်မိန်းမအသံလေး ကြားချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ပိုပြန်ပြီ မောင်ကလည်း"

မေ့အသံသည် သိပ်အသက်မပါလှမှန်း သိသာနေ၏။ တံတိုင်းရဲ့ ရယ်လိုက်သည်။ ကားကိုတော့ အိမ်သို့ ဦးတည်၍ မောင်းနေဆဲ။ အမှန်ဆို အိမ်အပြန်လမ်းကနေ မေ့ကို လှမ်းဆက်နေခြင်း ဖြစ်သည်။

မေ့ကိုတော့ အိမ်ပြန်လာနေပြီဟု ပြောမနေတော့။ အိမ်ရှေ့ကို ကားရပ်တော့မှ မေ့ အံ့ဩပါစေတော့။ အတွေးနှင့်အတူ ကားမောင်းရင်း တစ်ယောက်တည်း ပြုံးလိုက်သည်။

"မေ့ ဒါပဲနော် မောင် ညနေအပြန်နောက်ကျမယ် သိလား"

"မောင် အပြန်နောက်ကျလည်း မေ့ထမင်းစားစောင့်နေမယ် နော် မောင်"

"အိုကေ ဒါပဲနော်"

တံတိုင်းရဲ့ သက်ပြင်းမောကို ဟူးခနဲ ချပြီး ဖုန်းကို ဒက်ရှ်ဘုတ်ပေါ် လှမ်းတင်လိုက်သည်။

ကားမောင်းရင်း အတွေးတွေ ဟိုရောက်ဒီရောက်တွေးရင်း အိမ်ကို ရောက်မှန်းမသိ ရောက်လာ၏။ ခြံရှေ့ရောက်တော့ ခြံတံခါးသော့ခတ်ထားတာတွေ့လိုက်ရ၍ လူက ဟိုက်ခနဲ မောသွားသည်။

သူ မဝံ့မရဲတွေးထားသော အခြေအနေနှင့်ကြုံလာရ၍ စိတ်တွေ ရှုပ်ထွေးသွားသည်။ မသိစိတ်က မေ့ရဲ့အခြေအနေကို အကဲဖမ်းချင်နေသဖြင့် အိမ်ကိုရောက်လာခြင်း ဖြစ်သည်။

ထင်သည့်အတိုင်း မေ့ ရှိမနေ။ ခြံတံခါးရော အိမ်ရှေ့ကျွန်းတံခါးကြီးပါပိတ်ထားပြီး အိမ်ပြတင်းတွေအားလုံးလည်း ပိတ်ထားသည်။





တံတိုင်းရဲ့ ကားပေါ်မှမဆင်းဘဲ ကားထဲမှာ တွေတွေကြီးထိုင်နေပြီး ဆိုဖာနောက်ကျောမှီကို မှီထိုင်ချလိုက်သည်။

အိမ်မှာမရှိဘဲ မေ့ ဘာကြောင့် ညာရတာလဲ မေ့ရယ်။ မောင် မေ့အတွက် ဘယ်လောက်စိတ်ပူနေရသလဲဆိုတာ မေ့ နည်းနည်းဖြစ်ဖြစ် ရိပ်မိပါတော့လား။

လက်ရှိ ခံစားနေရသော အပူသောကသည် မည်သို့သော အပူသောကနှင့်မှမတူ ပြင်းထန်သည်။ မိသားစု၏အနာဂတ်တွင် ဘယ်လိုကြမ္မာဆိုးတွေ ဆီးကြိုနေမလဲဟု တွေးကာ သက်ပြင်းတွေ ဘယ်နှကြိမ်မြောက် ချမိမှန်းပင်မသိတော့။

ခြံရှေ့မှာ ကားကို အစိပ္ပာယ်မဲ့ ရပ်ထားပြီးမှ ပတ်ဝန်းကျင် မြင်၍မကောင်း၍ ကားကို ပြန်ကွေ့လာခဲ့လိုက်သည်။

ကုမ္ပဏီကိုလည်း ပြန်မသွားချင်တော့။ မောင်မောင်ကျော်ဆီသို့ ထွက်လာခဲ့လိုက်သည်။ ခုချိန်မှာ မေ့အကြောင်းကို မောင်မောင်ကျော်က သူ့ထက်ပင် ပိုသိနေမည်ထင်သည်။

တံတိုင်းရဲ့ ခုချိန်မှာ မကြားချင်ဆုံးက မေ့ရဲ့အမှန်တရားတွေကိုပဲ ဖြစ်သည်။

သို့သော် ဘယ်လောက်ပဲ ခါးသီးပါစေ အမှန်တရားဆိုတာကို လက်မခံလို့မှ မရတာ။



www.burmeseclassic.com

www.burmeseclassic.com



"မမ ကျွန်တော်နဲ့ရှိနေချိန်မှာတောင် မမနှုတ်က တစ်မောင်ဘည်း မောင်နေတာတော့ ကျွန်တော် မခံစားနိုင်ဘူးဗျာ၊ တကယ် ရင်ခံတယ်"

"ရင်ခံလည်း အဲမှာ လဲသေလိုက်ပေါ့၊ မောင်က ငါ့အတွက်တော့ သိပ်ကိုမွန်မြတ်တဲ့ယောကျ်ားတစ်ယောက်ပဲ၊ သူ့မိန်းမကို တခြားယောကျ်ားက လူမဆန်စွာနဲ့ အတင်းအဓမ္မပြုကျင့်နေတယ်ဆိုတာကိုတောင် သူ လုံးဝမသိရှာဘူး"

ပြောရင်းဖြင့် မေ့ မျက်ရည်တွေ ဝေ့တက်လာသည်။ မည်သူမဆို အမှားတစ်ခု ကျူးလွန်လျှင် ထိုအမှားအတွက် အပြစ်ဒဏ်ကို ခံယူရမှာ မလွဲပေ။

"ကျွန်တော်နဲ့တွေ့နေတဲ့အချိန်မှာ မမ ဖုန်းပိတ်ထားပါလား။ ဒီတစ်ချိန်လေးတော့ မမရဲ့အချိန်တွေကို ကျွန်တော့်ကို အပိုင်ပေးပါဗျာ"

"ဘာ ငါက မင်းအတွက် အချိန်တွေကို အပိုင်ပေးရမယ် ဟုတ်လား။ မင်းသိပ်လောဘကြီးပါလား လှိုင်းရယ်၊ ခုချိန်မှာ ငါက မင်းကို လက်ခံလို့ ဒီလိုလာတွေ့တယ်လို့ မင်းထင်နေသလား ဟင်"

"ဒါပေါ့ မမရင်ထဲမှာ ကျွန်တော်ရှိမနေရင် ခုလို မမ ကျွန်တော့်ဆီ ရောက်လာပါ့မလား"

ကိုယ့်ကိုကိုယ် အထင်ကြီးလွန်းနေသော လှိုင်းကို ခပ်ချဉ်ချဉ်ကြည့်လိုက်ပြီး

"မင်းနဲ့ငါနဲ့ ပတ်သက်မိကြတဲ့ဗီဒီယိုဖိုင်ကို ငါကြည့်ချင်တယ်





ငါ့ကိုခုပြ"

"မမတောင်းမကြည့်လည်း ကျွန်တော်က ပြမလို့ပါပဲ၊ တကယ် မိုက်တယ်ဗျာ၊ မမက အရမ်းလှတယ်"

"ဘာ ဘာပြောတယ် နင်ယုတ်မာလှချည်လား လှိုင်း၊ နင့်မှာ အမေတွေ နှမတွေမရှိတိုင်း ဒီလိုလူမဆန်တဲ့လုပ်ရပ်မျိုးလုပ်ရက်လား၊ အေးပေါ့လေ နင့်လိုယောကျ်ားမျိုးမှာ မေတ္တာတရားကို တန်ဖိုးထားပြီး စိတ်ဓာတ်မြင့်မြတ်တဲ့ကိုယ်ရည်ကိုယ်သွေးမျိုး ဘယ်ရှိပါ့မလဲ၊ မိန်းမတစ်ယောက်ဆီက ကာမဆန္ဒကို အတင်းအဓမ္မလုယူတဲ့ အောက်တန်းကျတဲ့ ယောကျ်ားမျိုးဆိုမှတော့ ဒီလိုလုပ်ရပ်မျိုးက မင်းအတွက် ဘယ်ဆန်းတော့ မလဲ"

"ဟာ မမရာ ပြောလိုက်တာ တစ်လုံးတစ်ခဲပဲ၊ ကျွန်တော်က ကျွန်တော်သိပ်ချစ်တဲ့မမကို ဒီလိုလုပ်ရပ်မျိုးလုပ်ပြီး ဂုဏ်သိက္ခာကျဆင်းအောင်လုပ်ပါ့မလား၊ သဘောအဖြစ်ကို ပြောတာ"

မေ့ပခုံးကိုခပ်ဖွဖွဆုပ်ကိုင်ပြီး ငုံ့မိုးနမ်းရှိုက်ကာ ပြောလာသော လှိုင်း၏ချွေးသိပ်စကားတွေက မေ့ရင်ထဲက ဒေါသတရားတွေကို မချေဖျက်နိုင်တာ အမှန်ပင်ဖြစ်သည်။

"ကဲပါ ငါ့ကို မင်းဖုန်းထဲက ဗီဒီယိုဖိုင်ကို ပေးပါ"

"ဟာ ပေးလို့တော့ မရဘူးလေ မမရာ၊ ဒါလေးက ကျွန်တော့်ရဲ့ အဖော်လေးဗျ၊ ညတိုင်း ဒီ ဗီဒီယိုဖိုင်လေးကိုကြည့်ပြီး ကျွန်တော့်မှာ အလွမ်းဖြေ စိတ်ဖြေနေရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ငါတော့ ကြည့်ခွင့်ရှိတယ်လေ"

"ကြည့်ခွင့်တော့ ရှိတယ် အဟဲ ကြည့်ရင်းနဲ့ လှိုင်းစိတ်တွေ ထပ်ပါသွားရင်တော့ မမ တာဝန်ယူရမှာနော်"

အခွင့်အရေးယူဖို့ ထပ်မံစကားခေါ်နေသော လှိုင်းကို မေ့ မျက်စောင်းဝေ့လိုက်သည်။

"ကဲ ရော့ ဒါလေးကိုကြည့်ထားနှင့် ကျွန်တော်က မမသောက်ဖို့ ကော်ဖီလေးသွားဖျော်လိုက်ဦးမယ်"

ဖုန်းထဲမှ ဗီဒီယိုဖိုင်ကို ဖွင့်ပေးခဲ့ပြီး လှိုင်း ကော်ဖီဖျော်ရန် ထသွားသည်။

မေ့မျက်လုံးတွေ တအံ့တသြ ဝိုင်းစက်သွားရလောက်အောင် လှိုင်းနှင့်မေ့တို့မြင်ကွင်းက တကယ့်ကို နိုင်ငံခြား sex တစ်ခွေ ထိုင်ကြည့်နေရသည့်နှယ်။ စိတ်ကြွဆေးပြားတွေကြောင့် အသိစိတ်တွေ အိပ်ပျော်နေသလို ဖြစ်နေသည့် မေ့ကရော လှိုင်းနှင့်အတူ ဒီလိုပုံစံမျိုးနှင့် အတူတူဖြတ်သန်းနေသတဲ့လား။

"တောက် ယုတ်မာလိုက်တာ"

တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ပြီး ဆက်မကြည့်ရဲတော့သော အခြေအနေမှ Delete လုပ်ပစ်လိုက်သည်။ အမှန်ဆို ဒီဗီဒီယိုဖိုင်ကို လှိုင်းဆီကယူကြည့်ပြီး ဖျက်ဆီးမည်ဟူသောအကြံနှင့် လှိုင်းဆီကို မေ့ ရောက်ခဲ့တာဖြစ်သည်။

လှိုင်း ကော်ဖီခွက်ကိုင်ပြီး ထွက်လာ၏။





"ဟာ မမ ဒါဘာလုပ်တာလဲ"

"ဖျက်ပစ်လိုက်တာလေ ကဲ ဒီနေ့ကစပြီး မင်းဟာ ငါ့ကို ဘယ်လိုခြိမ်းခြောက်မှုမျိုးနဲ့မှ ပတ်သက်ခွင့်မရှိတော့ဘူး ဟုတ်ပြီလား"

ဗီဒီယိုဖိုင်ကို ဖျက်ဆီးပစ်လိုက်ပြီမို့ မေ့ ရဲရဲဝံ့ဝံ့ပင် အဆက်ဖြတ်ဖို့ ပြောလိုက်သည်။

ထိုစကားကြောင့် လှိုင်း ဟက်ခနဲ တစ်ချက်ရယ်သည်။

"မမရာ ဘာကြောင့် ကလေးဆန်နေတာလဲ၊ ဒီဗီဒီယိုဖိုင်ကို မမက ဒီဖုန်းထဲမှာပဲ ဖျက်လို့ရတာပါ၊ ကျွန်တော်က တခြားမမ်မိုရီစတစ်နဲ့ ကူးပြီး ရှိထားပြီးသား၊ စီဒီအချပ်တောင် ရှိတယ် မမရဲ့၊ ညကျရင် မမ ဘဲကြီးနဲ့အတူကြည့်ရအောင် ယူသွားလို့တောင်ရတယ်"

"ဘာ နင် နင် ယုတ်မာလှချည်လား"

ဒေါသဖြင့် နာကျင်ရလွန်း၍ မေ့အသားတွေ တဆတ်ဆတ် တုန်ယင်လာသည်။

"ကဲပါ ရော့ ဒီကော်ဖီလေး မြန်မြန်သောက်လိုက်၊ ပြီးရင် မမ စိတ်တိုင်းကျ ဖြစ်စေရမယ်"

"မသောက်ဘူး"

"မသောက်ရင် ဒီဗီဒီယိုဖိုင်ကို ကျွန်တော် လုံးဝ မဖျက်ပေးဘူး မမ၊ ကျွန်တော်က မမကို သောက်စေချင်လို့ သေသေချာချာ ဖျော်ပေးထားရတာပါဗျာ"

ဖွတ်အတင်း ငြင်းနေလျှင်လည်း မရမှန်းသိ၍ ချော့ရန် မေ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို တစ်ထစ်လျှော့ချလိုက်ပြီး လှိုင်းလက်ထဲမှ ကော်ဖီခွက်ကို လှမ်းယူပြီး တစ်ငုံနှစ်ငုံ မော့သောက်လိုက်သည်။

"လှိုင်းရယ် မမလေ မင်းကိုငြင်းဆန်နေရင်းနဲ့ပဲ မင်းနဲ့အတူ အသွေးအသားတွေ ဖလှယ်ဖြစ်ခဲ့ကြတယ်၊ အဲဒါဟာ မမဆန္ဒတွေမပါတာ မင်းသိပါတယ်၊ ဒါပေမဲ့ မင်းကို အရမ်းမုန်းချင်ပေမယ့် မမ မမုန်းရက်ခဲ့ဘူး"

ရင်ထဲမှာ မပါသော ဟန်ဆောင်စကားတွေကို မှသားအဖြစ် အသုံးပြုလိုက်သည်။ လှိုင်း ယုံပါသည်။

"လှိုင်းလည်း မမကို အရမ်းချစ်ပါတယ်၊ အဲဒီအချစ်ကြောင့်ပဲ လှိုင်း မှားခဲ့ပါတယ်၊ အမှားကို မှားမုန်းသိပေမယ့် လှိုင်း အဲဒီအမှားကို မစွန့်လွှတ်နိုင်လောက်အောင် မက်မောနေခဲ့တယ်၊ မဖြစ်သင့်မှန်းသိပေမယ့် လှိုင်းမှ မမကို မချစ်ရရင် မနေနိုင်တာ၊ မမစိတ်ဆင်းရဲနေတာကိုလည်း လှိုင်း မကြည့်ရက်ဘူး၊ လှိုင်းကြောင့် မမတို့အိမ်ထောင်ရေး ပျက်ပြားမှာကိုလည်း လှိုင်း မလိုလားဝါဘူး"

ဒီစကားတွေသည် လှိုင်းရင်ထဲက ဆန္ဒအမှန်ဖြင့် ထွက်ကျလာသော စကားဖြစ်သည်။

"ဒါဆိုရင် မမကို လွှတ်ပေးလိုက်ပါလား လှိုင်းရယ်"

တောင်းပန်တိုးလျှိုးနေသော မမ၏နဖူးပြင်ကို လှိုင်း အသာအယာနမ်းပြီး နှစ်သိမ့်လိုက်သည်။ ကိုယ့်အနမ်းတွေဟာ မမကို ချွေးသိပ်မှုတွေ ဘယ်တော့မှ ပေးနိုင်မည်မဟုတ်ဆိုတာ လှိုင်း သိတာပဲ။





"ကဲပါ ကော်ဖီလေးတော့ ကုန်အောင် သောက်လိုက်ပါဦး၊ ဒါမှ မမစိတ်တွေ တည်ငြိမ်သွားမှာ"

မေသည် အလွန်တရာမှ ရိုးတုံးသော မိန်းမတစ်ယောက်ဖြစ်သလို အရိပ်အကဲ မဖမ်းတတ်သော ခပ်ညံ့ညံ့မိန်းမတစ်ယောက်လည်း ဖြစ်သည်။ ထို့ကြောင့် အန္တရာယ်ကို ကြိုမမြင်နိုင်သော အသိဉာဏ်မဲ့သည့် မိန်းမဟုလည်း ပြော၍ရပါသည်။

လှိုင်း ဖွတ်အတင်းတိုက်သော ကော်ဖီကို စိတ်ထဲထူပူစွာဖြင့် အသိစိတ်ကင်းစွာ သောက်လိုက်မိသည့် တစ်ခဏ မေ့စိတ်တွေသည် လှိုင်း၏အပွတ်အသပ် အချော့အမြှူတွေကြားမှာ မိန်းမော ဖက်တွယ်မိသွားပြန်သည်။

လှိုင်းအလိုကျ သူ့အလိုကို လိုက်မိလျက်သားဖြစ်နေသည်။ အပြောကျယ်သော ပင်လယ်အော်သံကြားရသည်။ ရေလှိုင်းများ နိမ့်ချီမြင့်ချီနှင့် ကမ်းတစ်ဖက်ဆီ ပြေးလွှား၏။ စိတ်တံခါးပေါက်များ တစ်ချပ်ပြီးတစ်ချပ် ပိတ်သွားကြသည်။

တိမ်တွေလည်း အပြာရောင်ဂျာကင်ကို ဝတ်ဆင်ရင်း သက်မများ ခဏခဏ ပြုတ်ကျ၏။

မောင်ရေ မောင်သိပ်ချစ်တဲ့ မောင့်ရဲ့ဇနီးမေ့ဟာ မီးစာတစ်ဖက် ရေမှုတ်တစ်ဖက်နဲ့ သိပ်ကို လူသားဆန်တဲ့မိန်းမတစ်ယောက် ဖြစ်နေပါပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"မင်းနည်းနည်းတော့ ရိပ်မိလာပြီမဟုတ်လား တံတိုင်း"

မောင်မောင်ကျော့်အမေးကြောင့် စိတ်မသက်မသာဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။ မောင်မောင်ကျော် စိတ်မကောင်းစွာဖြင့် သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။

"မင်း ဘယ်လိုလုပ်မလဲ၊ တားမလား၊ ကွာမလား၊ မင်းမှာ ရွေးစရာ ဒီနှစ်လမ်းပဲရှိတယ်၊ မင်းမိသားစု အထူးသဖြင့် မင်းသားလေး အတွက် ထည့်စဉ်းစားမယ်ဆိုရင်တော့ မင်း သူ့ကိုတားသင့်တယ်၊ ဒါမှမဟုတ်ဘူး ဒီလိုမိန်းမမျိုးကို မင်းဘဝထဲဆက်ပြီး မထားသင့်တော့ဘူးဆိုရင်တော့ ဂုဏ်သိက္ခာရှိရှိ ကွာရှင်းလိုက်တော့"

"ငါ မေ့ကို ဘယ်တော့မှ မကွာရှင်းဘူး၊ တားရအောင်လည်း မေ့ခြေလှမ်းပျက်နေတာကို ငါ့အနေနဲ့ သံသယဝင်မိတာကလွဲပြီး ငါ့မျက်စိ





နဲ့ တပ်အပ်မှမမြင်ရသေးတာ"

မေ့အား ဘယ်လိုမှ အပြစ်မြင်၍မရတာကတော့ တံတိုင်းရင်ထဲက ချစ်ခြင်း၏အတိမ်အနက် ပြယုဒ်တစ်ခု။

"မင်းမျက်စိနဲ့ တပ်အပ်မြင်ရရင် မင်းဘာလုပ်မလဲ တံတိုင်း။ အင်းလေ ဒါ ငါမေးရမယ့်အပိုင်း မဟုတ်သလို ငါတိုက်တွန်းရမယ့် အပိုင်းလည်း မဟုတ်ပါဘူး။ ကာယကံရှင် မင်းသာလျှင် ဆုံးဖြတ်ရမယ့် ကိုယ်ပိုင်ဆုံးဖြတ်မှုပဲ၊ ဒါပေမဲ့ ငါ မင်းကိုပြစရာရှိတယ်၊ ဒါဟာလည်း မထင်မှတ်တဲ့ တိုက်ဆိုင်မှုတစ်ခုပါ၊ ခဏလေးစောင့် မင်းကို ငါ သက်သေပြမယ်"

မောင်မောင်ကျော် တံတိုင်းနားမှ ထသွားပြီး စာကြည့်စားပွဲ အံဆွဲတစ်ခုကို ဖွင့်လိုက်သည်။ တံတိုင်းရင်ထဲမှ အပူတွေကို ခဏငြိမ်းလို့ငြိမ်းငြားစားပွဲဝိုင်းပေါ်မှ ကိုလာဘူးကိုယူ၍ မော့လိုက်သည်။

အေးမြပြင်းရှသော အရသာက လည်ချောင်းထဲစီးဝင်ပြီး ရင်ထဲသို့ စိမ့်ဝင်သွားသည်။ ရင်ထဲမှာတော့ သောကကြောင့် ဗလောင်ဆူဆဲ။

မောင်မောင်ကျော် အနားရောက်လာပြီး စီဒီတစ်ချပ် ကမ်းပေးသည်။

"ရော့ ဒါ မင်းရဲ့သက်သေပဲ"

"ဒါ ဘာလဲ မင်း မေ့ကို လိုက်ချောင်းပြီး ငါသိအောင် ပြောဖို့ အကွက်ချစီစဉ်ထားတဲ့ သဘောလား"

စီဒီချပ်ကို လှမ်းယူပြီး စိတ်ထဲထင်သလို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းအမေးကြောင့် မောင်မောင်ကျော် တဟားဟား ရယ်သည်။ ရယ်သံ နှောသောအသံဖြင့်

"သူငယ်ချင်းရာ ငါ အဲဒီလောက်အချိန်တွေ မအားနေဘူးကွ၊ ဒီသက်သေတောင်မှ ငါ မထင်မှတ်ဘဲ ရလာတာ"

မောင်မောင်ကျော် ဘာကိုဆိုလိုမှန်း နားမလည်။

"ဒီစီဒီချပ်ကို မင်း ဘယ်ကနေရလာတာလဲ၊ မင်းကို ဘယ်သူ ပေးထားတာလဲ"

မတင်မကျ ဖြစ်နေသောစိတ်ကြောင့် တစ်ခါတည်း မေးလိုက်သည်။

"မင်းကို ငါပြောပြမှုပါတယ်၊ ငါ အကင်ဆိုင်တစ်ဆိုင် ဖွင့်ထားတယ်ဆိုတာလေ၊ ငါတို့ဆိုင်လေးရဲ့အပြင်အဆင်က အရမ်းကို ရှိမန့်ဆန်တယ်၊ အထူးသဖြင့် ချစ်သူစုံတွဲတွေအများဆုံး လာတယ်၊ အဲဒီမှာတင် ဆိုးရွားတာတစ်ခုက စုံတွဲတွေက သီးသန့်အခန်းတွေထဲမှာ ဖြစ်ချင်တိုင်း ဖြစ်ကြတယ်ကွာ၊ ဒါကြောင့် ဒီလိုသာ ရှေ့ဆက်ဖြစ်နေမယ်ဆိုရင် ငါတို့ ဆိုင်သိက္ခာကျမယ်၊ ဒါကြောင့် သီးသန့်ခန်းလေးထဲမှာ CCTV တွေ တပ်ထားတယ်၊ ယုတ်ဆွအဆုံး သန့်စင်ခန်းရဲ့ဟောလ်ထဲမှာတောင် တပ်ထားတယ်၊ ဒီလို တပ်ထားတာဟာ မသမာတဲ့စိတ်နဲ့တော့မဟုတ်ဘူး။ စုံတွဲတွေ ဆိတ်ကွယ်ရာမှာ မမှားကြရအောင်လို့ ကြိုတင်ဟန့်တားထားတဲ့ သဘောပဲ"

"ဒါဆို မေ့ မေ့က မင်းတို့အကင်ဆိုင်ထဲမှာ"





ရှေ့ဆက်ပြီး စကားလုံးထပ်ဆက်ဖို့ နှုတ်မရဲတော့။

"ငါ ဖြေချင်ပေမယ့် မင်းဘာသာမင်း အဖြေကိုကြည့်ပြီး ဆုံးဖြတ်ပါ၊ ငါက မင်းတို့အိမ်ထောင်ရေးကို ပျက်စီးစေချင်လို့ မဟုတ်ပါဘူး၊ ညှိလည်းမရည်ရွယ်ပါဘူး။ ငါတို့ ရေဒါထဲမှာပေါ်လာလို့ မင်းကိုပြချင်ရုံ သက်သက်ပါ၊ အဲဒီအတွက် ငါမင်းနဲ့ထပ်တူထပ်မျှ ခံစားရပါတယ်ကွာ၊ အိမ်ထောင်ရေးကို မထိခိုက်ချင်ဘူးဆိုရင်တော့ ပြဿနာတစ်ခုကို အကြမ်းနည်းနဲ့မဖြေရှင်းပါနဲ့၊ မင်းက ပညာတတ်လူယဉ်ကျေးတစ်ယောက်ပဲ မင်းမိန်းမ မင်းဘက်ပြန်ပါလာအောင် ပညာသားပါပါ မင်းကိုင်တွယ်တတ်မှာပါ"

"ငါ့ကို ခုလို စေတနာထားပြီး သတိပေးတာ ကျေးဇူးတင်ပါတယ်ကွာ၊ ဒီအခွေထဲမှာ ဘယ်လိုအကြောင်းအရာမျိုးတွေကို တွေ့မြင်ရမယ်ဆိုတာ ငါမသိသေးပေမယ့် အဖြေကတော့ ထွက်နေပါပြီ အခြေအနေတာ ဒီလိုဖြစ်လာဖို့ အချိန်တန်လာမှတော့ ငါ့ဘက်ကပါးနပ်စွာ ဖြေရှင်းနိုင်ရမှာပေါ့ကွာ၊ ငါက မေ့ကို သိပ်ချစ်တာ၊ မေ့ကလည်း ငါ့ကို သိပ်ချစ်တယ်ဆိုတာ ငါယုံတယ်၊ ခုလိုမျိုး ငါ့ကွယ်ရာမှာ တခြားတစ်ယောက်နဲ့ တွဲမိသွားတယ်ဆိုတာ သူ့ စိတ်ပါလို့ မဟုတ်ဘဲ တစ်စုံတစ်ယောက်ရဲ့ ဖြားယောင်းသွေးဆောင်မှုကြောင့်ပဲလို့ ငါ့ဘက်က နားလည်ထားဖို့ပဲ လိုတာ"

မောင်မောင်ကျော် အထင်သေးမည်စိုး၍ မေ့ဘက်က ကာကွယ်ပြောဆိုပေးနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့ကို ဘယ်သူမှ အထင်သေး ရှုတ်ချခြင်းတွေမရှိအောင် အတတ်နိုင်ဆုံး ကာကွယ်ပေးခြင်းဟာလည်း သူ့ဘက်မှ ပေးဆပ်ခြင်း သက်သက်ဖြစ်သည်။

မေ့ ဘယ်လိုအပြစ်တွေကိုပဲ ကျူးလွန်နေပါစေ ထိုအပြစ်ကို မတင်ရက်တာ သိပ်ချစ်တတ်လွန်းသော ကိုယ့်ရဲ့အားနည်းချက်တစ်ခုပါပဲ။

သူကိုယ်တိုင်တောင် ယောကျ်ားတစ်ယောက်ဖြစ်လျက်နှင့် ခင်ငြိမ်း၏နှောင်တွယ်လိုစိတ်တွေနှင့် လိုက်လျောသည့်အပြုအမူတွေကို မသိကျိုးကျွံပြု ရှောင်ဖယ်နိုင်ခဲ့သည်။

မေ့က မိန်းကလေးဖြစ်ပြီး ဘာကြောင့် မရှောင်နိုင်ခဲ့ရတာလဲ။

"မင်းအခု ဘယ်ကိုပြန်မှာလဲ၊ ကုမ္ပဏီကိုလား အိမ်ကိုလား"

မောင်မောင်ကျော်အမေးကြောင့် လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။ ဒီအချိန်ဆိုလျှင် သား ကျောင်းဆင်းခါနီးအချိန်။ အိမ်ကိုပြန်မှာ ထက်စာလျှင် သားကို ကျောင်းသွားကြိုလိုက်တာကမှ အနည်းငယ်စိတ် သက်သာရရသွားဦးမည်။

"ငါ့သားကို တစ်လက်စတည်း ကျောင်းသွားကြိုလိုက်တော့မယ်ကွာ"

"မင်းမိန်းမ သွားကြိုမှာပေါ့"

"သူ မေ့ချင်မေ့နေလောက်မှာပါ၊ ငါ အရင်ကြိုနှင့်လိုက်တော့မယ်"

မောင်မောင်ကျော် အိမ်မှ ထွက်လာပြီး ဒီထက်ပိုကျစရာမရှိ





တော့သော စိတ်ဓာတ်တွေကို ပြန်ပြီး အားပေးနှစ်သိမ့်လိုက်သည်။

မေ့ဟာ သူထင်ထားသလို ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

စိတ်နှင့်ကိုယ် အရောင်အဝယ်များသော မှားယွင်းမှုတွေအပြီး အိပ်ပျော်သွားမိသော မေ့မျက်ဝန်းတွေ တစ်စုံတစ်ယောက်က ပုတ်နိုး လိုက်သလို ဖျတ်ခနဲ လန့်နိုးလာသည်။

ဘေးတွင် တရှူးရှူးနှင့် အိပ်မောကျနေသော လှိုင်းကိုလှည့် ကြည့်လိုက်သည်။ မေ့ရင်တွေ မီးကျည်ခဲနှင့်ထိုးလိုက်သလို ပူလောင်ရှ သွား၏။

လှိုင်းကို မေ့ ဘယ်နှကြိမ်အထိတောင် နောက်ထပ်ပေးဆပ်ရ ဦးမလဲဟု တွေးရင်း ရင်ထဲနင့်ခနဲနေအောင် ခံစားလိုက်ရပြန်သည်။ တုန်လှုပ်ချောက်ချားသော အတွေးနှင့်အတူ နံရံမှ တိုင်ကပ်နာရီကို ဝေ့ခနဲ ကြည့်မိ၏။

"ဟင် ဘုရားရေ သားကို ကျောင်းသွားကြိုရမှာပါလား"

ဒိန်းခနဲ ဆောင့်တိုးလိုက်သော သွေးခုန်နှုန်းနှင့်အတူ သား





လေးအတွက် စိုးရိမ်ပူပန်စိတ်တွေပါ တစ်ပြိုင်နက်တည်း တိုးဝင်လာသည်။

ခုတင်ထက်မှ ဝုန်းခနဲထကာ စားပွဲပေါ်မှ လက်ကိုင်အိတ်ကို ဖျတ်ခနဲ လှမ်းယူလိုက်ပြီး အခန်းဝတွင် ချွတ်ထားသော ဒေါက်ဖိနပ်ကို ကပျာကသီ စီးလိုက်သည်။

အိမ်ခန်းတံခါးကို ခပ်မြန်မြန်ဆွဲဖွင့်ကာ ကျဉ်းမြောင်းသော လှေကားထစ်တွေပေါ်မှ ခြေချော်ပြုတ်ကျမတတ် ဆင်းချလာလိုက်သည်။

ကားရှိရာသို့ မပြေးရုံတမယ် လှမ်းနေသော မေ့ခြေလှမ်းတွေ သည် ဖောတွေထန်နေသည်။

သားလေး ကျောင်းမှာ တစ်ယောက်တည်းကျန်နေပြီး ငိုများ နေပြီလား။ ဒါမှမဟုတ် ဆရာမတစ်ယောက်ယောက်ကပဲ အိမ်ကို ပြန် ပို့နေပြီလား။

အတွေးမျိုးစုံနှင့် ထင်ကြေးတွေပေး စဉ်းစားကာ ကိုယ့်ကိုကိုယ် လည်း အပြစ်ဖို့၍မဆုံးတော့။ လှိုင်း၏ညှတ်ကွင်းထဲက ရုန်းမထွက်နိုင် သေးသော ညံ့ဖျင်းသည့်မိန်းမဆိုပြီး နာကျင်စွာ အခါခါတွေးမိ၏။

သို့သော် ဒီအချိန်မှာ သားလေးကိုကြိုဖို့က အဓိကအရေး အကြီးဆုံးဖြစ်နေတာမို့ ကားကို အမြန်ဆုံးမောင်းထွက်လာလိုက်သည်။

မောင့်အပေါ် သစ္စာပျက်ယွင်းမိသလို ဖြစ်နေရုံသာမက ကိုယ့် ဝမ်းနှင့်လွယ်မွေးထားသော အချစ်ရဆုံးသော သားလေးအပေါ်မှာပါ တာဝန်တွေပျက်ကွက်တတ်နေတာကတော့ မေ့ သိပ်ကိုတရားလွန်သွား နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေ ပြတ်လုမတတ်ကိုက်ကာ မျက်ဝန်းမှ မျက်ရည်တို့ လိမ့်ဆင်းကျလာသည်။ မျက်ရည်တွေ ဘာကြောင့်ကျလာရသည်ဆိုတာကိုပင် မေ့ မခွဲခြားချင်တော့။

တကယ်ဆို မေ့ ယခုလို လူမသိသူမသိ ပူပန်နေရသော ဘဝကနေ ထာဝရရုန်းထွက်ချင်တာပါ။ မောင်ရယ် မေ့ရယ် မေ့နှင့်သားလေးရယ် ကြည်နူးခဲ့ရတဲ့အချိန်လေးတွေဟာ မေ့ရင်ကို ငြိမ်းအေးမှုတွေ ဘယ်လောက်ပေးစွမ်းခဲ့သလဲဆိုတာ မေ့သာအသိဆုံး။

ခုတော့ သွေးသားဆာလောင်မှုတွေနဲ့ ဖွဲ့တည်ထားတဲ့လှိုင်းရဲ့ နူးညံ့သိမ်မွေ့တဲ့ မိုက်မဲမှုတွေအောက်မှာ မေ့ စိတ်တွေဟာ တစ်သက်စာ သုံးစား၍ မရအောင်ကို ပျက်စီးနေခဲ့ပြီ။

ညနေဦး နေရိပ် တရိပ်ရိပ်ပြေးနေသော ကောင်းကင်ကြီးကို မောရစိတ်စောစွာ ကြည့်ရင်း ကားကို ပို၍ အရှိန်မြှင့်လိုက်သည်။

ကောင်းကင်ထက်ရှိ လိမ္မော်ရောင် တိမ်တိုက်တွေက မေ့ကို ငုံ့မိုးကြည့်ရင်း သံဝေဂတွေနှင့် သက်မတွေများ ချနေလေမလား။

ညနေခင်းက သာယာနေသော်လည်း မေ့စိတ်အာရုံတွေက ရွာတော့မည့်မိုးလို အုံ့မှိုင်းသိုင်းဖွဲ့၍နေသည်။

သက်ပြင်းမောကို အခါခါချရင်း ကားကို ကျောင်းဝင်းထဲအရှိန်ဖြင့် ချိုးကွေ့ဝင်လိုက်သည်။ ကျောင်းဝင်းထဲတွင် တစ်ဦးတစ်ယောက်မှပင် ရှိမနေတော့လောက်အောင် ခြောက်ကပ်တိတ်ဆိတ်နေသည်။

ကျောင်းဆောင်တွေရှေ့ တံမြက်စည်းလှည်းနေသော ကျောင်း





စောင့်ကြီးက အရှိန်ဖြင့် ချိုးကွေ့ဝင်လာသော မေ့ကားကို တအံ့တသြ လှမ်းကြည့်သည်။

မေ့ ကားပေါ်မှ အမြန်ဆင်းကာ ကျောင်းစောင့်ကြီးထံသို့ အပြေးလျှောက်သွားကာ

"ဦးလေး ကျွန်မသားလေး ကြယ်စင်မှူးပိုင်ကို တွေ့မိသေးလား"

"ဘယ်အခန်းကလဲ"

"ဒေါ်မော်လီလှလှ အခန်းကလေ"

"ဪ ကျောင်းဆင်းတုန်းက ဆရာမ လက်ဆွဲခေါ်ထားတဲ့ ကောင်လေးထင်တယ်၊ သူ့အိမ်က လာမကြိုလို့ဆိုပြီး ငိုနေသေးတယ်၊ တော်တော်လေးကြာတော့ သူ့အဖေ ကားနဲ့လာကြိုသွားတယ်၊ ဆရာမ ဖုန်းဆက်လိုက်လို့ထင်တယ်"

ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ မေ့ဆီဖုန်းခေါ်မှာ သေချာပေမယ့် မေ့ ဖုန်းမြည်သံကို မကြားရလောက်အောင် မေ့စိတ်တွေ လှိုင်းထန်နေလိမ့်မည် ဖြစ်သည်။

"ကျေးဇူးတင်ပါတယ် ဦးလေး"

မေ့ ကျောင်းဝင်းထဲမှ ကားကို ခပ်သွက်သွက်မောင်းပြီး အိမ်သို့ ပြန်လာလိုက်သည်။

တော်သေးတာပေါ့ မောင် လာကြိုသွားလို့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းကို ခေါင်းထဲက မထုတ်နိုင်လျှင် အသစ်ကိုမဖန်တီးနိုင်ဆိုသလိုပဲ မေ့အပေါ် ချစ်ခဲ့သော အချစ်တွေသည် ကိုယ့်ဘက်က အမြဲတမ်း ဆန်းသစ်နုပျိုနေပေမယ့် မေ့အတွက် ဟောင်းနွမ်းရိုးအီနေပြီဆိုလျှင် ဒါဟာ ကိုယ့်ဘက်က အားနည်းချက်တွေပင် ဖြစ်လိမ့်မည်။

"ဖေဖေ မေမေက ဘယ်ကိုသွားနေတာလဲ၊ အိမ်မှာလည်း မရှိဘူး၊ ကျောင်းကိုလည်း လာမကြိုဘူးဆိုတော့လေ"

အိမ်ပြန်ရောက်ကတည်းက တတွင်တွင်မေးနေသော သား၏ အမေးကို တံတိုင်း ဘယ်လိုဖြေရမှန်းပင် မသိ။

"မေမေ တခြားကိစ္စရှိလို့ သားကိုလာမကြိုနိုင်တာ၊ ဒါကြောင့် ဖေဖေ့ကိုဖုန်းဆက်ပြီး သားကိုလာကြိုခိုင်းတာပေါ့ကွ"

တံတိုင်း၏ဖြေသိမ့်စကားကို သားက မျက်လုံး ပေကလပ် ပေကလပ်ဖြင့် ငြိမ်ပြီးနားထောင်နေ၏။ မေမေက ဘယ်ကိုသွားတာလဲ ဟု မေးမည့်ဟန်ပြင်တုန်း ခြံထဲကို မောင်းဝင်လာသော မေ့ ကားသံကြောင့် ဘေးမှာထိုင်နေသော သား၏ကိုယ်လေးလှုပ်ရှားသွားသည်။

"ဟော မေမေ ပြန်လာပြီ ဖေဖေ"

"ဒါဆို သား၊ သွားကြိုလိုက်ဦး"

"ဟုတ်ကဲ့ ဖေဖေ"

ကလေးပီပီ သွက်လက်စွာ ပြေးသွားသော သား၏နောက်ကျောကို ငေးကြည့်ရင်း သက်ပြင်းကို ဟင်းခနဲ ချလိုက်ပြီး ဆိုဖာနောက်ကျောကိုမှီကာ မျက်လုံးအစုံကို စုံမှိတ်ပစ်လိုက်သည်။





ကားတံခါးဖွင့်ဆင်းသံ ပိတ်သံ သားနှင့်စကားပြောဆိုနေသော တီးတိုးသံတွေ ညှော်ခန်းထဲဝင်လာသော ခြေသံတွေအားလုံးကို ကြားနေရပေမယ့် တံတိုင်း၏ မေ့နှင့်မျက်နှာချင်းမဆိုင်ရဲ။

လျှို့ဝှက်မှုတွေကို ဖုံးကွယ်ဖို့အတွက် ယုံလောက်သောစကားလုံးတွေကို နားထောင်နိုင်စွမ်း မရှိ။

မင်း ဘယ်ကိုအလေလျှောက်လိုက်နေသလဲဆိုပြီး မာထန်စိမ်းတောက်သော စကားလုံးရင့်ရင့်တွေနှင့်လည်း မထိုးနှက်ရက်။ ပျော့ညံ့လွန်းသော ကိုယ့်စိတ်တွေကို ကိုယ်ပြန်ပြီး ဒေါသဖြစ်မိရပြန်သည်။

"လမ်းမှာ ကားဆီပြတ်သွားလို့ မောင်ရယ်၊ နီးရာဆီဆိုင်မှာ ဆီဝင်ထည့်တာ ကားတွေများနေလို့ နည်းနည်းစောင့်နေရတာနဲ့ လမ်းတွေပိတ်တာနဲ့ သားကိုကျောင်းကြိုဖို့ နောက်ကျသွားတယ်၊ တော်ပါသေးရဲ့ မောင်ကြိုလာလို့ပေါ့"

အနားတွင် ဖွေ့ခနဲ ဝင်ထိုင်ပြီး ပခုံးစွန်းပေါ် မေးတင်ကာ ပြောလိုက်သော မေ့စကား ချိုအီအီတွေသည် နားထောင်ရသူအဖို့ ဆီးချိုဖြစ်လောက်၏။ ကြည့်စမ်းပါဦး မေ့မျက်နှာမှာ အိပ်ရေးဝနေသည့်ပုံစံမျိုးဖြင့် ပြည့်တင်းတင်းလေးဖြစ်နေသည်။ မျက်ခွံတွေအနည်းငယ် မို့နေသည်။ အိပ်ရာအသည်းအသန် ထလာရသူလို ဆံစအချို့ ဖရိုဖရဲဖြစ်နေသည်။

ရင်ထဲမှာ ရှူးခနဲ ခံရခက်စွာဖြင့် သည်းခံခြင်းတရားတွေကို မနည်းမျိုသိပ်ကာ အသက်မပါသော အပြုံးတုတစ်ခုကို ဟန်လုပ်ပြုံးလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပုံစံကြည့်ရတာ မောင့်မိန်းမ နေ့ခင်းဘက် အိပ်ပျော်သွားပုံရတယ်၊ မျက်နှာလေးကိုပြည့်နေတာပဲ၊ အဟဲ ခုမှ ပိုပြီးတော့တောင် ချစ်ဖို့ကောင်းနေသေးတယ်"

ကိုယ့်စကားကြောင့် မေ့ မျက်နှာ ကွက်ခနဲ ပျက်သွားတာ သတိထားလိုက်မိသည်။

"အင်း ဟုတ် ဟုတ်တယ် မောင် နေ့ခင်းက မေ့လည်း မဂ္ဂဇင်းဖတ်ရင်း မှေးခနဲ အိပ်ပျော်သွားတယ် မောင်ရဲ့၊ အဲဒါကြောင့် အိမ်ကထွက်တာ နောက်ကျသွားတယ်၊ ဒီကြားထဲ ကားဆီကပြတ်တော့ ပိုကြာသွားတာပေါ့၊ ဒါနဲ့ မောင်ကရော ဒီနေ့ အစောကြီးပြန်လာတယ် ဟုတ်လား။ သားကိုဝင်ကြိုမယ်ဆိုလည်း မေ့ကိုဖုန်းလှမ်းဆိုးလိုက်ရောပေါ့ မောင်၊ အဲဒါဆို မေ့ ဘယ်လာကြိုတော့မလဲ"

ကိုယ့်ကိုပင် အပြစ်ပြန်ဖို့ချင်နေသော မေ့ မျက်နှာလေးကို နှမြောစွာဖြင့် ကြည့်လိုက်ပြီး

"ဖုန်းဆက်ပါသေးတယ် မေ့ရယ်၊ ဖုန်းမှမကိုင်ဘဲ အင်းလေ ဘယ်ကိုင်မလဲ မေ့က အိပ်မောကျပြီး တခြားကမ္ဘာသစ်ကလေးထဲကို ရောက်နေလို့နေမှာပေါ့"

ဒီစကားတစ်ခွန်းက မေ့ရင်တည့်တည့် ဝင်ဆောင့်၏။

"ဩော် အင်း မေ့ မေ့လေ တော်တော်လေး အိပ်ပျော်သွားတယ်ထင်တယ် ဆော ဆောရီး မောင်ရယ်"

"နောက်တစ်ခါဆိုရင် အပြင်ထွက်ခါနီးတိုင်း ကားထဲကဆီကို





စစ်ပါ၊ သားကိုကျောင်းကြိုတာ လုံးဝနောက်မကျပါစေနဲ့ မေ့ရယ်၊ သားက စိတ်အားငယ်ပြီး ကျောင်းလှေကားမှာ ထိုင်ငိုနေတာမြင်တော့ မောင့် ရင်ထဲမကောင်းဘူး"

မေ့ အပြစ်ရှိသူတစ်ယောက်လို ခေါင်းငုံ့မျက်ရည်ဝဲနေသည်။

"သားက သူ့ဒယ်ဒီနဲ့မာမီ စကားများမှာစိုးရိမ်နေသည့်ပုံစံဖြင့် ခပ်လှမ်းလှမ်းကနေ မသိမသာ အကဲခတ်နေသည်။

တံတိုင်း ဘာမျှထပ်မပြောတော့ဘဲ ဆိုဖာခုံမှာ ထိုင်နေရာမှ လေးပင်စွာ ထလိုက်ပြီး စာကြည့်ခန်းထဲသို့ ဝင်ခဲ့သည်။

စာကြည့်ခန်းထဲ ရောက်သည်နှင့် ဘောင်းဘီအိတ်ထဲတွင် ထည့်ထားသော ဗီစီဒီအချပ်ကို ထုတ်ယူကာ စာကြည့်စားပွဲ၏အံဆွဲထဲသို့ ထည့်ထားလိုက်သည်။

ခုလတ်တလော အခြေအနေမှာ ဒီခွေကို ဖွင့်ကြည့်ဖို့ မဖြစ်နိုင်သေး။ ကြည့်နိုင်မည့်အင်အားလည်း မရှိ။ သတ္တိမရှိတာလည်း ဖြစ်နိုင်သည်။

"ဖေဖေ ရေချိုးမယ်လေ"

သား အခန်းထဲဝင်လာ၍ ငှက်ကြီးရပ်ကာ အတွေးလွန်နေရာမှ တံခါးဝကို လှည့်ကြည့်လိုက်သည်။

"ချိုးနှင့်လိုက်တော့ သားရယ်"

"ဟာ ဖေဖေကလည်း သားက ဖေဖေနဲ့ရေအတူချိုးချင်လို့ကို ဒီနေ့တစ်နေ့လေးပဲ ဖေဖေ စောစောပြန်လာလို့ အတူရေချိုးရမှာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်တယ် ဟွန်း''

ခြေသောင့်ကာ စကားနာထိုးနေသော သားကိုကြည့်ကာ လေးပင်သော သက်ပြင်းမှောကို ချကာ သားခေါင်းမှ ဆံရှည်ရဲရဲလေးတွေကို ခပ်ဖွဖွပုတ်လိုက်ကာ

''ကဲပါ သားရယ် ချိုးပါ့မယ်၊ ခဏစောင့် ဟုတ်ပြီလား''

''အိုကေ ဖေဖေ၊ သားရေချိုးကန်ထဲမှာ ရေအရင်စိမ်နှင့်မယ်''

''အေး ကိုးနွှးထား ပြီးရင် ဖေဖေ ကိုးတွန်းပေးမယ်''

''ဟေး ဒါမှ သားဖေဖေကွ၊ ဖေဖေ့ကိုလည်း သားက ကိုးပြန်တွန်းပေးမှာ''

သား အော်ဟစ်ခုန်ပေါက်ပြီး ရေချိုးခန်းရှိရာဘက်သို့ ထွက်သွား၏။

■ ■ ■

## အခန်း (၂၄)

''ဘာ ငါက မင်းပန်းချီဆွဲဖို့ မော်ဒယ်ထိုင်ပေးရမယ် ဟုတ်လား''

ညွှန်ခန်းတွင် ထိုင်ပင်မထိုင်နိုင်သေးဘဲ အခွင့်အရေးတွေယူပြီး ရင်းယူနေသော လှိုင်းကို ဒေါသမျက်လုံးဖြင့် စူးခနဲကြည့်ပြီး မေးလိုက်သည်။

''ဟုတ်တယ် မမ ဒါ ကျွန်တော်နောက်ဆုံး တောင်းဆိုတာပါ၊ မမသာ ဒီအခွင့်အရေးကို ပေးမယ်ဆိုရင် မမနဲ့ကျွန်တော့်ရဲ့ ဗီဇီဒီချပ်ကို ကျွန်တော် ဟောဒီလောကကြီးထဲက လုံးဝပျောက်သွားအောင် ဖျက်ဆီးပစ်လိုက်မယ်''

စောစောက ဒေါသကြောင့် ညိုမှောင်နေသော အကြည့်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်၍လင်းလာကာ

"မင်းယောက်ျားစကားပြောပါ၊ ငါ့ဆီက တစ်ခုပြီးတစ်ခု တောင်းဆိုနေတာ မင်းအဖို့ ဒီတစ်သက်ပြီးပါတော့မလား ဟမ်"

"ကျွန်တော့်ကို မမ ဒီတစ်ခုလေးပဲ လိုက်လျောလိုက်ပါ၊ နောက် ဘာမှထပ်မတောင်းဆိုတော့ပါဘူး။ စိတ်ချ နောက်ပြီး မမကို ပုံတူပန်းချီ ကားရေးဖို့ မော်ဒယ်လ်ထိုင်ပြီးတာနဲ့ မမလက်ထဲကို ကျွန်တော်နဲ့မမရဲ့ ဗီစီဒီချပ်ကို ကျိန်းသေဖျက်ဆီးပေးမယ်ဗျာ၊ ကျွန်တော် ဒုတိယအကြိမ် ထပ်ပြီး ကတိပေးတယ်"

"မင်း ငါယုံအောင် ဘယ်လိုသက်သေပြမလဲ"

"ကျွန်တော့်အသက်နဲ့သက်သေပြဆိုရင်တောင် ကျွန်တော် ပြပါ့မယ် မမရယ်၊ မမကို ကျွန်တော်သိပ်ချစ်ရုံပဲ ချစ်တာပါ၊ မမစိတ်ဆင်းရဲ ဂုဏ်သိက္ခာကျအောင် ဘာမှမလုပ်ပါဘူး"

"ငါ့ကို ပုံတူပန်းချီဆွဲရတဲ့ရည်ရွယ်ချက်ကရော"

"ဩော် မမရယ် ကျွန်တော်က မမကို အငှားပိုင်ဆိုင်နေရတာ ပါ၊ ကျွန်တော့်ဘက်က မမကို အသက်လောက်ချစ်ခင်မြတ်နိုးနေပေမယ့် မမက ကျွန်တော့်ကို ရွံရှာစက်ဆုပ်နေလို့ ဘယ်တော့မှ ချစ်မလာဘူးဆို တာ ကျွန်တော် သိတယ်၊ ဒါကြောင့် မမကို မပိုင်ရပေမယ့် မမရဲ့ ကိုယ်ပွားပုံတူလေးကိုတော့ ကျွန်တော် တစ်သက် မှတ်မှတ်ရရ ပိုင်ဆိုင် ထားချင်တယ်"

"အဲဒီခံစားမှုတွေက မင်းဖာသာ တစ်ဖက်သက် ခံစားနေရ





တာပဲ၊ ငါကတော့ ရှင်းတယ်၊ မင်းကို ဒီတစ်သက်တင်မဟုတ်ဘူး၊ နောက် ဆယ်သက်လည်း စိတ်မဝင်စားဘူး၊ ဒါပေမဲ့ ငါလိုချင်တဲ့အရာရဖို့အတွက် မင်းနဲ့အပေးအယူတော့ မဖြစ်မနေ လုပ်ရမှာပေါ့"

မဖြစ်သာသည့်အဆုံး ပကတိအတိုင်း ပန်းချီကားရေးရန်အ တွက် မော်ဒယ်လ်ထိုင်ပေးခြင်းအလုပ်ကို မေ့ မနှစ်မြို့စွာဖြင့် လက်ခံ လိုက်ရတော့သည်။

"ဟာ ဝမ်းသာလိုက်တာ မမရယ်၊ ဒါဆို ကျွန်တော်တို့ ဒီနေ့ပဲ စဆွဲကြရအောင် ဩော် ဒါနဲ့ မမ ကော်ဖီသောက်မလား၊ ကျွန်တော် သွားဖျော်လိုက်မယ်လေ"

ထိုစကားကြောင့် မေ့ထံမှ ရူးခနဲအကြည့်နှင့်အတူ

"ဒီမှာ လှိုင်း ငါ နောက်တစ်ကြိမ် နင့်အလိမ်ခံရရင် ငါဟာ လူမဟုတ်တော့ဘူး၊ ငါ့ကို နောက်တစ်ကြိမ်ထပ်ထိဖို့ မကြိုးစားနဲ့တော့၊ ငါ အသက်ချင်းလဲပစ်လိုက်မယ်"

နာနာကျင်ကျင်ပြောလာသော မေ့ စကားကြောင့် လှိုင်း ဘာ မှ စောဒကမတက်တော့ဘဲ စီးကရက်တစ်လိပ် မီးညှိပြီး တစ်ရှိုက်မှာ သည်။

"ကဲ ပြော အခု ငါ ဘာလုပ်ပေးရမလဲ"

"ညှုရေးပါ့မယ်ဆိုမှ မမ အဝတ်အစားတွေ အကုန်ချွတ်ပေး ရမှာပေါ့"

"ဒါတော့ မင်းလွန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မမရယ် မမနဲ့လှိုင်း နှစ်ယောက်ထဲရှိတဲ့ညစ္စာ၊ မမကို ကျွန်တော် တစ်ယောက်ထဲ မြင်ရမှာပဲ"

"နေပါဦး မင်းက ငါ့ကို ဘာရည်ရွယ်ချက်နဲ့ ညှဉ်းဆွဲချင်ရတာလဲ"

"အရင်တစ်ခါတုန်းက လှိုင်းစိတ်မှန်းနဲ့ မမရဲ့အရှိအလှတရားကို မှန်းဆွဲတာ၊ အခုက ကိုယ်တွေ့ခံစားဆွဲချင်တာ၊ ပြီးတော့ မမနဲ့လှိုင်းက ဒီထက်မက ရင်းနှီးပြီးသားလူလေ၊ မမယောက်ျားပြီးရင် လှိုင်းဟာ မမဘဝမှာ အရင်းနှီးဆုံးလူမဟုတ်လား၊ မမခန္ဓာကိုယ်ကို လှိုင်း အဆုံးစွန်ပိုင်ဆိုင်ဖူးပြီးသားပဲ၊ ကဲပါ ခုညစ္စာကို စာဖွဲ့မနေပါနဲ့"

ဆက်ငြင်းနေလျှင်လည်း အဆုံးမှာ ကိုယ်ပဲအလျှော့ပေးရမည် မှန်းသိ၍ မေ့ မငြင်းချင်တော့။ အမိက မေ့လိုချင်သည့်အရာကို ရဖို့ပဲ မဟုတ်လား။

မေ့ အခန်းထဲဝင်ဖို့ ပြင်သည်။

"မမ တစ်ခုမကျန် ချွတ်ခဲ့နော်"

လှိုင်း ပြောသည်ကို မကြားဟန်ဆောင်ပြီး အခန်းတွင်းသို့ ဝင်လိုက်သည်။ မြန်မြန်ပြီးပြီးရောဆိုသောစိတ်နှင့် ခပ်သွက်သွက်ပင် တစ်ခုမကျန် ချွတ်လိုက်၏။ ပြီးမှ ခပ်ပြောင်ပြောင်ပင် အရှေ့ထွက်လိုက်၏။

"ကဲ ပြော ငါ ဘယ်လိုပုံစံ ထိုင်ရမလဲ"

"ဟား မမက လှိုင်း ဘယ်တော့ကြည့်ကြည့် ရိုးအီသွားတယ်ဆိုတာ မရှိဘူး၊ အမြဲတမ်း ခံစားမှုအသစ်ပေးနိုင်ထယ်"

"အပိုတွေပြောမနေနဲ့ ဆွဲစရာရှိတာ မြန်မြန်ဆွဲ"





"ကဲ ဟောဒီစားပွဲပေါ်မှာ မမထိုင်လိုက်၊ ဆံပင်တွေဖြည်ချလိုက်၊ လက်တစ်ဖက်က နောက်ကျောဘက်ကိုထောက် တစ်ဖက်က ဆံပင်တွေပွတ်နေ"

မိမိခန္ဓာကို လှိုင်း အကြိမ်ကြိမ်မြင်ဖူးမှန်းသိသော်လည်း တစ်ခါမှမလုပ်ဘူးသော အလုပ်အတွက် ကြက်သီးတွေတဖျန်းဖျန်းထကာ စိတ်ထဲမှ ရှက်မိတာ အမှန်ပင်ဖြစ်သည်။ မမကိုယ်မှာ အဝတ်မကပ်ဘဲ လှိုင်း အကြာကြီးမြင်တွေ့ခွင့်ရသော အချိန်ဖြစ်သည်။

မိန်းမသားတစ်ဦး၏ အဖူးအငုံ အပွင့်အလွှာများက တစ်တောလုံး သင်းပျံ့သွား၏။

သိမ်မွေ့နူးညံ့မှုများဖြင့် စံပယ်ရင်လွှဲရဲရဲပွင့်ကြသည်။

အမည်တပ်ရန် ခက်ခဲလောက်အောင် ခမ်းနားသည့်နေကြာ တစ်ခင်းထဲသို့ လှိုင်းတစ်ယောက် မမောတမ်း ပြေးလွှားမိလေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဟင် ဒါ ဒါ ရင်လှိုင်းသစ်ပဲ"

ဖန်သားပြင်မှ ခပ်ဝါးဝါးပေါ်လာသော မျက်နှာကြောင့် တံတိုင်းရဲ့ အုံသြလွန်း၍ ပါးစပ်အဟောင်းသားဖြစ်သွား၏။

"ဒါဆို မေ့နဲ့ငြိနေတာ ရင်လှိုင်းသစ်နဲ့ပေါ့၊ ဟား လုပ်ရက်လိုက် တာ ရင်လှိုင်းသစ်ရာ မင်းက ဒီလိုလူစားမျိုးလား"

ရင်ဘတ်ချင်း မျက်နှာချင်းပူးကပ်နေကြပြီး ရင်လှိုင်းသစ်၏ လက်တွေက မေ့၏ခန္ဓာကိုယ်အနှံ့ အငြိမ်မနေ ပွတ်သပ်နေသော မြင်ကွင်း။ ရှေ့ဆက်ကြည့်မိလျှင် ဘယ်လိုမဖွယ်မရာ မြင်ကွင်းမျိုးတွေ ဆက်မြင်ရမလဲမသိ။

ရင်ထဲမှာ အဆိပ်တွေ မျိုချနေရသလို ရင်တွေပူကာ နှလုံး သားတွေ တစ်စစီပဲ့ထွက်ကုန်၏။ ကိုယ် သိပ်ချစ်တဲ့ဖနီးသည်ကို တခြား





တစ်ယောက်နဲ့ တရင်းတနှီးချစ်ကျွမ်းဝင်နေတဲ့မြင်ကွင်းမျိုးကို ဘယ် ယောက်ျားက ကြည့်ရက်နိုင်မှာတဲ့လဲ။

ဆုံလည် ကုလားထိုင်ပေါ်တွင် မတ်မတ်ပင် မထိုင်နိုင်တော့ဘဲ နောက်ကျောမှီပေါ်ကို အရုပ်ကြိုးပြတ် မှီချလိုက်သည့် တစ်ခဏချင်းမှာ ပင် ဇောချွေးတွေဖြင့် ဟိုက်မောလာပြီး ဆိုးဆိုးရွားရွား ပြင်းထန်လာ သည့် ဝင်သက်ထွက်သက်များကြား အသက်ရှူမဝသလို ခံစားလာရ သည်။

ဘဝမှာ အရာရာပြည့်စုံသွားပြီဟု ထင်ထားသော ကိုယ့်ရပ် တည်မှုသည် သောကဆိုးတွေကို မွေ့ပိုက်ပြီး နိုင်မာစွာပင် ဆက်လက် ရပ်တည်နိုင်ပါ့မလား။

မေ့ကို စိတ်ချမ်းသာစေချင်သော်လည်း သားလေး အနာဂတ် နှင့်မိသားစု၏ဂုဏ်သိက္ခာအတွက် ထိုဇာတ်လမ်းကို ရှေ့မဆက်နိုင်အောင် တားမြစ်ရမှာ အမှန်ပင်ဖြစ်၏။

ပင့်သက်နှင့်အတူ မျက်နှာကို လက်ဖဝါးနှစ်ဖက်ထဲ အပ်မိသည့် တစ်ခဏ စွတ်စိုနွေးနေသော မျက်ရည်တို့ ထွက်ကျနေသည်။ ယောက်ျား တန်မဲ့ မငိုသင့်မှန်းသိပေမယ့် ရင်မှာ မျိုသိပ်ရတဲ့ ဝေဒနာက နည်းနည်း ပြင်းလေတော့ မျက်ရည်တွေကလည်း မရည်ရွယ်တဲ့ သူ့အလိုလိုကျဆင်း လာတာ ဖြစ်မည်။

မျက်ရည်တွေ သုတ်ပြီး စိတ်ကို ငြိမ်အောင် ချွေးသိပ်နေဆဲမှာ ပင် အခန်းတံခါးခေါက်သံကြောင့် မျက်ရည်စတွေကို ကပျာကယာ ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပွတ်သုတ်လိုက်သည်။

မော်နီတာပေါ်မှ ပုံရိပ်တွေကို ပိတ်လိုက်သည်။

"လာပြီ"

အသံပြုလိုက်ပြီး အခန်းဝဆီသို့လျှောက်လာကာ တံခါးလက်ကိုင်ဘုကို ဆွဲလှည့်ဖွင့်ပေးလိုက်သည်။

"တံခါးလော့ခ်ကြီး ဘာလို့ ချထားတာလဲ မောင်ရဲ့"

မေ့၏ ချိုနွဲ့နွဲ့အသံသည် ခါတိုင်းကြားနေရသလို ငြိမ်းချမ်းခြင်းအလျဉ်းမရှိတော့တာ သေချာသည်။

"သားသား လာပြီး ဂျီကျနေမှာစိုးလို့ အခန်းတံခါးပိတ်ထားတာ"

"မောင် အလုပ်များနေတယ် ထင်တယ်"

"အင်း နည်းနည်းများတယ်၊ သားရော အိပ်သွားပြီလား"

"အိပ်သွားပြီ မောင်ရော မအိပ်သေးဘူးလား၊ မေ့ကတော့ အိပ်ချင်နေပြီ"

ဝါးခနဲ သမ်းဝေလိုက်သော ခပ်ဟဟနှုတ်ခမ်းအစုံကို လက်ဝါးဖြင့် ကာပြောရင်း မေ့ အခန်းရှေ့မှ ထွက်သွား၏။

ယခင်က မေ့ဟာ ကိုယ့်ယောက်ျားမအိပ်သေးဘဲ အိပ်ရာဝင်တတ်သော မိန်းမမျိုးမှ မဟုတ်တာ။ အလုပ်အရမ်းများ၍ ညဘက်ညဉ့်နက်အောင် အလုပ်လုပ်ရသည့်အခါမျိုးတွေမှာဆိုရင် မေ့က သူ့အားမှာ အဖော်အဖြစ်နေပေးပြီးမှ အိပ်ရာအတူဝင်တတ်သော မိန်းမစားမျိုး





"အင်းလေ အိပ်နှင့်လိုက်ပါတော့ မေ့ရယ်၊ မောင် ဒီည နည်းနည်းညဉ့်နက်မှ အိပ်ရာဝင်ဖြစ်မယ် ထင်တယ်"

"ဒါဆို ဂွတ်နိုက်နော် မောင်"

"ဂွတ်နိုက်"

မေ့ လှည့်ထွက်သွားသည်အထိ မေ့ကျောပြင်ကို ငေးကြည့်ကျန်ရစ်ခဲ့သည်။

ကျစ်လျစ်သွယ်လျသော ထိုခန္ဓာကိုယ်လေးသည် ယခင်က ကိုယ်တစ်ယောက်တည်း ပိုင်ဆိုင် ရင်းနှီးခွင့်ရခဲ့သည်။

ယခုတော့ တခြားတစ်ယောက်နှင့်ပါ ရင်းနှီးကျွမ်းဝင်နေရပြီပဲဆိုသော ခံစားချက်တွေက ဒီညအဖို့ အိပ်စက်ခြင်းဆီသို့ တွန်းပို့ပါတော့ မလား။

■ ■ ■

မေ့ အိပ်ရာဝင်ခဲ့ပေမယ့် ဟိုလိုမ့်ဒီလိုမ့်ဖြင့် တော်တော်နှင့် အိပ်၍မပျော်။ မောင် ခုတလော မျက်နှာမကောင်းသလို ရှုပ်ရှုပ်ပျပျလည်း သိပ်မရှိ။

မေ့နဲ့ရယ်ရယ်ပြုံးပြုံး စကားတွေပြောနေပေမယ့် မေ့ကွယ်သွားပြီဆိုလျှင် မောင့်ပုံစံက စိတ်ဖိစီးမှုခံစားနေရသူလို သောကပုံပေါက်နေသည်။

မေးချင်ပေမယ့် မေ့ မသိစေချင်သော အကြောင်းအရာမျိုးဖြစ်နေလျှင် မောင် အနေခက်နေမည်စိုး၍ မမေးတော့ဘဲ မောင့်ကို

www.burmeseclassic.com



သူ့စိတ်ကြိုက် တစ်ယောက်ထဲပဲ ပေးနေစေလိုက်တော့သည်။

မေ့ စိတ်ထဲမှာ မောင်နဲ့ဆုံတွေ့နေရသောအချိန်တိုင်း အချိန်တိုင်း မှောင်ရိပ်ထဲက နတ်ဆိုးတွေ ကိုယ့်ကိုခြောက်လှန့်နေသလို နောက်ကြောင်းမရှင်း ဖြစ်နေခဲ့ရသည်။

မောင် ဘာတွေဖြစ်နေတာလဲ။ လုပ်ငန်းထဲမှာ အရှုံးတွေပေါ်နေလို့လား၊ ဒါမှမဟုတ် မေ့လိုပဲ ကွယ်ရာမှာ နောက်ကောင်မလေးတစ်ယောက်နဲ့တွေ့ပြီး တွဲနေကြလို့ မေ့အပေါ်မှာ စိတ်မလုံသလို ဖြစ်နေတာလား။

မေ့လို မိန်းမတစ်ယောက်ကတောင် ယောကျ်ားတစ်ယောက်ရဲ့ အတွေ့တွေ့ထဲက ရုန်းမထွက်နိုင် မရှောင်နိုင်ခဲ့သေးရင် မောင်ကရော ရှောင်နိုင်ပါဦးမလား။

အို ဟင့်အင်း မောင်က အဲဒီလိုယောကျ်ားမျိုးမှ မဟုတ်တာ။ မေ့သာ အကျင့်ပျက် အပြုအမူတွေကို မိုက်ရူးရဲပြုမူချင် ပြုမူနေလိမ့်မယ်၊ မောင်က ဒီလိုအကျင့်တစ်ခုကို လွယ်လွယ်နဲ့အပျက်ခံပြီး ဂုဏ်သိက္ခာမဲ့တဲ့အလုပ်ကို လုပ်မှာမဟုတ်ဘူး။

အကယ်၍ မောင်ဟာ မေ့ တွေးထင်ထားသလို ဖြစ်ခဲ့တယ်ဆိုလျှင်ကော မေ့ ခံစားနိုင်ပါ့မလား။ ဟင့်အင်း ခံစားနိုင်မယ် မထင်ဘူး။ လောကမှာ မောင်ချစ်ရမယ့် မိန်းမတစ်ယောက်ဟာ မေ့ကလွဲပြီး ဘယ်သူမှ မဖြစ်စေရဘူး။

တစ်ကိုယ်ကောင်းဆန်တယ်ပဲပြောပြော အတ္တကြီးတယ်ပဲဆိုဆို





လောဘကြီးတယ်ပဲဝေဖန်ဝေဖန် မောင့်အချစ်တွေကို ဘယ်သူ့မှ ခွဲဝေမပေးနိုင်ပါ။

မေ့ မောင့်ကိုသိပ်ချစ်တယ်။

ညသည် တိတ်ဆိတ်သထက် တိတ်ဆိတ်လာပြီး အခန်းတွင်းရှိ သက်မဲ့အရာဝတ္ထုတွေအားလုံး ညနှင့်အတူ အိပ်မောကျ၍နေကြသည်။ မေ့ မျက်ခွံတွေ တဖြည်းဖြည်း လေးပင်၍လာသည်။

လူက မေးခနဲ အိပ်ပျော်မယ်ကြံကာရှိသေးသည် မေ့ မျက်နှာပေါ်သို့ နွေးခနဲ ဖြစ်သွားစေမည့် အသက်ရှူသံခပ်မျှင်းမျှင်းကြောင့် မေ့မျက်ခွံတွေ လေးပင်နေရာမှ ဖျတ်ခနဲ ဖွင့်လိုက်သည်။

အခန်းတွင်းသို့ စောစောကလို မီးတွေ လင်းထိန်မနေဘဲနှင့် ပြာဖန့်ဖန့်ညမီးရောင်လေးသာ ခပ်ရိုရိုလင်း၍နေသည်။

မောင် အိပ်ခန်းထဲဝင်လာသည်ပဲဟု တွေးကာ ကိုယ်ပေါ်သို့ ငုံ့မိုးကျလာသော မောင့်ကိုသိမ်းဖက်လိုက်သည်။

မောင် မေ့မျက်နှာကို နမ်းသည်။ မောင့်အနမ်းတွေသည် ယခင်ကလောက် သိမ်မွေ့နူးညံ့ခြင်းမရှိတာကို မေ့ ကောင်းကောင်း သတိထားမိသည်။

"မမ အိပ်တော့မလို့လား"

ခပ်တိုးတိုးထွက်ပေါ်လာသောအသံနှင့် အသုံးအနှုန်းကြောင့် မေးစင်းကျနေသော မျက်ခွံတွေ တုန်လှုပ်ချောက်ချားစွာဖြင့် ပွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် လှိုင်း လှိုင်းလား"

တုန်လှုပ်စွာ မေးလိုက်ခြင်းနှင့်အတူ ကိုယ်ပေါ်ကို အုပ်မိုးထားသော ခန္ဓာကိုယ်တစ်ခုကို ဝိုးတဝါးသာ မြင်ရသည်။

လှိုင်းလား မောင်လား မခွဲခြားနိုင်သည့် ကိုယ်ကို တွန်းထိုးရင်း ဝုန်းခနဲ ထထိုင်လိုက်သည်။

"မောင် မောင်လား လှိုင်းလား ဖြေပါ ဘယ်သူလဲ"

အလင်းလဲ့လဲ့ကြားမှ ခပ်ဝါးဝါးမြင်နိုင်သေးပေမယ့် အာရုံမှာ ထူပူလွန်းနေသောကြောင့် ဘယ်သူတယ်ဝါဆိုတာကိုပင် မခွဲခြားနိုင်တော့။ မောင်ဆိုလျှင် ကိစ္စမရှိ။ လှိုင်းသာဖြစ်မည်ဆိုလျှင် တစ်ဖက်စာကြည့်ခန်းမှာ မောင်ရှိနေသည်။

လှိုင်းကို မောင်တွေ့သွားလို့ကတော့ မေ့အတွက် ဒီညဟာ ကမ္ဘာပျက်တဲ့ညပဲဖြစ်မှာ သေချာသည်။

"မမ လှိုင်းလေ ကျွတ် မမကလည်းဗျာ တစ်ချိန်လုံး မောင်မှမောင်ပဲ ဖြစ်နေတော့တာပဲ"

လှိုင်း၏လက်ချောင်းတွေက မေ့၏နှုတ်ခမ်းစုစုတွေးတွေးတွေကို အဓိပ္ပာယ်မဲ့ ပွတ်သပ်နေ၏။

မေ့ ကြောက်လွန်း၍ အာခေါင်တွေပင် ခြောက်လာကာ အသားတွေ တဆတ်ဆတ်တုန်လာသည်။

ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်တက်လာသည်။

"မင်း ဒီအချိန်ကြီး ဘာလာလုပ်တာလဲ အဲဒီလောက် ရဲတင်းရလား သွား ခုချက်ချင်းပြန်"





"မမကို တွေ့ချင်လွန်းလို့ ကျွန်တော့်မှာ ဝရန်တာကနေ ကုတ်တွယ်ပြီး သူခိုးတစ်ယောက်လို ခိုးကြောင်ခိုးဝှက် ဝင်လာခဲ့ရတာ၊ အဲလိုတော့ နှင်မထုတ်ပါနဲ့ဗျာ၊ ကျွန်တော် မမကို အရမ်းသတိရလို့ ဒီတစ်ညကို မမနဲ့အတူ တစ်နာရီ တစ်မိနစ်လေးဖြစ်ဖြစ် ကုန်ဆုံးခွင့်ရရင် ကျွန်တော် ကျေနပ်တယ်"

"ဟင့်အင်း မဖြစ်ဘူး မင်းရဲ့တောင်းဆိုမှုကို ငါ မလိုက်လျောနိုင်ဘူး၊ မင်း ခုချက်ချင်း ဒီအခန်းထဲက ထွက်သွားနော် လှိုင်း၊ အဲလိုမှ မထွက်သွားရင် ငါ ဟောဟိုပြတင်းပေါက်ကနေ ခုန်ချပြီး သေလိုက်မှာနော်"

မေ့အသံတွေက တုန်ယင်နေပေမယ့် အနည်းငယ် မာဆတ်၍နေသည်။ လှိုင်း တစ်ချက်ကလေးမှ နောက်မတွန့်ဘဲ သန်မာသော သူ့လက်နှင့် မေ့ခန္ဓာကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းဖို့ ကြိုးစားနေ၏။

တိတ်ဆိတ်သော ညနက်နက်ထဲတွင် မေ့နှင့်လှိုင်း၏ ရုန်းရင်းဆန်ခတ်ဖြစ်နေသော အသံနှင့် အသက်ရှူသံခပ်မှျင်းမှျင်းတို့သာ ကသုတ်ကယက် ထွက်ပေါ်နေ၏။

"ငါ တောင်းပန်ပါတယ် လှိုင်းရယ်၊ ငါ့ကိုမနှောင့်ယှက်ပါနဲ့"

"ဒါ နှောင့်ယှက်တာ မဟုတ်ဘူး မမရ၊ ချစ်တာ၊ ကျွန်တော် ဒီည မမကို မတွေ့ရရင် ဘယ်လိုမှ မနေနိုင်လို့ပါ၊ ကျွန်တော့်ကို နားလည်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်က နားလည်ပေးရမယ့်အချိန်လား၊ တောင်းပန်ပါတယ် ပြန်ပါတော့နော် ငါ မနက် မင်းအိမ်ကို လာခဲ့ပါ့မယ်"

ရှန်း၍မရတော့ တဖန် အချိုပြန်သပ်ကြည့်သည်။ လှိုင်းဘက်က သူ့ဆန္ဒကို အကောင်အထည်ဖော်ဖို့ကလွဲ၍ ကျန်တာအားလုံး လေမတိုး။

ထိုစဉ် အခန်းမီးရောင် ဖျတ်ခနဲ လင်းလာသည်။ မေ့ရော လှိုင်းရော ရှန်းကန်လုံးထွေးနေကြသည့်ပုံစံဖြင့် နှစ်ယောက်သား ဆတ်ခနဲ ငြိမ်ကျသွားသည်။ မေ့ အခန်းဝကိုကြည့်ပြီး လူက လိပ်ပြာလွင့်မတတ် ထိတ်လန့်သွားသည်။

မေ့ကိုယ်ခန္ဓာကို သိမ်းကျုံးဖက်တွယ်ထားသော လှိုင်း၏လက် အစုံသည် အလိုလို ပြေလျော့သွားပြီး အခန်းဝကို မော့ကြည့်သလို သမင်လည်ပြန် လှည့်ကြည့်၏။

"မောင် မေ့ မေ့ရှင်းပြပါရစေ"

"ဆောရီးပဲ ကိုတံတိုင်းရဲ့ ကျွန်တော် မမကို အရမ်းသတိရလို့ ခင်ဗျားအခန်းထဲ နိုးကြောင်နိုးဝှက် ဝင်လာမိတယ်"

ပေါ့ပေါ့ပါးပါး တောင်းပန်နေသော လှိုင်းကို တံတိုင်း ခပ်စူးစူး ကြည့်လိုက်ပြီး ရှေ့သို့ တစ်လှမ်းချင်း တိုးလာသည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော တံတိုင်း၏ မျက်နှာသည် ဒေါသကြောင့် ခက်ထန်နေ၏။

တွန့်ကြေနေသော အိပ်ရာခင်းတွေ ဖရိုဖရဲဖြစ်နေသော မေ့ရဲ့ ပုံစံတွေကိုကြည့်ပြီး တံတိုင်းရဲ့ အံတစ်ချက် ခပ်တင်းတင်းကြိတ်လိုက်





သည်။

"မေ့ မင်းမှာ ဘယ်လိုအကြောင်းပြချက်မျိုးတွေရှိသေးလို့လဲ၊ အခုံးစွန်ထိ မြင်နေရတဲ့မြင်ကွင်းလောက် တိကျသေချာတာ ဘာရှိသေးလို့လဲ ပြောပါဦး၊ မောင့်မှာ ဘာချို့ယွင်းချက်တွေရှိနေလို့ မေ့ဘက်က ခုလိုစိတ်လွတ်ကိုယ်လွတ် ဖောက်ပြန်ရဲရတာလဲ၊ မောင်ရဲ့အချစ်တစ်ခု တည်းနဲ့တင် မေ့ မတင်းတိမ်ဘူးလား၊ ပြောစမ်းပါ မေ့ရယ်၊ မောင့်ကို ပြောစမ်းပါ"

တံတိုင်းရဲ့ ခုတင်ပေါ် ကျုံ့ကျုံ့လေးထိုင်နေသော မေ့ပခုံးနှစ်ဖက် ကို အားမလိုအားမရ ဆွဲကိုင်လှုပ်ရမ်းရင်း ငိုသံပါကြီးဖြင့်မေး၏။

မေ့မှာ ဖြေရှင်းပြစရာ စကားလုံးတို့ မရှိတော့သဖြင့် မျက်ရည် ကိုသာ အဖော်ပြုပြီး တသိမ့်သိမ့် ရှိုက်ငိုလိုက်မိ၏။ မေ့မှာ မောင့်ကို နားဝင်ချိုစေမည့် ကျေနပ်နှစ်သိမ့်မှုပေးနိုင်မည့် နားလည်ခွင့်လွှတ်ပေး နိုင်မည့် အကြောင်းပြချက်တွေ လုံးဝမှမရှိတာ။

"မမကို ကွာရှင်းပေးလိုက်ပါ ကိုတံတိုင်းရဲ့"

ပြတ်သားစွာ တောင်းဆိုရက်သော လှိုင်း၏စကားကြောင့် မေ့ မျက်ရည်တွေကြားမှာ ခေါင်းကို တွင်တွင်ခါသည်။

"နင် နင် အဲလိုတောင်းဆိုစရာမလိုဘူး ငါ မောင့်ကို မခွဲနိုင်ဘူး၊ မောင့်ကိုလည်း ကွာရှင်းမပေးနိုင်ဘူး၊ မောင့်ကို ငါအရမ်းချစ်တယ်၊ မောင် မုန်းသွားမှာကို မောင့်ရဲ့အချစ်တွေ ဆုံးရှုံးသွားမှာကို ငါ သေရမှာ ထက် ကြောက်တယ်ဟဲ့၊ နင်သိရဲ့လား၊ လောကမှာ ငါအမုန်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားက နင်ပဲ၊ နင်ကလူယုတ်မာ၊ ငါ့ခန္ဓာကိုယ်ကို အလိုမတူဘဲ အတင်းအဓမ္မ အကျုပ်ကိုင်ပြီး သိမ်းယူတဲ့ ဗီလိန်ကောင်''

ခံစားချက်တွေကို ဘောလုံးတစ်လုံးလို ဖောင်းခနဲ ပေါက်ကွဲပစ်လိုက်သည်။

''ဟာ ဒါတော့ အဓိပ္ပာယ်မရှိဘူး။ မမပြောသလို ကျွန်တော်ဟာ ဘာကောင်ပဲဖြစ်ဖြစ် မမနဲ့အကြိမ်ကြိမ် ပေါင်းသင်းပြီးနေတဲ့ မမရဲ့ ယောက်ျားပဲ၊ ဒီတော့ နှစ်ယောက်ပေါင်းလို့ မဖြစ်ဘူး''

''ဟေ့ကောင် မင်းပါးစပ်ပိတ်စမ်း မင်းက ကြာကူလီကောင် ဆိုတော့ ရင်ဘတ်ထဲက သူ့အလိုလို ခံစားလာရတဲ့ အချစ်စစ်အချစ်မှန် ဆိုတာကို ဘယ်သိမလဲ၊ မေ့ မင်းနဲ့ဖောက်ပြန်တယ်ဆိုတာကို ငါခုမြင်လိုက်ရလို့ ယုံတယ်၊ ဒါပေမဲ့ မေ့အချစ်တွေက မင်းအပေါ်မှာ မရှိဘူး။ ငါ့အပေါ်မှာပဲ ရှိတယ်''

''ဩော် ဒါဆို ကျုပ်နဲ့အကြိမ်ကြိမ်ဖောက်ပြန်ခဲ့တဲ့ ခင်ဗျားရဲ့ မိန်းမကို ခင်ဗျားက အော်ဂလီမဆန်ဘဲ ခွင့်လွှတ်တယ်ပေါ့ ဟုတ်လား။ အဟား တကယ်တော့ ခင်ဗျားကမှ နွားစစ်စစ်ဗျ၊ ကိုယ့်လည်ပင်းမှာ ချိတ်ဆွဲထားတဲ့ ချူသံကိုပဲ နားဝင်ချိုတယ်ထင်ပြီး လည်းကျိုးထမ်းတဲ့ နွားစစ်စစ်''

တံတိုင်း၏ဒေါသတွေ လက်သီးချက်တွေအဖြစ် အသွင်ပြောင်းကာ

''ဟာ''





''ခွပ် ခွပ်''

''မောင် မလုပ်ပါနဲ့ လွှန်မယ် မောင် မောင်''

■ ■ ■

''မောင် မလုပ်နဲ့ လက်လွှန်မယ် မလုပ်ပါနဲ့ မောင်''

''မေ့ ဘာဖြစ်နေတာလဲ မေ့ မေ့''

တံတိုင်း မေ့၏မေးစေ့လုံးလုံးလေးကို ဆွဲကိုင်လှုပ်ရမ်းပြီး အိပ်နေရင်း ယောင်ပြီး အော်နေသော မေ့ကို နှိုးလိုက်သည်။

တစ်ကိုယ်လုံး ဇောချွေးတွေပြန်ပြီး မောဟိုက်နေသော မေ့ ရင်အစုံသည် နိမ့်ချည်မြင့်ချည်နှင့် တော်တော်ဆိုးဝါးသော အိပ်မက်တစ်ခုကို မက်နေရသလိုပင်။

မေ့ မျက်ခွံတွေ ဖျတ်ခနဲ ပွင့်လာပြီး မျက်လုံးတွေက ဂနာမငြိမ်စွာဖြင့် အခန်းထဲကို ဝေ့ကြည့်နေသည်။

တံတိုင်းရဲ့ ဖန်တကောင်းထဲမှ ရေကို ဖန်ခွက်ထဲ ငှဲ့ထည့်ပြီး မေ့နှုတ်ခမ်းမှာ တေ့ပေးလိုက်သည်။

မေ့ တစ်ငုံနှစ်ငုံသောက်လိုက်ပြီး မောင့်ကို စိတ်မလုံသလို ကြည့်လိုက်သည်။ အိပ်မက်မက်နေသည်ဆိုတာ သိသွားလျှင် မျက်နှာပေါ်မှ ပူပင်သောကရိပ်တွေ အနည်းငယ်တော့ လျော့သွားပုံရသည်။ အသက်ကို ပုံမှန်ပြန်ရှူရင်း နဖူးစပ်ပေါ် ဝဲကျနေသော ဆံစတွေကို သပ်တင်လိုက်သည်။

''ဘာအိပ်မက်တွေမက်နေတာလဲ မေ့''



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဘာအိပ်မက်တွေ မက်နေလို့ ခုလို တအားလန့်နေတဲ့ပုံပေါက်နေရတာလဲလို့၊ အဲဒီအိပ်မက်ထဲမှာ မောင်ပါတာတော့မငြင်းနဲ့နော်"

အပြုံးဖြင့်မေးရင်း မေ့ပါးပြင်ကို ချစ်စနိုးဆွဲမေးလိုက်သည်။

"ဟင့်အင်း အိပ်မက်ကြီးက ဘယ်လိုကြီးမှန်းလည်းမသိဘူး။ အားလုံး ဝေဝေဝါးဝါးနဲ့ မေ့ ပြန်ပြောမပြတတ်ဘူး၊ ကြောက်စရာကောင်းတာပဲ သိတယ်"

စကားအကြောင်းအရာတွေကို ရောထွေးပစ်လိုက်သည်။ မေ့ ပြန်မပြောရဲသလို ပြန်လည်း မပြောရက်။

အိပ်မက်ကြီးက မေ့ကို တကယ်ဖြစ်လာတော့မည့် ပြဿနာကြီးတစ်ခုဆီကို ဦးတည်နိုင်းနေသည်။ မေ့သာ ရှေ့ဆက်ပြီး မဆင်မခြင်နေထိုင်နေလျှင် မောင်နှင့်လှိုင်းတို့ မလွဲမသွေ ဆုံကြတော့မည်။

မိုက်ရူးရဲဆန်သော တဖွတ်ထိုးသမား လှိုင်းနှင့် မောင်တို့ ဘယ်လိုမှ မျက်နှာချင်းဆိုင်၍ မဖြစ်။ တန်ဖိုးချင်းမတူသလို မောင့်အနေနှင့် သူ့မှာ သစ္စာမရှိသောမိန်းမနှင့် ပေါင်းသင်းနေရပါလားဆိုသည့် နောင်တမျိုးနှင့် မုန်းသွားမည့်အမုန်းကို မေ့ မလိုချင်။

"ကဲ ပြန်အိပ်လိုက်တော့နော်"

"မောင် ခုထိ မအိပ်ရသေးဘူးလား"

"ဟုတ်တယ် ဟိုဘက်ခန်းမှာ စာဖတ်နေတုန်း မေ့ အော်နေတဲ့အသံကိုကြားတာနဲ့ ဒီဘက်ခန်းကို ကူးလာတာ"





"အိပ်တော့လေ မေ့ မောင့်ရင်ခွင်ထဲမှာ အိပ်ချင်လို့"

အမုန်းဆို ထိုတောင်းဆိုမှုသည် မေ့နှင့် ဘယ်လိုမှ မထိုက်တန်မှန်း မေ့ သိပါသည်။

"မေ့ မောင့်ကိုချစ်လားဟင်"

ထူးဆန်းသော မောင့်အမေးကြောင့် မေ့မျက်ဝန်းလေး ပင့်ကာ မော့ကြည့်လိုက်သည်။ ပြီးနောက် ငိုချင်စိတ်တွေ ရင်ထဲလှိုက်တက်လာကာ မျက်ဝန်းမှ မျက်ရည်တို့ ဝေ့လာသည်။

ထိုမျက်ရည်တွေကို မောင် မြင်မည်စိုး၍ မောင့်ရင်ခွင်ထဲ တိုးဝင်ကာ လွတ်ထွက်မတတ် တင်းကျပ်စွာ ဖက်ထားလိုက်မိပြီး

"ချစ်တယ် မောင့်ကို အရမ်းချစ်ပါတယ် မောင်ရယ်'

ညသည် ပြန်လည်၍ တိတ်ဆိတ်သွားပြန်သည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၆)

ကားကို မောင်မောင်ကျော်တို့ အကင်ဆိုင်ရှေ့တွင် ရပ်ခဲ့ပြီး နှစ်မှတ်တိုင်လောက်သာ ဝေးသော ရင်လှိုင်းသစ်အိမ်ရှိရာသို့ လျှောက်လာသည်။

ရင်လှိုင်းသစ်နေသော ကန်ထရိုက်တိုက်ရှေ့သို့အရောက် တိုက်အောက်တွင် ရပ်ထားသော မေ့ကားကြောင့် အိမ်ပေါ်တက်ဖို့ ခြေလှမ်းတွေ တွန့်သွားသည်။

သူ အိမ်ပေါ်တက်သွားသောအချိန်မှာ မေ့နှင့်ထိုကောင့်ကို အတူတွဲတွေ့ရမည့်မြင်ကွင်းမျိုး စိတ်မှန်းဖြင့် တွေးကြည့်တာနဲ့တင် ရင်ထဲမှာ တော်တော်နာကျင်ရသည်။

ဒီတော့ မေ့ ရင်လှိုင်းသစ်အိမ်မှ အမြန်ဆုံးထွက်ရန် အကြံထုတ်ရတော့သည်။





အရင်ဆုံး အတွေးပေါ်လာသည်က မေ့ထံသို့ ဖုန်းခေါ်ဆိုခြင်းဖြစ်သည်။

ဖုန်းကို တော်တော်နှင့်မကိုင်။ တံတိုင်းရံ စိတ်ရှည်ရှည်ဖြင့် ခေါ်သည်။ တော်တော်လေးကြာမှ ဖုန်းကိုင်သည်။

"ဟဲလို မေ့ မောင်ဖုန်းခေါ်နေတာ ကြာပြီကွာ၊ အခု မောင် မေ့ကားနားမှာရှိနေတယ်၊ မေ့ ဒီမှာ ဘာလာလုပ်နေတာလဲ၊ ခုချက်ချင်း ကားဆီကို လာခဲ့ပါ"

ကားနားမှာရောက်နေသည်ဆိုတာနှင့် တစ်ဖက်ဖုန်းထဲမှ မေ့ အသံတွေ သိသိသာသာကို ထိတ်ပျာသွားသည်။

"အိုကေ မောင် စောင့်နေမယ်နော် မေ့"

တံတိုင်း ဖုန်းပိတ်လိုက်ပြီး မေ့ကားကိုမှီရပ်ကာ စောင့်နေလိုက်သည်။

တအောင့်ကြာတော့ တိုက်လှေကားကျဉ်းကျဉ်းလေးထဲမှ မျက်စိမျက်နှာပျက်စွာဖြင့် ဆင်းလာ၏။

"မောင် ဒီနေရာကို မောင် ဘယ်လိုရောက်လာတာလဲ"

မေ့ မေးသံတွေက မသိမသာ တုန်ခါနေ၏။ ခြေမကိုင်မိ လက်မကိုင်မိပုံစံဖြင့် အနားကို လျှောက်လာသော မေ့ခြေလှမ်းတွေက သိပ်မမှန်ချင်။

"အဲဒါ မောင်က မေ့ကိုမေးရမှာလေ၊ ဒီမှာ ဘာလာလုပ်နေတာလဲ၊ အဲဒီမှာ ဘယ်သူနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ မေ့သူငယ်ချင်းပါ မောင်ရယ်၊ သူ နေမကောင်းလို့ သတင်းလာမေးတာ"

"မေ့သူငယ်ချင်း ဟုတ်လား ဘယ်သူလဲ ဒီလိုနေရာမျိုးမှာ မေ့သူငယ်ချင်းရှိတယ်လို့ မေ့ မောင့်ကို တစ်ခါမှမပြောဖူးပါဘူး"

"ဟုတ်တယ် မောင်ရဲ့၊ ဟိုလေ မေ့နဲ့စတိတ်ကျောင်းတုန်းက အတူတက်ခဲ့တဲ့ လှသင်းကြွယ်ကို သိတယ်မဟုတ်လား"

"အင်း သိတယ်လေ၊ တစ်ခါ ဘုရားမှာဆုံလို့ မောင်တို့တောင် သူတို့အိမ်ကို လိုက်ပို့ခဲ့သေးတယ်၊ အဲဒီတုန်းက ဒီအိမ်မှမဟုတ်တာ"

"အင်း ဟုတ်တယ် မောင်ရဲ့၊ ဒီအိမ်က သူတို့အိမ်တော့မဟုတ်ဘူး၊ ဒါပေမဲ့ သူ့အမေအိမ် သူ့အမျိုးသားနဲ့ရန်ဖြစ်လို့ စိတ်ဆိုးပြီး ဆင်းလာတာတဲ့၊ ဒီအိမ်မှာ သူနေမကောင်းဖြစ်နေတယ်လေ၊ အဲဒါ မေ့ဆီကို ဖုန်းဆက်လို့ သတင်းလာမေးတာ"

အဆင်ချောအောင် လိမ်ညာတတ်သော မေ့စကားကို ယုံချင်ဟန်ဆောင်ပြီး ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်လိုက်သည်။

"ဒါဆို မောင်လည်း ရောက်တုန်း သတင်းလေးမေးမှ ကောင်းမှာပေါ့"

မေ့ အမူအရာ သိသိသာသာ ပျက်သွား၏။

"မေးမနေပါနဲ့တော့ မောင်ရယ်၊ သူဖြစ်တာ မိန်းမရောဂါ မောင်ရဲ့"

မိန်းမတွေများ ယောက်ျားတွေကို လျှာဖျားလေးနှင့်ယုံအောင်





လှည့်ပတ်ပြောတတ်သည်ဆိုတာ ခုမှလက်တွေ့။

"ဪ ဟုတ်ကဲ့"

သံသယ လုံးဝမရှိသောဟန်ဖြင့် အရွှန်းဖောက် အပြုံးအရယ်ဖြင့် ပြောတော့ မေ့မျက်နှာပေါ်မှ ကြောက်စိတ်နှင့် စိုးရိမ်ပူပန်စိတ်တွေ အရောင်ဖျော့သွားကာ ခပ်ယဲ့ယဲ့လေး ပြုံးသည်။

"မောင့်ကားရော ဘယ်မှာရပ်ထားလဲ"

"ဟိုးဘက်နားက အကင်ဆိုင်ရှေ့မှာ"

"မောင် အကင်လာစားတာလား"

"မဟုတ်ပါဘူး အဲဒီအကင်ဆိုင်က မောင့်သူငယ်ချင်းဆိုင်လေ၊ သူနဲ့မောင် လုပ်ငန်းတစ်ခုရှယ်ဖို့အတွက် လာတွေ့တာ၊ ဒီကနေ ဖြတ်သွားတုန်း မေ့ကားကိုတွေ့တာနဲ့ ကားကို အဲဒီမှာသွားရပ်ပြီး မေ့ကို လာရှာတာ"

"အဲ အကင်ဆိုင်က မောင့်သူငယ်ချင်းဆိုင် ဟုတ်လား"

မေ့မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ဒီဆိုင်မှာ မေနှင့်လှိုင်း အမြဲတမ်း သွားစားနေကျ။ သူငယ်ချင်းတွေနှင့်လည်း ထိုင်ဖူးသည်။

"မောင့်သူငယ်ချင်း ပိုင်တာဆို ဘယ်သူလဲဟင်"

"မောင်မောင်ကျော်လေ"

"ဟင် မေ့ တစ်ခါတလေ အဲဒီဆိုင်မှာ သားအတွက် အကင်တွေဝင်ဝယ်ဖူးတယ် သူ့ဆိုင်မှန်း လုံးဝမသိဘူး"

"ဘယ်သိမလဲ မေ့ရဲ့၊ သူညီကို ဦးစီးနိုင်းထားတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"ကဲ မေ့လည်း မောင်နဲ့အတူ လိုက်ပြန်မှာလား၊ မောင်က မောင်မောင်ကျော်နဲ့ လုပ်ငန်းကိစ္စဆွေးနွေးစရာရှိသေးတယ်"

"ဟို မေ့မလိုက်တော့ဘူး မောင်၊ သားကိုလည်း ကျောင်းကြို ရဦးမှာဆိုတော့"

"အင်း ဒါဆိုလည်း မေ့ သွားနှင့်လိုက်တော့လေ၊ မောင်ကတော့ ဒီကအပြန် ကုမ္ပဏီကို ခဏပြန်ဝင်ရဦးမယ်"

အခွင့်အရေးရတုန်း မေ့ ထိုအခွင့်အရေးကို အသုံးချကာ

"အင်း ဟုတ်တယ် ဒါဆို မေ့သွားနှင့်လိုက်တော့မယ်နော် မောင်"

"အိုကေ ဘိုင့်ဘိုင်"

မေ့ မောင့်ကို တာ့တာပြကာ ကားပေါ်တက်၍ စက်နှိုးကာ မောင်းထွက်ခဲ့လိုက်သည်။

မောင် မရိပ်မိ၍ တော်သေးသည်။

မေ့ရင်တွေ တုန်လိုက်တာ မောင်ရယ်။

■ ■ ■

မေ့ကားလေး မြင်ကွင်းရှေ့မှ ပျောက်သွားသည်နှင့် တံတိုင်းရဲ့ တိုက်လှေကားတွေပေါ် တက်လာခဲ့လိုက်သည်။

ငါးလွှာအထိတက်၍ လှကနည်းနည်းတောင် မောဟိုက်နေ၏။ လှေကားက ကျဉ်းလွန်းသဖြင့် အနည်းငယ် မှောင်မိုက်နေ၍ အခန်းနံပါတ်





ကို မနည်းကြည့်ရသည်။

35/A ဟူသော နံပါတ်ဖြင့် အပြာရောင်တံခါးရှေ့ရောက်တော့ အာရုံတွေကို စုစည်းသည့်အနေဖြင့် သုံးမိနစ်ခန့်ရပ်နေလိုက်သေးသည်။ ပြီးမှ လူခေါ်ဘဲလ်ခလုတ်ကို တည်ငြိမ်စွာ နှိပ်လိုက်၏။

တအောင့်ကြာတော့ အထဲမှ တံခါးလော့ခ်ဖွင့်သံနှင့်အတူ တံခါးချပ် ခပ်ဟဟပွင့်လာသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ ဟင် ကိုတံတိုင်း"

ရင်လှိုင်းသစ် မျက်ခုံးနှစ်ဖက်မြင့်တက်ကာ အံ့သြထိတ်လန့်သွားသည်။

"ဘယ် ဘယ်ကလှည့်လာတာလဲ အစ်ကို၊ လာလေ ဝင်ပါ"

ရင်လှိုင်းသစ်မျက်လုံးတွေက ဆေးတစ်ခုခုသုံးစွဲထားသလိုလို ဒါမှမဟုတ် အိပ်ချင်မူးတူးထ၍လာရသလိုပုံစံဖြင့် မျက်လုံးတွေ မှေးစင်းနေသည်။

"ဒီနားက အကင်ဆိုင်ကိုရောက်တုန်း ညီကိုသတိရလို့ ဝင်လာတာ၊ ကိစ္စလေးလည်းရှိလို့ဆိုပါတော့"

"ဪော် အကင်ဆိုင်လာတာလား။ အဲဒီအကင်ဆိုင်က အရသာ ရှိတယ်"

ရှိုးတို့ရှန့်တန့်ဟန်ဖြင့် လှိုင်း စကားမရှိစကားရှာပြောရသည်။

"ညီက ပန်းချီဆရာဆိုတော့ ဒီနံရံမှာချိတ်ထားတဲ့ ပန်းချီကားတွေက ညီ့လက်ရာတွေထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ပါတယ် အစ်ကို"

"လက်ရာတကယ်မြောက်တာပဲကွာ"

တံတိုင်း အကြည့်တွေက နံ့မွှာချိုတ်ထားသော ပန်းချီကားတွေနှင့် လှိုင်း လျှပ်တစ်ပြက်အုပ်လိုက်သော ပန်းချီကားတွေကို မသိမသာ အကဲခတ်ရင်း တွန့်ကြေရှုပ်ပွနေသော အိပ်ရာထက်ဆီသို့ အကြည့်ရောက်သွားသည်။ ခုတင်ဘေးတွင် ကော်ဖီခွက်နှစ်ခွက်နှင့် စားစရာအချို့ စားလက်စဖြစ်နေသည့်ပုံစံမျိုး။

"ဩော် ညီက မနက်စာ စားနေတာလား၊ ညှော်သည်ရောက်နေတယ်ထင်တယ်"

"ဗျာ"

"ဩော် ကော်ဖီနှစ်ခွက် ခေါက်ဆွဲကြော်နှစ်ပန်းကန်ပြင်ထားတာဆိုတော့ ညှော်သည်ရောက်နေတာ ထင်တယ်"

လှိုင်း မျက်စိမျက်နှာပျက်နေသည်။

"ဟို ပန်းချီကားရေးဖို့ မော်ဒယ်လ်ထိုင်ပေးတဲ့ မိတ်ဆွေပါ။ အခု အပြင်ခဏထွက်သွားလို့"

"ဩော် ဟုတ်လား"

"ဒါနဲ့ အစ်ကို ကျွန်တော့်ကို ဘာများကိစ္စရှိလို့လဲ"

"ပြောမှာပေါ့ ညီရယ်၊ လှေကားပေါ်တက်လာရလို့ နည်းနည်းမောနေတယ်၊ ရေတစ်ခွက်လောက် အရင်တိုက်ပါလား"

"ဟုတ်ကဲ့ အစ်ကို၊ ရမယ်"





လှိုင်း ရေခဲသေတ္တာရှိရာသို့ လျှောက်သွားတုန်း တံတိုင်းကလည်း ဒီအတိုင်း အငြိမ်မနေ။ လှိုင်း ကပျာကယာ အုပ်လိုက်သော ပန်းချီကားပေါ်က ပိတ်ဖြူစကို ဆွဲဖယ်လိုက်သည်။

အဝတ်အစားမဲ့ လှသွေးကြွယ်နေသော မေ့ရဲ့ပုံတူ။

တံတိုင်းရဲ့ မျက်လုံးတွေ ပြာဝေမတတ်ဖြစ်ကာ ရပ်နေသော ခြေအစုံပင် နောက်သို့ တစ်ချက်ယိုင်သွားသည်။

အရှက်နည်းလိုက်တာ မေ့ရယ်ဟု စိတ်ထဲမှာ ပျစ်ပျစ်နှစ်နှစ် ဝေဖန်လိုက်သည်။

ကိုယ့်ရဲ့ယောကျ်ားမဟုတ်တဲ့ သူစိမ်းယောကျ်ားရှေ့မှာ ခုလို ကိုယ်ဟန်ပြမယ်တစ်ယောက်အဖြစ် ထိုင်ပြရဲသော မေ့၏အရှက်တရားတွေ ဂုဏ်သိက္ခာတွေ ဘယ်ကမ္ဘာရောက်ကုန်ပြီလဲ။

"ဟာ အစ်ကို"

မေ့ ပန်းချီကားကို ကြည့်နေသော တံတိုင်းနားသို့ လှိုင်း ပျာယီပျာယာ ရောက်လာသည်။

"ဒါ ကိုယ့်ဇနီးပဲ ညီနဲ့ဘယ်တုန်းက အဲလို ပတ်သက်ခဲ့တာလဲ"

ဆက်ညာနေ၍ မဖြစ်တော့ပြီမို့ အမှန်အတိုင်းပြောဖို့ သတ္တိမွေးလိုက်သည်။

"တကယ်တော့ မမနဲ့ကျွန်တော်နဲ့ ငြိနေကြတယ် အစ်ကို၊ အဲလို ငြိရအောင်လည်း ကျွန်တော့်ဘက်က အတင်းအဓမ္မ ပတ်သက်ခဲ့မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



တံတိုင်း လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"ဒီပန်းချီကား ကိုယ့်ကိုရောင်းမလား"

"ဗျာ"

"ကိုယ့်ဇနီးမသိစေရပါဘူး။ မင်းဆီကဝယ်ပြီး ကိုယ် လုံခြုံအောင် သိမ်းထားမှာပါ၊ နောက်ပြီး ကိုယ် တန်ရာတန်ကြေးပေးဝယ်မှာပါ၊ ဒီတော့ ဒီပန်းချီကားကို ကိုယ် သိန်းနှစ်ဆယ်ပေးဝယ်မယ်"

သိန်းနှစ်ဆယ်ကြီးများတောင်ရမည်မို့ လှိုင်း အနည်းငယ် မက်လုံးထသွားသည်။ ထို့အပြင် မရောင်းလို့လည်းမရ။ ဒီပုံဟာ ကိုယ် ဆွဲထားတယ်ဆိုသော်လည်း ပုံပိုင်ရှင်က သူ့ဇနီးစစ်စစ်ကြီး။ ကိုယ်ကသာ အပြစ်လုပ်ထားသူ။

"ကျွန်တော် မရောင်းဘူးဆိုပြီးတော့ ငြင်းပိုင်ခွင့်ကလည်း မရှိဘူး၊ ဒီတော့ အစ်ကိုသဘောအတိုင်းပါပဲ"

တံတိုင်း ပြုံးလိုက်သည်။ ဒီကောင် မေ့အပေါ်မှာ တကယ်ချစ်တာမှမဟုတ်တာ။ အပေါ်ယံသက်သက် အလကား အချောင်နှိုက်ချင်သည့် ကြာကူလီကောင် ဖြစ်မည်။ ဒီလိုကောင်မျိုးကို မေ့ချစ်မိသွားသည်ဆိုတော့ မေ့ ကံဆိုးလွန်းသည်။

"ကောင်းပြီလေ ပန်းချီကားဖိုး သိန်းနှစ်ဆယ်ကို ကိုယ်ကိုယ်တိုင် အခုချေခဲ့မယ်၊ နောက်ပြီး မင်း ကိုယ့်ဇနီးနဲ့ ဘယ်လိုမှ မပတ်သက်ပါနဲ့တော့"





တစ်ချိန်ချိန်မှာ ဖြေရှင်းရမယ်လို့ ကြိုတွေးထားပေမယ့် ခုလို ဖြုန်းစားကြီး သံချောင်းမခေါက်ဘဲ ရောက်လာလိမ့်မည်ဟု လုံးဝကို တွေးမထားမိသေး။

ခုတော့ ကိုယ့်အခြေအနေက ရဲရှေ့မှောက်လျက်လဲတဲ့သူခိုး ဖြစ်သွားပြီ။ ကိုယ်က သူ့ပစ္စည်း အပိုင်အပြင်နိုးသုံးထားသည်ကိုး။ အခု ပိုင်ရှင်ရောက်လာပြီဆိုတော့ ကိုယ်ကစပြီး ပိုင်ရှင်ကိုရန်စ၍ မဖြစ်။ ကိုယ့်ဘက်က စကြမ်းလိုက်ရင် ထောင်ထဲကို ကွိခနဲ ရောက်သွားမှာက ကိုယ်ကိုယ်တိုင်ပဲ။

"သိပ် စိတ်လှုပ်မရှားပါနဲ့ ညီ၊ ဒီကိစ္စမှာ-မင်းကိုချည်းပဲလည်း ကိုယ် အပြစ်မတင်ပါဘူး၊ လက်ခုပ်ဆိုတာ တစ်ဖက်တည်းတီးလို့မှ မမြည်တာ မင်းတို့က လူငယ်တွေပဲ၊ ဒီလိုအမှားမျိုးကို မိုက်ရူးရဲဆန်ဆန် ကျူးလွန်တတ်ကြတာ သိပ်မဆန်းပါဘူး၊ ဒါပေမဲ့ ဒါဟာ ခပ်ညံ့ညံ့လူတွေရဲ့ ရာဇဝင်မလှတဲ့ လူမဆန်တဲ့လုပ်ရပ်ဆိုတာကိုတော့ မင်းလည်းကောင်းကောင်းသိမှာပါ"

"ကံကြမ္မာက ဒီလိုအချိန်မှာ ဒီလိုဖြစ်ရမယ်ဆိုတဲ့ ကံပါလာကြလို့ မင်းရော ကိုယ့်ဇနီးရော နှစ်ဦးသဘောတူ မှောက်မှားခဲ့ကြတာပါ၊ အမှားကိုသိရင် အမှန်ဆိုတာ ပြင်တတ်ရမှာပေါ့၊ ရှေ့ဆက်မမိုက်ချင်ပါနဲ့ ညီ၊ လောကမှာ ကိုယ့်မိန်းမထက် အများကြီးသာတဲ့ မိန်းကလေးတွေကို မင်းရုပ်မင်းရည်နဲ့ တွဲလို့ရပါတယ်"

ရင်လှိုင်းသစ် အပြစ်ရှိသူတစ်ယောက်လို ငြိမ်ပြီး နားထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဒါကြောင့် ကိုယ့်မိန်းမနဲ့ မင်းရဲ့ဇာတ်လမ်းကို ဒီမှာတင် တစ်ခန်းရပ်လိုက်ကြပါတော့၊ ကိုယ်က ဂုဏ်သိက္ခာရှိရှိနဲ့ လောကအလယ်မှာ ရပ်တည်လာခဲ့တဲ့သူဆိုတော့ ငါ့ညီကို ဥပဒေနဲ့ကိုင်မပေါက်ချင်ဘူး သဘောပေါက်တယ်မဟုတ်လား၊ ကိုယ့်မှာ မင်းတို့ရဲ့ Living together မြင်ကွင်းတွေကို CCTV နဲ့ ရိုက်ထားတဲ့ သက်သေတွေရှိတယ်၊ ဒါကိုကိုင်ပြီး မင်းကိုအရေးမယူချင်ဘူး၊ ဒီတော့ မင်းကို သိန်းနှစ်ရာထပ်ပြီးပေးမယ်၊ မင်း ကိုယ့်ဇနီးနားကို တစ်သက်လုံးမလာပါနဲ့တော့"

"ဒါပေမဲ့ ကျွန်တော် မမကို တကယ်ချစ်တာပါ"

"အဲဒီအချစ်က သိက္ခာရှိတဲ့အချစ်မျိုး မဟုတ်ဘူး၊ အင်မတန်ညစ်ညမ်းတဲ့အချစ်ဖြစ်လို့ မင်းကို ထောင်ထဲမှာပဲ အချိန်ကုန်သွားစေနိုင်တယ်"

ဒီအချိန်မှာ မမကို လုံးဝလက်လွှတ်ဆုံးရှုံး မခံနိုင်ပါဘူးလို့ အချစ်သူရဲကောင်းလုပ်ပြနေလို့ရော ကံကြမ္မာက မမနဲ့ပေါင်းစည်းခွင့်ပေးမှာတဲ့လား။ ပြီးပါပြီလို့ ဆိုင်းဘုတ်တပ်ခိုင်းနေတဲ့ မမရဲ့ကာမပိုင်ယောကျ်ားရှေ့မှာ ခေါင်းငုံ့ခါးကိုင်းနေဖို့ပဲ ရှိသည်။

ကိုယ့်ဘက်ကစပြီး သူ့မိန်းမကို ပြစ်မှားထားတာဆိုတော့ ငြင်းကြမ်းလိုက်လို့ လုံးဝမရ။ သိန်းနှစ်ရာ့နှစ်ဆယ်ဆိုသော ငွေကလည်း လှိုင်းအဖို့တော့ နည်းနည်းနောနောမဟုတ်။

"တကယ်ဆို ဒီဇာတ်လမ်းမှာ မမက အလိုမတူဘဲ ပါဝင်ကာပြ





ခဲ့ရုံသက်သက်ပါ အစ်ကို သူ ကျွန်တော့်ဆီလာနေရတယ်ဆိုတာ ကျွန်တော့်ရဲ့ဖြားယောင်းမှုတွေကြောင့်ပါ၊ ခုချိန်မှာ အစ်ကို့ဘက်က ကျွန်တော့်ကို တရားစွဲထောင်ချမယ်ဆိုရင်တောင် ကျွန်တော် အပြစ်ကို အပြည့်အဝခံယူမှာပါ"

"ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ဇနီးအပေါ် ကိုယ့်အချစ်တွေ လုံးဝလျော့သွားမှာမဟုတ်လို့ ဒီနေ့ ဒီလိုအပေးအယူလုပ်တာတွေကို မင်းဘက်က လျှို့ဝှက်ပေးထားပါ"

"စိတ်ချပါ အစ်ကို၊ ကျွန်တော်က အစောကတည်းက မမကို ပိုင်ဆိုင်ခွင့်ရထားသူမှ မဟုတ်တာ"

သိန်းနှစ်ရာ့နှစ်ဆယ်နှင့်သဘောတူညီမှု ရပြီးမှ တံတိုင်းရဲ့ လှိုင်းအိမ်ပေါ်မှ ဆင်းလာခဲ့လိုက်သည်။

လှိုင်းဆိုတဲ့ကောင်ဟာ ဒီလိုအတန်းအစားမျိုးဆိုတာ မေ့သိပါရဲ့လား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ရှော့ပင်းစင်တာထဲ ဝင်ဝင်ချင်း မြင်လိုက်ရသည့်မြင်ကွင်းက မေ့အတွက် ဒေါသတွေကို အထွတ်အထိပ် ရောက်အောင် တွန်းပို့လိုက်သလို လှမ်းနေသော ခြေလှမ်းတွေပင် ဆက်လှမ်းဖို့ သတိမရတော့။

ခပ်ဟော့ဟော့ ကောင်မလေးတစ်ယောက်နှင့် စင်တာထဲမှ ထွက်လာကြသော လှိုင်း ပုံစံက တကယ့်ကို မိုးမမြင်လေမမြင် ပြုံးရယ်နေသည်။ လက်တစ်ဖက်က ကောင်မလေးပခုံးကို ပူးကပ်စွာ ဖက်တွယ်ပြီး ကျန်တစ်ဖက်က ဈေးဝယ်လာသော စက္ကူလက်ဆွဲအိတ်တွေ တစ်ပုံတစ်ပင်။

တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြသော အတွဲတွေပုံစံမျိုး စကားတွေ ပြောလာကြ ရယ်လိုက်ကြနှင့် ဘေးပတ်ဝန်းကျင်ကိုလည်း သတိထားမိသည့်ပုံမပေါ်ပါ။





သူ့မှာ မိန်းကလေးရှိလျက် မေ့ကို ဘာဖြစ်လို့ မေ့ဆီကအသွေးအသားတွေကို အတင်းအဓမ္မ ယူနေရတာလဲ။ မေ့ ပုံတူပန်းချီကားကို ဘာဖြစ်လို့ ဆွဲခဲ့ရတာလဲ။ ဒီကိစ္စကို ရှင်းစရာရှိတာ အပြတ်ရှင်းပြီး မေ့အနားလုံးဝပေါ်မလာအောင် လုပ်ရမည်။

မေ့ နေရာမှာတင်ရပ်၍ သူတို့အနားရောက်အလာကို စောင့်နေလိုက်သည်။ မေ့ကို လှိုင်း လုံးဝမမြင်သေး။ နှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက် ရယ်ကာမောကာ လျှောက်လာကြရင်းမှ လှိုင်း၏ ခြေလှမ်းတွေသည် မေ့နှင့်မျက်နှာချင်းဆိုင် ဝင်တိုက်မိမလို ဖြစ်သွားတော့မှ ခြေလှမ်းတွေ တုံ့ခနဲ ရပ်ကာ သူ့နိုးလှုမိမျက်နှာဖြင့် ဟိုလိုလို သည်လိုလို ဝေ့ကာ

"သြော် မမ ဈေးလာဝယ်တာလား"

"ဟုတ်တယ် မင်းကိုဒီလိုပုံစံမျိုး မြင်ရတာ ငါ့အတွက်တော့ မင်္ဂလာတစ်ပါးပဲ၊ ဒါပေမဲ့ ဒီမိန်းကလေးကိုတော့ ငါသနားတယ်၊ ထားပါလေ ဒါက ငါနဲ့မဆိုင်ဘူး၊ ငါနဲ့ဆိုင်တာက ငါ့ပုံတူပန်းချီကားရယ် မင်း ယုတ်မာပြီး ရိုက်ထားတဲ့ ဒေတာကို ပေးပါ"

"ကျွတ် ဒီအချိန်မှာ ဒါတွေပြောနေလား မမရာ၊ မမပန်းချီကားကို ကျွန်တော် သိန်းနှစ်ဆယ်နဲ့ ရောင်းလိုက်ပြီ၊ ဟိုဒေတာတွေကိုတော့ လုံးဝ ဖျက်ဆီးပစ်လိုက်ပြီ"

"ဘာ ရောင်းလိုက်ပြီ ဟုတ်လား၊ မင်း ယုတ်မာလှချည်လား"

"ယုတ်မာတယ်ဆိုတာ ယုတ်မာခံတဲ့လူရှိမှ ယုတ်မာဖို့ရတာ



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့''

''ကိုကို သူက ဘယ်သူလဲ''

''ကိုယ့်အစ်မလို ခင်ရတဲ့သူပါ''

လှိုင်း ဖြေပုံက ခံစားချက်မရှိ သွေးအေးလွန်းသည်။ ဘာကိုမှ အလေးမထားသည့်ပုံစံမျိုးဖြင့် မေ့ကိုဆက်ဆံသည်။

''ဘယ်လို ငါက အစ်မလိုခင်ရတဲ့သူ ဟုတ်လား။ လှိုင်း မင်းဟာ ကြာကူလီကောင်ပဲ''

''ကျွတ် မမရယ် ဒီအချိန်မှာ ဒါတွေလာပြောနေရမယ့်အချိန် မဟုတ်ဘူး''

''ကိုကို ဘာတွေလဲကွာ အရှမ်းရှုပ်တာပဲ''

ခေါင်းမှ ဆံပင်တွေခါရမ်းသွားအောင် ခေါင်းတခါခါဖြင့် မကျေမနပ်ပြောနေသော ထိုကောင်မလေးကို လှိုင်း ပြုံးရွှင်စွာကြည့်ကာ

''ဆောရီးပဲ နိုင်လေးရယ် ကိုယ် ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီမမရဲ့ အငယ်အနှောင်းဘဝနဲ့ ကိုယ် နေခဲ့ဖူးတယ်''

''ဘာ''

မေ့ရင်ထဲ ဒေါသတို့ ဆောင့်တိုးလာသည်။ အသားတွေတဆတ်ဆတ်တုန်လာသည်။ မေ့က လင်ငယ်နေသည်ဆိုသည့်သဘောပေါ့။

''မင်း မင်းဟာ လူယုတ်မာ ငါ့ဘဝကို အမည်းစက်တွေ စွန်းထင်းအောင် ငါ့မိသားစုနဲ့စည်းတစ်ဖက်ခြားသွားအောင် ငါ့ဘဝ အပယ်ခံဖြစ်အောင် နင် အကွက်ချစီစဉ်ခဲ့တာလား လှိုင်း''





မေ့ ဒေါသဖြစ်လွန်း၍ လက်ညှိုးတထိုးထိုးဖြင့် စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်မိ၏။

လှိုင်း ပခုံးကို ဆတ်ခနဲ တွန့်ကာ ဟက်ခနဲ မခိုးမခန့်ရယ်ရင်း လှောင်ရိပ်ပါသော အကြည့်ဖြင့် ကြည့်သည်။

''ဒါကတော့ မမက ကိုယ့်စိတ်ကိုမှ ကိုယ်မနိုင်တာ၊ တကယ်ဆို အဲဒီအချိန်တုန်းက ကျွန်တော့်ကို ခါးခါးသီးသီး ငြင်းရုံနဲ့မလုံလောက်တဲ့ စွဲချက်တွေနဲ့ အပြစ်ပေးပေါ့၊ ဘာဖြစ်လို့ အကြောင်းပြချက်တွေ အမျိုးမျိုးနဲ့ ကျွန်တော့်ဆီရောက်ရောက်လာပြီး ဘာဖြစ်လို့ ကျွန်တော့်ရဲ့ အာသာငမ်းငမ်းဖြစ်နေတဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးခဲ့သလဲ''

အရှိုက်ကို ထိမှန်သလို ပြင်းထန်သော မေးခွန်းကြောင့် ဘာပြန်ပြောရမှန်းမသိအောင် နှုတ်တွေ ဆွံ့အသွားသည်။ ပြီးမှ အသိစိတ်ပြန်ဝင်လာကာ လက်တစ်ဖက်က လေထဲကို သူ့အလိုလို မြှောက်တက်ကာ

''ဖြန်း''

မေ့ ဒေါသတွေသည် သည်းခံနိုင်ခြင်းတွေအပေါ်မှာ ရှိမနေတော့။ မေ့ ရိုက်ချက်ပြင်း၍ လှိုင်းမျက်နှာ လည်တွက်သွားသည်။

''ရှင် ဒါဘာလုပ်တာလဲ ဘာကြောင့် ကိုကို့ကို ရိုက်ရတာလဲ ရှင့်အသက်အရွယ်နဲ့ ဒီလိုစမောလ်ဆွဲရင် ဒီလိုအဖြစ်မျိုးနဲ့ ကြုံမယ်ဆိုတာ ရှင် နားမလည်ဘူးလား၊ သောက်လေသောက်လေ တော်မပြေဆိုတာ ရှင်တို့လို လင်ငယ်နေတဲ့ မိန်းမအတန်းအစားမျိုးကို ပြောတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

ဒုတိယအကြိမ်မြောက် နိုင်လေးကို ရိုက်လိုက်ပြန်သည်။

"မမ သူ့ကို မလုပ်ပါနဲ့"

"ဖြန်း"

လှိုင်းစကားမဆုံးလိုက် နိုင်လေး၏တုံ့ပြန်ချက်ကလည်း မေ့ပါးတစ်ချက် ပူဆင်းသွားစေသည်။

"ဟာ ဟာ အဝေမတည့်လို့ ချနေကြပြီ ဟိုမိန်းမက မယားကြီး ထင်တယ်"

စင်တာရှေ့တွင် ပါးရိုက်ပွဲ ကျင်းပသလိုဖြစ်ကာ မေ့တို့အဖြစ်က ဇာတ်ခုံပေါ်မှာ လင်ငယ် မယားငယ်ခန်းရှင်းနေသည့် အခန်းမျိုး တင်ဆက်နေသလို စင်တာရှေ့မှလူများ ကားပေါ်မှလူများနှင့် စင်တာထဲမှ ဈေးဝယ်သူတွေ အရောင်းစာရေးမတွေ ဂိတ်ပေါက်စောင့်လုံခြုံရေးတွေ ဝန်ထမ်းတွေကအစ အားလုံးဝိုင်းကြည့်ကာ ထင်ကြေးတွေကို တစ်ယောက် တစ်မျိုး ပေးနေကြသည်။

ဒေါသနှင့်အရှက်တရားတို့က မေ့အား စိတ်နှင့်ကိုယ် မကပ်စေတော့ဘဲ ဘဝတစ်သက်မှာ တစ်ခါမှ မဖြစ်ပေါ်ဘူးသော ဒေါသတို့ ပေါက်ကွဲကာ လှေကားထိပ်စွန်းတွင် ရပ်နေသော နိုင်လေးကို တွန်းလိုက်သည်။

"အား"

"ဟာ နိုင်လေး"





"ဟယ် လိမ့်ကျပြီ"

နိုင်လေး သူ့ခန္ဓာကိုယ်ကိုအရှိန်မထိန်းနိုင်ဘဲ လှေကားထစ်တွေပေါ်မှ အောက်သို့လိမ့်ကာ ပြုတ်ကျသွားသည်။

လှေကားအောက်တွင် နိုင်လေး ပုံပုံလေးလဲကျသတိလစ်သွား၏။ သိပ်မကြာခင် လုံခြုံရေးဝန်ထမ်းတွေ ပြေးဝင်လာကြပြီး မေ့ကို အတင်းဖမ်းဆွဲထားကြသည်။

လှိုင်း လှေကားပေါ်မှ ဆင်းပြေးကာ သတိလစ်လဲကျနေသော နိုင်လေးကို ပြေးပွေ့သည်။ နဖူးမှ စီးကျလာသော သွေးတွေနှင့်အတူ နိုင်လေး သတိပဲလစ်နေတာလား တစ်ခါတည်းပဲ အသက်ပါသွားပြီလား။

ဟင့်အင်း မေ့ မသိချင်တော့ဘူး။ ဒီတဒင်္ဂလေးမှာ မေ့ဟာ ခဏလေးဖြစ်ဖြစ် ကမ္ဘာအပြင်ဘက်ကို ထွက်သွားလိုက်ချင်တာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

တံတိုင်းရဲ့ ကားကို ရဲစခန်းသို့ အရှိန်မြှင့်၍ မောင်းနေသည်။ လွန်ခဲ့သည့် နာရီဝက်ခန့်က ကုမ္ပဏီကို ဖုန်းဝင်လာသည်။

မေ့တစ်ယောက် စင်တာမှာ ဈေးဝယ်ရင်း အမျိုးသမီးတစ်ယောက်နှင့် စကားများသည်။ စကားများရာမှတစ်ဆင့် ဒေါသအလျောက် လှေကားမှ တွန်းချပစ်ခဲ့၍ အချုပ်ထဲရောက်နေသည်ဆိုသော သတင်းကြောင့် တံတိုင်းရဲ့ စိတ်ထဲ မယုံနိုင်လောက်အောင်ကို အံ့ဩမိသည်။

နေပုံထိုင်ပုံ အထက်တန်းကျလွန်းပြီး တည်ငြိမ်လွန်းသော မေ့သည် လမ်းသွားလျှင် မျက်စိပင်ဝေ့ကစားတတ်သူမဟုတ်။ အရုက်ကြီးလွန်းသော မေ့သည် လမ်းပေါ်မှာ ရန်ဖြစ်တတ်သည့်အောက်ကြမ်းခင်းစိတ်ဓာတ်မျိုး ဘယ်အချိန်ကတည်းက ဝင်ရောက်နေခဲ့တာလဲ။

မေ့ရဲ့အမူအကျင့်သည် တော်တော်လေးကို ပြောင်းလဲသွားပါလားဟု တွေးကာ စိတ်ထဲမှာ မတင်မကျ ဖြစ်မိတာတော့ အမှန်။





လူတွေအလယ်မှာ ရန်ဖြစ်ရလောက်အောင် ဘယ်လိုအကြောင်းတစ်ခုခုရှိနေသည်လဲ မသိ။ ထို့ကြောင့်သာ ဒေါသအလျောက် လက်လွန်သွားတာ ဖြစ်လိမ့်မည်။

သိချင်စိတ်တွေ စိုးရိမ်စိတ်တွေဖြင့် ကားကိုပို၍ အရှိန်မြှင့်လိုက်သည်။ စခန်းက အချုပ်ခန်းထဲမှာ ဟိုရဲတွေကကြည့် ဒီရဲတွေကမေးငေါ့နှင့် မေ့ ဘယ်လောက်တောင် ရှက်ရှာနေလိမ့်မလဲ။

အတွေးဖြင့် မြင်ယောင်ကာ မေ့ကို တော်တော်လေး သနားနေမိသည်။ မေ့ ဘယ်လောက်ထိ စိတ်အားငယ်နေလိမ့်မလဲ။

ရဲစခန်းရှေ့ရောက်တော့ ရဲစခန်းထဲမှ ထွက်လာသော လှိုင်းကို တွေ့လိုက်ရ၍ စိတ်ထဲမှာ ဒေါသဖြစ်သွားသည်။

လှိုင်း အနားရောက်တော့ ကားကိုအရှိန်လျှော့လိုက်သည်။

"ရင်လှိုင်းသစ် မင်း ဘာလာလုပ်တာလဲ၊ မေ့ ခုလိုဖြစ်ရတာ မင်းကြောင့်လား"

တံတိုင်း ဘုဆတ်ဆတ်ဖြင့် မေးလိုက်သည်။ လှိုင်း ဘာမျှမဖြေဘဲ ခေါင်းငုံ့လိုက်သည်။ သူ့မျက်နှာမှာလည်း မေ့အတွက် စိတ်မကောင်းသောအရိပ်တွေ ထင်နေတာ အသိသာကြီး။

"ကျွန်တော်နဲ့လက်ထပ်မယ့် နိုင်လေးကို မမက စင်တာရဲ့ လှေကားပေါ်ကနေ တွန်းချလိုက်တာ အစ်ကို၊ စခန်းကိုတော့ အဖြစ်မှန်မပြောထားပါဘူး၊ ဒီလိုပဲ သွားရင်းလာရင်း ဝင်တိုက်မိကြရာက စကားများကြတယ်လို့ပဲ ညာပြောထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မေ့ အချုပ်ထဲရောက်တာ မင်းလက်ချက်ဆိုတာ မှန်နေပြီပေါ့"

"ကျွန်တော် အဲလို မရည်ရွယ်ထားပါဘူး အစ်ကို၊ ဒါပေမဲ့ တစ်ခုတော့ ကောင်းသွားပါတယ်၊ ဒီပွဲမှာ မမ ကျွန်တော့်ကို မုန်းသွားအောင် ကျွန်တော် ကြိုးစားနိုင်ခဲ့တယ်၊ ကျွန်တော့်မျက်နှာမှာ ဘာတွေတွေ့လဲ အစ်ကို"

လှိုင်းမျက်နှာကို တံတိုင်းရဲ့ မြင်သာအောင် ရှေ့တိုးပြီး ငုံ့ကိုင်းပြသည်။

"အဲဒါ ကျွန်တော့်မျက်နှာကို ရွံတယ်ဆိုပြီး ထွေးလိုက်တဲ့ မမရဲ့ တံတွေးတွေပဲ၊ နောက်ဆုံးမှာ ကျွန်တော်က အဲဒါနဲ့ပဲ ထိုက်တန်တာပါ"

"မင်းကို မေ့မုန်းသွားတယ်ဆိုတာ သေချာလို့လား လှိုင်း"

"ဟင့်အင်း မမက ကျွန်တော့်ကို ခုမှမုန်းနေတာ မဟုတ်ပါဘူး ဟိုတုန်းကတည်းက မုန်းနေတာပါ၊ ခုတော့ အဲဒီအမုန်းတွေဟာ ပိုပြီး အင်အားကြီးသွားပါပြီ၊ မမဆီက အမုန်းတွေ ကျွန်တော့်ဆီ ဒလဟော ကျလာပါစေတော့ဆိုပြီး မမကို ကျွန်တော် မပြောသင့်တာတွေ ပြောမိတယ်"

လှိုင်း အသံတွေသည် အပြစ်သားတစ်ယောက်လို စိုးရွံ့စိတ်ဖြင့် တောင်းပန်တိုးလျှိုးသံပေါက်နေသည်။ တကယ်တမ်းကျတော့ တံတိုင်းရဲ့ဟာ လှိုင်းကိုပါ ပြင်းပြင်းထန်ထန် စိတ်မဆိုးရက်။

ကိုယ့်ရဲ့ပင်ကိုဗီဇစိတ်ကိုက သူတစ်ပါးအပေါ် အပြစ်မမြင်ဘဲ





အရာရာကို ဖြည့်စွမ်းနားလည်ပေးနိုင်သော စိတ်ရင်းခံကြောင့်ဖြစ်သည်။

"အင်းလေ မင်းဘက်က ခုလိုနောက်ဆုတ်ပေးတဲ့အတွက် ကိုယ့်ဘက်က သိန်းနှစ်ရာကျော် အကုန်ခံရကျိုးနပ်ပါတယ်"

တံတိုင်းရဲ့ ထိုသို့ပြောပြီး လှိုင်းရှေ့မှ ကားကို မောင်းထွက်ခဲ့ပြီး ရဲစခန်းဝင်းထဲသို့ ကားကို ချိုးကွေ့ဝင်လိုက်သည်။

လှိုင်းနေရာမှာတင် တွေတွေကြီးရပ်ကျန်ခဲ့သည်ကို နောက်ကြည့်မှန်မှတစ်ဆင့် တွေ့လိုက်ရသည်။ ဘာပဲဖြစ်ဖြစ် မေ့ကြောင့် ပူပန်နေရသော အပူသောကအချို့သည် အနည်းငယ်တော့ ပြေလျော့သွားတာ အမှန်ပင်။

ရဲစခန်းဝင်းထဲ ကားရပ်ပြီး ရဲစခန်းအပေါက်ဝဆီသို့ လျှောက်လာခဲ့သည်။ အမှုစစ်အရာရှိနှင့် တာဝန်ခံနယ်ထိန်းရှိရာသို့ အရင်ဆုံးဝင်တွေ့ရသည်။

"ကျွန်တော် မေ့သက်လျာရဲ့ခင်ပွန်းပါ"

"ဩော် ဦးတံတိုင်းရဲ့ ထင်တယ်"

"ဟုတ်ပါတယ်"

"ထိုင်ပါ ခင်ဗျာ"

စခန်းမှူးက သူ့စားပွဲရှေ့ရှိ ထိုင်ခုံကို ညွှန်ပြသဖြင့် တံတိုင်းရဲ့ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

စခန်းမှူးကြီး သဘောကောင်းသည့်အပြုံးဖြင့် တံတိုင်းရဲ့ကို မော့ကြည့်နေသဖြင့် တံတိုင်းရဲ့ ယဉ်ကျေးစွာဖြင့် အသိအမှတ်ပြု ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိုတိကာ ပြုံးလိုက်သည်။

"အမျိုးသမီးနှစ်ယောက် Shopping Center ရှေ့မှာ ရန်ဖြစ်စကားများကြရင်း တစ်ဖက်က မိန်းကလေးကို ဦးတံတိုင်းရဲ့ရဲ့ဇနီး ဒေါ်မေ့သက်လျာက လေ့ကားပေါ်က တွန်းချလောက်တဲ့အထိ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ပါတယ်။ ကျွန်တော်တို့ အပိုင်ရဲစခန်းကို စင်တာက တာဝန်ရှိသူတွေ ဖုန်းဆက်အကြောင်းကြားလို့ ဒီက လူကြီးမင်းရဲ့ဇနီးကို ခဏထိန်းသိမ်းထားပါတယ်၊ အာမခံပေးဖို့တော့ ဦးတံတိုင်းရဲ့ လက်မှတ်ထိုးရပါမယ်၊ ဒေါ်မေ့သက်လျာလည်း ခံဝန်လက်မှတ်ထိုးရပါမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ကျွန်တော်တို့က တာဝန်အရ ဆောင်ရွက်ရတာပါ၊ ကျေးဇူးတင်မယ်ဆိုရင်တော့ တရားလိုဘက်ကလူတွေကိုပါ ကျေးဇူးတင်ရမှာပါ၊ သူတို့က အမှုမဖွင့်ဖို့ ပြောတာနဲ့ ကျွန်တော်တို့စခန်းက စွဲချက်မတင်တာပါ၊ တစ်ခုတော့ရှိတယ်၊ တစ်ဖက်မိန်းကလေးက အခုဆိုရင် ခေါင်းမှာ ဒဏ်ရာနည်းနည်းကြီးတယ်၊ အာရှတော်ဝင် အထူးကုဆေးခန်းတစ်ခုမှာ ဆေးကုသမှုခံယူနေပါတယ်"

"ကျွန်တော် ကျေးဇူးလည်းအရမ်းတင်သလို စိတ်လည်းမကောင်းပါဘူးခင်ဗျာ၊ အဲဒီအတွက် ကျွန်တော်တို့ဘက်က ဘယ်လိုပြန်ပြီး ပေးဆပ်ရ ပေးဆပ်ရ ပေးဆပ်ဖို့အသင့်ပါ"

"ဟုတ်ပါပြီ ဒါဆို ဆေးကုသကုန်ကျစရိတ်ကို ဦးတံတိုင်းရဲ့တို့ဘက်က နစ်နာကြေးအနေနဲ့ အကုန်အကျခံပေးဖို့ မေတ္တာရပ်ခံပါတယ်၊





ဒါဟာလည်း ကျွန်တော်တို့ဘက်က ညှိနှိုင်းပေးတဲ့သဘောပါ။ ဟိုဘက်ကတော့ ဘာမှမတောင်းဆိုပါဘူး"

ဒီလောက်ထိ အဆင်ပြေလိမ့်မည်ဟု ထင်မထားသောကြောင့် ခုလိုအခြေအနေမျိုးကို ကျေကျေနပ်နပ်ကြီး လက်ခံရမှာပင်။

"ဟာ လုပ်ပေးရမှာပေါ့ဗျာ၊ ကျွန်တော့်အမျိုးသမီးဘက်က ကိုယ်ထိလက်ရောက် ကျူးလွန်ထားတာဆိုတော့ ကျွန်တော်တို့ဘက်က တစ်ဖက်ကာယကံရှင်တွေ ကျေနပ်တဲ့အထိ လိုအပ်ချက်မရှိအောင် တာဝန်ယူပေးပါ့မယ်"

"ဆရာ ဒေါ်မေ့သက်လျာကို ထုတ်လာပါပြီ"

ရဲ ဒုတပ်ကြပ်တစ်ဦး အချုပ်ခန်းထဲမှ မေ့သက်လျာကို ခေါ်ထုတ်လာသည်။ မေ့မျက်နှာမှာ ဆောက်တည်ရာမရ ဖြစ်နေသူလို စိတ်တွေမတည်ငြိမ်သေး။ တံတိုင်း ရင်ထဲမှာ မချိ။

မဆင်မခြင် မှားခဲ့မိတဲ့အမှားတစ်ခုက မေ့အား နောက်ထပ်အမှားပေါင်းများစွာကို ထပ်ကာထပ်ကာ မှားနေစေသည်။ ဒါပေမဲ့ ဒီအမှားတွေကို မေ့က စမှားခဲ့တာမှ မဟုတ်တာ။ တံတိုင်းဘက်က နားလည်ပေးရမှာပေါ့။

မေ့ဘက်ကလည်း ဒီလိုပုံစံနဲ့ မောင့်ကို မျက်နှာချင်းဆိုင်ရတာ မတန်ပါဘူး။ ခွင့်လွှတ်ပါလို့ သေသည့်အထိ တောင်းပန်တာတောင် လုံးဝ ခွင့်မလွှတ်သင့်သည့်အမှားမျိုးမို့ ခွင့်လွှတ်ပါလို့ တောင်းပန်ဖို့ ဝန်လေးနေမိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"မေ့ရေ ဟောဒီမှာ ဒီအိမ်ရဲ့ အိမ်မှုကိစ္စတွေ ပိုင်းလုပ်ပေးမယ့် သူလေ၊ နာမည်က ဒေါ်ခင်ထားတဲ့"

မောင်သည် လက်ထဲမှ အတာချိကော့စ်ကို မေ့လားလှမ်းပေးရင်း ခြောင့်နောက်မှ ခပ်ကုပ်ကုပ်ဝင်လာသော အသားဖြူဖြူ ခပ်ဝဝ အမျိုးသမီးကြီးနှင့် မိတ်ဆက်ပေး၏။

ထိုအမျိုးသမီးကြီး မေ့ကို မဝံ့မရဲ ပြုံးပြ၍ မေ့လည်း လူမှုရေးအရ ပြန်၍ ပြုံးပြလိုက်သည်။

"နာဂစ်မှာ ခင်ပွန်းရော သားသမီးတွေရော အကုန်ဆုံးရှုံးလိုက်ရလို့ တစ်ကိုယ်တည်း အထီးကျန်နေတဲ့သူပေါ့။ ပရိဘောဂအကြမ်းထည်ထုတ်တဲ့ဌာနက ခင်မောင်ရဲ့အဒေါ်လေ၊ နေစရာကလည်းမရှိဘူး ခင်မောင်တို့အိမ်မှာ ပိုင်းလုပ်ပိုင်းစားနေရတာ မောင်က အိမ်အကူလို





တယ်ဆိုလို့ သူ့အဒေါ်ကို ခေါ်လာပေးတာ"

အိမ်အကူခေါ်ခြင်းကို မေ့ သိပ်မနှစ်သက်ပေမယ့် ကိုယ့်ဘက်က ချို့ယွင်းချက်တွေနှင့် စိတ်မလုံသူလို ဖြစ်ကာ မောင်စီမံပေးသမျှကို ဘယ်လိုအကြောင်းပြချက်မျိုးနှင့်မှ ကန့်ကွက်စရာအကြောင်းမရှိတော့။

အိမ်မှာ လူပိုတစ်ယောက်ရှိနေမှ မေ့အာရုံလည်း တခြားကို မလွှန်တော့ဘဲ စကားပြောဖော် တီးတိုးတိုင်ပင်ဖော်ရတော့မည်။

တကယ်ဆို လူယုတ်မာ လှိုင်းဝါခြိမ်းခြောက်အနိုင်ယူသည့်ရန်က ငြိမ်းနေပြီမို့ မေ့ဘဝကို မေ့ရဲ့စိတ်တွေကို ပြန်လည်သန့်စင်ရဦးမည်။

မေ့လို အမည်းစက်တွေ စွန်းထင်းနေသော မိန်းမတစ်ယောက်ဟာ သိပ်ကိုစိတ်ကောင်းရှိတဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်သော မောင့်အရိပ်အောက်မှာ မခိုလှုံသင့်တော့။

မောင်က ဘာမှမသိပေမယ့် မေ့ကတော့ မောင့်ရဲ့အပြုံးတွေ မောင့်ရဲ့အကြင်နာတွေကို အပြည့်အဝ ခံစားနေရတိုင်း မေ့စိတ်တွေဟာ လိပ်ပြာမသန့်ခဲ့။ အရိပ်မည်းကြီးက မေ့ကို တစ္ဆေတစ်ကောင်လို ဝင်၍ ခြောက်လှန့်နေသလို ခံစားရ၏။

ထိုသို့ မခံစားချင်၍ လှိုင်း မေ့အပေါ် ဘယ်လိုယုတ်မာကောက်ကျစ်ပြီး အမျိုးမျိုးအကွက်ဆင်ခဲ့သလဲဆိုတာကို မောင့်ရှေ့မှာ ဖွင့်ဟဝန်ခံပြီး မောင်ကျေနပ်သည်အထိ တောင်းပန်ချင်ပေမယ့် မောင့်ရဲ့အထင်သေးရွံရှာစွာကြည့်လာသောအကြည့်တွေ အမုန်းတွေ သံသယတွေကို မေ့မခံယူရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုယ့်ကိုကိုယ် အပြစ်ဖက်ခံတော်သည့်အနေဖြင့် မောင်နှင့်ဝေးသောနေရာသို့ ထွက်သွားတော့မည်ဟု နိုင်မာပြတ်သားသော ဆုံးဖြတ်ချက်ကို ချလိုက်ခြင်းဖြစ်သည်။

"ဘယ်လိုလဲ မေ့ ဒေါ်ခင်ထားကို ခေါ်ထားမယ်မဟုတ်လား"

မောင့်အမေးကြောင့် အတွေးတွေ ယောက်ယက်ခတ်နေခြင်းကို ဖြတ်တောက်ကာ ကိုယ့်ဆီမှ အဖြေကို ငံ့လင့်နေဟန်တူသော ဒေါ်ခင်ထားကို နှစ်လိုစွာ ပြုံးပြလိုက်ရင်း

"မောင် ကောင်းမယ်ထင်သလို စီစဉ်ပေးတာပဲမောင်ရယ် မေ့က ဘာလို့ လက်မခံရမှာလဲ"

မောင် ကျေနပ်စွာ ပြုံးပြီး ခေါင်းကို တဆတ်ဆတ်ညိတ်ကာ

"အိုကေ ဒါဆို ဒီနေ့ကစပြီး အိမ်မှုကိစ္စတွေကို ဒေါ်ခင်ထားကို သင်ပြပေးရင်း အပြီးတိုင် လွှဲအပ်လိုက်တော့"

"အို ဒေါ်ခင်ထားတစ်ယောက်ထဲ ဘယ်နိုင်မှာလဲ"

"နိုင်ပါတယ် တူမကြီးရယ်၊ ဒေါ်ခင်ထားကို သဘောမတွေ့တာရှိခဲ့ရင်လည်း ပွင့်ပွင့်လင်းလင်း ပြောပါ တူမကြီးစိတ်တိုင်းကျ ဖြစ်စေရပါမယ်"

"သားကိုလည်း ကျောင်းကားနဲ့ သွားဖို့ မောင် စီစဉ်လိုက်မယ်"

"ဟင် ဘယ်လို မောင်၊ သားကိုကျောင်းကားနဲ့သွားခိုင်းမယ်ဟုတ်လား"

"အင်းလေ မေ့ရဲ့ ဘာဖြစ်လို့လဲ"





"ဖြစ်ပါ့မလား မောင်ရယ်၊ မေ့ စိတ်မချဘူး မတော် ကားပေါ်တွေ ဘာတွေက ပြုတ်ကျမှဖြင့် မေ့ ဘယ်လိုမှ စိတ်မချပါဘူး မောင်"

မေ့ ထိုတစ်ခုကိုတော့ ရိုးသားစွာ ကန့်ကွက်လိုက်သည်။

"စိတ်ချပါ မေ့ရယ် သားလေး ဘာမှမဖြစ်စေရဘူးလို့ မောင်လုံးဝ ကတိပေးတယ်၊ နောက်ဆို မေ့ ကျောင်းကြိုတာ နောက်ကျလို့ သားလေးဟာ ကျောင်းမှာတစ်ယောက်တည်း စိတ်အားငယ်ပြီး ထိုင်ငိုစရာမလိုတော့ဘူး၊ သူ့သူငယ်ချင်းတွေနဲ့အတူတူ ပြန်ရလို့ သားလေးပျော်တောင်ပျော်နေဦးမယ်"

မောင့်ဘက်က သားလေးကို ကျောင်းကြိုကားနှင့် သွားဖို့ စိတ်အားထက်သန်နေမှတော့ မေ့ စိတ်မဖြောင့်ပေမယ့်လည်း မောင့်ဆန္ဒကို လိုက်လျောရမှာပင်။

မေ့မှာ စောဒကတက်ပိုင်ခွင့် မရှိတော့တာ မေ့သာလျှင် အသိဆုံး။

တစ်ခုတော့လည်း ကောင်းပါသည်။ မေ့က မောင်နှင့်သားလေးရဲ့ဘဝထဲက ထွက်သွားရမယ့်သူမို့ သားလေးအဖို့ ကျင့်သားရအောင် ကျောင်းကားနှင့်သွားထားလိုက်တာ သင့်တော်ပါ၏။

မေ့ကသာ မောင်တို့သားအဖဘဝထဲကို ဘယ်လိုပုံစံမျိုးနှင့် ထွက်ရမလဲ။

■ ■ ■

ပျူးတာပေ

www.burmeseclassic.com

## အခန်း (၃၀)

မေ့စိတ်တွေ ရှုပ်ထွေးလွန်းနေ၍ ခုရက်ပိုင်းတွေမှာ အိမ်ထဲက အိမ်ပြင်ပင် မထွက်ဖြစ်။ အားလျှင် အခန်းထဲအောင်းပြီး နောင်တတွေနှင့် မျက်ရည်မိုးတွေ ဗွေနေတတ်သည်။

"တူမကြီးရေ အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ် ဆရာ့အလုပ်က ကောင်လေးထင်တယ်"

"ဧည့်ခန်းမှာ ထိုင်ခိုင်းထားလိုက်ပါ ဒေါ်ခင်ထား၊ မေ့ ထွက်လာခဲ့ပါ့မယ်"

ဒေါ်ခင်ထားကို ကျောပေးပျော့ အနေအထားနှင့်ပြောလိုက်ပြီး မှန်တင်ခုံမှ ဘီးတစ်ချောင်းကို လှမ်းယူကာ ဖရိုဖရဲဖြစ်နေသော ဆံစတို့ကို သပ်လိုက်သည်။

ကုမ္ပဏီမှ ဝန်ထမ်းဆိုပေမယ့် မေ့က ဒါရိုက်တာ၏ဖနီးတစ်





ယောက်အနေနှင့် ဝန်ထမ်းတွေအမြင်မှာ ဂုဏ်သိက္ခာတွေနဲ့ ထည်ဝါနေရဦးမည်မဟုတ်လား။

မေ့ မှန်ကြည့်ကာ ခေါင်းဖြီးပြီး ကိုယ့်အတွေးကို ကိုယ်ပြန်ပြီး လှောင်ပြောင်သရော်လိုက်သည်။

ဘာတဲ့ ဂုဏ်သိက္ခာဆိုပြီး အတွေးထဲမှာ ဝင်နေသေးတယ် တကယ်တမ်းတော့ မေ့ဟာ  အပြင်ပန်းသာ ဂုဏ်သိက္ခာရှိတယ်ထင်ရပေမယ့် လူမသိသူမသိ မှားခဲ့မိတဲ့ အမှားက လူပုံအလယ်မှာချပြလို့မရလောက်အောင်ကို ဂုဏ်သိက္ခာမဲ့နေရတယ်ဆိုတာ ကိုယ်ကလွဲပြီး ဘယ်သူသိနိုင်မှာတဲ့လဲ။

ကိုယ်လုံးပေါ်မှန်မှာကြည့်ပြီး ကိုယ့်ကိုကိုယ် စိတ်တိုင်းကျ သပ်ရပ်သွားပြီဟု ထင်မှ မေ့ အခန်းအပြင်သို့ ထွက်ကာ ဧည့်ခန်းထဲသို့ ဝင်လာခဲ့သည်။

ဧည့်ခန်းထဲတွင်ထိုင်နေသော လှိုင်းကိုမြင်တော့ မေ့ ဒေါသတွေ ဟုန်းခနဲ ထတောက်သည်။

"မင်း ဘာလာလုပ်တာလဲ လှိုင်း"

ဘာ့ကိုမှ ဂရုမစိုက်နိုင်တော့ဘဲ ဒေါသတွေဖြင့် အသံကိုမြှင့်မေးလိုက်သည်။ မေ့က ဒေါသထွက် စိတ်လှုပ်ရှားနေသလောက် လှိုင်းကတော့ တည်တည်ငြိမ်ငြိမ်ပင်။ ဘာအမှားမှ မကျူးလွန်ထားသောသူတစ်ယောက်၏အသွင်မျိုး။

မေ့ လှိုင်းကိုကြည့်ကာ ဒေါသဖြစ်လွန်း၍ အသားတွေပင်

www.burmeseclassic.com



တဆတ်ဆတ်တုန်လာ၏။

"မင်းနဲ့ငါနဲ့ ပတ်သက်စရာ ဘာအကြောင်းမှ မရှိတော့ဘူး။ ခုချက်ချင်း ငါ့အိမ်ထဲက ထွက်သွားစမ်း"

"ကျွတ် မမရယ် ဘာလို့ အဲလောက်ပေါက်ကွဲနေရတာလဲ၊ ကျွန်တော် မမအပေါ်မှာ ဘာများအမှားလုပ်မိလို့လဲ၊ မသင့်တော်တော့ ဘူးထင်လို့ နောက်ကို ခြေနှစ်လှမ်းသုံးလှမ်း ဆုတ်ရုံလောက်လေးပါ"

"တော်စမ်း ပြီးပြီးသားကိစ္စတွေကို ပါးစပ်အရသာခံမနေနဲ့တော့ ငါ အော့နှလုံးနာလွန်းလို့ နင့်လို ကြာကူလီကောင်ရဲ့ယုတ်မာပက်စက်မှုတွေကို ခံခဲ့ရတဲ့ ငါ့ကိုယ်ငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်တဲ့ နောင်တတွေ ရနေတယ်"

"တကယ်လား မမ ဒါဆို မမ အခု ဘာဖြစ်လို့ ပေါက်ကွဲနေ တာလဲ၊ ကျွန်တော့်ကို လက်လွှတ်ဆုံးရှုံးလိုက်ရလို့ မဟုတ်လား"

မထီမဲ့မြင်ဆန်သော လှိုင်းအမေးကြောင့် မေ့ မျက်ဝန်းအစုံ ပြူးကျယ်ကာ အံကိုခပ်တင်းတင်း ကြိတ်လျက်

"လဲသေလိုက် ဒါဟာ ငါ့အတွက် အကောင်းဆုံးလက်ဆောင် တစ်ခုပဲ၊ မင်းနဲ့မပတ်သက်ရတော့တဲ့အချိန်တွေက ငါ့အတွက် မင်္ဂလာ ရှိတဲ့အချိန်တွေပဲ"

လှိုင်း နှစ်လိုစွာပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်ရင်း

"ကောင်းပါတယ် ဒီလိုပဲ ဖြစ်သင့်ပါတယ် မမ၊ တကယ်တမ်း ကျွန်တော်ဟာ မမကို မိုက်တွင်းထဲ ဆွဲသွင်းခဲ့သူပါ၊ ဒါပေမဲ့ ကျွန်တော်





ဟာ နက်သထက်နက်လာပြီး အမှောင်တွေပိန်းပိတ်အောင် မည်းနက် နေတဲ့တွင်းထဲကို ဆက်ဆင်းဖို့သွေးကြောင်ခဲ့တယ်၊ အဲဒါ ဘယ်သူ့ကြောင့် လဲဆိုတော့ မမခင်ပွန်းကြောင့်ပဲ၊ အစ်ကိုဟာ သိပ်ကိုသဘောထားပြည့်တဲ့ ယောက်ျားကောင်းတစ်ယောက်ပါ၊ သူ မမကို အရမ်းချစ်တယ်ဆိုတာ ကျွန်တော်ကိုယ်တိုင် မျက်မြင်တွေ့ခဲ့ရတော့ မမအပေါ်ပြစ်မှားခဲ့မိတာတွေ ကို နောင်တရလာတယ်၊ ကျွန်တော် ရှေ့ဆက်တိုးရင် အဆုံးမှာ မမရော ကျွန်တော်ရော နာကျင်ကြရလိမ့်မယ်၊ အဲလို နာကျင်အောင် ကိုတံတိုင်း ရံက အပြစ်ပေးမှာမဟုတ်ဘူး၊ လောကကြီးနဲ့အတူ ကိုယ်ပြုခဲ့တဲ့ အ ကြောင်းတရားတွေက ကျွန်တော်တို့ကို ပြန်ပြီး အပြစ်ပေးကြမှာ"

လှိုင်းနှင့်မေ့ ပတ်သက်ခဲ့ကြသည့်အချိန်ကာလတွေထဲမှာ လှိုင်း ထံမှ ထိုမျှလောက် လေးနက်သောစကားတွေ မကြားခဲ့ဘူးသော မေ့ပင် ဘာမှုပြန်ပြီး မတုံ့ပြန်နိုင်အောင် သူပြောနေတာတွေက အမှန်တရားတွေ။

သူ ဘယ်တုန်းကတည်းက အမြင်မှန်ရခဲ့တာလဲ။ ဒါဆိုလည်း ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ပြီး ပွင့်ပွင့်လင်းလင်း နောက်ဆုတ်လိုက်ပါတော့ လား။ ခုတော့ မေ့မှာ တစ်ခါမှ မမှားဘူးတဲ့အမှားတွေနဲ့ အချုပ်ထဲရောက် ခဲ့ရသည့်အဖြစ်။

"ဒါဆို မင်းနဲ့ငါရဲ့ ဇာတ်လမ်းကို မင်း လုံးဝမေ့ပစ်နိုင်ပြီပေါ့၊ ဒါဆိုရင် ကျေးဇူးအရမ်းတင်တယ် မင်း ပြန်တော့"

"နေပါဦး မမရယ်၊ ကျွန်တော် မမကို ပေးစရာရှိသေးတယ် လေ"



www.burmeseclassic.com

www.burmeseclassic.com



လှိုင်၊ သူ့အိတ်ကပ်ထဲမှ စာရွက်တစ်ရွက်နှင့် မမ်မိုရီစတစ် memory stick တစ်ခု လှမ်းပေးသည်။

မေ့ ဆတ်ခနဲ လှမ်းယူလိုက်သည်။

"အဲဒီထဲမှာ မမနဲ့ကျွန်တော်တို့ အတူနေနေကြတဲ့ပုံရိပ်တွေ ရှိတယ်၊ ကျွန်တော့်မှာ မှုပွားထားတာတွေ တစ်ခုမှ မရှိတော့ဘူးဆိုတာ ယုံပါ၊ ဒါက ကိုတံတိုင်းရဲ့ ချက်ခ်ပါ"

"ဟင် မောင်က မင်းဆီကို ဘာကြောင့် ချက်ခ်ပို့ရတာလဲ၊ အို ဘုရားရေ ငွေအမောက်ကလည်း သိန်းနှစ်ရာကျော်တောင် မင်း မောင့်ဆီက ဘယ်လိုကလိန်ကကျစ်လုပ်ယူထားတာလဲ ပြောစမ်း"

"ကျွန်တော် မယူပါဘူး၊ ကိုတံတိုင်းရဲ ကိုယ်တိုင် မမနဲ့လမ်းခွဲရင် မင်းအတွက် နစ်နာကြေးသိန်းနှစ်ရာပေးမယ်ဆိုပြီး လာပေးသွားတာ၊ အစွန်းထွက် သိန်းနှစ်ဆယ်က မမရဲ့ပန်းချီကားကို ဝယ်သွားတာ"

မေ့ မျက်နှာ သွေးဆုပ်ဖြူလျော်သွားကာ

"ဘုရားရေ မောင် မောင်က အဲဒီပန်းချီကားကို ဝယ်သွားတယ် ဒါ ဒါဆို မင်းနဲ့ငါကိစ္စကို မောင် သိနေတယ်ပေါ့"

ထိုအကြောင်းအရာသည် မေ့အတွက် ကမ္ဘာပျက်တာထက် အဆပေါင်းများစွာ တုန်လှုပ်ချောက်ချားစေပါသည်။ မေ့ခန္ဓာကိုယ်ထဲက အကြောဆိုင်တွေအားလုံး မလှုပ်ရှားနိုင်တော့လောက်အောင် ဆိုဟာခုံပေါ် မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ နှုတ်ခမ်းသားတွေ တဆတ်ဆတ် တုန်ယင်ကာ





"မောင် မောင် မင်းဆီကို လာသွားတယ် ဟုတ်လား"

"ဟုတ်တယ် မမနဲ့ကျွန်တော်နဲ့ဇာတ်လမ်းကို သူ သိနေတယ်၊ ဒါကြောင့် ကျွန်တော့်ကို နောက်ဆုတ်ဖို့ ပြောပြီး နစ်နာကြေးပေးသွား တယ်၊ နောက်ပြီး သူ ကျွန်တော့်ဆီလာတာ မမသိရင် မမအတွက် အနေခက်မှာစိုးလို့ မပြောဖို့တားသွားတယ်လေ၊ ပထမတော့ သိန်းနှစ်ရာ ကျော်ဆိုတာ နည်းတဲ့ငွေမှမဟုတ်တော့ ကျွန်တော် နည်းနည်းတော့ လောဘတက်ခဲ့မိတယ်၊ ဒါပေမဲ့ ကျွန်တော့်လောဘတွေအတွက် ကျွန်တော် ကိုယ်တိုင်လိပ်ပြာမလုံ ဖြစ်မိတော့ ဒီငွေတွေကို ကျွန်တော် မယူရဲတော့ ဘူး။ တကယ်တမ်း အပြစ်ရှိခဲ့တာက ကျွန်တော်ကိုယ်တိုင်ပဲလေ"

လှိုင်း၏အသံတွေကို ကြားနေရပေမယ့် မေ့ တစ်ကိုယ်လုံး ကြေကွဲဝမ်းနည်းခြင်းတွေ လောင်မြိုက်လျက် အရှင်လတ်လတ် အသက် သေသွားသလိုကို ခံစားလိုက်ရသည်။

မောင် သိနေသည်တဲ့လား မောင်ရယ်။ ဟန်ဆောင်ကောင်း လိုက်တာ။ ပိရိလိုက်တာ။ မေ့ ဒီလောက်သစ္စာမဲ့နေတာတောင်မှ မောင့် သာကတွေကို လုံအောင်ထုပ်ပိုးပြီး မေ့ကို အကြင်နာတွေမပျက် ပေးဆပ် နေရသေးလား။

သစ္စာမရှိတဲ့ မိန်းမဆိုပြီး တစ်ခါတည်း အသေသတ်လိုက်ပါ တော့လား မောင်ရယ်။ မောင့်အမုန်းတွေ မောင့်ဒေါသတွေကို အားမနာ တမ်း ထုတ်သုံးပါတော့လား။ မေ့ ကျေကျေနပ်နပ်ကြီး ခံယူမှာပေါ့။

မေ့ မျက်ဝန်းမှ မျက်ရည်တို့ အဆီးအတားမဲ့ ယိုကျုံးရွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကျဆင်းလာသည်။

မောင့်ရဲ့အချစ်တွေက မြင့်မြတ်စင်ကြယ်လွန်းလို့ မေ့ ပိုင်ဆိုင်ဖို့ မထိုက်တန်တော့ပါဘူး မောင်ရယ်။

မေ့ အကြည့်က နာကျင်သွေးပျက်စရာကောင်းစွာဖြင့် လှိုင်းကိုကြည့်ကာ

"ငါ့ဆန္ဒမပါဘဲ အနိုင်ကျင့်ခံခဲ့ရတဲ့ ငါ့ခန္ဓာကိုယ်ဟာ မောင့်ရဲ့ ဖြူစင်တဲ့မေတ္တာတရားနဲ့ မထိုက်တန်တော့ပါဘူး၊ ငါ့ရဲ့အနာဂတ်ဟာ သေခြင်းတရားနဲ့ပဲ အဆုံးသတ်စေရမယ် လှိုင်း၊ ဒီအတွက် မင်းလည်း ထာဝရ နောင်တတွေရနေပါစေ၊ ငါ မင်းကိုအရမ်းမုန်းခဲ့သလို ငါ့ကိုယ်ငါလည်း အရမ်းမုန်းတယ်၊ ဒါပေမဲ့ မောင့်ကိုတော့ အရင်ကထက်ပိုပြီး လေးစားမြတ်နိုးမိပါတယ်။

■ ■ ■

## အခန်း (၃၁)

မောင့်ကို ဝန်ချတောင်းပန်ထားသော အကြောင်းအရာတွေကို မေ့ရဲ့ဒိုင်ယာရီစာအုပ်ကလေးထဲမှာ ချရေးလိုက်သည်။

ထိုစာနှင့်အတူ လူ့လောကကြီးထဲက ထွက်ခွာဖို့အတွက် မောင့်ကို နှုတ်ဆက်ခဲ့ပါတယ်။

သားလေးကိုလည်း မေ့ မခွဲနိုင်ပေမယ့် သားလေးမှာ မေ့လို ကိုယ်ကျင့်သိက္ခာပျက်ပြားနေသော အမေမျိုး မရှိသင့်တော့ဘူးလေ။

မောင့်ဘဝနှင့် သားလေးဘဝထဲမှာ မေ့ မရှိလည်း ထူးပြီး ဘဝပျက်သွားမှာမှ မဟုတ်တာ။ မောင့်လို ဖခင်တစ်ယောက်ရဲ့လက်ထဲမှာ သားလေးကို အပြည့်အဝ ယုံကြည်စိတ်ချအပ်နှံခဲ့ပါသည်။

မေ့ မျက်ရည်တို့ တွေတွေကြီးစီးကျကာ ဒိုင်ယာရီစာမျက်နှာပေါ်သို့ တပေါက်ပေါက်ကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှ ကြေကွဲခြင်းတို့သည် အမောက်ထောင်ထိုးတက်လာပြီး ဝုန်းခနဲ ခါးကျိုးကျသွားသော ပင်လယ်လှိုင်းလုံးကြီးတစ်ခုပမာ မျှော်လင့်ချက်မဲ့အရှုံးတို့သည် လွင့်စင်ကြေကွဲသွားဖြင့် မေ့တာဝကို ဘယ်တော့မှ ပြန်လည်ရှင်သန်နိုင်မည် မဟုတ်တော့။

"ဒုန်း ဒုန်း ဒုန်း"

"မေမေ မေမေ"

အခန်းတံခါးကို တဒုန်းဒုန်းထုနေသော သားလေးရဲ့ခေါ်သံကြောင့် မျက်ရည်စက်လက်ဖြစ်နေသော မေ့သည် ပါးပြင်မှ မျက်ရည်တို့ကို ကပျာကသီသုတ်ပြီး အခန်းတံခါးကို အပြေးအလွှား ဖွင့်ပေးလိုက်သည်။

သားလေးခမျာ ငိုထားသော မေ့မျက်နှာကိုစူးစမ်းသလိုကြည့်ပြီး

"မေမေ ဘာဖြစ်နေတာလဲ ငိုထားတာလား"

ငိုထား၍ အစ်မို့နေသော မေ့မျက်နှာကိုကြည့်ပြီး မေးနေသော သားလေးကို မေ့ ညာ၍မရနိုင်ပါ။

"ဟုတ်ပါတယ် သားရဲ့၊ မေမေဝတ္ထုဖတ်နေရင်း အထဲက ဇာတ်ကောင်တွေကို သနားတာနဲ့ မျက်ရည်လိုက်ကျမိသွားတာ၊ သားရော မေမေ့ကို ဘာပြောမလို့လဲ ဂိမ်းမဆော့တော့ဘူးလား"

"မဆော့တော့ဘူး မေမေ၊ သား ဖုန်းလို့ ခွေကြည့်မလို့ မေမေ့စာကြည့်ခန်းထဲမှာ ခွေသွားရှာတာ ဖွင့်ကြည့်လိုက်တော့ အဲဒီထဲက





မင်းသမီးက မေမေနဲ့ရုပ်ဆင်တယ်၊ မယုံရင် လာကြည့်"

သားလေး မေ့လက်ကို အတင်းဆွဲခေါ်ပြီး တီဗွီရှိရာသို့ ခေါ်လာသဖြင့် မေ့ စည့်ခန်းထဲလိုက်လာခဲ့လိုက်သည်။ လေကားထစ်တွေကို ရေပတ်ဝတ်ဖြင့် တိုက်နေသော ဒေါ်ခင်ထားမှာ မေ့ ငိုထားမှန်းရိပ်မိပုံဖြင့် ကွက်ကြည့်ကွက်ကြည့် လုပ်ပြီး အတွင်းခန်းထဲသို့ ခပ်ရှိုရှို ဝင်သွားသည်။

"တွေ့လား မေမေ၊ အဲဒီ မင်းသမီးက မေမေနဲ့တူတယ်"

"ဟင်"

သားလေး Pause လုပ်ထားသော မြင်ကွင်းကိုကြည့်လိုက်မိပြီး မေ့ လိပ်ပြာလွင့်မတတ် မျက်လုံးတွေ ပြာနှမ်း၍သွားသည်။

လူက မိုက်ခနဲဖြစ်သွားကာ ရပ်ထားသော ခြေအစုံပင် အရုပ်ကြိုးပြတ်ဖြစ်မတတ်။ တီဗွီဖန်သားပြင်ကို မဝံ့မရဲ ပြန်ကြည့်လိုက်သည်။

မေ့နှင့်လှိုင်းရဲ့ပုံ။ အကင်ဆိုင်ဧည့်သန့်စင်ခန်းအမြင်ဘက်ဟောလ်ထဲတွင် လှိုင်းက မေ့အား အတင်းဖက်ပြီး အငမ်းမရ နမ်းနေသဖြင့် မေ့ကရုန်းနေပုံ။

ဒီပုံကို မောင် ဘယ်အချိန်ကတည်းက ရခဲ့တာလဲ။ မောင့်ကို ဆိုဆိုင်က သတင်းပေးခဲ့တာလား။ အမှန်ဆို ဒီလိုမြင်ကွင်းမျိုး သားလေးကို ကြည့်ခွင့်မပေးနိုင်။

ရှက်စရာကောင်းလိုက်တာ။

"သားလေး အဲဒါတွေ မကြည့်နဲ့ ပေး မေမေ့ကို ရီမုတ်ပေး"

သားလေးဆီမှ ရီမုတ်ကိုလှမ်းယူပြီး ကပျာကယာ လှမ်းပိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မေ့လက်တွေ ဆေးစွဲသမားတစ်ယောက်လို တုန်ခိုက်နေ သည်။ သားလေးကိုပင် မေ့ မျက်နှာချင်းမဆိုင်ရဲတော့။ ရှက်လိုက်တာ ပြောဖွယ်ရာမရှိ။

"မေမေ မေမေနဲ့တူတယ် မဟုတ်လား"

"အင်း တူ တူတာပါ သားရဲ့၊ အဲဒါ မေမေမှမဟုတ်တာ နောက်ဆို အဲလိုအခွေတွေကို မကြည့်ရဘူးနော် သား မေမေ့ကို ကတ် ပေး"

"ဟုတ်ကဲ့ မေမေ သားက ဂိမ်းအခွေအောက်မေ့လို့ ဖွင့်ကြည့် လိုက်တာပါ"

"အင်း သားအိမ်စာ သွားလုပ်တော့နော်၊ ဖေဖေပြန်လာ ဖေဖေနဲ့ဂိမ်းဆက်ဆော့"

မေ့ သားလေး၏မျက်နှာကို တဝကြီးနမ်းရှိုက်လိုက်ပြီး စာကြည့် ခန်းထဲ ဝင်ခိုင်းလိုက်သည်။ သားလေး လိမ္မာပါသည်။ ဘာမှစောဒ မတက်ဘဲ ခေါင်းတဆတ်ဆတ် ညိတ်ကာ သူ့စာကြည့်ခန်းဆီသို့ ခပ်သွ သွက်လေး ဝင်သွားသည်။

သားလေး မြင်ကွင်းထဲမှ ပျောက်သွားမှ မေ့ မျက်ရည်‌ တာကျိုးသလိုကျိုးကာ အောက်နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ကိုက် လိုက်၏။

တစ်သက်စာ အဖတ်ဆည်လို့မှ ပြန်ဖြိုမလာတော့မယ့် မေ ဘဝကို ဒီမှာတင်အဆုံးသတ်ခွင့်ပြုပါ မောင်ရေ၊ မေ့ဟာ နတ်ဆိုးတ





ကောင်ရဲ့ကျိန်စာမိသလို မောင့်ရဲ့အချစ်တွေကို ဥပေက္ခာပြုကျော်ခိုင်းခဲ့ ပြီး ကိုယ့်ဘဝကို စက္ကူစုတ်တစ်ရွက်လို လုံးခြေခံခဲ့ရပါပြီ။

ကြေမွနေတဲ့ မေ့ဘဝကို မောင့်အရိပ်မှာ ဆက်လက်ခိုခွင့် မပြုနိုင်တော့ဘူး။ မေ့ကို ဒီလောကကြီးထဲက ထာဝရထွက်ခွာခွင့်ပြုပါ တော့။

ရင်ထဲမှာ ကြေကွဲစွာဆိုရင်း မေ့ ရှိုက်ငင်ကာ အခန်းတွင်းသို့ အပြေးတစ်ပိုင်းဖြင့် ဝင်လာခဲ့လိုက်သည်။

ရင်ထဲမှာ ဝမ်းနည်းထိတ်လန့်စွာ ငိုကြွေးတောင်းပန်နေပေမယ့် မောင်မှမကြားနိုင်တာဘဲလေ။ မေ့ကို ပိုးစိုးပက်စက် မုန်းလိုက်ပါတော့ လား မောင်ရယ်။

မောင်က မေ့ကို မမုန်းပေမယ့် မေ့ကတော့ မေ့ကိုယ်မေ့ အရမ်းရွံသွားပြီ။ ဟိုးအစကတည်းက မေ့ ပျော့ညံ့ခဲ့တာပါ မောင်ရယ်။ ထောင်ချောက်တစ်ခုထဲကို မေ့ တိုးဝင်မိတာတောင် အဲဒီထောင်ချောက် ထဲက ရုန်းထွက်နိုင်အောင် မေ့ မစွမ်းဆောင်နိုင်ခဲ့ဘူး။

မေ့လောက် မိုက်မဲတဲ့မိန်းမတစ်ယောက်ဟာ လူ့လောကထဲက ထွက်မသွားခဲ့ရင် မောင် ပြန်လာမယ့်အချိန်မှာ မောင့်မျက်နှာကို မေ့ ဘယ်လိုမှ မကြည့်ဝံ့ပါ။

ရင်မဆိုင်ရဲပါ။

ကောင်းမွန်သေသပ်ခြင်းမရှိတော့သည့် အင်မတန်ဆိုးဝါးပျက် စက်နေသော မေ့ရဲ့နိဂုံးကို မေ့စိတ်ကြိုက် အဆုံးသတ်ခွင့်ပြုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကိုပိတ်၊ လော့ခ်ချပြီး မေ့ တံခါးကို ကျောမှီကာ တစ်ဝကြီး အော်ဟစ်ငိုကြွေးလိုက်သည်။

ဘဝမှာ ဒီတစ်ခါငိုကြွေးခြင်းဟာ အသည်းထန်ဆုံး ငိုကြွေးခြင်းပါပဲ။

■ ■ ■

## အခန်း (၃၂)

တံတိုင်းရဲ့ ကားကို တရကြမ်းမောင်းကာ ခြံထဲသို့ အရှိန်ဖြင့် ချိုးကွေ့ဝင်လိုက်သည်။

ပေါ်တီကိုအောက်ရောက်တာနှင့် ကားစက်ပင်မသတ်ဘဲ ကားတံခါးဖွင့်ဆင်းကာ အိမ်ထဲသို့ အပြေးဝင်လာခဲ့လိုက်သည်။

ဒေါ်ခင်ထား အထိတ်တလန့်ဟန်ဖြင့် သားကိုလက်ဆွဲပြီး ပြေးထွက်လာသည်။

"ဆရာ ဆရာ မေ့ သတိလစ်နေဝ[illegible]ယ်၊ ဘာဖြစ်တာမှန်းလဲ မသိဘူး၊ အခန်းတံခါးတောင် လမ်းထိပ်က သော့သမားခေါ်ပြီး ဖွင့်ထားရတာ"

လှိုင်း ကြိုး၍ ဖုန်းဆက်ထားသဖြင့် မေ့ကိုယ်မေ့ အပြစ်ပေးသည့်

www.burmeseclassic.com



အနေဖြင့် လောကကြီးထဲက ထွက်သွားတော့မည်ဆိုသည့်အကြောင်း ကြိုသိနေသည်။ ထို့ကြောင့်လည်း ကမ္ဘာကြီးကနေ ကားကို အမြန်နှုန်းဖြင့် မောင်းလာခြင်းဖြစ်သည်။

မေ့ကို ခုလိုအဖြစ်ဆိုးမျိုးနှင့် လုံးဝမကြုံစေရဘူး။ မေ့ မသေပါနဲ့။ ကျေးဇူးပြုပြီး မောင်တို့သားအဖအတွက် ဆက်လက်ရှင်သန်ပေးပါ။

အခန်းထဲမှ ပြေးထွက်လာသော သားလေးကိုမြင်တော့ တံတိုင်း ရင်ထဲ ဆို့သွားသည်။ သားလေး တော်တော်ထိတ်လန့်နေရှာသည်ပဲ။

"ဖေဖေ မေမေ့ကိုကယ်ပါ၊ မေမေ့ကို မြန်မြန်ကယ်ပေးပါ၊ မေမေ ဘာဖြစ်သွားလဲ မသိဘူး"

မိခင်အတွက် အရွယ်နှင့်မလိုက်အောင် ပူဆွေးသောကဖြစ်နေသော သားလေးကိုကြည့်ပြီး ရင်ထဲမှာမချိ။

သားကို လက်ဆွဲပြီး မေ့ အခန်းထဲသို့ ပြေးဝင်ခဲ့လိုက်သည်။

မေ့ခုတင်ထက်တွင် ငြိမ်သက်စွာ လဲလျောင်းနေသည်။ မေ့ ရင်ဘတ်အစုံသည် နိမ့်ချည်မြင့်ချည်ဖြင့် အသက်ကို ခပ်ပြင်းပြင်းရှူနေရသည်။ မှိတ်ထားသော မေ့မျက်ဝန်းမှာ မျက်ရည်တွေ စီးကျနေသည်။

"မေ့ မေ့ သတိရစမ်းပါ၊ မောင်နဲ့သားလေးကို အဲဒီလိုပုံစံမျိုး နဲ့မထားခဲ့ပါနဲ့ကွာ"

တံတိုင်းရဲ့သည် ယောကျ်ားတန်မဲ့ မေ့အားမှာထိုင်ပြီး တပါးပါး ငိုချတော့၏။





ဖခင်ငိုတော့ သားဖြစ်သူပါ လိုက်ငိုသည်။

ဖေါ်ခင်ထား ဘေးမှာရပ်ကြည့်ပြီး သူကိုယ်တိုင်လည်း မျက်ရည်တွေ ဝေ့တက်လာကာ

"ဆရာ ဆရာဝန်ဆီဖုန်းဆက်မှဖြစ်မယ်ထင်တယ်၊ ဒီပုံအတိုင်း ဆို မေ့ အသက်ပါသွားလိမ့်မယ်"

အပူသောကတွေဖြင့် ဗျာများနေရသော တံတိုင်းရဲ ဆေးရုံ ကားခေါ်ရန် အထူးကုဆေးရုံတစ်ခု၏ ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

မေ့ နှုတ်ခမ်းတွေ အနည်းငယ် ပြာတက်လာသည်။ ရင်ထဲမှ စူးရှပြင်းထန်သော ဝေဒနာနှင့် နှုတ်ခမ်းအစုံမှ စကားတွေမပြောနိုင်ပေမယ့် မောင့်ရဲ့ငိုညည်းသံ သားလေးရဲ့တရှုံ့ရှုံ့ငိုသံတွေကို ကြားနေရပါသည်။

မေ့ဟာ သေဆုံးခဲ့ပြီလား။ ဒါမှမဟုတ် သေဆုံးခြင်းအဆုံးမဲ့ လမ်းဆီသို့ လျှောက်နေခဲ့ပြီလား။

မေ့ ကိုယ်တိုင်ပင် ဝေခွဲ၍မရအောင် မေ့စိတ်တွေဟာ နာကျင်ခြင်းတွေကြားထဲမှ ငှက်မွေးလေးတစ်ခုလို လေဟာနယ်ထဲမှာ မျောလွင့်နေသလို ပေါ့ပါးနေ၏။

မေ့အတွက် နာရီလက်တံတစ်ခု၏ တရွေ့ရွေ့ လှုပ်ရှားမှုက မှန်းတီးစရာကောင်းလောက်အောင် အချိန်တွေ ကုန်လွန်ခဲ့နေသည်။

တကယ်တမ်း သေဆုံးခြင်းဆိုတာနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့နေရ



BURMESE CLASSIC
www.burmeseclassic.com

တဲ့အခါမှာတော့ မေ့ဟာ မောင်နဲ့သားလေးဘဝထဲက ခွဲထွက်သွားရမှာကို သေမလောက်ကြောက်နေမိပြန်ပါသည်။

ထိုတဒင်္ဂသည် မေ့အတွက် ဘယ်လိုမှ ပြင်ဆင်လို့မရတော့တဲ့ နောက်ဆုံးအကြိမ်ပင် ဖြစ်လို့နေပါပြီ။

မေ့ရင်ထဲမှာ ခံစားနေရသော ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း စိတ်ကို တည်ကြည်ငြိမ်သက်လာအောင် မောင်ပေးထားခဲ့သော အချစ်တွေထဲ ပြန်လည်စီးမျောနေလိုက်မိသည်။

ထိုအချစ်တို့သည် မေ့ရဲ့နာကျင်မှုဝေဒနာတို့ အနည်းငယ်လျော့ပါးသွားသလို မေ့စိတ်တွေ အေးချမ်းသွားခဲ့သည်။

မေ့ဟာ ဆေးရုံကို အချိန်မီမရောက်ခဲ့ဘူးဆိုလျှင် မောင်နှင့် သားလေးကို အပြီးတိုင်ခွဲရတော့မှာပါလား။

မတရားဘူးပဲပြောပြော အတ္တကြီးလွန်းတယ်ပဲဆိုဆို ခုချိန်မှာ မေ့ အမျှော်လင့်ဆုံးက ဆေးရုံကား အမြန်ရောက်လာဖို့ပါပဲ။

အရှင်ဘုရား သနားသဖြင့် ဘုရားတပည့်တော်မအသက် ပြန်လည်ရှင်သန်ခွင့်ပြုပါတော့။

"မေ့ အားတင်းထားပါကွာ ဆေးရုံကား လာပြီ၊ မေ့ ဘာမှမဖြစ်စေရဘူး။ မောင် မေ့ကို အရမ်းချစ်တယ် မေ့ဟာ မောင့်အပေါ်မှာ သစ္စာမပျက်ခဲ့ဘူးဆိုတာကိုလည်း မောင်ယုံတယ်၊ လူတစ်ယောက်ရဲ့ အကွက်ဆင်မှုတွေထဲမှာ မေ့ နစ်ဝင်ခဲ့ပေမယ့် မေ့ဆန္ဒတွေမှမပါတာ၊





ရင်လှိုင်းသစ် မောင့်ကို အားလုံးရှင်းပြပြီးသွားပါပြီ၊ ဒါကြောင့် မောင်ဟာ မေ့ကို ဘယ်တော့မှအပြစ်မတင်ပါဘူး၊ ဒါဟာ မေ့ အိပ်မက်ဆိုးတစ်ခုနဲ့ ကြုံခဲ့တာပဲလို့ မောင် နှလုံးသွင်းပြီးသားပါ"

"မေမေ သတိပြန်ရပါ သား မေမေနဲ့မခွဲနိုင်ဘူး"

မောင်နှင့်သားရဲ့ ဗလုံးဗထွေး ပြောသံနှင့် ငိုကြွေးသံတွေကြောင့် မေ့ ကြက်သီးမွေးညင်းတွေ ဖြန်းခနဲ ထသွားလျက် မှိတ်ထားသော မျက်ဝန်းတွေကိုအားယူ၍ ဖွင့်လိုက်သည်။

ပြင်းထန်သော ဝေဒနာကြောင့် မျက်ခွံတွေလေးလံနေသည်က လွဲ၍ ပွင့်မလာ။

မေ့လက်ကို ဆုပ်ကိုင်ထားသော မောင့်လက်အစုံမှ နွေးထွေးမှုဆီသို့ အာရုံတွေကို ပို့လွှတ်လိုက်ပြန်သည်။ နွေးထွေးလိုက်တာကွယ်၊

"မေ့ မင်းကို အမိပွာယ်မရှိတဲ့ သေခြင်းမျိုးနဲ့ လောကကြီးထဲက ထွက်သွားဖို့ မောင် လုံးဝခွင့်မပြုနိုင်ဘူး"

အင်အားတွေရှိလိုက်သည့်စကားတွေ မေ့ မောင့်ရဲ့စကားသံတွေနဲ့တင် လောကကြီးထဲရှိ တစ်စုံတစ်ရာက မေ့ရဲ့ထွက်လုဆဲဆဲ ဝိညာဉ်ကို ပြန်လည်ဖမ်းဆုပ်ထားလိုက်သလို မေ့၏အသိစိတ်တွေဟာ အမှောင်ထဲမှာ မျောလွင့်မနေတော့ဘဲ ဆုပ်ကိုင်ထားသည့် မောင့်ရဲ့လက်အစုံကို ပြန်၍ အားတင်းဆုပ်ကိုင်လိုက်မိသည်။

သိမ်မွေ့သော မေ့ရဲ့တုံ့ပြန်မှုကို မောင် ရိပ်မိနိုင်ပါစေ။

www.burmeseclassic.com



မောင့်မေတ္တာကား တွေနဲ့ မေ့အသက်ဆက်ရှင်ဖို့ အင်အားတွေ ရှိလာတာပါ မောင်။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး

www.burmeseclassic.com